စိတ်ကူးချိုချိုအနုပညာ
mgyoe.com

ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်စတုတ္ထတွဲ

(လူ့ရပ်ရွာနေ ထူးအံ့ထွေ ဝတ္ထုတိုများ)



mgyoe.com

mgyoe.com

ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်

## စတုတ္ထတွဲ (လူ့ရပ်ဌာနေ ထူးအံ့ထွေ ဝတ္ထုတိုများ)



sod0006
4000.00 Ks

mgyoe.com

ရွှေဥဒေါင်း ဝတ္ထုတိုပေါင်းချုပ် စတုတ္ထတွဲ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၄၅၀၆၀၄ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၅၉၀၆၀၇ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၆ ခု၊ စက်တင်ဘာလတွင် တန်ဖိုး ၄၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ




၁။ ထူးဆန်းသော သစ်စိမ်းတစ်ရွက် ၃

၂။ ထူးဆန်းသော အမြွှာညီအစ်ကို ၁၈

၃။ ထူးဆန်းသော စိတ်ကလေး ၃၂

၄။ ထူးဆန်းသော လူနာ ၄၈

၅။ ထူးဆန်းသော ဖယောင်းတိုင် ၇၂

၆။ စေတလုံးပိုင်ရှင် ၈၃

၇။ စက်တွင် ဝိညာဉ်သွင်းနိုင်သလော ၁၀၂

၈။ စိတ်ပြောင်းကိုယ်ခွာ ၁၁၉

၉။ ဘုန်းကြီးတစ္ဆေ ၁၄၀

၁၀။ မိုလ်ထော့ကျိုးတောင်ကုန်း ၁၅၉

၁၁။ ပုလင်းစောင့်ဘီလူး ၁၇၃

၁၂။ ဓာတုဗေဒ အဂ္ဂိရတ်သမား ၁၈၃

၁၃။ ဝဲသြဃအင်္ဂွာဝါ ၁၉၉

၁၄။ နဂါးခံတွင်း ဂူကြီး ၂၁၄

၁၅။ စိန်ဘယ်လောက်ကြီး မြင်ဖူးသလဲ ၂၃၆

၁၆။ ပိကင်း ကြူရီယိုဆိုင် ၂၅၁

၁၇။ ဓာတ်လိုက် ၂၆၆

၁၈။ ဖကော၏အစွမ်း ၂၇၇

၁၉။ အပေါ်ထပ်မှခရီးသည် ၂၉၁

၂၀။ ထန်းသီးကြွေခိုက်လော ၃၁၀

၂၁။ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက် ၃၂၄

၂၂။ ဓားပြကြီးဦးမိုးသီး (၁) ၃၃၈

၂၃။ ဓားပြကြီးဦးမိုးသီး (၂) ၃၄၉

၂၄။ ဓားပြကြီးဦးမိုးသီး (၃) ၃၅၉

၂၅။ ဓားပြကြီးဦးမိုးသီး (၄) ၃၇၁

၂၆။ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ၃၈၄

၂၇။ ဆုကြီးပန် ၄၀၁


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ထူးဆန်းသော သစ်စိမ်းတစ်ရွက်

၁၉၀၇ ခုနှစ် အင်ထရင်း အတန်းတွင် အတူတကွ ပညာသင်ဖူးသော သူငယ်ချင်းများအနက် ကိုအုန်းခင်မှာ စကားအနည်းဆုံး၊ စာအကျက်ဆုံး ဖြစ်၍ အားလပ်သော အချိန်များတွင် စုရုံးကာ စကားပြောကြသော ဝိုင်းထဲ၌ ဘယ်အခါမျှ အပါအဝင် မပြုဘဲ သစ်ပင်ရိပ်တွင် စာတစ်အုပ်နှင့်ဖြစ်စေ၊ မြေကြီးကို တုတ်ဖြင့် ရေးခြစ်လျက်ဖြစ်စေ၊ တစ်ယောက်တည်း နေလေ့ရှိ၏။ ကျောင်းမှထွက်၍ ကသာမြို့၌ တစ်ကြိမ် တွေ့ဆုံမိကြသောအခါ၊ ကိုအုန်းခင်မှာ ဒေါက်တာ စာမေးပွဲအောင်ခဲ့၍ အစိုးရဆေးရုံကြီးတွင် လက်ထောက် ဆရာဝန်အဖြစ်နှင့် အမှုထမ်းလျက်ရှိကြောင်း သိရှိရ၏။ ထိုအခါမှစ၍ ကျွန်ုပ်နှင့် ကိုအုန်းခင်တို့မှာ ခင်မင်ရင်းနှီးသော မိတ်ဆွေအဖြစ်သို့ ရောက်သွားကြ၍၊ တစ်ယောက်နှင့်တစ်ယောက် စာပေးစာယူ ပြုလုပ်ကာ အရေးကြီးသောကိစ္စနှင့် အကြံအစည်များကို တိုင်ပင်လေ့ရှိကြ၏။ မြားမကြာမီအတွင်း ဒေါက်တာ အုန်းခင်သည် အစိုးရအလုပ်မှ ထွက်၍ ဆေးဆိုင်ဖွင့်ပြီးလျှင် အရပ်ဆရာဝန် အဖြစ်နှင့် လူနာများ လက်ခံကုသခဲ့ရာ၊ စိတ္တဇရောဂါနှင့် ပတ်သက်သော လူနာများ ကုသခြင်းအလုပ်တွင် အလွန်နာမည်ကောင်းခဲ့သဖြင့်၊ ကသာမြို့သာ မက တစ်နိုင်ငံလုံးရှိ ဆရာဝန်များကပင် သူ၏ပညာစွမ်းကို ဝန်ခံကြသည်ဖြစ်၍ စိတ်နှင့်ပတ်သက်သော ရောဂါသည်များကို သူ့ထံသို့ ညွှန်တတ်ကြလေသည်။

mgyoe.com

mgyoe.com

ဒေါက်တာအုန်းခင်မှာ လွန်ခဲ့သော စစ်ကြီးအတွင်း၌ ကသာမြို့ကို ဂျပန်တို့ ဗုံးကြဲချစဉ်က ဗုံးဆန်ထိမှန် သေဆုံးခဲ့ရာ၊ သူ၏ဇနီး ဒေါ်သန်းရင်သည် ဒေါက်တာနှင့် ကျွန်ုပ်တို့ ခင်မင်ရင်းနှီးသည့်အဖြစ်ကို သိရှိသည်ဖြစ်ရာ၊ စိတ်ပညာနှင့် ပတ်သက်၍ ကျွန်ုပ်၏ ဝါသနာကိုလည်း ရိပ်မိသည်နှင့် ဒေါက်တာအုန်းခင်၏ မှတ်တမ်းမှတ်စုများကို ကျွန်ုပ်ထံသို့ ပေးပို့လိုက်လေသည်။ ကျွန်ုပ်သည် သွားလေသူ မိတ်ဆွေ ဒေါက်တာ၏ လက်ရေးဖြင့် ရေးသားထားသော မှတ်တမ်းများကို အားလပ်သည့်အခါတိုင်း အပျင်းပြေ ဖတ်ရှုမိရာ၊ ထိုမှတ်တမ်းတို့မှာ စိတ္တဇရောဂါ စွဲကပ်သော လူနာများအကြောင်းဖြစ်၍ စိတ်အကြောင်းကို လိုက်စားလာခဲ့သော ကျွန်ုပ်အဖို့ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ထိုမှတ်တမ်းမျိုးအနက် အောက်ပါအဖြစ်အပျက်မှာ စိတ်ပညာသမားများသာမက သာမန် စာဖတ်ပရိသတ်တို့အတွက်လည်း စိတ်ဝင်စားဖွယ် ကောင်းလှသည်ဖြစ်၍၊ ဝတ္ထုသွားအနေဖြင့် ရေးကူးဖော်ပြလိုက်ရပေသည်။

*

## ဒေါက်တာအုန်းခင်၏ မှတ်တမ်း

ဘုန်းကြီးလူထွက် ဦးကေတုမှာ ကသာမြို့အနီးရှိ ဇရစ်ချောင်ရွာကလေးတွင် ထင်ရှားသော မြေပိုင်ရှင်တစ်ယောက်ဖြစ်၏။ ရဟန်းဘဝ၌ ဦးကေတုသည် ပထမကြီးအောင် တရားဟောကောင်း ပုဂ္ဂိုလ်တစ်ဦးဖြစ်၍၊ မြေပိုင်ရှင်မုဆိုးမ ဒေါ်ဖွားရင်နှင့် အကြောင်းဆုံစည်းသည်တွင် ရဟန်းဘဝမှ ထွက်ခဲ့သော်လည်း၊ လူမည်မခေါ်ဘဲ ရဟန်းဘွဲ့ကအတိုင်း ဦးကေတုဟူ၍ပင် ရပ်ရွာက ခေါ်ဝေါ်လျက် ရှိကြ၏။ အသက် ၄၀ ကျော်၊ နှာတံပေါ်ပေါ်နှင့် ရုပ်ရည်သန့်ပြန့်သူတစ်ယောက် ဖြစ်သည့်ပြင်၊ ရဟန်းဘဝ၌ စာတတ်၍ တရားဟောကောင်းခဲ့သော အရှိန်အစော်ကြောင့် ကသာမြို့ပေါ်တွင် အစိုးရ အရာရှိကြီးများမှစ၍ အထက်တန်းစား ပုဂ္ဂိုလ်များနှင့် အကျွမ်းတဝင် ရှိလေသည်။ ဒေါ်ဖွားရင်မှာ ဦးကေတုနှင့် အကြောင်းပါပြီးသည်နောက် တစ်နှစ်မကြာမီ အနိစ္စရောက်ခဲ့ရာ၊ သူ၏ ပထမယောကျ်ား ဦးဘပွား ကုတ်ကတ်သမျှ ဒေါ်ဖွားရင်ဖို့ ဟူ၍လည်းကောင်း၊ ဒေါ်ဖွားရင် ချွေတာသမျှ ဦးကေတုဖို့ ဟူ၍လည်းကောင်း ရပ်ရွာက ပြက်ရယ်ပြောဆိုတတ်ကြလေသည်။

ဦးကေတုသည် ဒေါ်ဖွားရင် သေဆုံးသည်နောက် အိမ်ထောင်မပြုဘဲ မုဆိုးဖိုအဖြစ်နှင့် တူနှင့် တူမကလေးများကို ခေါ်ယူကာ အတူတကွ နေထိုင်လျက်ရှိရာ၊ ကျွန်ုပ်သည် ဝန်ထောက် ဦးချစ်စု၏ နေအိမ်တွင် သူနှင့် မကြာခဏ တွေ့ဆုံမိကြလေသည်။ အင်္ဂလိပ်စာတတ်တစ်ယောက် မဟုတ်သဖြင့် အနောက်တိုင်းမှ လောကဓာတ်ပညာအကြောင်းကို နားမလည်သော်လည်း၊

mgyoe.com

mgyoe.com

အချို့သော ဘုန်းကြီးလူထွက်များကဲ့သို့ မြင်းမိုရ်တောင် မတွေ့သမျှ ကမ္ဘာ မဟုတ်နိုင်ဟူ၍ မငြင်းဘဲ၊ မှတ်သားဖွယ်ရှိသမျှကို မြန်မာစာပေများနှင့် ညှိနှိုင်းကာ နာယူတတ်လေသည်။

အဘိဓမ္မာနှင့် ပတ်သက်သော အကြောင်းအရာများတွင် ကျွန်ုပ်တို့က ရှေ့မသန်းဝံ့သည့်နည်းတူ၊ ဦးကေတုကလည်း လောကဓာတ်ပညာနှင့်ဆိုင်ရာ ဗဟုသုတများတွင် ငြင်းလုံးမထုတ်ဘဲ မှတ်လေ့ရှိသဖြင့် ကျွန်ုပ်တို့ လူစုနှင့် အလွန်အစပ်တည့်လျက်ရှိ၏။ ဦးကေတုသည် အချို့သော ဘုန်းကြီးလူထွက်များ ကဲ့သို့ လေးကျွန်းတစ်မြင်းမိုရ်ဟူသော စကားသည် ဘုရားမပွင့်မီကတည်းက ဟိန္ဒူတို့ အစဉ်အလာ ယူဆလာကြသဖြင့် ဘုရားဟော အစစ်မဟုတ်သည့် အဖြစ်ကို ဒုံးမဝေးဘဲ မြန်မာပြည်၌ ညဥ့်သန်းခေါင်ဖြစ်လျှင် မွန်းတည့်သော တိုင်းပြည်၊ နေထွက်စ တိုင်းပြည်၊ နေဝင်စ တိုင်းပြည်များရှိကြသည်ဟူသော အခြင်းအရာကို အလွန်သဘောကျ နားလည်ဟန်ရှိ၏။

အဘိဓမ္မာနှင့် ပတ်သက်သော မေးခွန်းများကို လူပြိန်းနားလည်အောင် ရှင်းလင်းစွာ ဖြေဆိုတတ်သဖြင့် ကျွန်ုပ်တို့ အရာရှိတစ်စုအနက်တွင် အလွန် အသုံးဝင်သူတစ်ယောက်ဖြစ်ပေရာ၊ ဤသူ၌ ထူးခြားသော အမူအရာတစ်ခုမှာ ကျွန်ုပ်တို့နှင့်အတူ ဝိုင်းဖွဲ့ကာ စကားပြောနေကြသည့် အတွင်းမှာပင် တစ်ခါ တစ်ရံ ဖျတ်ခနဲ ဖြစ်သွား၍၊ ကြမ်းပေါ်သို့ အချိန်အတန်ကြာသည့်တိုင်အောင် စိုက်ငေးတွေဝေကာ ကြည့်နေတတ်ခြင်းပင် ဖြစ်လေသည်။ ဤအကြောင်းကို ကျွန်ုပ်တို့အားလုံး သတိပြုမိကြသဖြင့်၊ တစ်ခါတစ်ရံ ဦးကေတု မရှိခိုက်တွင် ထိုအကြောင်းကို ဆွေးနွေး၍ အမျိုးမျိုး တွေးတောကြဖူးသော်လည်း ဘယ်သူ ကမျှ ကျေနပ်လောက်သော အဖြေကို မပေးနိုင်ချေ။

တစ်နေ့သ၌ ကျွန်ုပ်သည် ဝန်ထောက်ဦးချစ်စု၏ နေအိမ်၌ ဦးကေဟု နှင့် နှစ်ယောက်တည်း ဆုံမိကြရာတွင်၊ အင်္ဂလိပ် မဂ္ဂဇင်းတစ်စောင်၌ စိတ် အကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ် ရေးသားဖူးသည်ဟု ကြားဖူးသဖြင့် အဘိ ဓမ္မာနှင့် ချိန်ထိုးကြည့်လိုပါသည်ဆို၍ ဘာသာပြန်ဆိုပေးရန် ဦးကေတုက တောင်းပန်လေ၏။ ကျွန်ုပ်မှာလည်း သဂြိုဟ်စိတ်ပိုင်းမျှသာ သင်ခဲ့ဖူး၍ သဘော မပေါက်သည်နှင့် ဦးကေတုက ချိန်ကိုက်လိုသည် ဆိုခြင်းကို သဘောကျလှ သဖြင့် အားလပ်သောအချိန်တွင် ဘာသာပြန်ပြပါမည်ဟု ကတိပေးထားခဲ့ဖူး လေသည်။

ထိုည၌ ကျွန်ုပ်သည် ထားခဲ့သော ကတိကို သတိရသည်နှင့် မဂ္ဂဇင်း စာအုပ်ကိုယူ၍ အစမှ အဆုံးတိုင် မြန်မာဘာသာ ပြန်ဆိုရေးသားပြီးလျှင်၊ နောက်တစ်နေ့ နံနက်စောစောလမ်းလျှောက်ရင်း ဇရပ်ချောင်ရွာဘက်သို့ လှည့်၍

mgyoe.com

mgyoe.com

ဦးကေတု၏ နေအိမ်သို့ ဝင်လေ၏။ ဦးကေတုသည် ကော်ဖီနှင့် ဘီစကွတ်မုန့်များဖြင့် ဧည့်ခံကျွေးမွေးရင်း ကျွန်ုပ်၏ ဘာသာပြန်ဆိုချက်ကို ဖတ်၍ ကျေးဇူးတင်စကား ပြောကြားပြီးနောက် . . .

တု။ ။"နေရာကျလိုက်လေ ဒေါက်တာ၊ ဒီအထဲမှာ ရေးထားတဲ့ အကြောင်းအရာတွေဟာ ကျုပ်အဖြစ်အပျက်နဲ့ ကိုက်နေပါပြီကောဗျာ။ ဒီလိုဆိုရင် ကျုပ်အကြောင်းကို ခင်ဗျား ဖွင့်ပြီး ပြောရဦးတော့မှာပဲ"

ထိုအခါ အထက်တွင် ဖော်ပြခဲ့သည့် ဦးကေတု၏ ထူးဆန်းသော အမှုအရာအကြောင်းကို သတိရသဖြင့် ဆေးဖိုးဝါးခ ရမှုထက် ပညာဗဟုသုတတို့ကို မျှော်လင့်သည်ဖြစ်၍ 'ပြောသေးတာပေါ့ဗျာ'ဟု ပြန်ပြောလိုက်၏။

တု။ ။"သို့သော် ကျုပ်အကြောင်းကို ပြောမပြခင် တစ်ခုတော့ မှာထားပါရစေ၊ ဒီအကြောင်းကို ဘယ်သူ့မှ ခင်ဗျား မပြောလိုက်ပါနဲ့နော်"

နိုပ်။ ။"စိတ်ချပါ"

တု။ ။"ဇနီး မဖွားရင် ကွယ်လွန်တဲ့နောက်၊ ကျုပ်မှာ သူ ထားခဲ့တဲ့ လယ်မြေကလေးအပေါ်က လယ်ထောက်ခကလေးနဲ့ သုံးလောက် စွဲလောက် ရှိတော့ အငြိမ်းစား ဖြစ်နေဟော့တာပေါ့ဗျာ။ ဒါပေမဲ့ အလုပ်မရှိလို့ ပျင်းကလည်း ပျင်းတာနဲ့ 'တတ်တဲ့ပညာ မနေသာ'ဆိုတာလို စာပြန်ပွဲဝင်တဲ့ ရဟန်းသာမဏေများ လွယ်ကူပါစေဆိုပြီး သူတို့အတွက် ဋီကာတွေ ကျုပ် ရေးခဲ့တယ်။ မန္တလေးမြို့က ကျုပ်ရဲ့ ရဟန်းဒကာကလည်း စာပုံနှိပ်တိုက် ပိုင်ရှင်ဖြစ်တော့ ကျုပ်ရေးတဲ့ ဋီကာတွေကို စာအုပ်ရိုက်ဖို့ တာဝန်ယူတယ်။ ဒီတော့ ကျုပ်က နေ့ရောညရော စာရေးတဲ့ အလုပ်နဲ့ချည်း အချိန်ကုန်ခဲ့တာ သုံးနှစ်ကျော်ရှိသွားပြီ။ ဒီအတောအတွင်းမှာ ကျုပ်ရဲ့ ဝါသနာတစ်ခုက လက်ဖက်ရည်ကြမ်းသောက်ရင်း အလုပ်လုပ်တတ်လေတော့ ညတိုင်း နှစ်ကရား သုံးကရားကုန်ခဲ့တယ်။ တစ်နေ့သ၌တော့ မိတ်ဆွေတစ်ယောက်က ကျုပ်ဝင်းထဲက လက်ဖက်ပင်ကို မြင်သွားရာမှ လက်ဖက်ရည် သောက်ချင်းသောက်ရင် 'လက်ဖက်ရွက်အစိမ်း ခပ်သောက်တာဟာ အင်မတန် ကောင်းတယ်လို့ ပြောသွားတယ်။ သူပြောတဲ့အတိုင်း ကျုပ်က တစ်နေ့ စမ်းသောက်ကြည့်တော့ သိပ်ကောင်းနေတာ တွေ့ရတာကိုဗျ"

နိုပ်။ ။"ဘယ်ပုံ ကောင်းတာလဲ ခင်ဗျာ၊ စိမ်းရွှေရွှေ မနံဘူးလား"

တု။ ။"အစတော့ နံသလိုလိုပဲ၊ သို့သော် သူ ကောင်းပုံက အနံ့အရသာမှာ ဒီလောက်မဟုတ်ဘူးဗျ၊ စာရေးရာမှာ စိတ်ကူး သိပ်ပေါ်တာပဲ။ နှစ်ခွက်လောက်သောက်ပြီး ရေးလိုက်ရရင် ဘာမှ မပြောနဲ့တော့၊ ဒီ့အရင်က စိတ်ကူးမရတဲ့ အကြံအစည်တွေ တသီတသန်းကြီး ပေါ်လာပြီး လက်အနောက်က လိုက်သွားရုံပဲဗျို့။ သူ့ဘာသာသူ ရေးသွားတော့တာပဲ"

mgyoe.com

mgyoe.com

နံ့ပ်။ ။"ဟုတ်ပါ့မလား ခင်ဗျာ၊ ကျွန်တော် မကြားဖူးပါဘူး၊ သောက်တဲ့လူလည်း သောက်ကြပါရဲ့"

တု။ ။"သူများတော့ မဆိုနိုင်ဘူး၊ ကျုပ်တော့ဖြင့် သိပ်နေရာကျတာပဲဗျို့၊ ဉာဏ်ကို ကြည်လင်ပြီး အလိုလို ရွှင်နေတော့တာပဲ"

နံ့ပ်။ ။"စသောက်တာ ဘယ်လောက်ကြာပြီလဲ"

တု။ ။"တစ်နှစ်ကျော် နှစ်နှစ်နီးပါး ရှိသွားပြီကော၊ အထူးသဖြင့် တစ်ခုကောင်းတာက ဘာလဲဆိုတော့ သူ့သောက်ပြီး စာရေးရင် အိပ်ချင်တယ်လို့ ဘယ်တော့မှမရှိဘူး၊ မိုးလင်းအထိ ထိုင်ရေးချင်လည်းဖြစ်တာပဲ။ တွေဝေခြင်း၊ ထိုင်းမှိုင်းခြင်း၊ ညောင်းညာခြင်းတောင် မရှိဘူးဗျ။ ဒါ အသာထားပြီး ကျုပ်ပြောချင်တဲ့ အကြောင်းကို ပြောရဦးမယ်။ မနှစ် တန်ဆောင်မုန်းလပြည့်နေ့ညက သရက်တောကျောင်းတိုက်ထဲမှာ ကျုပ်လိုချင်တဲ့ စာတစ်အုပ်ကို သွားယူရင်း ဘုန်းကြီးနဲ့ စကားကောင်းနေလို့ တော်တော်ညဉ့်နက်သွားတယ်။ ၁၀ နာရီကျော်လောက်ရှိတော့မှ ကျောင်းပေါ်က ဆင်းလာပြီး ဆိုက်ကားတစ်စီး တွေ့တာနဲ့ အိမ်မြန်မြန်ရောက်ချင်လို့ ခြေကျင်မလျှောက်ဘဲ ဆိုက်ကားနဲ့ ပြန်လာခဲ့တာကိုးဗျ။ ဒါနဲ့ ပိုလိုကွင်းကြီးထဲရောက်တော့ လကလည်း တိမ်ကလေးတွေ ဖုံးသွားလို့ မိုက်အသွားမှာ ဆိုက်ကားနံဘေး ကျုပ် မျက်နှာနဲ့တည့်တည့် ဆယ်တောင်လောက်မှာ မီးပွင့်ကလေးနှစ်ပွင့် ဘွားခနဲ ပေါ်လာတယ်ဗျ။ ကျုပ်က ဘယ့်နှာပါလိမ့်မလဲလို့ စိုက်ကြည့်နေရင်း လမင်းက ဝင်းခနဲ ပေါ်လာရာမှာ ခုနင်က မီးကလေးနှစ်ပွင့်ဟာ တခြား မဟုတ်ဘူး၊ မျောက်ကလေးတစ်ကောင်ရဲ့ မျက်လုံးနှစ်လုံး ဖြစ်နေတာကိုးဗျ။ မျောက်ကလေးက နက်လိုက်တာမှောင်လို့၊ သူက ဘာလုပ်သလဲဆိုတော့ ကျုပ်နဲ့ တည့်တည့်ကြီး ပြေးလိုက်လာပြီး မျက်နှာ ကျုပ်ဘက်လှည့်လို့ မျက်လုံးနှစ်လုံးက ကျုပ်ကို စေ့စေ့ပါအောင် စိုက်ကြည့်လိုက်နေတာကိုးဗျ။ ဒီတော့ ကျုပ်က ဆိုက်ကားသမားကို 'ဟေ့ မောင်ရင် ဟိုဟာ ဘာကောင်ကလေးလဲဟေ့'လို့ မေးလိုက်တယ်။ 'ဘယ်မှာလဲ ဦးရဲ့'ဆိုလို့ လက်ညှိုးထိုးပြတော့ သူက ကြည့်ပြီး 'ဘာကောင်မှ မရှိပါကလား ဦးရယ်'တဲ့။ ဒီတော့ ကျုပ်က ငါ ဘာဖြစ်ပါလိမ့်မလဲလို့ မျက်လုံးတွေ ဘာတွေ ပွတ်ပြီး ကြည့်ပြန်တော့လည်း ဒီလိုပဲ ကျုပ်ဘက် မျက်နှာလည့်ပြီး ကျုပ်နဲ့ တည့်တည့်ကြီး ပြေးလိုက်နေတဲ့ မျောက်နက်ကလေးကို မြင်ရပြန်တာပဲ"

နံ့ပ်။ ။"ဒီအခါမှာ ကြက်သီးတွေ ဘာတွေ ထလာသေးသလား"

တု။ ။"ဘာကြက်သီးမှ မထဘူး၊ ကြောက်လည်း မကြောက်သေးဘူး။ သို့သော် ကျုပ်ကတော့ မြင်ရပြီး၊ ဆိုက်ကားသမားက မမြင်ရဘူးဆိုတာ

mgyoe.com

mgyoe.com

တော့ နည်းနည်းအုံ့သြသွားတယ်။ ဒီလိုနဲ့ ပိုလိုကွင်းအဆုံးရောက်လို့ ဆိုက်ကားရပ်ပြီး ပိုက်ဆံပေးနေတော့ မျောက်ကလေးကလည်း ကျုပ်နဲ့ ၁၀ တောင်ကျော်လောက်မှာ ရပ်ပြီး ထိုင်စောင့်နေတယ်။ ဒီအခါတော့ နည်းနည်းတုန်လှုပ်လာပြီ၊ သို့သော် လူကြီးတန်မဲ့နဲ့ ကြောက်တတ်တယ်ဆိုတာ အထင်မခံချင်တာနဲ့ ဘာမှမပြောဘဲ ဆိုက်ကားသမား လှည့်ပြန်သွားရာမှ ကျုပ်က ချုံတွေကြားက လမ်းကလေးအတိုင်း ဖြတ်ပြီး၊ ဇရစ်ချောင်ဘက် လျှောက်လာခဲ့တော့ မျောက်ကလေးက ကျုပ်နောက်က ကပ်ပြီး လိုက်လာခဲ့တယ်။ ဒီအခါကျတော့ ၁၀ တောင် မကွာတော့ဘူး၊ ကျုပ်နောက်က ကပ်လျက် လိုက်လာတော့တယ်။ ဒီတော့ တုတ်ကောက်နဲ့ သူ့မျက်လုံးနှစ်လုံးအကြားကို ချိန်ထိုးလိုက်တယ်"

နိုပ်။ ။"တော်တော်ရဲပေသားပဲ"

တု။ ။"ရဲလှတယ်ပေါ့ မဟုတ်ဘူးဗျ၊ ကြောက်အားလန့်အားနဲ့ လုပ်လိုက်မိတာပဲ၊ ဒီတော့ ဘယ့်နှယ်ဖြစ်သွားသလဲ သိလား"

နိုပ်။ ။"ဆိုစမ်းပါဦးဗျာ"

တု။ ။"ကျုပ်ရဲ့ တုတ်ဖျားဟာ သူ့မျက်လုံးကြားထဲကို တည့်တည့်ကြီး ဝင်သွားတယ်ဗျ၊ သူတော့ ဘာမှမဖြစ်ဘူး။ ဒါနဲ့ ကျုပ်က တုတ်မြှောက်ပြီး သူ့ခေါင်းကို ရိုက်ပြန်တာပေါ့ဗျာ၊ ဘာကိုမှ မရိုက်မိဘူးဗျ။ သူကတော့ နေရာကလည်း မရွေ့ဘူး၊ ကျုပ်က စေ့စေ့ကြည့်ပြီး ငုတ်တုတ်ကြီး ထိုင်နေတာပဲ။ ဒီတုန်းက ကျုပ် တော်တော်ကလေး လှမ်းသေးတယ်။ သို့သော်လည်း စိတ်ကို ရဲဆေးတင်၊ ဂုဏ်တော်တွေ ဘာတွေရွတ်ပြီး ဆက်လျှောက်သွားရတော့တာပေါ့ဗျာ"

နိုပ်။ ။"ရွတ်တော့ကော ပျောက်မသွားဘူးလား"

တု။ ။"မပျောက်ပါဘူးဗျာ၊ လိုက်လျက် လိုက်လျက်ပါပဲ။ ဒါနဲ့ လူတစ်ယောက်တည်း လျှောက်သာတဲ့ ချုံကြားလမ်းကလေးက ထွက်လာလို့ လမ်းကျယ်ရောက်တော့ မျောက်က ကျုပ်နောက်က မလိုက်တော့ဘဲ ကျုပ်နံဘေးတည့်တည့်က ယှဉ်ပြီး လိုက်လာတယ်ဗျ။ တံတားပေါ်ရောက်ပြန်လည်း သူက တံတားလက်ရန်းပေါ်က တက်လျှောက်တယ်။ သူ့မျက်နှာကတော့ ဘယ်ဘက်မှ မလှည့်ဘူး၊ ကျုပ်ဘက်ချည်းလှည့်ပြီး ကျုပ်ကို အမြဲစိုက်ကြည့်လိုက်တာပဲ။ ဒီအချိန်မှာ တစ်ရွာလုံးလိုလိုပဲ အိပ်ကုန်ကြပြီ။ တစ်အိမ်တလေလောက်သာ မီးခွက်ကလေး မြင်ရတော့တယ်။ ရွာလမ်းပေါ်မှာဆိုတော့ လူတစ်ယောက်မှ မတွေ့တော့ဘူး။ ဒါနဲ့ ကျုပ် တံတားပေါ်က ဆင်းပြီး လမ်းပေါ်ရောက်တော့ သူ့အကဲ သိရအောင် အိမ်ဘက်ကိုမလျှောက်ဘဲ မြို့ဘက်ကို ပြန်လျှောက်ကြည့်တယ်။ ဒီတော့လည်း သူက ကျုပ်သွားရာ လိုက်တာပဲ။

mgyoe.com

mgyoe.com

သုတ်သုတ်လျှောက်လည်း သုတ်သုတ်လိုက်တယ်၊ ဖြည်းဖြည်းလျှောက်လည်း ဖြည်းဖြည်းလိုက်တယ်။ နောက်ဆုံး အိမ်ရောက်လို့ ဝင်းတံခါးဖွင့်ပြီး ဝင်လာတော့ ဝင်းထဲရောက်အောင် လိုက်လာတော့တာပဲ"

နံပ်။ ။"ခက်လှချည်ကလားဗျာ။ တစ္ဆေတို့၊ မှင်စာတို့ဆိုရင်လည်း အိမ်ပေါ်ရောက်အောင် တက်မလိုက်နိုင်ဘူး ဆိုပါကလား"

တု။ ။"ဘာရယ်လို့တော့ မပြောတတ်ဘူးဗျ၊ အိမ်ပေါ်ရောက်တော့ ကျုပ်က အကဲသိရအောင် တူကလေး ဖိုးတေကို အခန်းထဲခေါ်ပြီး ကျုပ်က ကုလားထိုင်ပေါ်မှာ ထိုင်တော့ မျောက်က စားပွဲပေါ် တက်ထိုင်တယ်ဗျ။ ဖိုးတေ ဝင်လာလို့ ပျောက်သွားမလား မှတ်တယ်၊ မပျောက်ရှာဘူးဗျ၊ စားပွဲပေါ် ငုတ်တုတ်ကလေး ထိုင်နေတော့တယ်။ ကျုပ်က 'ဟဲ့ ဖိုးတေ စားပွဲပေါ်မှာ ဘာလဲဟဲ့'လို့ မေးလိုက်တော့ ဖိုးတေက 'ဘာမှ မရှိပါကလား၊ ဦးလေး စာအုပ်တွေပဲ'တဲ့။ ဒီတော့ သူ့ဟာက ကျုပ် တစ်ယောက်တည်း မြင်ရတယ်၊ ဒို့ပြင်လူ ဘယ်သူမှ မမြင်ရဘဲဟာကိုးဗျ။ ဆိုက်ကားသမားကလေး ကလည်း ဒါကြောင့် မမြင်ဘူး၊ တစ္ဆေလည်း မဟုတ်ဘူး၊ မှင်စာလည်း မဟုတ်ဘူး။ ကျုပ်စိတ်ထဲမှာ ထင်ယောင်ထင်မှားဖြစ်တဲ့ ရောဂါတစ်မျိုးပဲလို့ အောက်မေ့မိတယ်။ အိပ်ပျက်လို့သော် လည်းကောင်း၊ အစာမကြေလို့သော် လည်းကောင်း ဖြစ်တန်ရာရဲ့လို့ စဉ်းစားမိတယ်။ သို့သော် သူ့ လုပ်ပုံတွေက ရှေ့လျှောက်ပြီး သိပ်ထူးဆန်းတယ်ဗျာ။ ကျုပ် စိတ်ထဲမှာ ထင်တာသက်သက် တော့ မဟုတ်ပေဘူး ထင်တယ်"

နံပ်။ ။"နေပါဦးဗျ၊ ဒီတစ်ညတည်းပဲ မဟုတ်ဘူးလား"

တု။ ။"ဘယ်က ဟုတ်လိမ့်မလဲဗျာ၊ ဒီတစ်ညတည်းဆိုရင်တော့ ကျုပ်က အရေးလုပ်ပြီး ပြောတောင် ပြောမနေဘူး။ နေဦးဗျ၊ ကျုပ် ပြောဦးမယ် နားထောင်စမ်းပါဦး"

နံပ်။ ။"ပြောစမ်းပါဦးဗျာ"

တု။ ။"ဒါနဲ့ အဲဒီညက အိပ်ရာထဲ ရုတ်တရက် မဝင်သေးဘဲ အိမ်ရှေ့ခန်းမှာ ထိုင်ပြီး ပရိတ်တွေရွတ်၊ စာတွေပြန်၊ ဂုဏ်တော်တွေ ပါဠိရော အနက်ပါရွတ်။ ဘယ့်နှယ်မှ မရှိဘူးဗျ၊ စားပွဲပေါ်မှာ ငုတ်တုတ်ကလေးထိုင်ပြီး ကျုပ်ကို စေ့စေ့ကြည့်နေတာပဲ။ သူ့မျက်လုံးတွေကတော့ နည်းနည်းမှေးသွား သလို ထင်ရရဲ့၊ နို့ပေမဲ့ အကြည့်ကတော့မပျက်ဘူး။ မှေးမှေးလည်း ကြည့်လျက်ပဲ၊ ပြူးပြူးလည်း ကြည့်လျက်ပဲ၊–မျက်တောင်တောင် မခတ်ဘူးဗျ။ ဒါနဲ့ နာရီပြန် တစ်ချက် ထိုးတော့မှ အိပ်ရာခန်းထဲဝင်ပြီး အိပ်မယ်လုပ်တော့ လားလားဗျာ၊ ကောက်ကောက်ပါအောင် လိုက်လာပြီး ကျုပ် ခုတင်နံဘေးက စားပွဲကလေး

mgyoe.com

ပေါ်မှာ တက်ထိုင်ပါလေရောဗျာ။ ကျုပ်က ခြင်ထောင်ချ၊ မီးအိမ်ကို ငြိမ်းပြီး သူ့လှမ်းကြည့်လိုက်တော့ ဒီလိုပဲ ငုတ်တုတ်ထိုင်ပြီး ကျုပ်က ကြည့်နေတာပဲ။ ဒီညက နှစ်ချက်တီးကျော်တော့မှ မှေးခနဲ ပျော်သွားပြီး ၄ နာရီလောက်မှာ နိုးလာလို့ လှမ်းကြည့်လိုက်တော့ သူ့နေရာကကို မရွေ့ဘူးဗျ။ မေးကလေး ထောက်ပြီး ကျုပ်ကို ကြည့်နေလျှက်ပဲ"

နိုပ်။ ။"ခွဲကောင်းလိုက်ပါပေ့ဗျ"

တု။ ။"အောင်မယ်၊ ဒါ ဘာဟုတ်သေးလဲ။ နားထောင်ဦး ပြောဦး မယ်။ မနက်စောစောထ၊ တံမြက်စည်းတို့ ဘာတို့လှည်း၊ ဘုရားကန်တော့၊ ဘာလုပ်လုပ် ကျုပ် အနားက မခွာဘူးဗျ။ ဒါထက် ပြောရဦးမယ်၊ သူ့ မျက်လုံးတွေ တဖြည်းဖြည်း ပြောင်းလဲလာတယ်ဗျ။ အစတုန်းကတော့ ကျုပ်ကို ရိုးရိုးတန်းတန်း စိုက်ကြည့်တာပဲ။ နောက် တဖြည်းဖြည်းတော့ ကျုပ်ကို အင်မတန် မုန်းတဲ့ဟန်၊ ရန်လိုတဲ့ မျက်နှာထားမျိုးနဲ့ ကြည့်လာတယ်။ ဒီလို နဲ့ချည်း နေ့မခွဲ ညမခွာ ကျုပ် အနားမှာချည်း နေလိုက်တာ တစ်လတိတိပဲ ဗျာ။ ပြောခဲ့တဲ့အတိုင်း တန်ဆောင်မုန်း လပြည့်နေ့ညဟာ၊ နတ်တော်လပြည့် နေ့ကျမှ ပျောက်သွားတော့တာပဲ"

နိုပ်။ ။"ဩော်. . .ဒါပဲလား"

တု။ ။"ဘယ်ကလာ ဒါကမှာလဲဗျာ၊ နတ်တော်လပြည့်နေ့ညက ပျောက်သွားပြီး၊ လကွယ်နေ့ ညကျတော့ ပြန်ပေါ်လာပြန်ရောဗျာ။ ကျုပ်က တစ်ခါဖြင့် မောင်မင်းကြီးသားကလေး သွားပေပြီလို့ စိတ်ချရမလိုလိုဖြစ်နေတုန်း၊ လကွယ်နေ့ညက သူကြီးအိမ်မှာ လယ်စာချုပ်ကိစ္စကလေးရှိလို့ သွားစကား ပြောပြီး ၉ နာရီလောက် ပြန်လာတော့ မောင်မင်းကြီးသားကလေးက ဝင်းပေါက် နားက စောင့်နေလေတော့ဗျာ၊ ကျုပ်နဲ့အတူတူ အိမ်ပြန်လိုက်လာတော့တာပဲ။ အမှန်ပြောရမှာဖြင့် ဒုတိယအကြိမ် ပေါ်လာတော့ မလန့်လှဘူး၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် တော်တော် စိုးရိမ်လာတယ်ဗျို့။ ရှုးများ ရှုးချင်လို့လားလို့ အောက်မေ့မိတယ်။ ဒါနဲ့ အိမ်ရောက်လာလို့ အိပ်ရာထဲ ဝင်အိပ်တော့၊ မျောက် ကလေးဟာ ဒီတစ်ခေါက်မှာ အရင်တစ်ခေါက်ထက် ပိုဆိုးလာတယ်ဗျို့။ အရင် တစ်ခါကတော့ သူ့ဘာသာ ငြိမ်ငြိမ်ထိုင်ပြီး ကြည့်ရုံလောက်ပဲ၊ ဒီတစ်ခေါက် ကျတော့ သူကြည့်ပုံ မျက်နှာထားကလည်း သိပ်ဆိုးဝါးတာမဲ့။ ကျုပ်ကို စားတော့ ဝါးတော့မလိုလို၊ အင်မတန် မုန်းနေတဲ့ မျက်နှာမျိုးပဲ။ တစ်ခါ၊ တစ်ခါမှာ အထူးသဖြင့် ညအချိန်မှာ စားပွဲကလေးပေါ် ထိုင်နေရာက လက်သီး လက်မောင်းတန်းလို့ သွားတွေဖြဲပြီး ကျုပ် မျက်နှာနားကပ်ပြီး တခွီးခွီးနဲ့ ခြောက်သေးတယ်"

mgyoe.com

mgyoe.com

နိပ်။ ။"မီးထွန်းထားလို့ မြင်ရတာလား ခင်ဗျာ"

တု။ ။"မီးမထွန်းဘူးဗျ၊ မှောင်လို့။ နို့ပေမဲ့ ဘယ်လိုပဲမှောင်မှောင် သူ့ကို ကျုပ် မြင်နေရတာပဲ၊ အခန်းထဲမှာရှိတဲ့ ဒီပြင်ပစ္စည်းတွေကို ကျုပ် မမြင်ရပေမယ့် သူ့ပတ်ဝန်းကျင်မှာတော့ အရောင်ကလေး လင်းနေသလိုလို ဖြစ်ပြီး သူ့ကိုတော့ ကောင်းကောင်း မြင်ရတယ်။ ဒီလိုနဲ့ ပြာသိုလ တစ်လလုံး (တစ်လတိတိ) နေ့ရောညဥ့်ပါ ကျုပ်ဆီမှာနေပြီး ပြာသိုလကွယ်နေ့ကျတော့ ပျောက်သွားပြန်ရောဗျ။ ပျောက်ပုံကတော့ တော်တော် ထူးဆန်းတယ်။ တက တဲဗျာ အံသွားကြီးကြိတ်လိုက်၊ သွားကြီးဖြဲလိုက်နဲ့ အင်မတန် စိတ်ဆိုးနေတဲ့ ဟန်နဲ့ လက်သီးလက်မောင်း တန်းတဲ့ပြီး ရှေ့တိုးနောက်ငင်နဲ့ ဆုတ်ချည် တက်ချည် လုပ်နေလို့ ကျုပ်မှာ အော်တောင် အော်လိုက်မိတော့မလို ဖြစ်လာ ပြီးနောက်မှ၊ နောက်ဆုံးတစ်ခါ မျက်နှာနားကပ်ပြီး လက်သီးနှစ်ဖက်ကိုဆုပ်၊ သွားကြီးကိုဖြဲပြပြီးမှ နောက်ဆုတ်နောက်ဆုတ်နဲ့ သွားပြီး ပြတင်းပေါက်က ခုန်ချလိုက်တာ ပျောက်သွားရောဗျာ"

နိပ်။ ။"ဒီတစ်ခါတော့ ပြန်မလာတော့ဘူး ဆိုပါတော့"

တု။ ။"နားထောင်ဦးဗျ၊ မဟုတ်သေးဘူး။ ပြာသိုလကွယ်နေ့ညမှာ ပျောက်သွားလို့ ၁၅ ရက်တိတိ ကြာပြီး တပို့တွဲ လပြည့်နေ့ကျတော့ တစ်ခါ ပြန်ပေါ်လာပါရောဗျာ"

နိပ်။ ။"အရင်တစ်ခါလည်း ၁၅ ရက်ပဲ ဟုတ်လား"

တု။ ။"ဟုတ်တယ်၊ တစ်လတိတိ နေပြီး ၁၅ ရက်တိတိ ပျောက် ပျောက်သွားတာ နှစ်ကြိမ်ရှိပြီ"

နိပ်။ ။"ပြန်ပေါ်လာတဲ့ အခါများမှာ ဘာများ ထူးထူးခြားခြား ဖြစ်ပါသေးသလဲ"

တု။ ။"ထူးထူးခြားခြားရယ်လို့ မရှိလှပါဘူးဗျာ၊ စာဖတ်ရာကနေပြီး မော့ကြည့်လိုက်တဲ့အခါမှာ စားပွဲပေါ် ရောက်နေတာမျိုးလည်း ကြုံဖူးရဲ့။ ပြောခဲ့တဲ့အတိုင်း ခရီးသွားရာမှာ ဘွားခနဲ ပေါ်လာပြီး နောက်က လိုက်လာ တာမျိုးလည်း ကြုံဖူးပါရဲ့။ ဒါထက် ပြောရဦးမယ်။ တတိယအကြိမ် ပေါ်လာ တဲ့အခါမှာ တစ်မျိုးတိုးပြီး ဆိုးလာပြန်တယ်ဗျ။ ဟိုတုန်းကတော့ ခြောက်ရုံ လှန့်ရုံလောက်ပဲ သူ လုပ်တယ်။ ဒီတစ်ခါတော့ ကျုပ်ကို အမျိုးမျိုး အနှောင့် အယှက် ပေးလာတော့တယ်ဗျို့၊ ဘာမှ ကောင်းကောင်းမလုပ်ရဘူး။ သူက လိုက်ပြီး နှောင့်ယှက်နေတော့တာပဲ"

နိပ်။ ။"ဘယ်ပုံ နှောင့်ယှက်သလဲဗျာ"

တု။ ။"ဘုရားရှိခိုးနေရင် ရှေ့တည့်တည့်က ကပ်ပြီး မျက်နှာချင်း

mgyoe.com

mgyoe.com

ထိလုမတတ်နဲ့ သူ့ပါးစပ် ဖြဲပြလိုက်၊ သွားဖြီးပြလိုက်၊ ဖင်ကုန်းပြလိုက် အမျိုးမျိုး နှောင့်ယှက်တာပဲ။ ကျုပ်က မျက်လုံးမှိတ်ထားတာပဲ၊ ဘယ်လို မှိတ်မှိတ် သူ့ကို မြင်နေရတာပဲ။ ကြာတော့ မနေနိုင်လို့ ထလာခဲ့တာပဲ။ တစ်ခါတစ်ခါမှာလည်း စားပွဲပေါ် ခုန်တက်လိုက်၊ ကုလားထိုင်နောက်မှီပေါ် ခုန်တက်လိုက်၊ ပြတင်းပေါက်ပေါ် ခုန်တက်လိုက်နဲ့ လုပ်နေရာက ကျုပ် မျက်နှာကို စေ့စေ့ကြည့်ပြီး သူ့ကိုယ်ကို ဟိုလိုဒီလို ယိမ်းယိမ်းပြလိုက်တာ၊ သူ့ကိုကြည့်နေရင်း ကျုပ်စိတ်ထဲမှာ လစ်ခနဲ ဝေခနဲ မူးခနဲ မိုက်ခနဲ ဖြစ်ဖြစ် လာလေတော့ ကြာကြာနေရင် ခက်ချေရဲ့ဆိုပြီး အတင်းအာရုံ ပြောင်းပြောင်း ပစ်လိုက်လို့သာပဗျာ။ နို့မဟုတ်ရင် သတိလစ်ပြီး ဘာတွေဖြစ်သွားဦးမယ် မဆိုနိုင်ဘူး"

နိပ်။ ။"ခက်လှပါလားဗျာ၊ ဒီတစ်ခေါက်ကော တစ်လပဲလား"

တု။ ။"ဒါကတော့ မှန်တယ်ဗျာ၊ တစ်လတိတိပဲ သူ နေတယ်။ တပေါင်းလပြည့်နေ့ညမှာ ပျောက်သွားပြီး ထုံးစံအတိုင်း လကွယ်နေ့ညမှာ ပြန်ပေါ်လာပါရောဗျာ။ အမှန်ပြောရမှာဖြင့် လကွယ်နေ့ည နေဝင်ဖျိုးဖျ အချိန်က စပြီး ဘယ်နေရာမှာ ပေါ်လာမလဲလို့ ကျုပ်စိတ်ထဲက မျှော်လင့်နေတော့တာပဲ"

နိပ်။ ။"မတုန်လှုပ်ဘူးလား"

တု။ ။"တုန်လှုပ်တယ်လို့တော့ မဟုတ်ပါဘူးဗျာ။ သို့သော် ဒီ ကောင်ကလေး ပေါ်လာရင် ငါ့ကို အနှောင့်အယှက် ပေးဦးတော့မှာပဲကိုးလို့ စိတ်ခပ်ပျက်ပျက်တော့ ဖြစ်နေတော့တာပဲ။ ဒါနဲ့ အဲဒီညက ဘယ်မှ မသွား တော့ဘဲ အခန်းထဲမှာ စာဖတ်နေတာ။ မျက်လုံး လှန်ကြည့်လိုက်တာနဲ့ တစ် ပြိုင်နက် စားပွဲပေါ်မှာ ငုတ်တုတ်ကလေးထိုင်လျက် ပေါ်လာပါရောဗျာ"

နိပ်။ ။"ဒီတစ်ခေါက်ကော ထူးသေးသလား"

တု။ ။"ထူးဘိလားဗျာ၊ တိုးပြီး နှောင့်ယှက်တယ်ဗျ။ ဒါတင်မက သေးဘူး၊ သူ့ပါးစပ်ကတောင် စကား ပြောလိုက်ချေသေးတယ်"

နိပ်။ ။"ဘယ့်နှယ်လဲဗျာ၊ မျောက်က လူစကား ပြောနိုင်သလား"

တု။ ။"ပြောနိုင်တာ မပြောနိုင်တာ မဆိုနိုင်ဘူးလေ၊ ကျုပ် နားထဲ မှာတော့ ကြားရတာ အမှန်ပဲ။ မီးရောင်မရှိဘဲနဲ့ ကျုပ် မျက်စိထဲမှာ မြင်နိုင် တယ်ဆိုတော့ နားက ကြားနိုင်တယ်ဆိုတာလည်း ဒီနည်းအတိုင်း ဖြစ်မှာ ပေါ့ဗျာ။ မြင်ရတယ်ဆိုသော်လည်း မံသမျက်စိ မဟုတ်ပေဘူး၊ မျက်စိအာရုံကြော ထင်ပါရဲ့။ ထိုနည်းအတူ ကြားရတယ် ဆိုတာဟာလည်း တကယ့် နားရယ် လို့တော့ မဟုတ်ပေဘူး၊ အာရုံကြောထဲက ကြားရတာနဲ့ တူတယ်"

နိပ်။ ။"ဟုတ်ပါလိမ့်မယ်၊ ကြားပုံ ပြောပြပါဦးဗျာ"

mgyoe.com

mgyoe.com

တု။ ။"ဒီလိုဗျ၊ ကျုပ် ဘုရားရှိခိုးရင် အရင်တုန်းကတော့ မျက်နှာ နားကပ်ပြီး နှောင့်ယှက်ရုံလောက်ပဲ။ ဒီတစ်ခေါက်တော့ ကျုပ်က အသံထွက်ပြီး ရွတ်ရင် မောင်မင်းကြီးသားလေးက မဟုတ်တရုတ်တွေ နင်းကန်ပြီး အော်နေ တာပဲဗျ။ အော်တယ်ဆိုတော့ အသံထွက်ရုံတင် မကသေးဘူး၊ အယုတ္တ အနတ္တတွေ လျှောက်ပြီး အော်တယ်။ 'မင်းက ဘုရားရှိခိုးပေမယ့် မင်းစိတ်ဟာ ဘုရားထဲမှာ မနေနိုင်ပါဘူး ခွေးမသားကြီးရဲ့'တဲ့။ 'မင်းလိုလူမျိုး ဘုရားရှိခိုးလို့ ဘယ်ကလာ ကုသိုလ်ရနိုင်မှာလဲ၊ သူတစ်ပါးလှူတဲ့ ဆွမ်းတွေ၊ ကွမ်းတွေ စားပြီး ငြိမ်ငြိမ်မနေဘဲ မိန်းမယူလား ဘာလားနဲ့။ ဒီလိုလူမျိုးတွေဟာ လောက ကြီးမှာ လူပိုသက်သက်ပဲ'တဲ့။ တကယ်ဗျ၊ မဟုတ်တမ်းတရမ်းတွေ လျှောက် အော်ပြီး တစ်ချက်တစ်ချက်မှာ ခွေးမသား၊ ဘာမသား၊ ညာမသားနဲ့ ဆဲလိုက် ချင်သေးတယ်ဗျ၊ ဒီလိုသာ သူလုပ်နေရင် ကျုပ်တော့ ခက်လိမ့်မယ်"

နံ့ပ်။ ။"ဘာကြောင့် ခက်ရမှာလဲဗျာ"

တု။ ။"ဟာ ဘယ့်နှယ်ဗျာ၊ ကောင်းကောင်းနေရတယ်မှ မရှိတော့ ပဲ။ နေ့ရော ညရော အမြဲကပ်ပြီး နှိပ်စက်နေတော့တာပဲဗျ၊ စာဖတ်လို့တောင် ကောင်းကောင်း လုံးလုံးမမြင်ရဘူးဗျ"

နံ့ပ်။ ။"ဘယ့်နှယ်လုပ်လို့လဲ. . ."

တု။ ။"ဘယ့်နှယ်လုပ်ရမှာလဲ၊ စာအုပ်ပေါ်တက်ပြီး ထိုင်ထားလို့ စာလုံးကို လုံးလုံး မမြင်ရဘူးဗျ"

နံ့ပ်။ ။"ခက်လှချေကလားဗျ၊ ဆိုပါဦး"

တု။ ။"ဒီတစ်ခေါက်တော့ ဒီလောက် မကဘူး၊ ဆိုးလာပြန်ချေ သေးဗျ"

နံ့ပ်။ ။"ဟင်. . .ရှိပဲ ရှိသေးလားဗျာ"

တု။ ။"ရှိပါသေးတယ်ဗျာ၊ နားထောင်. . .ကျုပ် ပြောပြဦးမယ်၊ မန္တလေးက ဧည့်သည်တွေ ရောက်လာကြလို့ တစ်ညနေမှာ မြစ်ကမ်းပါး တစ်လျှောက် အားလုံး အတူတကွ လမ်းလျှောက်ကြတုန်းမှာ ကိုယ်တော်မြတ် ကလေးလည်း ပါလာတယ်ဗျ။ သူတို့လူစုက ရှေ့ကလျှောက်လာကြတော့ ကျုပ်က နောက်ဆုံးက နည်းနည်းခွာပြီး လိုက်လာတယ်။ ကျုပ်တူမလေးဟာ ဒီအဖြစ်အပျက်တွေကို မသိပေမယ့် ကျုပ် မျက်နှာကြည့်ရတာ မရွှင်ပျဘူးဆိုပြီး စိုးရိမ်တာနဲ့ ကျုပ်အနားက မခွာဘဲ ကပ်လိုက်လာတယ်။ သူ့အကြံကတော့ မတော်တဆ နေမကောင်းလို့ မူးမော်ရှိရင် စောင့်ရှောက်ဖို့ပေါ့လေဗျာ။ ကမ်းပါး စောက်ကြီးနားဆီရောက်တော့ ဟိုသတ္တဝါကလေးက ကျုပ်ကို ကမ်းပါးစောက် ပေါ်က ခုန်ချဖို့ တိုက်တွန်းတယ်ဗျ။ ကျုပ်ကလည်း သူခိုင်းရင် မငြင်းနိုင်သလို

mgyoe.com

mgyoe.com

ဖြစ်ပြီး ခုန်ချတော့မယ် အကြံနဲ့ တူမကလေးကို ရှေ့က သွားနှင့်ဖို့ ပြောတယ်။ သူကလည်း ကျုပ်မျက်နှာထား ကြည့်ရတာ ဟန်မရဘူးဆိုပြီး အတင်းငြင်းနေတယ်။ ကျုပ်က ဖွတ်နှင်၊ သူကလည်း ဖွတ်ငြင်းနေတော့တာပဲ။ ဒါကြောင့်သာ ကျုပ် အသက်ချမ်းသာရာ ရတော့တာပေါ့။ ကျုပ်စိတ်က ဘယ့်နှယ်လဲဆိုတော့ ဒီတူမကလေးရှေ့မှာ ဒီလိုလုပ်လိုက်ရင် သူ့ခမျာ ရင်ထုမနာ ဖြစ်သွားတော့မှာပဲဆိုပြီး သွားငဲ့ညှာလိုက်တယ်။ ဒါကြောင့်လည်း ဟိုနေ့က မသေတာပဲ။ နို့မဟုတ်ရင် ကိစ္စချောပြီးပြီ"

နိုပ်။ ။"သေကံမရောက် သက်မပျောက်ဆိုတဲ့ စကားအတိုင်းပဲဗျာ။ အသက်တစ်ချောင်းဖြစ်ဖို့ ပျက်ဖို့ဟာ မလွယ်လှပါဘူး"

တုံ။ ။"မလွယ်တာ လွယ်တာတော့ မဆိုနိုင်ဘူး၊ ဟိုနေ့က တူမကလေး မရှိရင် ဧကန္တ လုပ်ဖြစ်လိမ့်မယ် ထင်တယ်။ ခုတလောတော့ ကိုယ့်ကိုယ်ကိုယ် စိုးရိမ်လို့ အဲဒီလိုနေရာမျိုးဆီကို မသွားတော့ဘူးဗျ"

နိုပ်။ ။"နေပါဦးဗျာ၊ ကျွန်တော်တို့ အခု စကားပြောနေကြတုန်းမှာ ဒီကောင်ကလေး ရှိနေသေးသလား"

တုံ။ ။"အခုတော့ မရှိဘူး၊ သူ ပျောက်သွားတာ ၁၃ ရက်ရှိသွားပြီ၊ သန်ဘက်ခါ လကွယ်နေ့ဆိုရင် ပြန်ရောက်လာပါလိမ့်မယ် ဧကန္တပဲ"

နိုပ်။ ။"ဘာကြောင့်လဲဗျာ"

တုံ။ ။"သူ့ဟာက တစ်ခေါက်ထက် တစ်ခေါက် ကဲကဲတက်လာတယ်ဗျ၊ တစ်နည်းနည်းနဲ့ ကျုပ်ကို ဒုက္ခရောက်အောင် လုပ်လာလိမ့်မယ်လို့ ချည်း ထင်နေတယ်။ ဒါထက် နေပါဦး ဒေါက်တာ၊ ကျုပ်ဖြစ်ပုံကို ပြောပြပြီးပြီ၊ ခင်ဗျား ဘယ်လို ထင်သလဲ။ ရောဂါပဲလား သို့မဟုတ် ဒီမျောက်ကောင်ဟာက ဘယ်လိုသတ္တဝါ ထင်သလဲ"

နိုပ်။ ။"ရုတ်တရက် မဆုံးဖြတ်နိုင်အောင် ဖြစ်နေသေးလို့ ကျွန်တော် စဉ်းစားပါဦးမယ်၊ ဒါထက် ခုတလောမှာ လက်ဖက်ရွက်စိမ်းနဲ့ လက်ဖက်ရည် သောက်သေးသလား"

တုံ။ ။"စာမရေးတာ ကြာလေတော့ လက်ဖက်ရည်ကြမ်းလည်း မသောက်တော့ဘူးဗျ"

နိုပ်။ ။"ဒီလိုဖြစ်ပြီးမှ စာမရေးတာလား၊ စာမရေးတဲ့ နောက်မှ ဒီလို ဖြစ်လာတာလား"

တုံ။ ။"နေဦး ကျုပ် စဉ်းစားကြည့်ဦးမယ်၊ ဓာတုကထာနဲ့ ပတ်သက်တဲ့ နောက်ပိတ်ဆုံးပုံကြီးကာကို တန်ဆောင်မုန်းလဆန်း ၈ရက်နေ့က အပြီးသတ်လိုက်တယ်။ တန်ဆောင်မုန်းလပြည့်နေ့ ညကစပြီး ဒီမျောက်ပေါ်လာတော့

mgyoe.com

mgyoe.com

စာမရေးတဲ့နောက်မှ ဒီလိုဖြစ်တာပဲ။ ဒီနောက်တော့ သူ နှောင့်ယှက်နေတဲ့အတွက် စာမရေးနိုင်တော့ပါဘူး"

နံ့ပ်။ ။"စာမရေးလေတော့ လက်ဖက်ရည်ကြမ်း မသောက်ဘူး၊ လက်ဖက်ရွက်စိမ်းလည်း မသုံးတော့ဘူး၊ ဟုတ်ကဲ့လား"

တု။ ။"ဟုတ်ပါတယ်"

နံ့ပ်။ ။"ကိုင်း တော်တော်ကလေး နေပြင်းသွားပြီ။ ဒီအကြောင်းကို စိတ်ဝင်စားပြီး ကျွန်တော် စဉ်းစားလိုက်ပါဦးမယ်"

ကျွန်ုပ်သည် ဦးကေတုၡ၏ နှလုံးသွေးတိုးပုံနှင့် လက်မောင်းသွေးတိုးပုံတို့ကို စမ်းသပ်ကြည့်၍ မှန်တမ်းရှိနေသည်ကို တွေ့ရသဖြင့် မကြာမီ တွေ့ဆုံကြဦးမည်ဟု ပြောပြီးလျှင် ထိုင်ရာမှ ထလိုက်ရာတွင် ဦးကေတုက 'ဒီအကြောင်းကို ဘယ်သူ့မှ ကျုပ် မပြောခဲ့ဘူး။ ခု ပြောပြီးနောက် ကိုယ့်ကိုယ်ကိုယ် သာပြီး စိုးရိမ်လာတယ် ဆရာ၊ ကျုပ်ကို ပစ်မထားပါနဲ့နော်'ဟု မှာထားလိုက်လေ၏။

လမ်းခရီး၌ ကျွန်ုပ်သည် ဦးကေတု၏ အဖြစ်အပျက်ကို စဉ်းစားရင်း 'ပစ်မထားပါနှင့်'ဟု မှာထားလိုက်သော မျက်နှာထား၌ စိုးရိမ်ကြီးသော အမူအရာရှိသည်ကို သတိရသည်နှင့် တိုး၍ စိတ်ဝင်စားမိလေ၏။

✱

နောက်တစ်နေ့ညနေ၌ ကျောက်ကုန်းကြီးရွာမှ စိတ္တဇရောဂါစွဲကပ်သော လူနာတစ်ယောက်နှင့် ပတ်သက်၍ ကျွန်ုပ်အား ပင့်ခေါ်သဖြင့် လိုက်ပါသွားရလေရာ၊ လူနာမှာ ရုတ်တရက် လက်လွှတ်ရန် မဖြစ်နိုင်လောက်အောင် အရေးကြီးနေသဖြင့် ညဥ့်အိပ်နေရလေတော့သည်။ နောက်နေ့ညနေတွင် ကျွန်ုပ်သည် ပြန်တော့မည်ဟု ပြင်ဆင်နေဆဲတွင် လူတစ်ယောက်ရောက်လာ၍၊ ဇရစ်ချောင်ရွာ ဦးကေတုထံမှ အရေးတကြီး စေလွှတ်လိုက်ခြင်း ဖြစ်ပါသည်ဟု ပြောသဖြင့် သူ၏လှေနှင့်ပင် ချက်ချင်း လိုက်လာခဲ့လေ၏။

လှေပေါ်တွင် ဦးကေတု၏တူအား အဖြစ်အပျက်ကို စုံစမ်းကြည့်ရာ၊ ဦးကေတုမှာ မည်သည့်အကြောင်းကြောင့်မသိ၊ အိမ်မြှောင်အမြီးပြတ်ကဲ့သို့ ဖျပ်ဖျပ်လူးဖြစ်၍ နေမထိ ထိုင်မထိ ရှိနေကြောင်း၊ ကျွန်ုပ်ကို မတွေ့တွေ့အောင် ရှာ၍ စာတစ်စောင်ကို ပရိသတ်ရှေ့တွင် မပေးဘဲ လမ်းခရီးရောက်မှ ပေးဖို့ မှာထားလိုက်ကြောင်း ပြောပြီးလျှင် စာတစ်စောင်ကို ထုတ်ပေးလေ၏။ ထိုစာမှာ. . .

ဇရစ်ချောင်ရွာ
လဆုတ်(၁၄)ရက်။

mgyoe.com

mgyoe.com

*အစီရင်ခံပါသည် ဒေါက်တာ ဦးအုန်းခင်. . .*

*ဟိုဟာ ရောက်နေပါပြီ၊ ခါတိုင်းထက် တစ်ရက်စော၍ ရောက်ပါသည်။ ခင်ဗျားကို ဖွင့်ပြောသမျှ အားလုံးသိ၍ ကျွန်တော့်ကို ပွက်ပွက်ရိုက်အောင် ကြိမ်းမောင်းပါသည်။ ဒေါက်တာ ဦးအုန်းခင် မကလို့ မိုးပေါ်က နားကင်းကြီးနဲ့ သိကြားမင်း ဆင်းကုတောင် မရဘူးလို့ သူက ပြောနေပါသည်။ ဒီတစ်ခါ သိပ်နှောင့်ယှက်ပါသည်။*

**ဦးကေတု**

ကျွန်ုပ်တို့သည် မြစ်ကမ်းတွင် လှေကလေးကို ဆိုက်ကပ်၍ ဇရစ်ချောင်ရွာဘက်သို့ လျှောက်လာကြသောအခါ နေဝင်ရီတရောအချိန် ရှိနေလေပြီ။ ရွာဦးမှ ဝင်လာခဲ့၍ ရွာလယ်သို့ ရောက်လာကြသောအခါ ရွာသားတစ်ယောက်က လူကလေးအား 'ဟေ့ ဖိုးတေ၊ မင်း ဘယ်က ပြန်လာတာလဲ'ဟု မေးသဖြင့် 'ဦးလေးဖို့ ဆရာဝန် ပင့်လာခဲ့တယ်'ဟု ဖိုးတေက ပြန်ပြောလိုက်ရာတွင် ထိုသူက ဘာမျှပြန်မပြောဘဲ၊ ကျွန်ုပ်၏မျက်နှာကို လှမ်းကြည့်ကာ 'ဟင်'ဟု ဆိုလိုက်၏။ ထိုခဏတွင် ကျွန်ုပ်သည်လည်း ဦးကေတုအိမ်ဆီမှ အသံတစ်ချက်ကြားလိုက်ရသဖြင့် ရိပ်မိလေပြီ။ သို့ရာတွင် ဖြစ်ပျက်ပုံကို သိလိုသေးသည်နှင့် ဖိုးတေနှင့်အတူ လိုက်ပါလာခဲ့ရာ လှေကားရင်းတွင် ငိုယိုလျက်ရှိသော တူမကလေးကို တွေ့ရလေ၏။

အကျဉ်းချုံး၍ ဖော်ပြရသော် ဦးကေတုမှာ မိမိ၏ လည်ပင်းကို သင်တုန်းဓားနှင့်လှီး၍ အဆုံးစီရင်လိုက်သဖြင့် အလောင်းကို ဆေးရုံသို့ပို့ရန် စီမံလျက် ရှိကြလေ၏။ ဖြစ်ပျက်ပုံမှာ ဦးကေတုသည် ဖိုးတေကို စေလွှတ်လိုက်ပြီးနောက် အခန်းတံခါးကိုပိတ်၍ အိပ်သည်ဟု အိမ်သားများက မှတ်ထင်ကြလေရာ၊ ညနေစာ ထမင်းစားချိန်၍ ခေါ်မရသဖြင့် တံခါးကို အတင်းဖွင့်ကြည့်ကြသည်တွင်၊ ခုတင်အနီးတွင် ခွေလျက် သေနေသော ဦးကေတု၏ အလောင်းကို တွေ့ကြရလေတော့၏။

ကျွန်ုပ်၏စိတ်၌ကား ဦးကေတုသည် မှောက်ကောင်၏ တိုက်တွန်းချက်အရ မိမိကိုယ်ကို အဆုံးစီရင်လိုက်ခြင်း ဖြစ်ကြောင်း ယုံမှားသံသယ မရှိချေ။ သို့ရာတွင် ဦးကေတု၏ အဖြစ်အပျက်နှင့် ပတ်သက်၍ မကျေနပ်နိုင်သေးသဖြင့် ဗဟုသုတနှင့်ဆိုင်ရာ စာအုပ်များ၌ မွှေနှောက်ရှာဖွေသည်တွင်၊ ဂျာမန်ဘာသာမှ အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသော အောက်ပါစာများကို တွေ့ရလေ၏။

*"အရှေ့တိုင်းများ၌ 'တိတေနဘာဇနီ'ခေါ် သစ်ပင်တစ်မျိုးရှိရာ၊ အရွက်ပုံသဏ္ဌာန်မှာ လက်ဖက်ရွက်နှင့်တူ၍ ဆန်းကြယ်သော သတ္တိ*

mgyoe.com

mgyoe.com

*ထူးတစ်ခုရှိကြောင်း၊ ထိုအရွက်ကို လက်ဖက်ရွက် ထင်မှတ်၍ သုံးဆောင်မိသော လူများမှာ တဆွေခြောက်သကဲ့သို့ ပုံသဏ္ဍာန်များကို မျက်စိထဲတွင် မြင်ရ၍၊ အဟုတ်တကယ် ထင်မှတ်ပြီးလျှင် နောက်ဆုံးတွင် ရူးသွပ်သောရောဂါ စွဲကပ်သည်အထင်နှင့် စိတ္တဇဆေးရုံသို့ ပို့ခြင်း ခံရသူများလည်း ရှိဖူးကြောင်း၊ အကောင်းဆုံးသော ကုသနည်းမှာ ကန်စွန်းရွက်အစိမ်းကို ကြိတ်၍ အရည်ညှစ်ပြီးလျှင် စားပွဲဇွန်းနှင့် သုံးဇွန်းခန့် တိုက်ကျွေးပါက မုချ ပျောက်ကင်းနိုင်သည်ဟု သိရှိရကြောင်း"။*

နောက်တစ်နေ့တွင် ကျွန်ုပ်သည် ဦးကေတု၏ နေအိမ်သို့သွား၍ ဖိုးတေအား လက်ဖက်ပင်ကို လိုက်ပြခိုင်းရာ၊ ပင်စည်နှင့်တကွ အရွက်ပုံသဏ္ဍာန်မှာ လက်ဖက်ပင်နှင့် အလျှင်းခြားနားခြင်း မရှိသည်ကို တွေ့ရလေ၏။

နောက်ဆုံး၌ ကျွန်ုပ်သည် ဖိုးတေအား ထိုသစ်ပင်ကို နုတ်ပစ်ရန် ပြောရာတွင် ဖိုးတေက မလုပ်ဝံ့ကြောင်းနှင့် ငြင်းဆန်နေသဖြင့် ဦးကေတုက မှာခဲ့သည်ဟု လိမ်ဆယ်၍ ပြောသည်တွင်မှ နုတ်ပစ်လိုက်လေတော့သတည်း။

၀

*(သွေးသောက်မဂ္ဂဇင်း၊ ၁၉၄၈ ခု၊ စက်တင်ဘာလ)*

mgyoe.com

mgyoe.com

# ထူးဆန်းသော အမွှာညီအစ်ကို

အမွှာမွေး ညီအစ်ကို ညီအစ်မများသည် ရုပ်လက္ခဏာ တူညီတတ်ကြ၍ မောင်ကြီး မောင်ငယ်၊ မကြီး မငယ် စသည်ဖြင့် မိဘများက မှည့်ခေါ်တတ်ကြသည့်ပြင် အကျွမ်းတဝင် ရင်းနှီးသူများမှတစ်ပါး 'တစ်ရုံဆံ'များအဖို့ ခွဲခြားမရအောင် လူမှားတတ်ကြ၏။ မန္တလေးမြို့၌ မောင်ကြီး၊ မောင်ငယ် ခေါ်သည့် အမွှာညီနောင် ပေါ်ပေါက်ဖူးရာ၊ ညီအစ်ကို နှစ်ယောက်လုံးပင် 'အစားကြီး'သူများ ဖြစ်ကြ၏။ တစ်နေ့သ၌ ခတ်မသိသော မုန့်တီသည် တစ်ယောက်နှင့်တွေ့၍ မောင်ကြီးက မုန့်တီတစ်ထမ်းလုံးကို ကုန်အောင် စားနိုင်သည်ဟု အလောင်းအစား ပြုလုပ်ရာ၊ တစ်ဝက်ခန့် စားပြီးသောအခါတွင် အိမ်ထဲသို့ ရေဝင်သောက်၍ မောင်ငယ်ကို စေလွှတ်ပြီး ကျန်သောတစ်ဝက်ကို စားနိုင်သဖြင့် အနိုင်ရဖူးလေသည်။

မန္တလေးမြို့တွင် ဤတစ်ခေတ်၌ ကျော်ကြားထင်ရှားသော ဝင်းမင်း၊ ဝင်းဘုရားသားအနက် ကိုကျော်ဝင်းနှင့် ကိုကျော်မင်းတို့မှာလည်း ကျွန်ုပ်အဖို့၌ ယနေ့တိုင် မခွဲနိုင်အောင် ရှိသည်နှင့်၊ တစ်ယောက်အား တစ်နေရာ၌ ပြောဖူးသည့်စကားကို တစ်ယောက်အား အခြားတစ်နေရာတွင် ဆက်လက်ပြောမိ၍ အမ်းတမ်းတမ်းဖြစ်နေသော မျက်နှာထားကို မြင်ခါမှ မိမိ၏ အမှားကို သိမြင်

mgyoe.com

mgyoe.com

မိသော အကြိမ်ပေါင်း များခဲ့လှလေပြီ။

ဖော်ပြလတ္တံ့သော ကိုလှဖေ၊ ကိုဖေလှတို့ အမြွှာညီနောင်မှာ အခြားသော အမြွှာမွေးများနှင့် မတူသည့် ခြားနားချက်ကြီးရှိ၏။ အချို့သော အမြွှာမွေးများ ပုံပန်းသဏ္ဌာန် တူညီတတ်သလောက် ၎င်းတို့နှစ်ယောက်ကား ခြားနားခြင်းရှိ၏။ ကိုလှဖေမှာ ဖြူဖြူမြင့်မြင့်၊ သေးသေးသွယ်သွယ်ဖြစ်၍ ကိုဖေလှကား ညိုညိုပုပု၊ ဝဝတုတ်တုတ်ဖြစ်၏။ ဤမျှမကသေး၊ ကိုလှဖေမှာ လူအများနည်းတူ 'ညာသန်'ဖြစ်လျက်၊ ကိုဖေလှကား 'ဘယ်ကျော်'ဖြစ်လေသည်။ ထိုကဲ့သို့ ဆန့်ကျင်ဘက် သဘာဝများရှိနေသည့် အတွက်ကြောင့်၊ ၎င်းတို့ မိဘများက နာမည်ကိုပင် 'ပြောင်းပြန်'မှည့်ထားလေသလော မပြောတတ်ပေ။

ထူးခြားချက်တစ်ခု ရှိပြန်သည်ကား၊ ကိုလှဖေနှင့် ကိုဖေလှတို့သည် ရုပ်လက္ခဏာချင်း အဆင်ကွဲသလောက် စိတ်နေသဘောထားချင်း အဆင်တူခြင်းပင် ဖြစ်လေသည်။ စိတ်တိုလျှင် တိုခြင်း၊ သဘောကောင်းလျှင် ကောင်းခြင်း၊ ငရုတ်သီးကြောက်လျှင် ကြောက်ခြင်း၊ အချိုကြိုက်လျှင် ကြိုက်ခြင်း၊ ဘောလုံးဝါသနာပါလျှင် ပါခြင်း တူညီကြသည်ပြင် အရွယ်ရောက်လာကြသောအခါ၌ မိန်းကလေးတစ်ယောက်တည်းကို နှစ်ယောက်လုံးက ကြိုက်မိလျက်သား ဖြစ်ခဲ့ဖူးလေသည်။ သို့သော် ဤကိစ္စ၌ကား ဖြူဖြူမြင့်မြင့်၊ သေးသေးသွယ်သွယ်ရှိသော ကိုလှဖေကို သူငယ်မက မျက်စိကျသည်ဖြစ်၍ သူ၏ အဆုံးအဖြတ်ကို ကိုဖေလှက နာခံရလေတော့သည်။

အခြားသော ထူးခြားချက်တစ်ခု ဖော်ပြရန် ရှိပြန်သည်ကား၊ ဤညီအစ်ကို နှစ်ယောက်သည် လူငယ်များသာ ဖြစ်ကြသေးသော်လည်း ကမ္ဘာ့ဌာန်းထိုင်ခြင်း အလုပ်၌ နှစ်ယောက်လုံး ဝါသနာရှိကြ၏။ အာနပါန ကမ္မဋ္ဌာန်းအလုပ်ကို စစ်ကိုင်းတောင်ရိုးရှိ မြို့ကြီးချောင်၌ 'သြောဘာသ' ခေါ်သည့် နှာခေါင်းမှ အလင်းရောင်ကြီးနှစ်သွယ် ထွက်သည်ဟု ထင်မြင်ရခြင်း၊ တစ်ခန်းလုံး ထိန်ထိန်လင်းနေသည်ဟု ထင်မြင်ရခြင်းတိုင်အောင် ပေါက်ရောက်ခဲ့ဖူးကြလေသည်။ ထို့ပြင် သူတို့သည် အနောက်တိုင်း 'ဆိုက်ကော်လော်ဂျီ' စာအုပ်များကိုလည်း ဖတ်ရှုရာ၌ 'တယ်လီပက်သီ' (Telepathy) ခေါ် တစ်ယောက်၏ စိတ်အကြံကို တစ်ယောက်သို့ ကူးပြောင်းဆက်သွယ်ပေးခြင်း' တည်းဟူသော အတတ်ပညာကိုလည်း လေ့ကျင့်ကြဖူးလေသည်။ ဤပညာတွင် နှစ်ယောက်စလုံးပင် အတော်အတန် ခေါက်မိ၍ အခြားလူများ အံ့သြစေလောက်အောင် မျက်လှည့်အနေဖြင့် ပြသခြင်းကိုလည်း ကျွန်ုပ်ကိုယ်တိုင် တစ်ကြိမ်၊ နှစ်ကြိမ်ကြုံရဖူးလေသည်။ ကိုလှဖေအား အခန်းထဲတွင် မျက်စိကို အဝတ်စည်းထား၍ လူတစ်ယောက်က စောင့်ကြည့်နေ၏။ ကိုဖေလှအား အခန်းအပြင်ဘက်တွင်

mgyoe.com

mgyoe.com

ကျွန်ုပ်တို့က ဖဲတစ်ထုပ်မှ ဖဲချပ်များကို တစ်ချပ်စီပြရာ၊ အခန်းတွင်း၌ရှိသော ကိုလှဖေက ညှင်း ၈၊ ထောင့် ၅၊ ဖူး ၃၊ ဘိန့် ၉ စသဖြင့် ပြောပြနိုင်လေသည်။ ပထမ အတန်ငယ် စဉ်းစားရ၍ အနီရောင်ချင်းဖြစ်သော ထောင့်နှင့် ဘိန့်ကို လည်းကောင်း၊ အနက်ရောင်ချင်းဖြစ်သော ဖူးနှင့် ညှင်းကိုလည်းကောင်း မှားယွင်းတတ်သေး၏။ သို့သော် နောက်တစ်နှစ်ခန့်ကြာ၍ ဒုတိယအကြိမ် ကျွန်ုပ် ကြုံတွေ့ရသောအခါတွင် အမှားအယွင်း လုံး၀ ကင်းသည်ပြင်၊ အခန်းပြင်မှ ကိုဖေလှကို ပြလိုက်သည်နှင့် တစ်ပြိုင်နက် အခန်းတွင်းမှ ကိုလှဖေက စဉ်းစားတွေးတောခြင်းမရှိဘဲ ချက်ချင်းလိုပင် ပြောနိုင်လေသည်။ သို့သော် သူတို့ လေ့ကျင့်ထားပုံမှာ တစ်ဖက်သတ်မျှသာ ဖြစ်၍ အပြန်အလှန် မရချေ။

ကိုလှဖေမှာ ရန်ကုန် လျှပ်စစ်ဓာတ်ရုံကြီးတွင် လက်ထောက် အင်ဂျင်နီယာအဖြစ်နှင့် အလုပ်လုပ်၍၊ ကိုဖေလှမှကား နိုင်ငံတော်အစိုးရ၏ ရေကြောင်းဘက် စစ်ဌာန(နေဗီ)တွင် လက်ဖတင်နင် ရာထူးဖြင့် အမှုထမ်းလေသည်။ ထို့ကြောင့် အမြွှာညီနောင်တို့သည် တစ်ယောက်နှင့်တစ်ယောက် မကြာခဏ တွေ့ဆုံခွင့် မရှိတော့သည်ဖြစ်၍ 'တယ်လီပက်သီ'ခေါ် တစ်ယောက်စိတ်အကြံကို တစ်ယောက်သို့ ကူးပြောင်းပေးနိုင်သည့် စိတ်အတတ်ပညာ ဆက်လက် လေ့ကျင့်ရန် အခွင့်မရကြတော့ချေ။ သို့ရာတွင် စိတ်တည်ငြိမ်အောင် လေ့ကျင့်သည့် 'ကွန်ဆင်ထရေးရှင်း'ခေါ် ကေဏ္ဍကာ အလုပ်ကိုမူ နှစ်ယောက်လုံးပင် တသီးတခြားစီ ဆက်လက် လေ့ကျင့်ကြပေသေးသည်။ ဤနှစ်ယောက်အနက် နေဗီ အမှုထမ်း ကိုဖေလှထက် ဓာတ်စက်ရုံ အလုပ်သမား ကိုလှဖေက လေ့ကျင့်ရန် အခွင့်အရေး ပိုမိုရရှိလေသည်။

*

တစ်နေ့သ၌ နိုင်ငံတော်အစိုးရ၏ မိုးလေ၀သဌာနက 'မြန်မာပြည့် ကမ်းရိုးတန်းတစ်လျှောက် လေပြင်းမုန်တိုင်းကျလိမ့်မည်'ဟု ကြိုတင် ကြော်ငြာထားသည့်နေ့တွင် ရန်ကုန်မြို့မှာ တစ်နာရီ မိုင် ၃၀ ခန့် အဟုန်ဖြင့် တိုက်ခတ်သော လေပြင်းသည် မိုင် ၄၀ နှုန်းသို့တိုင်အောင် တိုးမြင့်လာ၍၊ ဘင်္ဂလား ပင်လယ်အော်ဘက်မှ မိုးတိမ်ထုကြီးများသည် မြို့ကြီးကို မည်းနက်မှောင်မည်းသည့်တိုင်အောင် ပိတ်ဖုံးရာမှ လေရောမိုးပါ သည်းထန်စွာ ရွာသွန်းလေတော့သည်။ ကောင်းကင်၌ လျှပ်စစ်တို့သည် တ၀င်း၀င်း တလက်လက် တဖျတ်ဖျတ် လင်းထိန်တိုင်း ဆယ်လုံးမကသော ဗုံးသံနှင့် ညီမျှသည့် မိုးကြိုးသံများသည်လည်း လျှပ်စစ်၏ အလင်းရောင်နောက်၌ နောက်ဆက်တွဲအနေဖြင့် ကပ်ကာ ကပ်ကာ ထစ်ချုန်းမြည်ဟိန်းလေတော့သည်။

mgyoe.com

ယင်းသို့ရှိစဉ် လျှပ်စစ်ရုံကြီးနှင့် နီးကပ်စွာရှိသော သစ်ပင်ကြီး တစ်

mgyoe.com
ပင်ကို မိုးကြိုးပစ်လိုက်သဖြင့်၊ စက်ကြီးအနီး၌ အလုပ်လုပ်လျက်ရှိသော ကိုသန်းတင်သည် မီးလုံးကြီးတစ်လုံး ဝင်လာသကဲ့သို့ ထင်လိုက်ရပြီးသည်နှင့် တစ်ပြိုင်နက်၊ နားကွဲထွက်ရမတတ် မြည်ဟိန်းသော အသံကြီးနှစ်ချက်ကို ဆက်ကာဆက်ကာ ကြားလိုက်ရလေသည်။ ကိုသန်းတင်လည်း စက်ရုံကြီးတွင် တပ်ဆင်ထားသော မိုးကြိုးလွှဲကြောင့် စက်ရုံကို မိုးကြိုးပစ်ရန် မဖြစ်နိုင်ကြောင်း သိလျက်နှင့်ပင် ပြင်းထန်လွန်းသော အသံကြောင့် အသက်ရှူ မှားသွားသေးသည်ဆို၏။ ထိုနောက် မိုးကြိုးပစ်သံစဲ၍ မည်သည့်ဒေသကို ပစ်ခတ်လေသနည်းဟု စုံစမ်းမည်ပြုဆဲတွင်၊ အခြားသော အခန်းမှ စူးစူးရှရှ ရယ်မောလိုက်သော အသံကို ကြားရသည်နှင့် ဤမျှလောက် အရေးထဲတွင် လက်ထောက်အင်ဂျင်နီယာ ကိုလှဖေမှာ ဘာကို ရယ်စရာ တွေ့နေပါလိမ့်ဟု အံ့ဩစွာ သူ၏အခန်းသို့ ကူးလာခဲ့လေသည်။

အခန်းဝသို့ရောက်၍ ကိုလှဖေကို မြင်ရသောအခါ ကိုသန်းတင်၏ အံ့ဩခြင်းသည် မပြေပျောက်သည့်ပြင် တိုး၍ လာတော့သည်။ ကိုလှဖေမှာ အခန်းကြီးအလယ်၌ သူ့ဘက်သို့လှည့်ကာ မတ်တတ်ရပ်လျက် ယောင်တောင်တောင် မျက်နှာထားနှင့် ငေးကြည့်နေသည်ကို မြင်ရ၍၊ အလုပ်ချိန်အတွင်းတွင် အရက်မသောက်စဖူး သောက်ခြင်းကြောင့် မူး၍နေချေသလောဟု ကိုသန်းတင် တွေးမိ၏။ ကိုလှဖေကမူ ကိုသန်းတင်ကို လုံးဝ မြင်ဟန်မရှိဘဲ၊ သူ့ရှေ့နှစ်တောင်ခန့်တွင်ရှိသည့် အရာဝတ္ထု တစ်ခုခုကို လက်ဖြင့်လှမ်းကာ ဆုပ်ဖမ်းနေသည်ဟု ကိုသန်းတင် ထင်မိ၏။ သို့ရာတွင် ဘာမျှ ဆုပ်ကိုင်မိသည်ကို မတွေ့ရချေ။ ထိုနောက် ကိုလှဖေသည် လက်ဖဝါးနှစ်ဖက်ကို မျက်နှာအနီးတွင် ဖြန့်ကြည့်လျက် 'ဘာဖြစ်ပါလိမ့် ကွယ်တို့'ဟု ဆိုကာ ခြေထောက်များကို တစ်ဖက်စီ ကြမ်းမှ မြှောက်ကြည့်ရာ၊ သူ လုပ်ပုံမှာ ကြမ်း၌ကပ်နေသော ခြေထောက်များကို တစ်ဖက်ချင်းကြိုးစား၍ ခွာနေသည်ဟု ကိုသန်းတင် ထင်မိသည်။

တင်။ ။"ကိုလှဖေ ခင်ဗျား ဘာဖြစ်နေတာလဲ"

ဖေ။ ။'ဟော. . .ဟုတ်ပါတယ် ကိုသန်းတင် အစစ်ပါပဲ၊ လက်တွေမရှိပေမယ့် သူငယ်ချင်းတစ်ယောက်တော့ ရှိပါသေးရဲ့လေ။ ဗျို့. . .ကိုသန်းတင် ခင်ဗျား ဘယ်ဆီကလဲဗျ'ဟု ပြောလျက် ကိုသန်းတင်ဘက်သို့ လျှောက်လာရာ၊ ကုလားထိုင်တစ်လုံးကို တိုက်မိသည်နှင့် 'အင့်. . .ဟင်၊ ဘာပါလိမ့်'ဆိုကာ ရပ်တန့်နေ၏။ .

တင်။ ။"ခင်ဗျားလုပ်ပုံတွေ ကျုပ် လန့်လာပြီဗျ၊ ဘာဖြစ်တာလဲ"

ဖေ။ ။"ဟုတ်ပါတယ်၊ ကိုသန်းတင်အသံ အစစ်ပါ၊ ဘာလို့ ပုန်းနေတာလဲ ကိုသန်းတင်ရဲ့၊ လူကိုခေါ်ပြီး ခင်ဗျားက တူတူပုန်းတမ်း ကစားနေ

mgyoe.com

mgyoe.com

တာလား"

ဤတွင် ကိုသန်းတင်က ကိုလှဖေ မျက်စိကန်းသွားပြီဟု ထင်မိ၏။ အလွန်အမင်း လင်းထိန်သော လျှပ်စစ်ရောင်ကြောင့် မျက်စိကန်းနိုင်သည့် အကြောင်းကို ကိုသန်းတင် ဖတ်ရဖူးလေသည်။ သို့ဖြစ်၍ ကိုသန်းတင်သည် ကိုလှဖေအနီးသို့ ချဉ်းကပ်ပြီးလျှင် လက်ကိုကိုင်လိုက်ရာ၊ ကိုလှဖေသည် ဆတ်ဆတ်တုန်အောင် လန့်ပြီး နောက်သို့တိမ်းရှောင်ကာ 'ဘာလုပ်တာလဲ၊ ဘယ်သူလဲ'ဟု မေးလိုက်သည်။

တင်။ ။"ကျုပ်ပါဗျ သန်းတင်လေ၊ ဘာဖြစ်တာလဲ ကိုလှဖေရဲ့"

ကိုလှဖေသည် ကိုသန်းတင်ကို ကြည့်သော်လည်း မြင်ဟန်မရှိဘဲ၊ သူ၏ကြည့်ခြင်းသည် ကိုသန်းတင်ကို ဖောက်ထွက်သွားသည်ဟု ကိုသန်းတင် ထင်မိသည်။ ဆိုလိုရင်းမှာ ကိုလှဖေ၏ မျက်လုံးများသည် ဖိုးကတ်(စ်)မှန်ချိန် မတည့်ဘဲ နောက်သို့ ကျော်လွန်သွားခြင်း ဖြစ်လေသည်။

ကိုလှဖေသည် ကိုသန်းတင်၏ အသံကို ကြားသော်လည်း ထိုအသံကြောင့်ပင် လန့်သွား၍ နောက်သို့ ခြေလှမ်းဆုတ်ကာ သူ့ဘာသာ ရေရွတ်နေတော့သည်။

ဖေ။ ။'ဘယ့်နှယ်ဖြစ်တာလဲ၊ နေ့လယ်ကြီး ကြောင်တောင် ကမ်းပြောင်ပြောင်ကြီးမှာ ဘယ်ဆီကပုန်းပြီး ပြောနေတဲ့ အသံပါလိမ့်'ဟု ပြောလျက် ထိုမှဤမှ လှမ်းကြည့်ပြီးနောက် 'တော်ပြီ၊ ငါ ကြောက်လာပြီ. . .ပြေးတော့မယ်'ဟု ဆိုကာ နောက်သို့ လှည့်ပြေးလိုက်ရာ၊ စားပွဲခုံကို ဝင်တိုက်ပြီး စားပွဲပေါ်တွင် အလျားမှောက် လဲသွားလေသည်။ မျက်နှာမှာ စားပွဲနှင့်ဆောင့်မိ၍ အတော် ပွန်းပဲ့သွားရှာ၏။ ကိုသန်းတင်က လန့်ဦးမည်စိုး၍ ထူမပေးဝံ့ဘဲ ဤအတိုင်း ကြည့်နေသည်တွင်၊ ကိုလှဖေသည် လဲရာမှ ကုန်းထ၍ မျက်နှာကို လက်ဖြင့်ပွတ်သပ်ကာ 'ငါ ဘယ့်နှယ်ဖြစ်တာပါလိမ့်မတုံး'ဟု ညည်းတွားလေသည်။

တင်။ ။'ကိုလှဖေ မလန့်ပါနဲ့ဗျ၊ ကျုပ်ပါ. . .သန်းတင်လေ'ဟု ပြောရသော်လည်း သူကိုယ်တိုင်က ကြောက်နေသေး၏။

ကိုလှဖေမှာ ကိုသန်းတင်၏ အသံကို ယခင်ကလောက် ကြောက်ဟန်မရှိသော်လည်း လုံးဝ အကြောက်ပြေသည်ကား မဟုတ်သေးသဖြင့် ရွံ့တွံ့တွံ့ ရှိနေသေး၏။

ဖေ။ ။"ကိုသန်းတင်ဆို၊ ဟုတ်ကဲ့လား ခင်ဗျာ"

"ဟုတ်ပါတယ်ဗျ၊ မမြင်ဘူးလား ခင်ဗျာ"

"ခင်ဗျား မြင်ရမှာထားလို့ ကျုပ်ကိုကျုပ်တောင် မမြင်ရဘူးဗျာ၊ ကျုပ်တို့

mgyoe.com

mgyoe.com

ဘယ်ရောက်နေကြတာလဲ၊ အခု. . ."

"စက်ရုံထဲမှာပေါ့ဗျ၊ ခက်မှ ခက်ပလေ"

"စက်ရုံတဲ့၊ ဟိုတုန်းကဟာ ပြောတာ မဟုတ်ပါဘူး၊ အခု ပြောတာပါ"

"ဟုတ်ပါတယ်ဗျ၊ အခု စက်ရုံထဲမှာပါဗျ"

"ယုံနိုင်ပေါင်ဗျာ၊ ကျုပ်ကို မညာပါနဲ့။ နို့ ဒါဖြင့် ဟောဟိုက အမြောက်တင် မော်တော်ဘုတ်က ဘယ့်နှယ်ဟာလဲဗျ"

"ဘယ်မှာမှ အမြောက်တင် မော်တော်ဘုတ် မရှိပါဘူးဗျ၊ စဉ်းစားကြည့်ပါဦးဗျာ ကိုလှဖေ"

"သြော်. . .တန်တော့၊ ကျုပ် ရိပ်မိပြီ"

"ဘာ ရိပ်မိတာလဲဗျ"

"ခုနင်က မိုးကြိုးကြီးတစ်ချက် ပစ်လိုက်တယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ရုံးကို မထိပါဘူး"

"ကိုင်း ဒါဖြင့် ခင်ဗျား နားမလည်ဘူး၊ ကျုပ်တော့ နားလည်ပြီ"

"ဘာလဲဗျာ"

"မိုးကြိုးပစ်လို့ ခင်ဗျားရော ကျုပ်ရော သေပြီး တစ္ဆေဖြစ်ကြပြီဗျ"

"ဟား. . .ဟား. . .ဟား. . .ဟား၊ ကြံကြံစည်စည် ကိုလှဖေရယ်"

"အောင်မယ် ခင်ဗျားက ရယ်နေ၊ ကိုယ့်ကိုယ်ကိုယ် တစ္ဆေဖြစ်လို့ ဖြစ်မှန်း မသိသေးဘူး။ ဟား. . .ဟား. . .ဟား ကျုပ်က ပြန်ရယ်လိုက်ရဦးမယ်"

"တောက်တီးတောက်တဲ့ဗျာ"

"အလို တစ္ဆေများဟာ နားမကြားပါလားဗျို့"

"ဘယ့်နှယ်ဟာ ပြောနေတာလဲဗျ"

"ကြည့်လေ. . .ဟောဟိုမှာ မော်တော်ဘုတ်က အမြောက်ပစ်လို့ ပြောင်းဝမှာ မီးခိုးတွေ လုံးခနဲ လုံးခနဲ ထွက်နေတယ်၊ ဒါပေမဲ့ ကျုပ်နားကတော့ ဘာသံမှ မကြားရဘူးဗျ"

"ခက်နေပါပြီ၊ မော်တော်ဘုတ်လည်း မရှိ၊ အမြောက်လည်း မပစ်ပါဘူးဗျ။ ကျုပ်တို့ စက်ရုံထဲမှာပါဗျ"

"ဘယ်ကလာ ဟုတ်လိမ့်မှာလဲ၊ မော်တော်ဘုတ်မှ တစ်စင်းတည်းတောင် မဟုတ်ဘူး၊ ဟောဟိုမှာ တစ်စင်းခုတ်လာပြန်ပြီ၊ ကြားရဲ့လား"

"ခက်တော့တာပဲ ကိုယ့်လူတော့"

mgyoe.com

mgyoe.com

"ကျုပ် မခက်ဘူးဗျ၊ ခင်ဗျား ခက်တာ။ ဒါထက် နေပါဦးဗျ၊ တစ္ဆေများဟာ တစ်ယောက်နဲ့တစ်ယောက် မြင်ရတယ်ဆို မဟုတ်လား။ ခင်ဗျားနဲ့ ကျုပ်နဲ့တော့ အသံကိုသာ ကြားရပြီး တစ်ယောက်ကိုတစ်ယောက် မမြင်ရပါလားဗျာ"

"ကျုပ်က ခင်ဗျားကို မြင်ရပါတယ်"

"ဟုတ်လား. . .ဒါဖြင့် ခင်ဗျားက အလျင် သေနှင့်တဲ့လူမို့လားဗျာ၊ မိုးကြိုးပစ်တာကတော့. . ."

ထိုခဏ၌ လုပ်ဖော်ကိုင်ဖက်ဖြစ်သော ကိုလှမောင်သည် အခန်းထဲသို့ လာ၍ ကုက္ကိုပင်ကြီးကို မိုးကြိုးပစ်ကြောင်း ပြောမည်ဟု စကားစလိုက်သည်တွင်. . .

ဖေ။ ။"အလို. . .ကိုလှမောင်ရော သေတာပဲလားဗျို့၊ များလေ ပျော်လေဆိုတဲ့ အင်္ဂလိပ် စကားပုံလိုပေါ့ဗျာ"

ဤတွင် ကိုသန်းတင်သည် အံ့အားသင့်လျက် ငေးကြည့်နေသော ကိုလှမောင်အား ကိုလှဖေအကြောင်းကို တီးတိုးပြောပြသဖြင့်၊ ကိုလှမောင်က စိတ်ဝင်စားစွာနှင့် နားထောင်နေစဉ်. . .

ဖေ။ ။"ခင်ဗျားတို့က ရွှီး ရွှီး ရွှီး ရွှီးနဲ့ ဘာများ ပြောကြတာလဲဗျ၊ တစ္ဆေအချင်းချင်းများ ခင်ဗျားတို့က သွေးခွဲကြဦးမလို့လား"

ကိုလှမောင်နှင့် ကိုသန်းတင်တို့၏ အထင်မှာ ကိုလှဖေသည် မိုးကြိုးသံကြောင့် လန့်ထိတ်ပြီး သွေးပျက်သွားသည်ဟု တွေးကြ၏။ သို့ရာတွင် ကိုလှဖေ ပြောပုံဆိုပုံမှာ သွေးပျက်သော လူတစ်ယောက်၏ လေသံမျိုးမဟုတ်၊ အသက်သေ၍ တစ္ဆေဖြစ်သည် ဆိုခြင်းကိုပင် ခပ်အေးအေး ပြန်ကြည့်နိုင်သောကြောင့် အတွေးခက်လျက် ရှိကြသည်။ ထိုနောက် ကိုသန်းတင်တို့က ကိုလှဖေအား မေးခွန်းများ ထုတ်ကြ၍၊ ကိုလှဖေကလည်း မော်တော်ဘုတ်များ၊ သင်္ဘောများအကြောင်းကို မိမိ မြင်သလို စကားညှပ်၍ ပြောသေးသည်။

နောက်ဆုံး၌ ကိုသန်းတင်နှင့် ကိုလှမောင်တို့သည် မျက်စိ လုံးဝ မမြင်ဘဲ ကြောင်တောင်ကန်းဖြစ်နေသော ကိုလှဖေအား တွဲခေါ်၍၊ ရုတ်တရက် လူနာအတွက် လိုလိုမည်မည် ပြင်ထားသော အခန်းတွင် ခုတင်ပေါ်၌ တင်ထားကြသည်။ ထိုနောက် ဆရာဝန်ကို တယ်လီဖုန်းဆက်ခေါ်၍ ရောက်လာသော အခါ အဖြစ်အပျက်ကို ပြောပြ၍၊ ဆရာဝန်လည်း ကိုလှဖေအား သွေးစမ်းကြည့်ပြီးနောက် ဦးခေါင်း ယမ်းခါလေသည်။

တင်။ ။"ဘယ့်နှယ်လဲ ဒေါက်တာ"

ဝန်။ ။"အားလုံး ကောင်းသားပဲ၊ ဘာမှ မဖြစ်ပါဘူး"

mgyoe.com

mgyoe.com

တင်။ ။"မျက်စိ လုံးဝ မမြင်ဘူး ဒေါက်တာ"

မျက်စိများကိုစုံစမ်းပြန်ရာ အပြစ်အနာအဆာ တစ်စုံတစ်ရာမျှမတွေ့ချေ။

ကိုလှဖေကမူ မိမိ၏လက်ကို ရှာ၍ မတွေ့ကြောင်း၊ မိမိကို တွဲ၍ ခေါ်ခဲ့ကြစဉ်ကလည်း မိမိ၏ကိုယ်သည် မြေကြီးထဲတွင် ခါးသို့တိုင်အောင် ကျွံနစ်၍ ဝင်သွားကြောင်း ပြောပြ၏။ ဆရာဝန်သည် အတန်ကြာအောင် စဉ်းစားတွေးတောနေပြီးနောက် စီးကရက်ဘူးကို ကိုလှဖေ၏ လက်ထဲသို့ ထည့်လျက် . . .

ဝန်။ ။"ဒါ ဘာလဲ"

ဖေ။ ။"စီးကရက်ဘူးပါ"

"ဒါကကော"

"မီးခြစ်ပါ"

"မသောက်ချင်ဘူးလား"

"သောက်ချင်ပါတယ်"

ကိုသန်းတင်က မီးညှိပေးရာ ကိုလှဖေလည်း ရှူဖွာပြီးနောက် ချထားလိုက်သည်။

ဝန်။ ။"သောက်လို့ ကောင်းရဲ့လား"

ဖေ။ ။"မကောင်းဘူး"

"ဘာကြောင့်လဲ"

"မီးခိုးကို မမြင်ရလို့ ထင်ပါရဲ့"

"မျက်စိထဲမှာ ဘာမှ မမြင်ရဘူးလား"

"မြင်တော့ မြင်ရတယ်၊ မြင်တာတွေက တခြား"

"ဘာတွေကို မြင်ရသလဲ"

"သဲတွေ၊ ယောက်သွားခွံတွေ၊ ရေပြင်ကြီး၊ မော်တော်ဘုတ်၊ လှေ"

"ဟာ လူစီနေးရှင်းဆိုတာ သိသလား"

"အလွဲလွဲ အမှားမှား မြင်တယ်ဆို မဟုတ်လား"

"ဟုတ်ပြီ၊ ခင်ဗျား ခုဖြစ်နေတာ အဲဒါပဲ ထင်တယ်"

"ကျွန်တော်ကတော့ အမှန်မြင်တယ် ထင်တာပဲ၊ ဒါပေမဲ့ ခင်ဗျားတို့ပြောတာ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ကို ကျုပ် မမြင်ရဘူး"

နောက်ဆုံး၌ ဆရာဝန်က မိမိကိုယ်တိုင် တစ်သက်လုံး တစ်ကြိမ်မျှ မကြုံရဖူးသည့် ရောဂါဖြစ်ကြောင်း၊ သို့သော် မကြာမီအတွင်း အလိုအလျောက် ပျောက်ပါလိမ့်မည်ဆို၍ ပြန်သွားလေရာ၊ ကိုသန်းတင်နှင့် ကိုလှမောင်တို့သည်

mgyoe.com

mgyoe.com

ကိုလှဖေကို သူ့နေအိမ်သို့ တက္ကစီနှင့် လိုက်၍ပို့ကြသည်။ မယား မခင်ကျော့နှင့် တွေ့ရသောအခါ ကိုလှဖေမှာ မျက်စိအမြင် ထူးခြားခြင်း မရှိသော်လည်း၊ ဤကဲ့သို့ ဖြစ်ရခြင်းအတွက် ညည်းညူခြင်း ရပ်စဲ၍ စိတ်သက်သာရာ ရဟန်တူလေသည်။

*

နေအိမ်တွင် မယားမခင်ကျော့က တစ်နည်း စမ်းသပ်ကြည့်၏။ ကိုလှဖေအား မျက်စိကို မှိတ်စေသောအခါ ဘာကိုမျှ မမြင်ရ၊ မှောင်မည်းလျက်ရှိသည်ဆို၏။ တစ်ဖန် ဖွင့်စေပြန်သောအခါ သဲများ၊ ယောက်သွားခွံများ၊ မော်တော်ဘုတ်၊ လေ့ စသည်များကို မြင်ရပြန်လေသည်။ 'ဘယ့်နှယ်ဟာလဲ၊ ကိုယ့်အိမ်ကိုယ် ရောက်နေမှန်း သိလျက်နှင့် ဘာတွေ လျှောက်မြင်နေပါလိမ့်' ဟု ရေရွတ်စေလေသည်။

ကိုလှဖေမှာ မျက်စိမမြင်သူတစ်ယောက် မဟုတ်ပါဘဲလျက်၊ မျက်စိကန်းသူ တစ်ယောက်ကဲ့သို့ တွဲကူပေးနေရတော့သည်။ စင်စစ်မှာ မျက်စိကန်းသူတစ်ယောက်ထက် အကူအညီ လိုရှာသေး၏။ မျက်မမြင်တစ်ယောက်မှာ ကိုယ့်အိမ်ထဲတွင် ကိုယ် စမ်းမှန်း၍ လျှောက်နိုင်သေး၏။ ကိုလှဖေမှုကား မဟုတ်တာတွေကို မြင်နေသောကြောင့် ခြေသုံးလှမ်း မလျှောက်မိ တစ်ခုခုကို ဝင်တိုက်မိလေပြီ။ ကုန်ကုန်ပြောရလျှင် ထမင်းခွံ့ပေးခြင်း၊ အဝတ်အစားလဲပေးခြင်း၊ စာပိုတပါးသွားခြင်း အလုပ်များကိုပင် လူကူမှဖြစ်တော့သည်။ ဆေးလိပ်ကိုပါးစပ်ထဲသို့ တပ်ရာတွင် မျက်စိသို့ ရောက်သွား၍ မခင်ကျော့က ပြင်ပေးရသည်။

မခင်ကျော့မှာ လင်ကို ကြင်နာသော မိန်းမတစ်ယောက်ဖြစ်၍ ကိုလှဖေအနီးမှ ခွာတော့သည်မရှိဘဲ ၂၄ နာရီလုံးလုံး ကပ်၍ ပြုစုပေသည်။ မခင်ကျော့အား ကိုလှဖေက ပြောပြသည်မှာ မိမိသည် ပင်လယ်ထဲ၌ ကျွန်းကလေးတစ်ကျွန်းပေါ်တွင် ရောက်နေကြောင်း၊ ကျွန်းပေါ်တွင် လိပ်ဥတွေပေါလှကြောင်း၊ စင်ရော်ငှက်တွေ ပျံဝဲနေသည်ကို မြင်ရကြောင်း၊ ကျောက်ဆောင်များလည်း အနှံ့အပြားရှိကြောင်း၊ သစ်ပင်ဟူ၍ အလျှင်းမရှိ၊ ဟင်းလင်းပြင်ဖြစ်နေသော ကွက်လပ်ကြီးကိုသာ မြင်ရကြောင်း စသည်များနှင့် ပြောပြလေသည်။

တစ်နေ့သ၌ မယား မခင်ကျော့က အိမ်ပေါ်တွင် ကုပ်၍နေရခြင်းကြောင့် သောင်းညာရာလိမ့်မည်ဆို၍ လေညင်းခံစေရန်၊ ကိုလှဖေအား မော်တော်ကားနှင့် တင်၍ ကမ်းနားဘက်၊ ရွှေတိဂုံဘုရားမှစ၍ မြို့ကို လှည့်ပတ်ကြပြီးလျှင် ၂ နာရီခန့်ကြာမှ အိမ်သို့ ပြန်လာကြသည်။ ကိုလှဖေသည် လမ်းတွင် ဘာမျှမပြောဘဲ၊ မခင်ကျော့၏လက်ကို တစ်ချက်တစ်ချက်တွင် ဖျစ်ညှစ်ကာ

mgyoe.com

mgyoe.com

ဆုပ်ထား၍ ကြောက်လန့်သော အမူအရာမျိုး ဖော်ပြ၏။ အိမ်သို့ ပြန်ရောက်သောအခါမှ၊ မခင်ကျော့က မေးသဖြင့် ပြန်ပြောသည်မှာကား . .

ဖေ။ ။"မြို့ထဲ လျှောက်လှည့်တာကတော့ ဟုတ်ပါရဲ့ မခင်ကျော့ရယ်၊ ကိုယ့်စိတ်ထဲမှာတော့ မော်တော်ကား မောင်းတာဟာ ရန်ကုန်ထဲမှာ မဟုတ်ဘဲ ကိုယ်ပြောတဲ့ ကျွန်းကလေးပေါ် လှည့်ပတ်ပြီး မောင်းနေတယ် ထင်တာကိုး။ တစ်နေရာမှာ ရှေ့က တောင်ကမူကလေး ဆီးနေတာ မော်တော်ကားက တောင်ပေါ် ကျော်မတက်ဘဲ တောင်ကို ထိုးဖောက်ပြီး ဥမင်အတွင်း တိုးဝင်သွားတယ် ထင်လိုက်လို့ မျက်စိထဲ သဲမှုန်တွေ ဝင်လေမလားလို့ လက်နဲ့ ကာမိသေးတယ်။ တစ်နေရာကျတော့ မော်တော်ကားက စင်ရော်တွေ စုပြုံနေကြတဲ့အထဲ တရကွန်းဖြတ်ပြီး မောင်းသွားလိုက်တာ ငှက်တွေ၊ သေကုန်ရော အောက်မေ့တာ၊ ဘယ့်နှယ်မှမရှိကြဘူး။ ကားဘီးက သူတို့အပေါ် တည့်တည့်ကြီး လိမ့်သွားပေမယ့် ပြားလည်း မပြား၊ သေလည်းမသေ၊ တစ်ခါတလေမှာ သူတို့က မော်တော်ကားကိုတောင် ထိုးဖောက်ပြီး ပျံသွားကြသေးတယ်။ ဒါတွေက ကိစ္စမရှိဘူး၊ တစ်နေရာတုန်းက မခင့်ကျော့ရဲ့ လက်ကို လှမ်းဆုပ်လိုက်မိတယ် ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မ မှတ်မိပါတယ်၊ ဒါ ဘာဖြစ်လို့လဲ"

"ဒီတုန်းကတော့ မော်တော်ကားက ပင်လယ်ထဲကို တည့်တည့်ကြီး မောင်းဆင်းသွားလို့ နှာခေါင်းထဲ ရေတွေ ဝင်မလားလို့ လက်နဲ့ ကာလိုက်မိသေးတယ်။ ရေထဲကို တည့်တည့်ကြီး ဖြတ်ဆင်း၊ နက်သည်ထက်နက်တဲ့ နေရာရောက်၊ ရေပေါ်မှာ ပေါလော ပေါလောနဲ့ မျောနေပြီး ငါးတွေက ဝိုင်းဆွဲနေတဲ့ ဟာကြီးကို ခေါင်းပေါ်မှာ မြင်ရလို့ မော့ကြည့်လိုက်တော့ ဘာမြင်ရတယ် ထင်သလဲ"

"ဘာလဲ၊ သစ်တုံးကြီးလား"

"ဟုတ်ရိုးလား မခင်ကျော့၊ လူသေကောင်ကြီးဗျ၊ ပုပ်လို့ ပွလို့၊ နားရွက်တွေ နှာခေါင်းတွေတော့ မရှိဘူး. . .ယောကျ်ားကြီးကွ"

"ရှင် ဘယ့်နှယ်သိသလဲ"

အို. . .သိတာပေါ့ကွ၊ မှောက်လျက်ကြီး မျောနေတာကိုး"

"မိန်းမ အလောင်းကတော့ ဘယ်လို မျောသတဲ့လဲ"

"မိန်းမကတော့ ပက်လက်မျောသတဲ့"

"ဒါဖြင့် တံတွေးခွက်ထဲ ပက်လက်မျောတယ်ဆိုတာ မိန်းမနေမှာပေါ့"

"ဟား. . .ဟား. . .ဟား. . .ဟား. . .ဟုတ်မှာပေါ့လေ၊ မိန်းမကမှ လူကဲ့ရဲ့ချင်စရာ လုပ်တတ်တာကိုး"

mgyoe.com

mgyoe.com

"ယောကျ်ားများကတော့ မလုပ်တတ်ဘူးပေါ့လေ"

"သတ်ပစ်ချင်စရာ လုပ်ချင်လုပ်မယ်၊ တံတွေး ထွေးချင်စရာ မလုပ်တတ်ပါဘူး။ ဟဲ. . .ဟဲ. . .ဟဲ. . .ဒါထက် ခုနင်က လူသေကောင်ကြီးက ကျုပ်ခေါင်းပေါ် တည့်တည့်ကြီး ရောက်နေလို့ နှလုံးနာတာနဲ့ ငုံ့ရှောင်ရင်း မခင်ကျော့လက်ကို ဆွဲမိလိုက်တာပဲ။ ဒီအခါမှာ 'သတင်းစာဗျို့ သတင်းစာ၊ အင်ဒိုချိုင်းနားမှာ ပြင်သစ်တပ်ကြီး ဖင်လန် ပြေးပြီတဲ့'လို့ သတင်းစာရောင်းတဲ့ သူငယ်ကလေးက အော်ရောင်းသံ ကြားလိုက်တော့မှ 'ဟုတ်သေးပေါင်'ဆိုပြီး ရွံ့တဲ့စိတ် ပြေပျောက်သွားတော့သကိုး'

"ကားပေါ်မှာ နေရာပြင်ထိုင်လိုက်တုန်းက ထင်တယ်"

"ဟုတ်ပါတယ်၊ ဒါနဲ့ ရှေ့ဆက်ပြီး မောင်းသွားပြန်တော့ ရေနက်သည်ထက် နက်တဲ့နေရာရောက်လို့ ကောင်းကင်မှ နေရောင်မထိုးနိုင်ဘဲ မှောင်မည်းပြီး နေတဲ့အထဲမှာ ငါးတွေက ဦးခေါင်းမှာ လျှပ်စစ်ဓာတ်မီးအိမ်တွေနဲ့ ရိုးရိုးရွရွ ကူးကြသန်းကြ၊ ပြေးကြလွှားကြ။ တချို့ကလည်း ဝမ်းဗိုက်မှာ လျှပ်စစ်ဓာတ်အစင်းကြီးပါလို့မို့ ပတ်ဝန်းကျင်မှာ ဝင်းဝင်းပြောင်ပြောင်နဲ့ တစ်ကောင် တစ်ကောင် ဖမ်းကြ ဆီးကြ၊ မျိုကြ စားကြနဲ့ ရှုပ်ယှက်ခတ်လို့ပါတကား။ ပင်လယ်အောက်က သစ်ပင်ကြီးတွေကလည်းကွယ် ကုန်းပေါ်က ညောင်ပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေလောက်တောင် မကပါပဲကလား။ ထူးဆန်းတာ တစ်ချက်ကတော့ ကုန်းပေါ်မှာတုန်းက စင်ရော်ငှက်တွေက ကိုယ့်ကိုယ် မြင်ကြပုံ မရသလို၊ ရေထဲက ငါးတွေကလည်း ကိုယ့်ကိုယ် မြင်ကြဟန်မတူဘူး။ ကိုယ် တည့်တည့်ကြီး လာနေလို့ ကိုယ်က လန့်ပြီး ရှောင်လိုက်မယ်လုပ်တုန်း ငါးတွေက ကိုယ့်ကိုယ်ထဲ ဖောက်ထွက်ပြီး ရေကူးသွားလိုက်ကြတာ ဖြူးလို့'

စသဖြင့် မခင်ကျော့အား ပြောပြလေရာ၊ မခင်ကျော့မှာ မည်ကဲ့သို့ လက်ခံရမည်ဟု မသိဘဲ ထူးဆန်းသည်ဟူ၍သာ အောက်မေ့လေတော့သည်။

ကိုလှဖေမှာ သုံးရက်တိုင်တိုင် ငှင်းရောဂါ စွဲကပ်နေသဖြင့် ရန်ကုန်မြို့ပေါ်ရှိ မျက်စိကုဆရာဝန်များ၊ စိတ္တဇ ဆရာဝန်များအပြင် ရိုးရိုးဆရာဝန်များအားလည်း ပြသစုံစမ်း၏။ သို့ရာတွင် မည်သည့် ဆရာဝန်ကမှ ကျေနပ်လောက်သော အတွေးအခေါ်မျိုးကို လည်းကောင်း၊ ကုသရန်သော်လည်းကောင်း မတတ်နိုင်ဘဲ ရှိခဲ့လေသည်။

တတိယနေ့ နံနက်တွင် မခင်ကျော့သည် ဝတ္တရားကျေပွန်သော မယားတစ်ယောက်ပီပီ စောစောစီးစီး အိပ်ရာမှထ၍ အိမ်ရှင်မ ဝတ္တရားများ ဆောင်ရွက်ရာမှ၊ ကိုလှဖေအတွက် လူနာအာဟာရအနေဖြင့် ကြက်ဥနှင့် 'ဘောကင်' များ ကြော်လျက်ရှိစဉ်၊ 'မခင်ကျော့ရေ'ဟု အလန့်တကြား အော်သံကြားသည်

mgyoe.com

mgyoe.com

နှင့် ကိုလှဖေရှိသော အိပ်ခန်းသို့ ပြေးဝင်သွား၏။ အလန့်တကြား ခေါ်လိုက်ခြင်းမှန်သော်လည်း လန့်ထိတ်သည့်အသံမျိုးမဟုတ်၊ အံ့သြဝမ်းမြောက်ခြင်းကို ဖော်ပြသော အသံမျိုးဖြစ်သည်ဟု မခင်ကျော့ တွေးထင်သည့်အတိုင်း အခန်းထဲသို့ ရောက်သောအခါ၌၊ ခုတင်ပေါ်တွင် ရွှင်ပျသော မျက်နှာထားနှင့် ထိုင်နေသော ကိုလှဖေကို တွေ့ရသည်။

"ကိုလှဖေ"

"ကိုယ် မြင်ပြီ မခင်ကျော့ရေ"

"ကျွန်မ ထင်သားပဲ၊ ဝမ်းသာလိုက်တာ ကိုလှဖေရယ်"

*

သုံးလခန့် ကြာသောအခါ ကိုလှဖေနှင့် အမြွှာမွေးသော ကိုလှဖေသည် 'အော်ပရေးရှင်း'ထွက်ရာမှ ရန်ကုန်သို့ ပြန်ရောက်လာ၍၊ ကိုလှဖေ၏နေအိမ်သို့ နှုတ်ဆက်ရန် လာရောက်၏။ ကိုဖေလှမှာ မခင်ကျော့အား ပိုးပန်းဖူး၍ ကိုလှဖေက အရေးသာကြောင်း သိရသောအခါမှ နောက်ဆုတ်ခဲ့သူဖြစ်လေရာ၊ မရီးကို မြင်သောအခါတိုင်း ရှိုးတိုးရှန့်တန့်ဖြစ်တတ်၏။ မခင်ကျော့ကမူ လွန်ခဲ့ပြီးသော အခြင်းအရာကို လုံးဝ မေ့ပျောက်နိုင်သည့် လက္ခဏာနှင့် သူတစ်ပါးနည်းတူ လောကဝတ်ဖျူငှာ နှုတ်ဆက်ဧည့်ခံနိုင်သည်ကို ထောက်ခြင်းအားဖြင့်၊ မိန်းမများသည် ဤကိစ္စမျိုးတွင် ယောကျ်ားများထက် ကျင်လည်သည်ဟု ဆိုသင့်ပေသည်။

ကိုဖေလှသည် ရေတပ် စစ်ဗိုလ်ကလေး ဖြစ်သည့်အတိုင်း၊ တနင်္သာရီဘက်တွင် ကူမင်တန်များ သတင်းကြားခြင်းကြောင့် ရေကြောင်းစစ်တပ် ချီတက်သွားရာတွင် လိုက်ပါသွားရသူ ဖြစ်လေသည်။ မိမိတို့ရောက်ခဲ့သော နယ်ပယ်များအနက်မှ အချို့ကို ဓာတ်ပုံရိုက်ယူခဲ့သည်ဖြစ်၍ ကိုဖေလှသည် အစ်ကိုနှင့် မရီးတို့အား ဓာတ်ပုံများ ပြသလျက်ရှိစဉ်၊ ကိုလှဖေသည် ဓာတ်ပုံတစ်ခုကို ဆွဲယူ၍ 'ဟာ ဒီနေရာပဲ မခင်ကျော့ရေ၊ ကိုယ် ပြောပြနေတာ ဟောဒီနေရာပဲ၊ အစစ်ပါပဲဗျာ။ ဟောဒါက စောင်းနေတဲ့ မော်တော်ဘုတ်၊ ဟောဒါက တောင်ကုန်းကလေး၊ ဟောဒါက ရွက်လှေကလေးတွေ။ ဒီအတိုင်း အစစ်ပါပဲ မခင်ကျော့ရယ်'ဟု ပြောလေသည်။

ထိုအခါ ကိုဖေလှကို မေး၍ မခင်ကျော့က ကိုလှဖေ ဖြစ်ပျက်ပုံ အခြင်းအရာများကို ပြောပြသည်တွင်၊ ကိုဖေလှကလည်း ရေး၊ ဘိတ်၊ ထားဝယ်ဘက်တွင် မိမိ ကြုံခဲ့ရပုံ အကြောင်းအရာများကို တစ်လှည့်ပြောပြလေသည်။

ပင်လယ်ထဲ၌ အမြောက်တင် မော်တော်ဘုတ်ကလေးများဖြင့် ပတ်တရောင်လှည့်ကြစဉ် ကိုဖေလှသည် မော်တော်ဘုတ်တစ်စင်းပေါ်တွင် ပါသွား၍ မော်တော်ဘုတ် အချင်းချင်း မျက်ခြည်ပြတ်ပြီး ကွဲသွားကြကြောင်း၊ ဤ

mgyoe.com

mgyoe.com

အတောအတွင်း လေပြင်းမုန်တိုင်း တိုက်ခတ်သည်နှင့် ကိုဖေလှ၏ မော်တော်ဘုတ်သည် ပင်လယ်ထဲတွင် တဝဲလည်လည် ဖြစ်နေပြီးနောက် သောက်ရန် ရေချိုကုန်သွား၍ ကျွန်းကလေးတစ်ကျွန်းအနီး၌ ဆိုက်ရပ်ကာ ကမ်းပေါ်သို့ လူသုံးယောက်တက်ပြီး ချောင်း မြောင်း ရေအိုင်များ ရှာဖွေကြကြောင်း၊ ထို လူသုံးယောက်အနက်တွင် ကိုဖေလှလည်း ပါဝင်ကြောင်း၊ ရေရှာကြစဉ် ခရီး လွန်၍ မျက်စိလည်ပြီး တောကြီးထဲ ရောက်သွားကြသည်တွင် စမ်းချောင်းတစ် ခုကို တွေ့သော်လည်း နေဝင်ခါနီးတွင် လေပြင်းမုန်တိုင်း တိုက်လာပြန်ကြောင်း၊ မှောင်ကြီးထဲတွင် မော်တော်ဘုတ်ရှိရာသို့ စမ်းရမ်းကာ လာကြ၍ ယခင်နေရာသို့ ရောက်ကြပါသော်လည်း မော်တော်ဘုတ်မှာ လှိုင်းလုံးကြီးများအကြားတွင် ကမ်းခြေနှင့် နီးကပ်စွာ ဆိုက်ထားပါက ကျောက်ဆောင်များနှင့် ရိုက်ခတ်မည် စိုးရ၍ ကျောက်ဆူးနုတ်ပြီး ထွက်ခွာသွားနှင့်ပြီ ဖြစ်ကြောင်း၊ တစ်ညလုံး မျှော်ကြည့်ကြ၍ ပင်လယ်ပြင်၌ မီးရောင်တလက်လက် မြင်ပါသော်လည်း နံနက် လင်းသောအခါ မော်တော်ဘုတ်မှာ လုံးဝ ပျောက်ကွယ်သွားကြောင်း။

ကိုဖေလှနှင့် တပည့်နှစ်ယောက်တို့သည် ကျွန်းကလေးပေါ်တွင် စမ်းချောင်းမှ ခပ်ယူခဲ့သော ရေမှတစ်ပါး စားနပ်ရိက္ခာ မပါရှိသည်နှင့် တဝဲ လည်လည် ရှာဖွေကြ၍ နောက်ဆုံးတွင် လိပ် ခြေရာခံပြီး လိပ်ဥများတူးကာ အစိမ်းသောက်ခြင်းဖြင့် အဆာဖြေကြရကြောင်း၊ တတိယမြောက်သောနေ့တွင် ကိုဖေလှသည် ကျောက်ဆောင်တစ်ခု၏ နံဘေး၌ လိပ်ဥများ တူးဖော်နေစဉ် ရုတ်တရက် လေရောမိုးပါ သည်းထန်စွာကျလာပြီး မိုးကြိုးတစ်ချက် ထစ်ချုန်း လိုက်သည်တွင် ကျောက်ဆောင်အစွန်း၌ တင်နေသော ကျောက်တုံးတစ်တုံး ပြုတ်ကျလာ၍ ကိုဖေလှ၏ ဦးခေါင်းကိုမှန်ပြီး မူးလဲသွားကြောင်း၊ နောက်ဆုံး သတိရလိုက်သော အာရုံမှာ ရန်ကုန်၌ရှိသော အစ်ကို ကိုလှဖေပင်ဖြစ်၍ ဤ အချိန်တွင် မိမိ၏အစ်ကိုမှာ စက်ရုံ၌ အလုပ်လုပ်လျက် ရှိလိမ့်မည်ဟူ၍ပင် စိတ်ကူးလိုက်မိကြောင်း၊ ကိုဖေလှမှာ မူးရုံသာ မူးသွားသည်မဟုတ်၊ နစ်မျော သွားခြင်းဖြစ်လေရာ ဆေးဝါးကုသမည့်သူလည်း မရှိသည်နှင့် သုံးရက်လုံးလုံး သတိမရဘဲ ဖြစ်နေခဲ့ကြောင်း စသည်ဖြင့် ပြောပြလေသည်။

ကျော့။ ။"နောက်တော့ ဘယ့်နှယ်လုပ်သလဲ"

လှ။ ။"မော်တော်ဘုတ် ပြန်ရောက်လာလို့ ဆရာဝန်နဲ့ ဘာနဲ့ ကုသယူရတာပေါ့"

ဖေ။ ။"နစ်နေတုန်းက ဘာတွေ တွေ့ရသလဲ"

လှ။ ။"ပင်လယ်အောက်က ငါးကြီးတွေ၊ သစ်ပင်ကြီးတွေ၊ ဘာတွေ တွေ့ရတာပေါ့"

mgyoe.com

mgyoe.com

ဖေ။ ။"လူသေကောင် တစ်ခုကော မတွေ့ဘူးလား"

လှ။ ။"အဲဗျား တွေ့ရတယ်၊ ပုပ်လို့ ပွလို့၊ ရွံစရာကောင်းလိုက်တဲ့ ဖြစ်ခြင်း လွန်ပါရောဗျာ"

ထိုနောက် ဖြစ်ပျက်သော နေ့ရက်ကို ကိုက်ညှိကြည့်ကြရာတွင် ကျွန်းကလေးပေါ်၌ ကိုဖေလှ၏ ဦးခေါင်းကို ကျောက်တုံးထိမှန်သော နေ့ရက်မှာ မတ်လ ၂၈ ရက် ကြာသပတေးနေ့ဖြစ်၍၊ စက်ရုံထဲ၌ ကိုလှဖေ၏ မျက်စိပျက်ပြီး မြင်ချင်ရာတွေ မြင်သောနေ့မှာလည်း မတ်လ ၂၈ ရက် ကြာသပတေးနေ့ပင် ဖြစ်လေသည်။

ဤအဖြစ်အပျက်မျိုးမှာ လူသာမန်တို့ ကြုံတွေ့နိုင်သည် မဟုတ်ဘဲ၊ ငယ်စဉ်ကတည်းက စိတ်ပညာတစ်မျိုးကို လေ့ကျင့်လာခဲ့သည့် အမြွှာညီနောင် အဖို့၌သာ ဖြစ်နိုင်သည်ဟု ဆိုရန်ရှိသော်ငြားလည်း၊ စိတ်နှင့် ပတ်သက်၍ ကြုံတွေ့ကြရဖူးသမျှတွင် အဆန်းကြယ်ဆုံး တစ်ခုအနေဖြင့် မှတ်တမ်းတင်ထိုက်ပါပေသတည်း။

○

*(သွေးသောက်မဂ္ဂဇင်း၊ ၁၉၅၄ ခု၊ စက်တင်ဘာလ)*

mgyoe.com

mgyoe.com

# ထူးဆန်းသော စိတ်ကလေး

စစ်ကိုင်းတောင်ရိုးရှိ 'ချောင်'များအနက်တွင် အနောက်စွန်ဆုံးကျသည့် ရွှေမင်းဝန်ချောင်မှာ လူဆိုးများ အကြိမ်ကြိမ် ဝင်ရောက်ကာ မွေနှောက်ခြင်းကြောင့် ယခုအခါ၌ ခြောက်သွေ့လျက်ရှိသော်လည်း၊ လွန်ခဲ့သော ၆ နှစ်ခန့် အချိန်ကမူ ကမ္မဋ္ဌာန်းတရား အားထုတ်သူများဖြင့် စည်ကားခဲ့ဖူးလေသည်။ ကျွန်ုပ်သည် ရုံဖန်ပြုလုပ်လေ့ ရှိသည်အတိုင်း အားလပ်ခွင့်ခံယူ၍ အာရုံပြောင်းလဲခြင်းကြောင့် ရရှိအပ်သော ကျန်းမာရေးအတွက်ကြောင့် တစ်ကြောင်း၊ တိတ်ဆိတ်ခြင်းကို လိုလားသောကြောင့်တစ်ကြောင်း၊ ကမ္မဋ္ဌာန်း ဘာဝနာအလုပ်၌ အထုံပါသဖြင့်တစ်ကြောင်း ရွှေမင်းဝံချောင်သို့ ရက်သတ္တနှစ်ပတ်ခန့် သွားရောက်နေထိုင်ကာ 'လွတ်မြောက်ရေး'အတွက် ကြိုးစားအားထုတ်ခဲ့ပါသည်။

ဆရာတော်ဘုရားက ကြိုက်ရာ အဆောက်အအုံတွင် ရွေးချယ်နေထိုင်နိုင်သည်ဟု ခွင့်ပြုချက်အရ၊ ကျွန်ုပ်နှင့် မိတ်ဆွေတစ်ယောက်သည် ရှည်လျားစွာ ဆောက်လုပ်ထားသည့် စကြံကျောင်းကြီးကို ရွေးချယ်ကြရာ၊ အောက်ထပ်တွင်လည်း ကျွန်ုပ်တို့နည်းတူ ရပ်ဝေးမှ လာရောက်အားထုတ်ကြသည့် ဥပါသကာများနှင့် အာဂန္တုရဟန်း သုံးလေးပါးတို့ ရှိကြပေသည်။ ကမ္မဋ္ဌာန်းတရားအားထုတ်ရာ အဆောက်အအုံကြီးငယ် အမြောက်အမြား ရှိသည့်အနက် နှစ်သက်ရာ ရွေးချယ်ခွင့် ရှိကြသည်ဖြစ်ရာ၊ အခြား ပုဂ္ဂိုလ်များသည် စင်္ကြံ

mgyoe.com

mgyoe.com

ကျောင်းကြီးကို ကြီးကျယ်လွန်းသည်ဆို၍ ရှောင်ကြဉ်ကြသော်လည်း ကျွန်ုပ်တို့မူကား အလကားနေထိုင်ခွင့် ရှိသည့်အတူတူ အကောင်းဆုံး၊ အသန့်ရှင်းဆုံး အဆောက်အအုံကို ရွေးမည်ဆို၍ ဤသို့ နေထိုင်ကြခြင်း ဖြစ်လေသည်။

ကိုယ့်ထမင်း ကိုယ်စား၍ ကိုယ့်အလုပ် ကိုယ်လုပ်ကြရသည် မှန်သော်လည်း၊ သုံးလေးရက်ခန့် နေထိုင်မိလတ်သော် ကမ္မဋ္ဌာန်းသမား အချင်းချင်း မည်သူမည်ဝါဖြစ်သည်ဟု သိစပြုလာပြီ။ အားထုတ်နေကြသော ဥပါသကာ ဥပါသကီ ၂၀–၃၀ ရှိသည့်အနက် ကျွန်ုပ်သည် အသက် ၅၀ နီးပါးရှိ၍ ရုပ်ရည်မွန်ရည်သော ဒုလ္လဘရဟန်းတစ်ပါးနှင့် အထူးတလည် မျက်မှန်းတန်းမိကြလေပြီ။ ထိုရဟန်းကလည်း ကျွန်ုပ်၏ အလုပ်အကိုင်ကို သိသည်မှစ၍ ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားသည့် လက္ခဏာရှိပေ၏။ ထိုရဟန်းသည် စကြံကျောင်း၏ တောင်ဘက်၌ရှိသော အုတ်ဂူတစ်ခုအတွင်း၌ တရားအားထုတ်လျက်ရှိရာ၊ တစ်ညသ၌ သန်းခေါင်ကျော်အချိန်တွင် ထိုဋ္ဌာနဆီမှ ထိတ်လန့်တကြားအော်ဟစ်သံများ ကြားသည်နှင့်၊ ကျွန်ုပ်နှင့်တကွ အခြားသော ကမ္မဋ္ဌာန်းသမားများ ပြေးသွားစုံစမ်းကြလေသည်။ ကျွန်ုပ် ရောက်သွားသောအခါ ရဟန်းနှစ်ပါးသည် အုတ်ဂူထဲ၌ သီတင်းသုံး၍ ကျွန်ုပ်နှင့် မျက်မှန်းတန်းမိသည်ဟု ဖော်ပြခဲ့သော ဒုလ္လဘရဟန်းအား တင်းကျပ်စွာ ဖက်ထားကြသည်ကိုတွေ့ရ၏။ ထိုရဟန်းမူကား ဆတ်ဆတ်တုန်လျက်ရှိရာ ကျွန်ုပ်ကို မြင်သောအခါမှ သက်သာရာရသည့် လက္ခဏာနှင့် ကောင်းမွန်စွာ ပြုပြင်၍ ထိုင်ပြီးလျှင်၊ ကျွန်ုပ်မှတစ်ပါး အခြားပုဂ္ဂိုလ် အားလုံးအား ဂူထဲမှ ထွက်သွားစေ၍ တောင်းပန်လေသည်။ သူ့အား ပွေ့ဖက်ထားသော ရဟန်းများသည် ကျွန်ုပ်က စိတ်ချလောက်အောင် လျှောက်ထားသောအခါတွင် ဂူမှ ထွက်ခွာသွားကြ၍၊ ကျွန်ုပ်တို့နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ဤတွင် ဒုလ္လဘရဟန်းသည် သူ၏ အဖြစ်အပျက်ကို ကျွန်ုပ်အား ပြောပြလေရာ အလွန်တရာ ဆန်းကြယ်လှသဖြင့် အမည်နာမများကို ပြောင်းလွဲကာ အောက်ပါအတိုင်း ရေးသားဖော်ပြအပ်ပါသည်။

*

ဝတ်လုံတော်ရ ဦးဘအောင်သည် အင်္ဂလန်မှ ဝတ်လုံစာမေးပွဲ အောင်မြင်ခဲ့ပြီးနောက်၊ ငယ်ရည်းစားနှင့် လက်ထပ်၍ သားဦးကလေး မွေးဖွားရာတွင် မိခင်ရောကလေးပါ ပျက်စီးခဲ့ရှာသည်။ ထိုအချိန်မှစ၍ ဦးဘအောင်သည် အိမ်ထောင်ပြုခြင်း အလုပ်ကို စက်ဆုပ်ထိတ်လန့်၍ မိမိ၏အလုပ်၌ နာမည်ကြီးဖို့လောက်သာ ဂရုစိုက်ပြီးလျှင် လူပျိုကြီးပမာ လွတ်လပ်စွာ နေထိုင်ခဲ့လေသည်။

သို့ရာတွင် လူတို့ကြုံသမျှသည် ဟုတ်ချင်မှ ဟုတ်တတ်သော သဘာဝအတိုင်း၊ မဆိုးဖိုအဖြစ်နှင့် သုံးလေးနှစ် နေထိုင်ခဲ့သည်တွင်၊ ဒုတိယအကြိမ်ချစ်ကြိုက်သူ တွေ့ခဲ့ပြန်၏။

mgyoe.com

mgyoe.com

တစ်နေ့သ၌ ဦးဘအောင်သည် ရာဇဝတ်မှုတစ်ခုကို လက်ခံဆောင်ရွက်သည်တွင်၊ သက်သေတစ်ဦးဖြစ်သူ မခင်ကျော့နှင့် ရင်းနှီးသောအဖြစ်သို့ ရောက်၍၊ ထိုမှ အပြန်အလှန် မေတ္တာတုံ့ပြန်သောအဖြစ်သို့ ရောက်ကြရန်မှာ အချိန်ကာလများစွာ မကြာခဲ့ချေ။

မခင်ကျော့ကား အပျိုစစ် မဟုတ်ခဲ့ချေ။ ထိုမိန်းမ၏ လင်ယောကျ်ားသည် ရန်ကုန်နှင့် ထားဝယ် ခေါက်တုံ့ခေါက်ပြန် ကူးသန်းသွားလာသော ငါးပိကုန်သည် တစ်ဦးဖြစ်ရာ၊ တစ်နေ့သ၌ ဇနီးသည် မခင်ကျော့ကို ရန်ကုန်တွင် ထားခဲ့၍ စက်လှေကြီးတစ်စင်းဖြင့် ထားဝယ်သို့ လိုက်ပါသွားသည်တွင်၊ ပင်လယ်ဝ၌ သင်္ဘောကြီး နစ်မြုပ်ခဲ့ပြီးလျှင် ခရီးသည် ၂၀ ကျော်အနက် သုံးယောက်မျှသာ ဆယ်ယူရရှိ၏။

မခင်ကျော့၏ ခင်ပွန်းသည်မှာ ပျောက်ဆုံးသော ခရီးသည်များအနက်တွင် အပါအဝင်ဖြစ်၍ လုံးဝ သတင်းမကြားရတော့ချေ။ သို့ဖြစ်၍ မခင်ကျော့သည် မုဆိုးမ ဖြစ်မဖြစ် သေချာစွာ မသိရဘဲ၊ လင်ယောကျ်ား ပြန်လာနိုးနိုးဖြင့် မျှော်တလင့်လင့် နေထိုင်ခဲ့ရာ ဝတ်လုံတော်ရ ဦးဘအောင်နှင့် တွေ့သောအခါတွင် မသေမချာ မုဆိုးမအဖြစ်နှင့် တစ်နှစ်ကျော် နှစ်နှစ်ခန့် နေထိုင်ခဲ့ရပြီးလေပြီ။

မခင်ကျော့မှာ လင်ယောကျ်ား မပေါ်လာသည့်နောက်၊ ပင်ပန်းဆင်းရဲ၍ စပါးစက်ရုံတစ်ရုံ၌ နေ့စားကူလီအဖြစ်နှင့် ဝမ်းရေးထိန်းကျောင်းရလေရာ၊ ဦးဘအောင်နှင့် တွေ့သောအခါ နွမ်းနယ်သော အဝတ်များနှင့် မဖြီးမလိမ်း နေထိုင်ရခြင်းအတွက်ကြောင့် သာမန်ရုပ်ရည်မျှသာရှိသည် ထင်ကြရ၏။

သို့ဖြစ်ရာ စိတ်ကူးထဲ၌ ဝတ်ကောင်းတန်ဆာဆင်၍ ကြည့်တတ်သော ဦးဘအောင်၏ မျက်စိ၌မူ အလယ်အလတ်မကသော မခင်ကျော့၏ ရုပ်လက္ခဏာကို မြင်နိုင်လေပြီ။ နောက်ဆုံး၌ ထိုသူနှစ်ဦးတို့ ချစ်ကြိုက်ကြ၍ ဦးဘအောင်က မိမိ၏ အကြံအစည်ကို ပြောပြသောအခါ မခင်ကျော့က သဘောတူ လက်ခံလေသည်။

ဦးဘအောင်၏ အစီအစဉ်ကား ဤသို့တည်း။ မခင်ကျော့မှာ အပျိုစစ်လည်းမဟုတ်၊ ဂုဏ်ရည်အဆင့်အတန်းလည်း မတူညီ၊ မုဆိုးမ ဖြစ်မဖြစ်လည်း မသေချာသောကြောင့် တင့်တင့်တယ်တယ် ထိမ်းမြားလက်ထပ်ရန် မဖြစ်နိုင်။

ထိုကြောင့် ချောင်ကျသောရပ်ကွက်တစ်ခုတွင် အိမ်တစ်လုံးငှားပေး၍ လခ ၆၀ ကျပ်အပြင် အဝတ်အစားများလည်း အထိုက်အလျောက်ဝယ်ပေးမည်၊ ဦးဘအောင် လာချင်သောအခါ လာမည်၊ သားသမီး မမွေးဖွားရလေအောင် ဦးဘအောင်က တာဝန်ယူမည်ဟူသော စည်းကမ်းချက်များပင် ဖြစ်လေသည်။

မခင်ကျော့မှာ ခိုကိုးရာမဲ့ ဖြစ်နေသည့်ပြင်၊ တစ်လ ၆၀ ကျပ်ဟူသော

mgyoe.com

လခမှာ ထိုခေတ်အခါက သုံးလောက် စွဲလောက်သော ဝင်ငွေဖြစ်၍ စက်ရုံတွင် မိမိ အလုပ်လုပ်ရသော ဝင်ငွေထက် နှစ်ဆကျော်သည်တစ်ကြောင်း၊ စက်ရုံ စာရေးကြီးက ရိသဲ့သဲ့ပြောသည်များကို အလိုက်သင့် ပြန်ပြောရသော ဒုက္ခမှ လွတ်စေတော့ဟူ၍ သဘောထားလိုက်တော့သည်တစ်ကြောင်း၊ လောက၌ အငယ် အနှောင်းအဖြစ်နှင့် နေရသူများမှာ မိမိတစ်ယောက်တည်းမဟုတ်ဟု စဉ်းစား မိသည်တစ်ကြောင်း၊ ပံ့တော်၍ ကံကောင်းလျှင် ဝတ်လုံကတော်အစစ် ဖြစ်နိုင်သေး သည်ဟု မျှော်လင့်ချက်ရှိသည် တစ်ကြောင်းကြောင့် မခင်ကျော့သည် ဦးဘ အောင်၏ ဆွဲဆောင်ရာသို့ ပါခဲ့လေသည်။

ဦးဘအောင်၏ မျက်စိ၌ မခင်ကျော့သည် ဝတ်ကောင်းတန်ဆာများ ဆင်ယင်၍ ခေတ်မီအောင် ဖြီးလိမ်းလိုက်သည့်အခါ အထက်တန်းစားဆိုသော အချို့ကတော်များထက် ချောကာ လှပလာသည်ပြင်၊ ဝတ်ကြီးဝတ်ငယ် အသွယ် သွယ်တို့ကို ဆောင်ရွက်ရာတွင်လည်း သွားလေသူ ငယ်ရည်စား ဇနီးသည်ထက်ပင် သာသေးသည်ဟု နှစ်ခြိုက်သဘောကျသည်နှင့် အားလပ်သောအချိန်ကို မခင်ကျော့၏ နေအိမ်၌ ကုန်လွန်စေသည်ပြင်၊ ဘိုင်စကုပ် စသော ပျော်ပွဲများသို့ပင် အတူတွဲ၍ သွားရန် ဦးမလေးချေ။ စင်စစ်သော်ကား ဦးဘအောင်နှင့် မခင်ကျော့တို့မှာ တစ်ယောက်နှင့်တစ်ယောက် ကတောက်ကဆ ရန်ဖြစ်သည်ပင် မရှိ၊ အပြန်အလှန် စိတ်တိုင်းကျလျက် နှစ်သိမ့်ပျော်ရွှင်စွာ နေထိုင်လာခဲ့ကြသည်မှာ တစ်နှစ်ကျော်ခန့်ပင် ရှိခဲ့လေပြီ။

ဦးဘအောင် စဉ်းစားမိသည်ကား၊ မယားဆိုသော မိန်းမများသည် ဤအရာ ထိုအရာ စသည်များ၌ စွာချင် စွက်ချင်တတ်သေးသည်။ မတတ် နားမလည်ဘဲလျက် ဩဇာပေးချင်တတ်သေးသည်။ ဝင်ငွေကို စစ်ကြောမေးမြန်း ချင်သေးသည်။ ဤမိန်းမ ထိုမိန်းမများနှင့် မယုံသင်္ကာ စွပ်စွဲချင်တတ်သေးသည်။ အလိုမတူလျှင် စိတ်ကောက်တတ်သေးသည်။ မခင်ကျော့မူကား သွားချင်သော အခါမှ သွား၍ ထားရာ၌ နေရှာပေသည် စသဖြင့် နှစ်သိမ့်ကျေနပ်စွာ ဆင်ခြင် သုံးသပ်မိသည်။

မခင်ကျော့ဘက်မှလည်း လင်ယောကျ်ားဟူသည်မှာ ဤနေရာသို့ မသွား လေနှင့်၊ ထိုနေရာသို့ သွားရမည်၊ ဤသို့မကြိုက်၊ ထိုမှကြိုက်သည်၊ ဘာသည် ညာသည် စသည်များနှင့် တတွတ်တွတ် မြည်တွန်တောက်တီးချင်တတ်သည်။ ယခုမူ ပေးသမျှနှင့် လောက်အောင်သုံးသမျှ ကာလပတ်လုံး အပူအပင်မရှိ။ သူ မရှိသော အချိန်များတွင် တစ်ပါးသော ယောကျ်ားနှင့် မှောက်မှားခြင်း မရှိသေးသမျှ ကာလပတ်လုံး လုပ်ချင်ရာလုပ်၍ နေချင်သလို နေနိုင်သောကြောင့် စိတ်အေးချမ်း၍ အနှောင့်အယှက် ကင်းပေသည်ဟူ၍ပင် စိတ်ကူးမိ၏။ သို့ဖြစ် ရကား ထိုသူနှစ်ယောက်တို့မှာ မိမိတို့၏ အဖြစ်၌ နှစ်သိမ့်ကျေနပ်ခြင်းရှိ၍

mgyoe.com

mgyoe.com

ပြုပြင်ပြောင်းလဲရန်ပင် စိတ်ကူးမထည့်ကြချေ။ ဦးဘအောင်က သနားသည်ဆို၍ ပြောင်းလဲလျှင်သာ ပြောင်းလဲမည်၊ မခင်ကျော့ကမူ ဤကိစ္စအတွက် နားပူနားဆာ လုပ်လိမ့်မည် မဟုတ်ချေ။

*

တစ်နေ့သ၌ ဦးဘအောင်သည် တွံတေးမြို့မှ အမှုတစ်ခုအတွက် ငှားရမ်းသဖြင့် လိုက်သွားရာ၊ အမှုမှာ ၂ ရက်၊ ၃ ရက် ကြာလိမ့်မည် ထင်သဖြင့် မခင်ကျော့အား ထိုရက်အတွင်း မိမိကို မမျှော်လင့်ရန် မှာထားခဲ့၏။ သို့ရာတွင် တွံတေးသို့ ရောက်သောအခါ အမှုမှာ ဖျန်ဖြေစေ့စပ်ခြင်းဖြင့် ပြီးပြတ်သွားလေရကား၊ ဦးဘအောင်မှာ တွံတေးတွင် ဆက်လက်နေထိုင်ရန် မလိုတော့ဘဲ ညနေခင်းသင်္ဘောနှင့် ပြန်လိုက်နိုင်လေပြီ။ သို့သော် မိမိ ပြန်လာမည်ဟု ကြိုတင်သိရခြင်းအားဖြင့် ဝမ်းမြောက်စေမည်ဆိုကာ မခင်ကျော့ထံသို့ ကြေးနန်းတစ်စောင် ပို့လိုက်၏။ သို့ဆိုလျှင် မခင်ကျော့သည် မိမိအား သင်္ဘောဆိပ်မှ လာ၍ ကြိုဆိုလိမ့်မည်ဟု တစ်ထစ်ချယူဆပြီးဖြစ်သောကြောင့် ကြိုဆိုလှည့်ပါ ဆိုသော စကားလုံးကိုပင် ထည့်သွင်း၍ မရိုက်လိုက်တော့ချေ။

သင်္ဘောဦးခန်းအတွင်း၌ ဦးဘအောင်သည် စိတ်ကူးယဉ်လျက် လိုက်ပါလာ၏။ ထိမ်းမြားလက်ထပ်သော သားကြီး မယားကြီးတို့ မည်သည်မှာ တစ်ဦးနှင့်တစ်ဦး မည်မျှ ချစ်ခင်စုံမက်၍ တစ်ယောက်ကိုတစ်ယောက် နားလည်လှပါသည် ဆိုစေကာမူ အတူတကွ နေထိုင်ရခြင်း၏ ပျော်ရွှင်မှုအပြင်၊ တာဝန်ဝတ္တရားများလည်း အမြဲ ပူးတွဲပါလာတော့သည်သာ ဖြစ်သည့်အတွက် အလိုသို့ မလိုက်နိုင်သော ကိစ္စများလည်း အပြန်အလှန် ရှိကြပေမည်။ မခင်ကျော့မှုကား မယားတစ်ယောက်အပေါ်၌ ပိုင်စိုးခြင်းမျိုးလည်း အပြည့်အစုံရှိသည်ပြင် နှစ်သိမ့်အောင် ကြိုးစားရသော တာဝန်မရှိ။ တွေ့ချင်သောအခါသွား၍ နှစ်သိမ့်အောင် ပြုလုပ်ရန်မှာ တစ်ဖက်သတ် တာဝန်ထမ်းပေသည်။ မယားတစ်ယောက်အပေါ်၌ ပိုင်စိုးခြင်းမျိုးနှင့် တွဲဖက်၍ သမီးရည်းစားတို့၏ မရေရာခြင်းမျိုးလည်း ရောစပ်လျက်ရှိရာ၊ ထိုကဲ့သို့ မရေရာ မသေချာခြင်း အတွက်ကြောင့် ချမ်းသာသုခ မလျော့ပေါ့သည့်အပြင်၊ လှသော စွပ်ပြုတ်ဟင်းချိုတွင် ငရုတ်ကောင်း ခတ်ခြင်းကဲ့သို့ ပူရှိန်းရှိန်း အရသာဖြင့် တစ်မျိုးတစ်မည်ပင် ကျေနပ်နှစ်သိမ့်ဖွယ် ကောင်းပါဘိတော့သည် စသည်မျိုးဖြင့် စိတ်ကူးယဉ်ကာ လိုက်ပါလာတော့သည်။

ဦးဘအောင်သည် မိမိတို့ အနေအထိုင်နှင့် ပတ်သက်၍ လုံးဝ အပြစ်မမြင်၊ အချစ်သာဝင်လျက် ရှိ၏။ မမျှော်လင့်ဘဲ ပြန်ရောက်လာခြင်းအတွက် မခင်ကျော့၏ ရွှင်ပြုံးနှစ်သိမ့်သော မျက်နှာကိုသာ တရေးရေး ထင်မြင်လျက် ရှိ၏။ စင်စစ်မှာ သင်္ဘောဆိုက်ကပ်၍ ကမ်းသို့ မျှော်ကြည့်လိုက်လျှင်ပင် ဦးဘအောင်သည် မခင်ကျော့၏ ချိုအေးသော မျက်နှာကြီးကို ဆိပ်ခံသမွန်

mgyoe.com

mgyoe.com

ပေါ်တွင် တွေ့မြင်ရလိမ့်မည်ဟု တွက်ကိန်းထုတ်ထားခဲ့လေပြီ။ သို့သော် သင်္ဘောဆိုက်၍ ဆိပ်ခံပေါ်တွင် ရှိလောက်သော နေရာဆီသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ၊ မခင်ကျော့ကို မမြင်သဖြင့် စိတ်ထဲတွင် နင့်ခနဲ ဖြစ်သွား၏။ "ဘယ့်နှယ်လဲ၊ ဘာကြောင့် လာမကြိုပါလိမ့်၊ ဩော်. . .တန်တော့ ကြေးနန်းမရလို့နဲ့ တူတယ်၊ အစောကြီးက ရိုက်လိုက်တာ ရောက်အောင် မပို့ဘူးတဲ့ဗျာ။ နေနှင့်ဦး၊ စာရေးပြီး တိုင်လိုက်ဦးမယ်၊ တယ်ပေါ့တဲ့ ကြေးနန်းဌာနပဲ" စသည်ဖြင့် စိတ်ထဲက ကြုံးဝါးသေး၏။ (ဤခေတ်၌ သုံးရက်ကြာမှ ကြေးနန်းများ ရောက်တတ်သည်ကို ဦးဘအောင် မကြုံရသေးချေ။)

ဦးဘအောင်သည် ချွေတာရေးသမားတစ်ယောက် ဖြစ်သည့်အတိုင်း၊ တက္ကစီ မခေါ်ဘဲ မြင်းရထားတစ်စီးပေါ်သို့ သားရေသေတ္တာနှင့် အိပ်ရာလိပ်ကို တင်စေ၍ မိမိနေအိမ်သို့ မောင်းလာခဲ့သည်။ ဦးဘအောင်၏ နေအိမ်မှာ ဘုရကင်းလမ်း (ဘိုကလေးဈေးလမ်း) သုံးထပ်တိုက်တစ်တိုက်၏ ဒုတိယအထပ်တွင် ကျယ်ဝန်းသော အခန်းကြီးတစ်ခန်း ဖြစ်၏။ အလုပ်တိုက်မှုကား ဘားလမ်း (မဟာဗန္ဓုလ ပန်းခြံလမ်း)တွင် အခြား ဝတ်လုံတော်တစ်ယောက်နှင့်တွဲ၍ တိုက်ခန်းတစ်ခန်းယူထားသည်။

ဦးဘအောင်မှာ မခင်ကျော့၏ နေအိမ်၌ ထမင်းစားလေ့မရှိဘဲ ညဥ့်အချိန်များတွင်မှ သွားတတ်သူဖြစ်၍ တိုက်ခန်းသို့ ရောက်ပြီးနောက် အစေခံမောင်သန်းကို ဂိုမာနီဟိုတယ်သို့ ထမင်းချိုင့်တစ်ခုနှင့် လွှတ်လိုက်၏။ ဂိုမာနီဟိုတယ်ပိုင်ရှင်သည် ချွေတာရေးသမားအတွက် စနစ်တစ်ခု တီထွင်ထား၏။ လက်မှတ် (ကူပွန်) ပေါင်း ၃၀ ပါသော စာအုပ်ငယ်တစ်ခုကို ငွေ ၃၀ိ နှင့် ရောင်းထားရာ လက်မှတ်တစ်စောင်အတွက် ကြိုက်ရာထမင်းတစ်နပ် စားနိုင်၏။ နေအိမ်မှ လူလွှတ်၍ ယူလျှင်လည်း ရနိုင်လေသည်။

ဦးဘအောင်၏ အစီအစဉ်မှာ ရေချိုး၍ ညစာစားပြီးနောက် တက္ကစီတစ်စီးဖြင့် မခင်ကျော့၏အိမ်သို့ သွားရန်ဖြစ်၏။ သင်္ဘောဆိပ်မှ မြင်းရထားဖြင့် လာခဲ့သော်လည်း မခင်ကျော့၏ အိမ်သို့မူ အရပ်သူ အရပ်သားများ အထင်မသေးရန် တက္ကစီဖြင့် သွားလေ့ရှိ၏။ ထိုခေတ်က အတော်အတန် ဝတ်လုံများမှာ ကိုယ်ပိုင်မော်တော်ကား မစီးနိုင်ကြသေးပေ။ သို့ရာတွင် တယ်လီဖုန်းမှုကား အလုပ်နှင့် ပတ်သက်သောကြောင့် ဝတ်လုံတိုင်းလိုပင် ထားနိုင်ကြသည်။

အစေခံ မောင်သန်းကို ဟိုတယ်သို့ ထမင်းချိုင့်နှင့် စေလွှတ်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ဦးဘအောင်သည် အဝတ်အစားပင် မလဲနိုင်သေးဘဲ မခင်ကျော့ထံသို့ တယ်လီဖုန်း ဆက်လိုက်သည်။ မခင်ကျော့၏ နေအိမ်တွင် တယ်လီဖုန်း ရှိသည်ကားမဟုတ်၊ အနီးအပါး၌ရှိသော ပွဲစားတစ်ယောက်၏ အိမ်တွင် တယ်လီဖုန်း ရှိသည်ဖြစ်၍ မိမိ ပြန်ရောက်ကြောင်းကို မခင်ကျော့သို့

mgyoe.com

ပြောပေးရန် ဖြစ်သည်။ အကြောင်းကိစ္စရှိတိုင်း ဦးဘအောင်နှင့် မခင်ကျော့တို့သည် ပွဲစား၏ တယ်လီဖုန်းဖြင့် အပြန်အလှန် အကြောင်းကြားကြသည်။ ပွဲစားအိမ်မှ အစေခံတစ်ယောက်သည် မခင်ကျော့၏နေအိမ်သို့ သွား၍ခေါ်စဉ် ဦးဘအောင်သည် တယ်လီဖုန်းကို ကိုင်လျက် စောင့်နေ၏။ သို့ရာတွင် အစေခံ ပြန်လာသောအခါ မခင်ကျော့မှာ အခြားမိတ်ဆွေများနှင့်အတူ ဘိုင်စကုပ်သို့ လိုက်သွားနှင့်ဖြစ်သောကြောင့်၊ ဦးဘအောင်မှာ မခင်ကျော့၏ နားသို့ကပ်လျက် ခနိုးခနဲ့ ကျီစယ်မည်ဟု ကြံစည်စိတ်ကူးထားသည့် စကားလုံးကလေးများမှာ ပြောခွင့်မရသည့်အတွက် စိတ်ပျက်စွာနှင့် တယ်လီဖုန်းကို ပြန်ချထားလိုက်ရသည်။ ဘိုင်စကုပ်သို့ လိုက်သွားမည်ဆိုလျှင် ၉ နာရီကျော်လောက်မှ ပြန်ရောက်မည်ဖြစ်ရာ ယခုမှ ၇ နာရီပင် မထိုးသေးသောကြောင့် အကြာကြီး စောင့်ရဦးမည်ဟု ဦးဘအောင် သက်ပြင်းချမိသည်။

လူတို့မည်သည် မိမိတို့ အလိုဆန္ဒ မပြည့်ဝသော အခါများတွင် သူတစ်ပါးကို အပြစ်ဖို့တတ်သော သဘာဝရှိ၏။ ဦးဘအောင်မှာလည်း မိမိပြန်လာမည်ကို မသိသောကြောင့် မခင်ကျော့ ထွက်သွားမိခြင်း ဖြစ်ပါလျက် "အဆင်သင့် စောင့်မျှော်မနေကောင်းသလေ"ဟု မခင်ကျော့အပေါ်တွင် စိတ်ဆိုးချင်သေးသည်။ သို့ဖြစ်၍ ရေချိုးပြီးနောက် ဂိုမာရီဟိုတယ်မှ မောင်သန်းယူလာခဲ့သော ညစာကို ဦးဘအောင် စားသောက်ရာတွင် ဘယ်ဟာမျှ ကောင်းသည် မထင်ဘဲ တဖျစ်တောက်တောက် ညည်းတွားသည်နှင့် မောင်သန်းမှာ ချောင်ကုပ်၍ ထိုင်နေရတော့သည်။

ထမင်းစားသောက်ပြီးသောအခါ၌ ၇ နာရီခွဲမျှ ရှိသေးပေရာ ဦးဘအောင်သည် ၉ နာရီလောက်မှ တက္ကစီဖြင့်သွားမည်ဟု သတ်မှတ်ထားသောကြောင့် အချိန်တစ်နာရီခွဲကျော်မျှ စောင့်ရန်ရှိသေး၏။ ဤမျှသောအချိန်ကို မည်သို့ ကုန်လွန်စေအံ့နည်း။ အခြားနေ့များ၌ ဦးဘအောင်သည် မခင်ကျော့၏ အိမ်သို့ သွားမည် မကြံခဲ့လျှင် အမှုတွဲများ ဖတ်ရှုပြင်ဆင်ခြင်း၊ သတင်းစာသို့မဟုတ် ဝတ္ထုစာအုပ်များ ဖတ်ရှုခြင်းဖြင့် ဖျော်ဖြေလေ့ရှိ၏။ ဤညဉ့်၌ ရန်ကုန်သို့ ရောက်လျှင်ရောက်ချင်း မခင်ကျော့နှင့် တွေ့ဆုံမည်ဟု ကြံစည်ဆုံးဖြတ်ထားခဲ့ခြင်းကြောင့် အလိုမပြည့်သည်ကို ဒေါပွသည်နှင့် စာလည်း မဖတ်နိုင်၊ အမှုတွဲလည်း မကြည့်နိုင်၊ ဂနာမငြိမ်သောစိတ်ဖြင့် ဖင်တကြွကြွ ဖြစ်နေလေတော့သည်။

သတင်းစာကို ပစ်ချ၍ ပက်လက်ကုလားထိုင်ပေါ်တွင် ပက်လက်လှန်လျက် မခင်ကျော့နှင့် ရုတ်တရက် မတွေ့ရခြင်းအတွက် အဘယ်မျှလောက် စိတ်ဒုက္ခ ရောက်ရပုံများကို မခင်ကျော့အား လွမ်းလောက်အောင် ပြောပြမည်ဟု စကားလုံးများ ရွေးချယ်ပြီးနောက်၊ စားပွဲတင်နာရီကို လှမ်းကြည့်လိုက်ရာ

mgyoe.com

mgyoe.com

အံ့အားသင့်သွား၏။ အဘယ်ကြောင့်ဆိုသော် မိမိက နာရီဝက်ထက်မနည်း အချိန်ကြာလောက်ပြီဟု ခန့်မှန်းပါလျက် ၁၀ မိနစ်မျှသာ ကြာသေးသည်ဟု နာရီလက်တံက ဖော်ပြနေသောကြောင့်ပေတည်း။

မခင်ကျော့နှင့် ပေါင်းသင်းဆက်ဆံခဲ့သည့် တစ်နှစ်ကျော်ခန့် အချိန်ကာလအတွင်း မခင်ကျော့ကို တွေ့ချင်မြင်ချင်သော အာသာဆန္ဒသည် ဤညကဲ့သို့ ပြင်းထန်ခဲ့ဖူးသည်မရှိဟု ဦးဘအောင် ထင်မိ၏။ တွေ့ရလျှင် ဆူလိုက်မည်၊ မခင်ကျော့၏ ထုချေလွှာကို လက်မခံ၊ မိမိအား မည်မျှပင် ချော့မော့သော်လည်း မိမိက မပျော့၊ နောက်ဆုံးတွင် မခင်ကျော့ ငိုရမှ မိမိက ချော့တန် ချော့ယူမည် စသည်ဖြင့် စိတ်ကူးယဉ်သော အလှည့်များလည်းရှိ၏။ တစ်ခါတစ်ရံတွင်လည်း တစ်နှစ်ကျော် အချိန်အတွင်း၌ ဤအဝတ်ကလေး လိုချင်သည်၊ ထိုအိမ်မျိုး နေချင်သည်၊ လက်ကောက် အဆန်းကလေး ဝတ်ချင်သည် စသည်ဖြင့် အချို့သော မယားငယ်များကဲ့သို့ နားမပူရှာ။ မိမိထားရာတွင်နေ၍ မိမိလာတိုင်း ရွှင်ပျသော မျက်နှာထားဖြင့် အမောအပန်း ပြေပျောက်လောက်အောင် ဖျော်ဖြေရှာပေသည် စသည်များဖြင့် ကျေးဇူးတင်စရာ ရာမိလေသည်။ မည်သို့သော စိတ်ကူးမျိုး ပေါ်ပေါက်လာ၍ မည်သည့် အခြေအနေ၌ ရှိနေစေကာမူ၊ မခင်ကျော့ကို ယခု ချက်ချင်းလက်ငင်း တွေ့ချင်လှပြီဟူသော အာသာဆန္ဒသည်ကား အများဆုံး လွှမ်းမိုးလျက် ရှိတော့သည်။

ထိုင်ရာမှထ၍ စင်္ကြံလျှောက်ခြင်း၊ ပြတင်းပေါက်မှ လမ်းပေါ်သို့ မျှော်ကြည့်ခြင်း၊ အဝတ်အစားကို အဖန်ဖန် လဲလှယ်ဆင်မြန်းခြင်း၊ ဖြီးပြီးသော ဘိုကေကို အကြိမ်ကြိမ် အထပ်ထပ် သပ်ရပ်စွာဖြီးခြင်း၊ မှန်ထဲ၌ မိမိ၏ အရိပ်ကို အဖန်တလဲလဲကြည့်ခြင်း၊ စီးကရက်တစ်လိပ်ပြီးတစ်လိပ် ညှိသောက်၍ မကုန်မီ ပစ်လွှင့်ခြင်း၊ ဤစာအုပ် ထိုစာအုပ်တို့ကို လှန်လှောခြင်း၊ ထချည် ထိုင်ချည် ပြုလုပ်ခြင်း အစရှိသည့် မစောင့်ချင်ဘဲလျက် စောင့်နေရသောသူတို့ ပြုလုပ်လေ့ရှိသော အပြုအမူများကို တစ်လှည့်စီ ပြုလုပ်ခဲ့သဖြင့်၊ နောက်ဆုံးတွင် ၉ နာရီထိုးလတ်သော် ဦးဘအောင်သည် သွားရန် အချိန်နီးပြီဆိုကာ တုတ်ကောက်ကို လှမ်းယူလိုက်သည်။

ဦးဘအောင်၏ တိုက်ခန်းမှာ အကန့်သုံးကန့်ရှိ၍ လှေကားမှ တက်လာသည့် ပထမအကန့်မှာ ဧည့်ခန်း၊ ဒုတိယအကန့်မှာ အိပ်ခန်း၊ နောက်ဖေးအကန့်မှာ ထမင်းစားခန်းဖြစ်ရာ ထိုအချိန်တွင် ဦးဘအောင်သည် ထမင်းစားခန်းတွင် ရှိနေ၏။ ထိုအကန့်မှာ ချက်ပြုတ်ရန် မီးဖိုမထားသောကြောင့် အတော်အတန် ကျယ်ဝန်း၍၊ ပက်လက်ကုလားထိုင်နှင့် အဝတ်အစားထည့်သော မတ်တတ်ဗီရို စသည်တို့နှင့်တကွ အိမ်ထောင်မှု အတော်များပြားသည်။ အိမ်ရှေ့ခန်းမှာ ဧည့်ခန်းသက်သက်လုပ်ထား၍ အလုပ်လုပ်သော စားပွဲပင် နောက်ဖေးဆောင်၌

mgyoe.com

mgyရှိနေလေသည်။

ဦးဘအောင်သည် တုတ်ကောက်ကို လှမ်းယူလိုက်သည်နှင့် တစ်ပြိုင်နက် မောင်သန်းသည် အိပ်ခန်းမှဖြတ်၍ ထွက်လာပြီးလျှင် အိမ်ရှေ့၌ ဧည့်သည် တစ်ယောက် ရောက်နေကြောင်း၊ မိမိက ဆရာမရှိဟု ပြောသော်လည်း မရ၊ အတင်းထိုင်လျက် စောင့်နေကြောင်း ပြောပြလေသည်။

အောင်။ ။"တယ် ခွကျတဲ့ကောင်ကိုးကွ၊ ငါ သွားစရာရှိတာ မင်း မသိဘူးလား"

သန်း။ ။"သိတယ် ဆရာ၊ ကျွန်တော် ပြောတယ် မရဘူး။ ကိစ္စ အရေးကြီးလို့ပါတဲ့။ ဆရာနဲ့ မတွေ့ရရင် မဖြစ်ဘူးတဲ့ ဆရာ"

အောင်။ ။"ခက်မှ ခက်ရပလေကွယ်၊ ဘယ်သူလဲကွယ့်၊ ငါတို့သိတဲ့ လူထဲကလား"

သန်း။ ။"မဟုတ်ဘူး ဆရာ၊ ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး"

ဦးဘအောင်သည် နာရီကြည့်လိုက်ရာ ၉ နာရီ ၅ မိနစ် ရှိနေလေပြီ။ ထိုနောက် မောင်သန်းကို ကြည့်လိုက်ပြန်ရာ ကတုန်ကယင် ဖြစ်နေသည်ကို မြင်သည်နှင့်. . .

အောင်။ ။"ဟကောင် ဘာဖြစ်တာလဲ"

သန်း။ ။"ဘာမှ မဖြစ်ပါဘူး ဆရာ"

အောင်။ ။"ဘာမှ မဖြစ်ဘူးသာ ဆိုတယ်၊ မင်း မျက်နှာက သွေး မရှိသလိုပါကလား"

သန်း။ ။"ဘာကြောင့်မှန်း မသိပေါင် ဆရာ၊ ဟိုလူကို တွန်းထုတ် မယ်လုပ်တော့ ဟိုလူက ကျွန်တော့် လှည့်ကြည့်လိုက်တဲ့ မျက်နှာထားဟာ ကျွန်တော့်ကို လန့်သွားတာပဲ ဆရာ"

အောင်။ ။"ဘယ်ပုံ ကြည့်လို့လဲကွယ့်၊ မောင်သန်းရဲ့"

သန်း။ ။"သူ့ပခုံးကို ကိုင်တွန်းမယ်လို့ လုပ်တော့၊ မင်းလိုကောင် ကလား ငါ့ကို ကိုင်လား တွယ်လား လုပ်ဝံ့မှာ၊ ရဲရင် ထိကြည့်စမ်းဆိုတဲ့ မျက်နှာထားမျိုးနဲ့ ကြည့်တယ်ဆရာ၊ ပါးစပ်ကတော့ ပြောတာ မဟုတ်ဘူး၊ သူ့မျက်လုံး မြင်ရတာနဲ့ ဒီအဓိပ္ပာယ်မျိုး နားလည်ပြီး လှမ်းမယ်လုပ်တဲ့ လက်ကို ပြန်ပြီး ရုပ်လိုက်မိတယ် ဆရာ"

အောင်။ ။"ဘယ်လိုလူမို့လဲ မောင်သန်းရယ်၊ ဘုရင်ခံလောက် ခံ့နေလို့လား"

သန်း။ ။"ခံ့လို့ မဟုတ်ဘူး ဆရာ၊ ကြောက်စရာကောင်းတာ သက်သက်ပဲ"

အောင်။ ။'ထတ်တေရီ'ဟု ဘိုဆန်ဆန် ငေါက်ပစ်လိုက်သည်။

mgyoe.com

mgyoe.com

နောက်ဆုံး၌ ဦးဘအောင်သည် မတွေ့လျှင် မပြီးသောပုဂ္ဂိုလ် ဖြစ်ခဲ့လျှင် အချိန်အတိုဆုံး ပြီးပြတ်အောင် လုပ်တော့မည့်အကြံနှင့် အိပ်ခန်းကို ဖြတ်၍ ဧည့်ခန်းသို့ ထွက်လာလေသည်။

*

ဦးဘအောင်၏ ဧည့်ခန်း၌ ပန်ကာအောက်တွင် တပ်ထားသော မီးလုံးများအပြင် စားပွဲတွင် ဓာတ်မီးတစ်လုံးလည်းရှိရာ၊ ဦးဘအောင် ထွက်လာသော အချိန်တွင် ပန်ကာဓာတ်မီးလုံးများ ငြိမ်းလျက် စားပွဲတင်မီးလုံး တစ်ခုတည်းသာ ထွန်းတောက်လျက် ရှိသည်။ ထိုဓာတ်မီးရောင်သည် ဥပဒေစာအုပ်များ ထည့်ထားသည့် မှန်ဗီရိုနှစ်လုံးအကြားသို့ မရောက်နိုင်ဘဲရှိရာ၊ လူတစ်ယောက်သည် ဗီရိုနှစ်လုံးအကြားတွင် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လျက်ရှိသောကြောင့် သူ၏မျက်နှာမှာ မှောင်ရိပ်ကျလျက် ထင်ရှားပီသစွာ မမြင်ရဘဲ ရှိနေတော့သည်။ မိုးဥတုရာသီဖြစ်၍ ထိုသူသည် မိုးကာအင်္ကျီကို ဝတ်လျက်ရှိရာ၊ ထိုအချိန်တွင် မိုးရွာဆဲ မဟုတ်သော်လည်း ထိုသူ၏ မိုးကာအင်္ကျီသည် ရေများ စွတ်စိုနေဟန်ဖြင့် မီးရောင်တွင် ပစ္စည်းတစ်စုံတစ်ခု ထိုးထည့်ထားသည့် လက္ခဏာနှင့် ရှေ့ပိုင်းတွင် ခပ်ဖောင်းဖောင်း ရှိနေလေ၏။

ဦးဘအောင်သည် ဧည့်ခန်းသို့ ထွက်လာ၍ မမျှော်လင့်သော နေရာတွင် ထိုင်လျက်ရှိသည့် ထိုလူ၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ၊ ရှေးဦးစွာ သတိပြုမိသော အခြင်းအရာသည်ကား ထိုလူ၏ မျက်လုံးများပေတည်း။ စုတ်ဖွားဖွားရှိသော မျက်ခုံးများအောက်၌ နက်လှစွာသော မျက်တွင်းချိုင့်ကြီးများထဲမှ တလက်လက် တောက်ပနေသော အလုံးနှစ်လုံးသည် မျက်လုံးများ ဖြစ်တန်ရာသည်ဟူ၍သာ ခန့်မှန်းရ၏။ မျက်လုံးအိမ်များ၌ အဖြူပိုင်း၊ အနက်ပိုင်း ဟူ၍ကား သဲကွဲစွာ မမြင်နိုင်ချေ။ အနက်ချည်း သက်သက်ဖြစ်လျှင်လည်း ဖြစ်နိုင်လောက်ပေသည်။

ဦးဘအောင်၏ ရှေးဦးစွာ ပြုလုပ်လိုသောဆန္ဒမှာ ထင်ရှားစွာ မြင်ရစေခြင်းငှာ၊ ပန်ကာ ဓာတ်လုံးခလုတ်ကို ဖွင့်ပေးရန် ဖြစ်၏။ သို့ရာတွင် ဗီရိုနှစ်လုံးအကြား၌ ထိုင်လျက်ရှိသော ဧည့်သည်သည် ဦးဘအောင်၏ အကြံကို ရိပ်မိသည့် လက္ခဏာနှင့် လက်ပြလိုက်ရာတွင်၊ ဦးဘအောင်မှာ ကြံရွယ်သည့် အတိုင်း မလုပ်ဘဲ နေလိုက်ရတော့သည်။ သို့ဖြစ်၍ ဦးဘအောင်သည် ထိုလူနှင့် မျက်နှာချင်းဆိုင်စေရန် ကုလားထိုင်တစ်လုံးကို ဆွဲယူခင်းပြီးနောက် ကိစ္စကို မေးမည်ဟု ကြံစည်ဆဲတွင်. . .

အောင်။ ။"ဝတ်လုံတော်ရ ဦးဘအောင် ဟုတ်လား ခင်ဗျာ"

ဦးဘအောင်သည် ထိုအသံကို ကြားလိုက်ရသောအခါတွင် အသံ၏ ထူးခြားခြင်းကြောင့် အံ့အားသင့်သွား၏။ ဤအသံမျိုးကို ကြားဖူးပါသည်

mgyoe.com

mgyoe.com

ဟူ၍လည်း ဦးဘအောင် စဉ်းစားမိ၏။ စဉ်းစားမိပုံကား အင်းလျားကန်ထဲ ရေချိုးဖူး၍ ရေငုပ်လျက်ရှိစဉ် အပေါင်းအဖော်များက ရေမျက်နှာပြင် အထက်မှ စကားပြောကြသည့် အသံများသည် ရေအောက်၌ရှိသော မိမိ၏ နားထဲသို့ သဲ့သဲ့ကလေး ဝင်လာဖူးခြင်းနှင့် တူလှသည်ဟု သတိရမိ၏။ ထိုသူသည် မိမိနှင့် နှစ်ကိုက်၊ သုံးကိုက်အတွင်း၌ ထိုင်နေပါလျက် ထိုသူ၏ အသံသည် အဝေးကြီးမှလာသော အသံကဲ့သို့ သဲ့သဲ့မျှသာ ကြားရသည် ထင်မိသည်။ သို့ဖြစ်၍ ဦးဘအောင်က "ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ အချိန်မဲ့ကြီးမှာ သူတစ်ပါးအိမ်ထဲ အတင်းဝင်ပြီး အတင်းတွေ့ခြင်းအတွက် အကြောင်း လုံလောက်အောင် ပြနိုင်ရင်ပြ၊ မပြနိုင်ရင်တော့ ပုလိပ်လက် အပ်လိုက်ရမယ်" ဟု ပြန်ပြောလိုက်မည် ကြံစည်ပါသော်လည်း၊ အံ့သြခြင်းသည် ဒေါသကို မောင်းထုတ်လိုက်ခြင်းကြောင့် 'ဟုတ်ပါတယ်'ဟူ၍သာ ပြန်ပြောဖြစ်တော့သည်။ ထို့နောက် ထိုသူ၏ ရုတ်တရက် ဆက်လက်၍ မပြောသေးသည်နှင့် ဦးဘ အောင်က 'ဘယ်လို ကိစ္စပါလဲ'ဟု မေးလိုက်နိုင်သည်။

သူ။ ။"ကိစ္စကတော့ အကြံညဏ် တောင်းချင်လို့ပါပဲ"ဟု ဖြည်းဖြည်းသက်သာ ပြောသော်လည်း သူ၏ အမူအရာမှာ အရေးကြီးကြောင်း ဖော်ပြလျက် ရှိသောကြောင့် ဦးဘအောင်သည် ငြင်းဆန်ရန် မတတ်နိုင်ဘဲ 'ကောင်းပြီ. . .ဒါဖြင့် မြန်မြန်ပြောဗျာ၊ ၁၀ မိနစ် အချိန်ပေးနိုင်တယ်"ဟု ဆိုကာ လက်ပတ်နာရီကို ကြည့်လေသည်။ သို့ရာတွင် ဦးဘအောင်၏ စိတ်ထဲ၌မူ မရေမရာသော တုန်လှုပ်ခြင်းဖြစ်မိ၍ အသံတစ်သံကလည်း "သတိထားနော်၊ ရိုးရိုးသားသား မဟုတ်ဘူး၊ သတိထား"ဟု ပြောသလိုလို (ကိုယ်စောင့်နတ်က ပြောသလိုလို) ကြားနေရသည်။

ထိုအတောအတွင်း၌ ထိုသူသည် စကားပြောတော့မည်ကဲ့သို့ ဟန်ပြင် ပြီးမှ မပြောသေးဘဲ ဦးဘအောင်ကို ငေးကြည့်နေပြန်ရာ ဦးဘအောင်မှာ ကုလား ထိုင်ပေါ်တွင် ဖင်တကြွကြွ ဖြစ်နေရာမှ ထိုသူကို တိုက်တွန်းမည်ဟု ထပ်လောင်း ကြည့်ရှုလိုက်သည်တွင် ဤလူကို မြင်ဖူးပါသည်ဟု စိတ်ထဲ၌ မှတ်ထင်မိသည်။ သို့သော် မည်သည့်နေရာတွင် မည်သည့်အချိန်ကာလ၌ တွေ့မြင်ဖူးသည် ဟူ၍ မူကား သတိဖော်၍ မရနိုင်ချေ။

အောင်။ ။"ကိုင်း. . .ပြောမှာဖြင့် ပြောလေဗျာ၊ တစ်မိနစ်သွားပြီ၊ ကိုးမိနစ် ကျန်တော့တယ်"

သူ။ ။"ခင်ဗျား ဦးဘအောင် ဟုတ်ကဲ့နော်၊ ဟိုတစ်နှစ်တုန်းက စိန်စားသေတဲ့ မိန်းမအမှုမှာ ရှေ့နေလိုက်တဲ့ ဝတ်လုံတော်ရ ဟုတ်ရဲ့လား"

ဦးဘအောင်လည်း စိတ်တိုတိုနှင့် ဦးခေါင်းကိုသာ ညိတ်ပြ၏။ စိတ်တို ခြင်းမှာ အချိန်ကြောင့်သာမဟုတ်၊ မည်သည့်နေရာ၌ မြင်ဖူးပါသနည်းဟု

mgyoe.com

mgyoe.com
ဖော်ထုတ်ရန်အတွက် ထိုလူ၏ မျက်နှာကို သေချာစွာ ကြည့်ရာတွင် ထင်ရှား ပီသစွာ မမြင်ရဘဲ၊ ကြာကြာကြည့်လေလေ ရေးတေးတေးနှင့် မပီမသ မသဲ မကွဲ ဖြစ်သွားသောကြောင့် ဖြစ်သည်။ ပမာဆိုသော် ရော်တော်တော်ဖြစ်နေသော စက္ကူပေါ်တွင် နက်လည်းမနက်၊ မည်းလည်းမမည်း၊ ပီသသောအရောင်မရှိသည့် ဆေးမင်ဖြင့် ရေးခြယ်ထားသည့် ရုပ်ပုံကို ကြည့်ရခြင်းကဲ့သို့ ရှိနေတော့သည်။ တစ်နည်းဆိုသော် သွေးသားဖြင့်မဟုတ်ဘဲ ဓာတ်ငွေ့ဖြင့်လုပ်ထားသော မျက်နှာ ကဲ့သို့ မရေမရာရှိတော့သည်။ အလင်းရောင် အားနည်းသောကြောင့်ကားမဟုတ်။ ထိုအချိန်တွင် ဦးဘအောင်သည် မျက်လုံးကျင့်သားရပြီဖြစ်၍ ဤမှူမက မှေးမှိန် သော အရာဝတ္ထုကိုပင် မြင်စွမ်းနိုင်လေပြီ။ သို့သော် ဤလူ၏ မျက်နှာကိုမူ အဘယ့်ကြောင့် ပီပီသသ မမြင်နိုင်ဘဲ ရှိရသည် မပြောတတ်ချေ။

အောင်။ ။"ပြောတော့လေဗျာ၊ ရှစ်မိနစ် ကျန်တော့တယ်"

သူ။ ။"ဟုတ်ကဲ့ ခင်ဗျာ၊ ပြောပါ့မယ်၊ အို. . .ဘယ့်နှာလဲ၊ ဒါကြီးက တရှူးရှူးနဲ့ ဘာဖြစ်တာလဲ"ဟု ဆိုကာ မိုးကာအင်္ကျီအောက်သို့ ထိုးထည့်ထားသော ပစ္စည်းတစ်ခုကို အပြင်သို့ ဆွဲထုတ်ပြီးလျှင် အနီးရှိ စားပွဲကလေးပေါ်၌ တင်ထားလိုက်သည်။ ထိုပစ္စည်းမှာ အခြားမဟုတ်၊ မောင့် ကျက်သရေခေါင်းပေါ် ထည့်သည့် ဝမ်းဘဲဥပုံ စက္ကူသေတ္တာတစ်လုံးဖြစ်ရာ၊ ဦးဘအောင်မှာ မည်သို့သော အကြောင်းကြောင့်မသိ၊ သေတ္တာကို မြင်ရသော အခါ၌ လန့်သွား၏။ လန့်မည်ဆိုလျှင်လည်း လန့်လောက်ပေသည်။ အဘယ် ကြောင့်ဆိုသော် မိုးကာအင်္ကျီအောက်၌ရှိစဉ် ထိုလူ၏ ဝမ်းဗိုက်ထဲမှ တရှူးရှူး မြည်နေသည်ဟု ဦးဘအောင် ထင်မိရာမှ၊ အပြင်သို့ထုတ်၍ စားပွဲပေါ်သို့ တင်ထားလိုက်သောအခါတွင် ထိုလူ၏ ဝမ်းဗိုက်ထဲမှအသံ မဟုတ်ဘဲ စက္ကူ သေတ္တာထဲမှ မြည်နေသည်ဟု ထင်ရသောကြောင့်ပေတည်း။ စက္ကူသေတ္တာသည် စားပွဲပေါ်၌ ရှိနေဆဲ၌ပင် ဖောင်းချည်ပိန်ချည်ဖြစ်၍ တရှူးရှူး မြည်နေသည်ဟု ဦးဘအောင် ထင်မိလေသည်။

သူ။ ။"အကြံဉာဏ်တောင်းချင်တာက ဒီလိုပါ ခင်ဗျာ"ဟု စကား ပလ္လင်ခံလျက်ရှိစဉ်၊ ဦးဘအောင်သည် ထိုလူ၏ ပြောစကားသံထက် စက္ကူ သေတ္တာက အသက်ရှူသကဲ့သို့ တရှူးရှူးမြည်သော အသံက ပိုမို ကျယ်လောင် သည်ဟု မှတ်ထင်မိသည်။

အောင်။ ။"ဘာတဲ့ဗျာ"

သူ။ ။"ကျွန်တော် တောင်းချင်တဲ့ အကြံဉာဏ်ဟာက တခြား ကြောင့် မဟုတ်ပါဘူး"

အောင်။ ။"ဘာကြောင့်လဲဗျ၊ ဘာကိစ္စလဲ"

သူ။ ။"ကိစ္စကတော့ ဒီလိုပါ ခင်ဗျာ၊ ကျွန်တော် လူသတ်မှု

mgyoe.com

mgyoe.com

ဖြစ်လာခဲ့ပါတယ်"

ဦးဘအောင်မှာ ထိုလူကို မြင်ကတည်းက အံ့သြဖို့ ပြင်ဆင်ထားပြီး သကဲ့သို့ ရှိနေသောကြောင့်၊ မြစ်ထဲကငါးတွေ ကုန်းပေါ် ခုန်တက်လာကြသည် ဟူ၍ ပြောစေကာမူလည်း အထူးတလည် အံ့သြတော့မည် မဟုတ်ချေ။ သို့ဖြစ်၍ လူသတ်လာခဲ့သည်ဟု ပြောသောအခါတွင်လည်း မအံ့သြ။ ရှေ့သို့လည်း ဆက်လက်၍ မပြောဘဲ စက္ကူသေတ္တာကို တစ်လှည့်စီ ကြည့်နေမိတော့သည်။ စက္ကူသေတ္တာမှာ ဖောင်းချည်၊ ပိန်ချည်ဖြစ်လျက် တရှူးရှူး မြည်နေတော့သည်။ ဤတွင် ထိုလူက 'ဘာလာရှုပ်နေတာလဲ'ဟု ပြောလျက် စက္ကူသေတ္တာကို လက်ဖြင့် ဖိလိုက်ရာ ဖောင်းပိန်ခြင်းလည်းမပြု၊ ရှူးရှူးလည်း မပြုတော့ဘဲ ငြိမ်သွားတော့သည်။ သို့ရာတွင် နောက်တစ်ခဏ၌ မြည်မြဲတိုင်းမြည်၍ ဖောင်းပိန်မြဲတိုင်း ဖောင်းပိန်ပြန်သည်ဟု ဦးဘအောင် ထင်ရသည်။ ထိုနောက် ထိုသူကလည်း စကားမပြော၊ ဦးဘအောင်ကလည်း စကားမပြော၊ မျက်နှာချင်းဆိုင်ကာ တိတ်ဆိတ်စွာ ထိုင်နေကြပြန်ရာ ဦးဘအောင်၏ စိတ်ထဲ၌ စကားမပြောစတမ်း ယှဉ်ပြိုင်သော ဤပွဲတွင် မိမိက အနိုင်ရစေရမည်ဟူသော အကြံအစည် ပေါ်ပေါက်လာလေပြီ။ အမှန်မှာ ဦးဘအောင်ကပင် အနိုင်ရ၏။ ထိုသူသည် ဆက်လက်၍ တိတ်ဆိတ် နေရန် မတတ်နိုင်တော့သည့် လက္ခဏာနှင့် စကားစလိုက်ရာ ဦးဘအောင်က နားစွင့်လိုက်သည်။

သူ။ ။"ကျွန်တော် လူသတ်မှု ဖြစ်လာခဲ့တဲ့ ကိစ္စမှာ ဝတ်လုံတော်ရမင်းက ဘယ်လို အကြံဉာဏ်များ ပေးလိုပါသလဲ ခင်ဗျာ၊ ကျွန်တော့်မှာတော့ လူနဲ့သူနဲ့ အဆက်ဝေးနေတာ ကြာခဲ့ပြီမို့ . . ."

ထိုနောက် ထိုလူသည် မိမိ၏ အတ္ထုပ္ပတ္တိကို ဆက်လက်ပြောပြရာတွင် ငါးပိကုန်သည်တစ်ဦးဖြစ်ကြောင်း၊ ပင်လယ်ဝတွင် ၎က်လှေကြီးကို သင်္ဘောတိုက်မိ၍ လူ ၂၀ ကျော် ပျောက်ဆုံးသည့်အထဲတွင် မိမိ အပါအဝင် ဖြစ်ခဲ့ကြောင်း၊ အခက်အခဲအမျိုးမျိုး ကျော်လွှန်ပြီး အိမ်ပြန်ရောက်လာတော့ . . .

အောင်။ ။"လုပ်စမ်းပါဦးဗျ၊ ခင်ဗျားသေတ္တာက တရှူးရှူး လုပ်နေပြန်ပါပြီ"

ထိုလူ စကားပြောနေခိုက်အတွင်း၌ မောင့်ကျက်သရေ ခေါင်းပေါင်းသေတ္တာသည် ဖောင်းချည် ပိန်ချည်လုပ်ရင်း ဖောင်းသောအခိုက်၌ ဘောလုံးကြီးလောက်၊ ပိန်သောအခါ၌ လက်သီးဆုပ်လောက်တိုင်အောင် ကြီးချည်ငယ်ချည် ဖြစ်ရုံသာမက၊ ရှူးရှူးမြည်သော အသံမှာလည်း စကားပြောသံကိုပင် လွှမ်းမိုးမတတ် မြည်ဟိန်းလာလေပြီ။ ဦးဘအောင်၏ တောင်းပန်ချက်ကြောင့် ထိုသူသည် စက္ကူသေတ္တာကိုယူ၍ စားပွဲကလေးအောက်သို့ ထိုးထည့်ထား လိုက်ရာ၊ ထိုအချိန်မှစ၍ ရှူးရှူးမြည်သော အသံကို ဦးဘအောင် မကြားရ

mgyoe.com

mတော့ချေ။c o m

ထိုသူ၏စကားအဆုံး၌ ဦးဘအောင်သည် ထိုင်ရာမှ ထလျက်. . .

အောင်။ ။"ကိုင်း. . .အကြံဉာဏ်တောင်းရအောင် လာတယ်ဆိုတော့ ကျုပ်က အကြံဉာဏ် ပေးရတော့မှာပေါ့။ ကြိုက်ရင်လည်းယူ၊ မကြိုက်ရင်လည်း နေပေါ့၊ နောက်ထပ်ပြီး မမေးနဲ့၊ တိုတိုတုတ်တုတ် ကျုပ် ပြောပြမယ်၊ နားထောင်၊ ခုချက်ချင်း ဌာနကိုသွားပြီး အဖြစ်အပျက်ကို အလုံးစုံ ပြောပြချေ။ ခင်ဗျားကို ချုပ်တော့ ချုပ်ထားမှာ မဟုတ်ပါဘူး။ ဒီလမ်းကတော့ မရှောင်သာဘူး၊ သို့သော် ခင်ဗျား ဘာလုပ်ချင်သလဲလို့ သူတို့က မေးလိမ့်မယ်၊ မေးတဲ့အခါကျတော့ ကျုပ်ကို တွေ့ချင်ပါတယ်လို့ပြော၊ သူတို့က ကျုပ်ကို ခေါ်လိမ့်မယ်။ ဒီတော့မှ ကျုပ် လာပြီး ဘယ်လိုလုပ်ကြမယ်ဆိုတာ စီစဉ်ကြတာပေါ့. . .နားလည်လား"

သူ။ ။"ကောင်းပါပြီ ခင်ဗျာ"

ထိုနောက် ထိုသူသည် တစ်ခွန်းတစ်ပါဒမှ မပြောဘဲ ထိုင်ရာမှထ၍ လှေကားမှ ဆင်းသွားလေရာ၊ ဦးဘအောင်မှာ မခင်ကျော့၏အိမ်သို့ သွားရန် ကိစ္စကိုပင် ရုတ်တရက် သတိမရဘဲ၊ လှေကားမှ ဆင်းသွားပုံ၊ လမ်းပေါ်သို့ရောက်၍ လျှောက်သွားပုံ စသည်များကို မျက်စိထဲ၌ ရေးရေးမြင်လျက် မြစ်ဘက်သို့ ချိုးလှည့်သွားခြင်းကိုပင် ကွင်းကွင်းကွက်ကွက် ထင်ထင်ရှားရှားကြီး မြင်မိလေတော့သည်။

အနည်းဆုံး အချိန် နှစ်မိနစ်ခန့် ကြာသောအခါမှ ဦးဘအောင်သည် မခင်ကျော့ထံသို့ သွားရန်ကိစ္စကို သတိရ၍၊ မောင်သန်းအား တက္ကစီတစ်စီး ခေါ်ခဲ့ရန် လွှတ်ပြီးလျှင် ဦးထုပ်နှင့် တုတ်ကောက်တို့ကို ကောက်ယူလေသည်။ နာရီကို ကြည့်လိုက်သောအခါ ၉ နာရီခွဲပြီးပြီဖြစ်၍ မခင်ကျော့နှင့် အတူနေရမည့် အချိန်ထဲမှ အနည်းဆုံး နာရီတစ်ဝက်ခန့် ပုပ်သွားလေပြီဟု အောက်မေ့သည်နှင့် ဦးဘအောင် နှမြောမိသေးသည်။ မခင်ကျော့မှာလည်း မိမိ ပြန်လာကြောင်းကို ပွဲစားအိမ်မှာ ကြားနှင့်လောက်ပြီဖြစ်၍ မိမိအား စောင့်မျှော်နေရှာလိမ့်မည်ဟု စဉ်းစားမိသည်။

ဦးဘအောင်သည် မောင်သန်း ခေါ်လာမည့် တက္ကစီကို စောင့်မျှော်ရင်း အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်လျက်ရှိစဉ်၊ ထိုလူ ထိုင်ခဲ့ဖူးသည့် ကုလားထိုင် အနီးရှိ စားပွဲကလေးသို့ ရောက်သောအခါ လုံချည်စကို ဆွဲဆောင့်လိုက်သလိုလို ထင်မိသည်နှင့် လှည့်ကြည့်လိုက်သည်တွင်မှ စက္ကူသေတ္တာကို မြင်လေတော့သည်။ ပထမ၌ ဦးဘအောင်သည် စက္ကူသေတ္တာ၏ ထူးခြားသော အခြင်းအရာကို သတိမရဘဲ "ထိုလူ မေ့ထားခဲ့လေပြီ" ဟူ၍သာ သတိရ၍ ဟစ်ခေါ်မည်ပြုသေး၏။ သို့ရာတွင် အတန်ပင် ကြာပြီ

mgyoe.com

ဖြစ်၍ မကြားနိုင်လောက်သည့် နေရာသို့ ရောက်သွားချေတော့မည်ဟု စဉ်းစားမိသည်နှင့်၊ နောင်အခါမှ ပြန်ပေးပါတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုနောက် ဦးဘအောင်သည် မောင့်ကျက်သရေ ခေါင်းပေါင်းသေတ္တာကို တစ်နေရာတွင် တင်ထားမည်ဟူသော အကြံဖြင့် ငုံ့၍ ကောက်ယူလိုက်ရာ၊ မိမိ ထင်ထားသည်ထက် ပို၍ လေးလံသည်ကို တွေ့ရသဖြင့် အံ့ဩသွား၏။ ဤတွင် ဦးဘအောင်သည် စက္ကူသေတ္တာကို လက်နှစ်ဖက်ဖြင့် ကောက်ယူ၍ စားပွဲပေါ်၌ တင်ပြီးလျှင်၊ ခြင်းခေါင်းပေါင်းဖြစ်ပါက အဘယ်ကြောင့် ဤမျှလောက် လေးလံရချေသနည်းဟု သိလိုသောကြောင့် ဖွင့်ကြည့်ရန် အဖုံးကို ကြွလိုက်သည်နှင့် တစ်ပြိုင်နက် ကြက်သီးမွေးညင်းထသွား၏။ ထိုအခါမှ စောစောပိုင်းက ထိုသေတ္တာ၏ ထူးခြားသော အခြင်းအရာများသည် စိတ်ထဲတွင် ပေါ်လာတော့သည်။ ဤအချိန်တွင် ဦးဘအောင်၌ ကြောက်စိတ်ဝင်လာပြီ ဖြစ်သော်လည်း ဖွင့်မကြည့်ဘဲ ထားရန်မှုကား မဖြစ်နိုင်တော့ချေ။ ပထမ၌ မောင်သန်း ပြန်လာမှ ဖွင့်ကြည့်ရပါမည်လောဟု စိတ်ကူးသေး၏။ 'ဟာ. . . ဘာကြောက်ရမှာလဲကွ၊ ငါ ဒါလောက် သတ္တိနည်းသလားဟု ကိုယ့်ကိုယ်ကိုယ် ရေရွတ်အားပေးကာ စက္ကူသေတ္တာမှ အဖုံးကို လှပ်ကြည့်လိုက်သည်။

အပေါ်ယံတွင် လက်ကိုင်ပဝါတစ်ထည် ဖုံးထား၍ လက်ကိုင်ပဝါ၌ သွေးများ စွန်းပေလျက်ရှိသည်ကို တွေ့ရသောအခါ ဦးဘအောင်မှာ ကြောက်စိတ်များ တိုးလာ၏။ လက်များ ဆတ်ဆတ်တုန်ခဲ့လေပြီ။ မောင်သန်း ပြန်လာအောင် စောင့်ရဦးမည်လောဟု ထပ်လောင်း စဉ်းစားမိပြန်၏။

'ဟယ်. . .ယောကျ်ားကပဲ'ဆို၍ လက်ကိုင်ပဝါကို ဆတ်ခနဲ ဆွဲဖွင့်လိုက်သည်တွင်၊ နားထင်တစ်ဖက်တွင် ပန်းကလေးတစ်ခက် ထိုးထားသည့် မခင်ကျော့၏ ဦးခေါင်းပြတ်ကို မြင်ရလေ၏။

*

နီ့ပ်။ ။"ဒါဖြင့် ဟိုလူဟာ သူ့ယောကျ်ားဖြစ်မှာပေါ့"

အောင်။ ။"ကျွန်တော်လည်း ဟိုတုန်းကတည်းက သူ့မျက်နှာကို မြင်ဖူးသလိုလို ရှိပါတယ်လို့ အောက်မေ့မိတယ်ဆို မဟုတ်လား၊ မြင်ဖူးပုံက ဒီလိုဗျ။ တစ်နေ့သ၌ မခင်ကျော့ရဲ့ သေတ္တာထဲမှာ ကျွန်တော်တို့နှစ်ယောက် ပစ္စည်းတစ်ခု ရှာကြတော့ အောက်ဆုံးက စက္ကူခင်းထားတဲ့အောက်မှာ ဓာတ်ပုံတစ်ခု တွေ့ရတယ်။ မခင်ကျော့က ဖျတ်ခနဲ ယူသိမ်းလိုက်လို့ ကျွန်တော်က ဘယ်သူ့ဓာတ်ပုံလဲ မေးတော့ သူ့ယောကျ်ား ငါးပိကုန်သည်ရဲ့ ဓာတ်ပုံပါတဲ့။ ဒီတစ်ခါပဲ ကျွန်တော် မြင်ဖူးပါတယ်"

နီ့ပ်။ ။"နောက်တော့ ဒီအမှု ဘာဖြစ်သေးသလဲ"

အောင်။ ။"ဖြစ်ပုံက ဒီလိုဗျ၊ မခင်ကျော့ဟာ မိတ်ဆွေများနဲ့အတူ

mgyoe.com

mgyoe.com

ဘိုင်စကုပ်ကြည့်လို့ အားလပ်ချိန်မှာ အပြင်ခဏ ထွက်ကြတော့ လူတစ်ယောက်နဲ့တွေ့လို့ မိတ်ဆွေများထံ ခဏကလေး ခွင့်ပန်ပြီး လိုက်သွားသတဲ့။ အလောင်းကို ဆူးလေဘုရားလမ်း ကုန်းတံတားကြီးပေါ်မှာ တွေ့ရတော့တာပါပဲ"

နိုပ်။ ။"ညဦးတုန်းက ဦးပဥ္ဇင်း လန့်အော်တာက ဘယ့်နှာလဲ"

အောင်။ ။"အဖောင်းအပိန် ကမ္မဋ္ဌာန်းအားထုတ်လို့ အာရုံငြိမ်သက်ပြီး သမာဓိကောင်းလာတဲ့အချိန်မှာ ကျွန်တော့်ဝမ်းဗိုက်က ဖောင်းချည် ပိန်ချည် ဖြစ်နေတာကို ဟိုတုန်းက မောင့်ကျက်သရေ ခေါင်းပေါင်းသေတ္တာ ဖောင်းချည် ပိန်ချည်ဖြစ်ပုံနဲ့ နှိုင်းယှဉ်ကြည့်မိလို့လေလား မပြောတတ်ပါဘူး၊ သေတ္တာထဲက မခင်ကျော့ရဲ့ ခေါင်းပြတ်ကြီးပေါ်လာပြီး ကျွန်ကော့်ကို ပါးစပ်ကြီးနဲ့ ကိုက်တော့တာကိုး ခင်ဗျ။ တကယ့် အဖြစ်အပျက်ကတော့ စိတ်ဟာ တောက်တီးတောက်တဲ့နဲ့ ကြံချင်ရာ ကြံပြီး ပေါ်ချင်တာတွေ ပေါ်လာတယ် ထင်ပါရဲ့ ခင်ဗျာ။

နိုပ်။ ။"ဒီအဖြစ်အပျက်ဟာ ဘယ်လောက်ကြာပြီလဲ"

အောင်။ ။"ကြာလှပြီ ခင်ဗျာ။ နှစ်ပေါင်း ၂၀ တောင် မကပါဘူး။ ဟိုတုန်းကတော့ သူ့ခေါင်းပြတ်ကြီးကို ခဏခဏမြင်ပြီး အတော် လန့်မိတယ်။ ဥပုသ်တွေ ဘာတွေ စောင့်၊ မေတ္တာတွေ ဘာတွေ ပို့လို့ ဒီအာရုံပျောက်နေတာ ကြာလှပါပြီ။ အခု ဘယ်လိုကဘယ်လို ပေါ်လာပြန်တယ် ပြောပဲ မပြောတတ်ပါဘူး ခင်ဗျာ"

(သမထ စသော အလုပ်မျိုး လုပ်ကြရာတွင် တစ်ခါက စိတ်၌ ထိခိုက်ဖူး၍ အတန်ကြာ ငုပ်ကွယ်နေခဲ့သော အာရုံအမျိုးမျိုးတို့ အလန့်တကြား ပေါ်လာတတ်ခြင်းမှာ လူပြောများ၍ ကိုယ်တွေ့လည်း ကြုံရဖူးသည့် အခြင်းအရာတစ်ခု ဖြစ်ပါကြောင်း။)

၀

*(သွေးသောက်မဂ္ဂဇင်း၊ ၁၉၅၄ ခု၊ မတ်လ)*

mgyoe.com

mgyoe.com

# ထူးဆန်းသော လူနာ

ဒေါက်တာကျော်ညွန့်သည် ရန်ကုန်မြို့ မောင်ခိုင်လမ်းရှိ သူ၏ ဆေးတိုက်အတွင်း လူနာများ စစ်ဆေးသော အခန်းတွင် ထိုင်လျက် တိုင်ကပ်နာရီကြီးကို လည်းကောင်း၊ လက်ပတ်နာရီကို လည်းကောင်း တစ်လှည့်စီ ကြည့်နေလေရာ အချိန်မှာ ၅ နာရီနှင့် မိနစ် ၄၀ ရှိနေလေပြီ။ ဦးထွန်းအောင်သည် ဒေါက်တာကျော်ညွန့်ထံသို့ ထိုနေ့ ၅ နာရီခွဲအချိန်တွင် လာခဲ့မည်ဟု ချိန်းဆိုထားပါလျက် ယခုအခါ၌ ၁၀ မိနစ် ကျော်လွန်နေပြီဖြစ်၍၊ အချိန်ကို လေးစားကြောင်းနှင့် မကြာခဏ ဖော်ထုတ် အသားယူလေ့ရှိသော လူကြီးတစ်ယောက်ဖြစ်သည့်အတွက်ကြောင့်၊ ဒေါက်တာကျော်ညွန့်က အပြောနှင့်အလုပ် မညီညွတ်ကြောင်းနှင့် စိတ်ထဲ၌ အပြစ်တင်လျက်ရှိ၏။

ဒေါက်တာကျော်ညွန့်မှာ အမ်၊ ဘီ၊ ဘီ၊ အက်(စ်) (M.B.B.S) ဘွဲ့ရ ဆရာဝန်တစ်ယောက်ဖြစ်၍ ဆေးကျောင်းမှ အောင်လက်မှတ်ရပြီးသည့်နောက်၌၊ အနောက်တိုင်းမှ စိတ်ပညာနှင့်ဆိုင်ရာ စာအုပ်ပေါင်းများစွာတို့ကို ဖတ်ရှုခဲ့သည့်ပြင်၊ ကမ္ဘာ့ဌာန်းအလုပ်ကိုလည်း နှစ်ပေါင်း အတန်ကြာ လေ့လာခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍၊ လူနာများကို ကုရိုးကုစဉ် နည်းနာနိဿယအတိုင်းမကုသဘဲ၊ မိမိ လေ့လာဆည်းပူးခဲ့သော စိတ်ပညာအရ ကုသလျက်ရှိရာတွင် အခြားသော လက်မှတ်ရ ဆရာဝန်ကြီးများ၏ မဲ့ရွဲ့ပြောင်လှောင်ခြင်းကို ခံရ

mgyoe.com

mgyoe.com

သည့်ပြင်၊ အချို့သော ဆရာဝန်များက ဒေါက်တာကျော်ညွန့်ကို ဆရာဝန်များ၏ စာရင်းမှ ပယ်ဖျက်ဖို့ကိုပင် လှုံ့ဆော်ကြသေး၏။ မည်သူက မည်ကဲ့သို့ ကဲ့ရဲ့ ပုတ်ခတ်သည်ဖြစ်စေ၊ ဒေါက်တာကျော်ညွန့်သည် နည်းသစ်ထွင်၍ ကုသရာ၌ များစွာ ထမြောက်အောင်မြင်သည်ဖြစ်၍ သူ၏ဆေးတိုက်မှာ အထက်တန်းစား အရာရှိကြီးများ၊ ကတော်ကြီးများ၊ ကုန်သည်ပွဲစားကြီးများဖြင့် ပြည့်နှက်လျက် ရှိသည်ဖြစ်သောကြောင့်၊ နံနက် ၃ နာရီနှင့် ညနေ ၂ နာရီခန့်မျှ လူနာများ စစ်ဆေးရန် သတ်မှတ်ထားသောအချိန်မှာ မလုံလောက်ဘဲ ရှိနေတော့၏။ အချိန်စေ့ကုန်သော်လည်း မစစ်ဆေးရသေးသော လူနာများမှာ နေ့စဉ်လိုပင် တသီတတန်းကြီး ရှိနေလေတော့၏။

ကျွန်ုပ်တို့ ရေးသားဖော်ပြသော အချိန်အခါ၌ ဒေါက်တာကျော်ညွန့်မှာ အသက် ၅၀ ခန့်ရှိပြီဖြစ်၍၊ လယ်ယာချောင်းမြောင်းများအပြင် ရန်ကုန်မြို့ပေါ်၌ တိုက်သုံးလေးလုံး ပိုင်ဆိုင်နေပြီ ဖြစ်သောကြောင့်၊ မလုပ်မကိုင်ဘဲ စားသောက်နိုင်သော အခြေအနေရှိနေပြီဖြစ်သော်လည်း၊ ငွေရမှုထက် ပညာတိုးတက်မှုအဟွက် အာသီသထားသူတစ်ယောက်ဖြစ်သောကြောင့် စိတ္တဇရောဂါနှင့် ပတ်သက်၍ ကမ္ဘာက အသိအမှတ်ပြုရသော ကျမ်းစာအုပ်တစ်အုပ် စီရင်ရေးသားရန်အတွက်၊ ဗဟုသုတ စုဆောင်းလိုသော သဘောနှင့် ဆက်လက်ကုသနေခြင်း ဖြစ်ပေ၏။

ဒေါက်တာကျော်ညွန့်သည် မျက်တောင်မခတ်သော မျက်လုံးများဖြင့် လူနာကို စိုက်ကြည့်၍ အနိမ့်အမြင့်မရှိဘဲ တစ်သမတ်တည်း တောက်လျှောက်ပြောလေ့ရှိသော အသံဖြင့် လူနာများကို အမိန့်ပေးသည့်အခါ၊ လူနာများသည် သူ၏အမိန့်ကို မနာခံဘဲ မနေနိုင်အောင်ရှိကြ၏။ ဒေါက်တာကျော်ညွန့်က 'စိတ်မညစ်ပါနဲ့၊ ပျော်အောင်အိပ်ပါ၊ လောကကြီးမှာ ပူပန်လောက်အောင် အရေးကြီးတဲ့ဟာ ဘာမှမရှိပါ' စသည်ဖြင့် ပြောလိုက်သည့်အခါတွင်၊ လူနာသည် မျက်ခွံတွင် ပိဿာလေးကြီး ဆွဲဘိသကဲ့သို့ အလွန်လေးလံ၍ မျက်လုံးများဖွင့်မရအောင် ဖြစ်လာပြီးလျှင်၊ အိပ်ပျော်ခြင်းသို့ ရောက်ကြရသည်သာ ဖြစ်၏။ သို့နှင့်မှ မျက်စိကျယ်နိုင်သေးသော လူနာများကို ဒေါက်တာကျော်ညွန့်သည် နဖူးနှင့် နှာတံတို့ကို ၎င်း၏နူးညံ့၍ နွေးတေးတေးရှိသော လက်ချောင်းများဖြင့် အောက်သို့ သပ်ချလိုက်ရာတွင်မူကား၊ မည်သည့်လူနာမှမခံနိုင်ဘဲ အိပ်ပျော်ခြင်းသို့ ရောက်ကြရသည်သာဖြစ်လေ၏။ ဤနည်းအားဖြင့် ဒေါက်တာကျော်ညွန့်သည် ဗုံးသံကြောင့် ထိတ်လန့်၍ ဆွံ့အသွားသော မိန်းမတစ်ယောက်ကို စကားပြောအောင် ကုသပေးဖူးသည့်ပြင်၊ သွက်ချာပါဒကြောင့် ခြေလက်သေသောလူများ၊ နားထိုင်းသောလူများ စသည်တို့ကိုလည်း အမြောက်အမြား ကုသခဲ့ဖူးလှလေပြီ။

mgyoe.com

ခွန်အားကြီးသောစိတ်သည် ခွန်အားနည်းသောစိတ်ကို အလိုရှိတိုင်း ဆွဲဆောင်နိုင်သည့်ပြင်၊ လုံလောက်အောင် ခွန်အားကြီးသောစိတ်ဖြစ်ခဲ့လျှင် ရုပ်တည်းဟူသော ဝတ္ထုဒြပ်တို့ကိုလည်း အလိုရှိတိုင်း ဖန်တီးနိုင်သည်ဟု ဒေါက်တာကျော်ညွန့်က ဆို၏။ သို့ဖြစ်လျှင် စားပွဲတစ်ခုကို စိတ်ဖြင့် ကြွနိုင်ပါ၏လောဟု ဆရာဝန်တစ်ယောက်က စောဒကတက်ရာတွင် စားပွဲကို မဆိုထားဘိ၊ တောင်ကြီးကို ကြွနိုင်သည်ဖြစ်၍ လုံလောက်သော စိတ်ခွန်အားရှိအောင် လေ့ကျင့်ဖို့သာလိုကြောင်း ဒေါက်တာကျော်ညွန့်က ပြန်ပြောလေသည်။

ဒေါက်တာကျော်ညွန့် ကုသခဲ့ဖူးသမျှသော လူနာများအနက်တွင် ဦးထွန်းအောင်မှာ အထူးအဆန်းဟူ၍ မှတ်တမ်းတင်လောက်သည့် လူနာတစ်ယောက် ဖြစ်ပေ၏။

ဦးထွန်းအောင်မှာ ဝတ်လုံစာမေးပွဲ အောင်ခဲ့ပြီးနောက် နိုင်ငံရေးနယ်ပယ်သို့ဝင်၍ လူတွင်ကျယ်တစ်ယောက် ဖြစ်သည့်အလျောက်၊ အသက် ၄၀ ကျော် အရွယ်ခန့်တွင် နိုင်ငံရေးသမား အပေါင်းတို့၏ ပန်းတိုင်ဖြစ်သော ရာထူးကို ဆွတ်ခူးနိုင်ခဲ့ပေသည်။

ဦးထွန်းအောင်မှာ ခပ်သိမ်းသော နာမည်ကျော် ပုဂ္ဂိုလ်ကြီးများ၏ ထုံးစံအတိုင်း ထူးကဲသော အရည်အချင်းများနှင့် အပြစ်၊ အနာ၊ အဆာတို့ ပူးတွဲလျက်ရှိ၏။ ဉာဏ်ပညာ ထက်မြက်ခြင်း၊ လုံ့လဝီရိယနှင့် ဖွဲ့ကောင်းခြင်း၊ ဥရောပနှင့် အမေရိကန်တို့သို့ လှည့်လည်ခဲ့ဖူးသဖြင့် ဒေသန္တရ ဗဟုသုတနှင့် ပြည့်စုံခြင်း၊ အခြားတိုင်းပြည်များ၏ နိုင်ငံရေး ရာဇဝင်ကို လေ့လာဆည်းပူးခဲ့ခြင်း၊ သတ္တိကောင်းခြင်း၊ ရှေ့သို့လှမ်း၍ တစ်ကွက်ကျော် မြင်တတ်ခြင်း၊ စကားပြောကောင်းခြင်း၊ ခံ့ညားသော ဥပဓိရုပ်ရှိခြင်း စသော အရည်အချင်းများမှာ နိုင်ငံရေးသမားအဖို့ ကြီးကျယ်သော အထောက်အပံ့ ဖြစ်ပေရာ၊ ဦးထွန်းအောင်မှာ အဆိုပါ အရည်အချင်းများနှင့် ကျပ်ပြည့်တင်းပြည့် လုံလောက်သူတစ်ယောက် ဖြစ်ပေ၏။ အသက် ၄၀ ကျော်ကလေးမျှနှင့် ဦးခေါင်းပြောင်ခြင်းသည် ချွတ်ယွင်းချက်တစ်ခု ဖြစ်ငြားသော်လည်း၊ ဦးထွန်းအောင်အဖို့မှာ ခံ့ညား၍ ပညာရှိ ဂုဏ်ရှိစေသည် ဖြစ်သောကြောင့် ဂုဏ်ထူးတစ်ခုကဲ့သို့ ဖြစ်နေပေတော့၏။

ကျောင်းသားဘဝတွင် ဦးထွန်းအောင်သည် ယူနီဗာစီတီ ဘောလုံးသင်း၌ ကပ္ပတိန်အဖြစ်နှင့် ကစားဖူး၍၊ ကိုက် ၁၀၀ နှင့် ကိုက် ၄၄၀ ပြေးပွဲများတွင်လည်း ချန်ပီယံ ဆွဲခဲ့ဖူးသည့်ပြင်၊ လက်ဝှေ့ထိုးခြင်း၌လည်း သူ၏အလေးချိန် အဲကဲန်းတွင် ဒုတိယ ဆွဲခဲ့ဖူးပေရကား နေရာတကာ ချွန်သောလူတစ်ယောက်ဟူ၍ ဆိုထိုက်ပေ၏။ ဦးထွန်းအောင်သည် အသက် ၂၂ နှစ်

mgyoe.com

mgyoe.com

အရွယ်တွင် ဘီအေအောင်၍၊ ၂၇ နှစ်တွင် ဝတ်လုံစာမေးပွဲ အောင်ပြီးလျှင်၊ ၂၈ နှစ်တွင် မြေပိုင်ရှင် သူဌေးတစ်ယောက်၏ သမီးနှင့် လက်ထပ်၍ သားနှစ်ယောက် ပေါက်ဖွားခဲ့၏။ သူ၏ဖခင်မှာ အစိုးရအမှုထမ်းဖြစ်၍ အရေးပိုင်ရာထူးဖြင့် ချီးမြှင့်ခြင်း ခံရပြီးနောက်၊ အတွင်းဝန်ချုပ် မစ္စတာ ဘုသ်ဂရေဗလီနှင့် မတည့်သဖြင့် ရာထူးမှ နုတ်ထွက်၍ ပင်စင်ယူရသည်တွင်၊ ဦးထွန်းအောင်သည် မစ္စတာ ဘုသ်ဂရေဗလီတို့၏ အထက်သို့ တက်စေနိုင်ရန်ဆို၍ ဝတ်လုံအောင်ပြီးမှ နိုင်ငံရေးဘက်သို့ လိုက်သွားခြင်း ဖြစ်လေသည်။ သို့ဖြစ်ရကား ဦးထွန်းအောင်မှာ ပြည်တည်ကတည်းက ဂုဏ်အားဖြင့်လည်းကောင်း၊ ရာထူးအားဖြင့် လည်းကောင်း၊ ဓနကြေးငွေအားဖြင့် လည်းကောင်း ပြည့်စုံလုံလောက်သည်ဖြစ်၍၊ မည်သည့်အခြေသို့ရောက်အောင် တက်လှမ်းလိုသည်ဖြစ်စေ များလွန်းမြင့်လွန်းသည်ဟူ၍ အပြစ်ဆိုနိုင်ဖွယ်ရာ မရှိပါပေ။

ဦးထွန်းအောင်ကား နိုင်ငံရေးသမားသည် သောတာပန်ဟူ၍ ဝန်မခံနိုင်စေကာမူ၊ စင်ကြယ်သန့်ရှင်းအောင် နေထိုင်ပါမှ တိုင်းသူပြည်သားတို့၏ အဟုတ်တကယ် ကြည်ညိုရိုသေခြင်းကို ခံရ၍၊ နန်းရင်းဝန်အထိ တက်လှမ်းနိုင်သည်ဟု သဘောပိုက်ပြီးလျှင် တစ်လင် တစ်မယားဖြင့် တည်တံ့ခိုင်ညားစွာ နေထိုင်လေ့ရှိ၏။ ဤသည်တို့ကား ဦးထွန်းအောင်၏ ကောင်းမြတ်သော အရည်အချင်းများပေတည်း။

ဦးထွန်းအောင်၏ စာရိတ္တ (အဝင် အထွက်) စာရင်းတွင် အဝင်ဘက်မှ ဂဏန်းလုံးကြီးများသည် ကြီးကျယ်သလောက်၊ အထွက်ဘက်မှ ဂဏန်းလုံးကြီးများလည်း ကြီးကျယ်ပါပေ၏။ အဝင်စာရင်းကိုကြည့်လျှင် ဧရာမ လူကြီးတစ်ယောက်ဟူ၍ ဆိုရမည်ဖြစ်သော်လည်း အထွက်စာရင်းသည်လည်း မသေးငယ်လှချေ။ ထို့ကြောင့်လည်း လောက၌ လူများသည် အချို့သော ကုမ္ပဏီကြီးများနည်းတူ ဝင်ငွေများသံလောက် ထွက်ငွေများလှသည်ဖြစ်၍၊ ခုနှိမ်လိုက်သောအခါ၌ ထင်သလောက် အမြတ်အစွန်း မပေါ်ထွက်ဘဲ ရှိကြရလေတော့သည်။

ဦးထွန်းအောင်မှာ ဓနရှင် ရာထူးဂုဏ် ကြီးမြင့်သလောက် ဟန်ကြီးပန်ကြီး ရှိလှ၏။ ဤမျှလောက် ကြီးကျယ်သော ပုဂ္ဂိုလ်တစ်ယောက်သည် မာနကြီးရမည်သာဖြစ်၍ ခွင့်ပြုကြရမည် ဖြစ်သော်လည်း၊ ဦးထွန်းအောင်၏ မာနမှာ လူတစ်ဖက်သား မြင်ပြင်းကတ်လောက်အောင် ကဲလွန်းလှပေ၏။ မိမိသည် သာမည လူတစ်ယောက် မဟုတ်ကြောင်းကို နေရာတကာတိုင်း၌ ဖော်ထုတ်ဝင့်ဝါတတ်၏။ မိမိနှင့် ဂုဏ်အဆင့်အတန်း တူမျှသည်ဟု ယူဆသော ပုဂ္ဂိုလ်များနှင့် ဆက်ဆံရသည့်အခါ ဦးထွန်းအောင်သည် ယဉ်ကျေးသိက်မြိုက်

mgyoe.com

mgyoe.com

သော အမူအရာမျိုး ဖော်ပြသော်လည်း၊ မိမိထက် အောက်တန်းကျသည်ဟု ယူဆသော လူများအပေါ်၌မူကား ဦးထွန်းအောင်၏ အမူအရာမှာ ဟန်ကြီး ပန်ကြီးနှင့် စော်ကားရာရောက်သဖြင့် ခံရသူတို့အဖို့ အလွန် 'အောင့်'လှ၏။ အစေခံများသည် ဦးထွန်းအောင်၏ ရိုင်းပျသော အမူအရာကြောင့် ရွံမုန်းကြ၍၊ စာရေးစာချီများသည်လည်း မိမိတို့ကို အကြောင်းမဲ့ 'နှိမ်'ချင်သည်ဆို၍ စက်ဆုပ်ကြ၏။ ဦးထွန်းအောင်ဆိုလျှင် နှာခေါင်းရှုံ့တတ်ကြ၏။ ဦးထွန်းအောင်သည် ပတ်ဝန်းကျင်ရှိလူများထက် အမှန်တတ်၍ အမှန်တော်သော်လည်း၊ မိမိ တတ်ကြောင်း တော်ကြောင်းကို နေရာမရွေး ဖော်ပြတတ်သဖြင့် အခြားလူများ ရှက်ကြ၏။ ဦးထွန်းအောင်သည် အခြားသူများတို့၏ ညွှန်ဖျင်းမှုကို သည်းမခံ နိုင်ချေ။ မိမိသည် လူများကို ဩဇာပေးနိုင်သော အရည်အချင်းရှိသည့် လူတစ် ယောက်ဖြစ်သည်ဟု ယုံကြည်၍၊ အခြားလူများက တစ်နည်းတစ်ဖုံ ဆင်ခြေ ကန်သည့်အခါ အစမှ အဆုံးတိုင် နားမထောင်လိုဘဲ၊ မိမိ ပြောသည့်အတိုင်း မှန်ရမည်ဟု တစ်ထစ်ချ ယူဆထား၏။

ထို့ပြင် ဦးထွန်းအောင်သည် ကိုယ်ကျိုးကို အလွန်အမင်း ကြည့်တတ် သော ဝါသနာလည်း ရှိ၏။ အခြားလူများက သူ့အား ကျေးဇူးပြုသည့်အခါ မိမိ၏ ဂုဏ်ဒြပ်နှင့် ဉာဏ်ပညာ၏ တန်ခိုးသတ္တိအရ ကျေးဇူးပြုကြခြင်း ဖြစ်သော ကြောင့်၊ မိမိက ကျေးဇူးတင်ဖို့ မလိုဟူ၍ မှတ်ထင်လေ့ရှိ၏။ မိမိကိုယ်တိုင်က သူတစ်ပါးတို့အား ကျေးဇူးပြုဖို့မူကား ဘယ်အခါမှ မလိုဟူ၍ မှတ်ယူထား၏။ ဦးထွန်းအောင်အား မလိုမုန်းတီးသူ အမြောက်အမြား ရှိကြပေရာ ဦးထွန်းအောင် သည် ထိုလူအားလုံးကို အဖက်မတန် ဂရုမစိုက်ထိုက်ဟု သဘောထား၏။ မိမိက ကူညီထိုက်သူ၊ ကြင်နာထိုက်သူ၊ ကျေးဇူးပြုထိုက်သူဟူ၍ တစ်ယောက်မျှ မရှိဟု ယူဆထား၏။ ဦးထွန်းအောင်၌ မိတ်ဆွေကောင်းဟူ၍ မရှိချေ။ နိုင်ငံရေး ပါတီထဲ၌ အထက်တန်းကျသော ပုဂ္ဂိုလ်များသည် ဦးထွန်းအောင်၏ သစ္စာ စောင့်ခြင်းကို မယုံကြည်၊ စိတ်မချနိုင်သည်ဖြစ်သောကြောင့် သူ့အား မည်သည့် ကိစ္စတွင်မှ ယုံကြည်စိတ်ချခြင်း မရှိကြချေ။ ပါတီသားများကလည်း ဦးထွန်း အောင်၏ ဟန်ကြီးပန်ကြီးနှင့် ရိုင်းပျစော်ကားသော အမူအရာကြောင့် သူ့အား ချစ်ခင်မြတ်နိုးခြင်း မရှိကြချေ။

သို့ရာတွင် ဦးထွန်းအောင်၏ ဉာဏ်ပညာ အရည်အချင်းကို လည်း ကောင်း၊ လုပ်စွမ်းကိုင်စွမ်းနှင့် ကြံရည်ဖန်ရည်ကို လည်းကောင်း၊ ဗဟုသုတကို လည်းကောင်း လက်မလွှတ်ကြသည်ဖြစ်သောကြောင့် အကြောင်းတစ်ခုရှိတိုင်း ဦးထွန်းအောင်ကို နေရာကောင်းပေးရ၍၊ ပါတီထဲတွင် အထွတ်အထိပ်သို့ ချဉ်းကပ် လျက်ရှိ၏။ ထိုကဲ့သို့ လက်မလွှတ်နိုင်ကြခြင်း၏ အကြောင်းတစ်ခုမှာလည်း

mgyoe.com

mgyoe.com
ဦးထွန်းအောင်သည် မိမိနှင့် ဂုဏ်ရည်တူသည်ဟု ယူဆ၍၊ အကြင်သူတို့၏ စိတ်ကို ပါအောင် ဆွဲဆောင်လိုသော အခါများတွင် လူတစ်ဖက်သား 'ကျ လောက်အောင် ရယ်ရွှင်ဖွယ် ပုံတိုပတ်စ သက်သေသာဓကေ အကိုးအကား များနှင့်တကွ ပြောတတ်ဆိုတတ် နူးညွတ်အောင် နှုးတတ်ခြင်းပင် ဖြစ်လေသည်။ အဟုတ်တကယ် စိတ်ပါလက်ပါ ပြောဆိုသော အခါများ၌ ကြားနာရသော လူများသည် ဦးထွန်းအောင်၏ ဗဟုသုတ စုံလင်ခြင်းနှင့် ထိုဗဟုသုတကို အချက်ကျအောင် သွတ်သွင်းသုံးစွဲသွားပုံများအတွက် ပါးစပ်ဟ၍ အံ့သြငေးမော ကြရလေတော့သည်။ ဦးထွန်းအောင်က အရေးကြီးသော ပုဂ္ဂိုလ်ဟု ယူဆ၍ အဟုတ်တကယ်ပါအောင် နှုးသောအခါတွင်၊ အကြင်သူသည် ယမန်နေ့က မိမိအား လူအလယ် အဟုတ်ပဲ အရုက်ခွဲ ခံခဲ့ရဖူးခြင်းကိုပင် သတိမေ့၍ "တကယ်တော်သော လူတစ်ယောက်ပါပေတကား"ဟု ဝန်ခံမိလေတော့သည်။

ဦးထွန်းအောင်သည် ဒေါက်တာကျော်ညွန့်အား မိမိ၏ ကျန်းမာရေး နှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်မည် ကြံစဉ်အခါက လူနှစ်ယောက်မှာ လွဲတော့မတတ် ဖြစ်သွားသေး၏။

ဦးထွန်းအောင်၏ အပါးတော်မြဲက ဒေါက်တာကျော်ညွန့်အား တယ်လီ ဖုန်းဆက်၍ ဦးထွန်းအောင်၏ ကျန်းမာရေးနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေး လိုသဖြင့် ဦးထွန်းအောင်၏ နေအိမ်သို့ နောက်တစ်နေ့ နံနက် ၉ နာရီအချိန်တွင် လာရောက်ဖို့ ပင့်ဖိတ်သောအခါ၊ ဒေါက်တာကျော်ညွန့်က မိမိမှာ ဦးထွန်း အောင်၏ နေအိမ်သို့ လာရန်မဖြစ်နိုင်ကြောင်း၊ အကယ်၍ ဦးထွန်းအောင်က မိမိအား တိုင်ပင်လိုခဲ့လျှင် မိမိ၏ဆေးတိုက်သို့ သန်ဘက်ခါ ညနေ ၅ နာရီ အချိန်တွင် လာရောက်နိုင်ကြောင်း ဖြေဆိုလိုက်၏။ အပါးတော်မြဲသည် ထို စကားကို ဦးထွန်းအောင်အား ပြန်ပြော၍၊ ဒေါက်တာကျော်ညွန့်ထံသို့ နောက် တစ်ကြိမ် တယ်လီဖုန်း ဆက်ပြန်ပြီးလျှင် ဦးထွန်းအောင်၏ နေအိမ်သို့ ဒေါက်တာ ကျော်ညွန့် လာဖို့အကြောင်း၊ အဖိုးအခကိုမူ ဒေါက်တာကျော်ညွန့်ဆိုသလောက် ပေးမည်ဖြစ်ကြောင်း ပြောလေ၏။ ထိုအခါ ဒေါက်တာကျော်ညွန့်က မိမိသည် လူနာများကို မိမိဆေးတိုက်မှတစ်ပါး အခြားနေရာ၌ တွေ့ဆုံဆွေးနွေးသော အလေ့အထ မရှိပါသောကြောင့် မိမိကို ဆွေးနွေးလိုခဲ့လျှင် ဆေးတိုက်သို့ လာမှသာ ဖြစ်နိုင်မည့်အကြောင်း ပြန်ကြားလိုက်၏။ ဤတွင် ဦးထွန်းအောင်က သန်ဘက်ခါတိုင်အောင် မဆိုင်းဘဲ၊ နက်ဖြန်ညနေ ၅ နာရီအချိန်၌ လာခဲ့ပါမည် ဟု ချိန်းဆိုလိုက်လေ၏။

*

mgyoe.com

mgyoe.com

ဦးထွန်းအောင်သည် ၆ နာရီ ထိုးလုနီးခါမှ ဒေါက်တာကျော်ညွန့်၏ ဆေးတိုက်သို့ ရောက်လာ၍၊ ဒေါက်တာကျော်ညွန့်၏ အခန်းထဲသို့ ရုတ်တရက် မဝင်သေးဘဲ တံခါးဝမှ ရပ်ပြီးလျှင် ဒေါက်တာကျော်ညွန့်အား မျက်နှာထား တင်းတင်းဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်နေလေ၏။ ဒေါက်တာကျော်ညွန့်ကမူ ဦးထွန်းအောင်၏ ဒေါသကို ရိပ်မိသော်လည်း အေးအေးဆေးဆေးရှိသော မျက်နှာထားဖြင့် ပြန်၍ ကြည့်လေ၏။

အောင်။ ။"ဒေါက်တာကို တွေ့ရဖို့ဟာက နန်းရင်းဝန် တွေ့ရဖို့ထက် ခဲယဉ်းနေပါသလား၊ ကျွန်တော်ကလည်း အလုပ်များတဲ့လူဗျ"

ညွန့်။ ။"ထိုင်ပါဦးဗျာ"

ဦးထွန်းအောင်လည်း ရုတ်တရက် မထိုင်သေးဘဲ ခက်ထန်သော မျက်နှာထားနှင့် ရပ်ကြည့်နေသေး၏။

ညွန့်။ ။"တစ်ဆိတ် ထိုင်ပါဦး ခင်ဗျာ"

ဦးထွန်းအောင်လည်း ထိုနေရာမှ လှည့်၍ ပြန်သွားတော့မည်ကဲ့သို့ ပြုပြီးမှ၊ စိတ်ကူးတစ်မျိုးရ၍ ကုလားထိုင်တွင် ဝင်၍ ထိုင်လေ၏။

ထိုအခါ ဒေါက်တာကျော်ညွန့်သည် မှတ်တမ်းစာအုပ်ကို လှမ်းယူ၍ ဦးထွန်းအောင်၏ မျက်နှာကို မကြည့်တော့ဘဲ မေးခွန်းများမေးကာ ရေးမှတ်လေ၏။

"အသက် ဘယ်လောက်"

" ၄၂ နှစ်"

"အိမ်ထောင်နဲ့ပေါ့"

"ဟုတ်ကဲ့"

"လက်ထပ်တာ ဘယ်လောက်ကြာပြီလဲ"

"၁၄ နှစ် ရှိပါပြီ"

"သားသမီး"

"သားနှစ်ယောက် ရှိတယ်"

ထိုနောက် ဒေါက်တာကျော်ညွန့်သည် ဖောင်တိန်ကို ချထား၍ ကုလားထိုင်၌ မတ်မတ်ထိုင်ကာ ဦးထွန်းအောင်ကို စူးစူးစိုက်စိုက် ကြည့်လေ၏။

"ဘာကြောင့် ကျွန်တော့်ဆီ လာပါသလဲ"

"ကျုပ်မိတ်တွေရဲ့ ဇနီးကိစ္စတုန်းက ဒေါက်တာကုတာ သက်သာတယ် ကြားဖူးလို့ လာခဲ့ပါတယ်"

"ဦးဖွံ့ မဲန်းသလို မြန်မြန်ကြီးတော့ မပျောက်နိုင်ဘူးပေါ့၊ သို့သော် ကျွန်တော် ကုရရင် တဖြည်းဖြည်း သက်သာဖို့ ရှိပါတယ်။ ခင်ဗျား လာခဲ့

mgyoe.com
ရခြင်း အကြောင်းကို ပြောပြစမ်းပါ"

ဦးထွန်းအောင်သည် အတန်ကြာ စဉ်းစားနေပြီးနောက်. . .

"ကျွန်တော့် ကျန်းမာရေးကတော့ အင်မတန် ကောင်းပါတယ်။ ဒေါက်တာဘသက် သိမှာပေါ့၊ သူ စစ်ဆေးကြည့်တာပဲ၊ တစ်ကိုယ်လုံးမှာ ဘယ်နေရာမှ ချွတ်ယွင်းချက်မရှိဘူး ပြောတယ်။ ဒါနဲ့တောင် ဒေါက်တာဆီ ရောက်လာတာ အံ့ဩစရာတစ်ခု ဖြစ်နေတာပဲ" ဟု၊

"ကိုယ်ကာယ ကျန်းမာသော်လည်း စိတ်ဘက်က ချွတ်ယွင်းချက် ရှိလို့ဟာပေါ့"

"ဒီမှာ ဒေါက်တာ၊ ကျွန်တော် ဆောင်ရွက်ရတဲ့ အလုပ်ဝတ္တရားတွေက အင်မတန် ကြီးကျယ်လေတော့ နည်းနည်းကလေး တိမ်းချော်သွားလျှင် တစ်ပြည်လုံး ဒုက္ခရောက်တဲ့အထိ ဖြစ်နိုင်တယ်။ ဒါကြောင့် မလွဲမချော်ရအောင်ဟာ အင်မတန် တည်ငြိမ်တဲ့ စိတ်မျိုးရှိဖို့ အရေးကြီးပါတယ်"

"ကျွန်တော်က ဒီကိုလာဖို့ ခေါ်ရခြင်းက တခြားကြောင့် မဟုတ်ပါဘူး။ ဒီအခန်းမှာ ဆွေးနွေးတိုင်ပင်ရခြင်းဟာ ဘယ်နေရာနဲ့မှ မတူပါဘူး၊ အကောင်းဆုံးနေရာ ဖြစ်ပါတယ်"

"ကျွန်တော့်ဖြစ်ပုံကို ပြောရလျှင် ဒေါက်တာက ဘာမှ မဖြစ်ပါဘူးလို့ ပြောကောင်း ပြောမလား မဆိုနိုင်ဘူး။ လျှောမွေးတစ်ကောင်နဲ့ ဗာရာဏသီ ချဲ့ဆိုတဲ့ စကားလို ဖြစ်ကောင်းဖြစ်လိမ့်မယ်"

"ရတ်တရက် ပြင်ပက အမြင်အားဖြင့် အရေးမကြီးသော်လည်း အတွင်းမှာ အခြေကြီး ခိုင်မာနေတာ ဖြစ်နိုင်ပါတယ်။ ပြောသာပြောပါ"

"ဒီလိုပါ ဒေါက်တာ၊ ခုတလောမှာ တောက်တီးတောက်တဲ့ အိပ်မက်တွေ ခဏခဏ မက်နေတယ်။ အဓိပ္ပာယ်မရှိတဲ့ အိပ်မက်တွေဖြစ်သော်လည်း ကျွန်တော့်စိတ်ကို အနှောင့်အယှက်ပေးနေတယ် ဒေါက်တာ"

"တချို့ ပြောစမ်းပါဦး"

"တောက်တီးတောက်တဲ့တွေပါ ဒေါက်တာ"

"ပြောသာ ပြောပါ"

"ပထမအိပ်မက်က တစ်လလောက် ကြာသွားပြီဗျ။ အိပ်မက်ထဲမှာ ဘုရင်ခံ အတွင်းဝန်ချုပ် မစ္စတာ ဘုသ်ဂရေဗလီရဲ့ ညစားစားပွဲ ရောက်နေတယ်။ လာကြတဲ့ ဧည့်ပရိသတ်ကဆိုလျှင် ဥရောပတိုက်သား အရာရှိကြီးတွေနဲ့ မြန်မာထဲက ဂုဏ်သရေရှိလူကြီးတွေ များတာပဲ၊ ဟိုရောက်တော့ ကျွန်တော်က တပိုတပါး သွားချင်တာနဲ့ အစေခံတစ်ယောက်ကို မေးပြီး အခန်းကလေးထဲ ဝင်သွားပြီး ပြန်ထွက်လာရာမှာ ဦးအံ့ကြီးဆိုတဲ့ အမတ်တစ်ယောက်နဲ့ တွေ့တယ်။

mgyoe.com

ကျွန်တော့်စိတ်ထဲမှာ သူ့ကိုတွေ့ရတော့ အံ့သြမိတယ်၊ ဘာကြောင့်ဆိုတော့ သူတို့ အမတ်တွေဟာ လွှတ်တော်ထဲမှာ ခွထိုးဖော်လောက် ရတာပဲဆိုပြီး ကျွန်တော်တို့ အဖွဲ့ကရော၊ အင်္ဂလိပ် အရာရှိကြီးတွေကရော သူတို့ကို ဘယ်သူကမှ လူဖက်မလုပ်ကြဘူး။ ဒီတော့ အခု ဘုရင်ခံ အတွင်းဝန်ချုပ်ရဲ့ ဒင်းနားပါတီမှာ ဦးအံ့ကြီးလို လူတစ်ယောက်ကို ဖိတ်ရမလားလို့ သိပ်အံ့သြမိတာပေါ့။ ဦးအံ့ကြီးက ကျွန်တော့်ကို ပြုံးစိစိ မျက်နှာထားနဲ့ ကြည့်ပေမယ့် ကျွန်တော်က သူ့ကို အရေးမလုပ်ဘဲ ဧည့်ခန်းကြီးထဲ ဝင်သွားတယ်။ ဦးအံ့ကြီးနဲ့ တွေ့ဖူးသလား ဒေါက်တာ"

"မတွေ့ဖူးပါဘူး"

"ဒါနဲ့ အခန်းထဲရောက်တော့ ဧည့်သည်တွေက ကျွန်တော့်ကို မြင်မြင်ချင်း ပြုံးစိစိမျက်နှာနဲ့ ကြည့်တဲ့လူက ကြည့်၊ မေးငေါ့တဲ့လူက ငေါ့၊ ရယ်တဲ့လူက ရယ် အမျိုးမျိုး ပြောင်လှောင်နေကြတာကို တွေ့ရတယ်။ နောက်ဆုံးမှာ လေဒီဂရေဗလီနဲ့တွေ့လို့ လက်ဆွဲပြီး နှုတ်ဆက်ကြတော့မှ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်လိုက်တော့ ကျွန်တော့်မှာ အပေါ်ဝတ်ပုဆိုးမပါဘဲ အတွင်းက ဘောင်းဘီတိုကလေးနဲ့ ဖြစ်နေတာကို တွေ့ရတာကိုး ဒေါက်တာ။ ဒီတော့မှ မျက်နှာတွေ ဘာတွေ ထူပူပြီး ပျာယီးပျာယာ ပြေးထွက်လာရင်း ဖြုန်းဆို လန့်နိုးတော့တာကိုး"

"ဒီအိပ်မက်မျိုးကတော့ ဟိုလူဒီလူ မက်တတ်ကြတာပါပဲ"

"မက်တာကတော့ မက်ကြလိမ့်မယ် ဒေါက်တာ၊ သို့သော် ထူးဆန်းတာက ဒီလိုဗျ။ နောက်တစ်နေ့ လွှတ်တော် အစည်းအဝေးရောက်တော့ ဦးအံ့ကြီးနဲ့ မျက်နှာချင်းဆိုင် ဆုံမိကြရာမှ၊ ဦးအံ့ကြီးက ကျွန်တော့်မျက်နှာကို လုံးဝ မော့မကြည့်ဘဲ ကျွန်တော်ရဲ့ပေါင်ကို ငုံ့ကြည့်ပြီး ပြုံးစိစိ မျက်နှာထားမျိုး လုပ်ပြတယ် ဒေါက်တာ။ ဒီတော့ ကျွန်တော်က ညတုန်းက အိပ်မက်ကို သတိရပြီး မျက်နှာမထားတတ်အောင် ဖြစ်သွားတယ်။ ကိုယ့်ဟာကိုယ် အိပ်မက်မှန်းလည်း သိရဲ့၊ ကျွန်တော့်အိပ်မက်နဲ့ သူနဲ့ ဘာမှမဆိုင်ဘဲ ကျွန်တော် အိပ်မက် မက်တာကို သူ မသိနိုင်ကြောင်းလည်း သိရဲ့။ ဒါနဲ့တောင် ကျွန်တော့်မှာ မျက်နှာကို ဓားနဲ့ လှီးပစ်ချင်လောက်အောင် ရှိန်းခနဲ ပူတက်သွားတယ် ဒေါက်တာ"

"နောက် အိပ်မက်တစ်ခု ပြောပါဦး"

"ဒုတိယ အိပ်မက်ဟာက နောက်တစ်ညမှာ မက်တာပဲ။ ပထမ အိပ်မက်ထက်တောင် ဆန်းသေးတယ် ဒေါက်တာ။ အိပ်မက်ထဲမှာ လွှတ်တော် အစည်းအဝေး ကျင်းပနေလို့ ကျွန်တော်က ပြည်ထဲရေးကိစ္စနဲ့ ပတ်သက်တဲ့

mgyoe.com

mgyoe.com

အကြောင်းအရာတစ်ခုကို ရှင်းလင်းပြောပြနေတယ်။ ကိစ္စက တစ်ပြည်လုံး စိတ်ဝင်စားနေတဲ့ ကိစ္စဖြစ်လို့မို့ ဧည့်ပရိသတ်တွေ ပြည့်ကျပ်ပြီး ယောကျ်ားရော၊ မိန်းမရော၊ ရဟန်းရော၊ ရှင်ရော ပြည့်နေတော့တာပဲ ဒေါက်တာ။ ကျွန်တော်က ပြောမည့်စကားကို သေသေချာချာ ပြင်ဆင်လာခဲ့လို့မို့ စိတ်ပါလက်ပါ အားရ ပါးရ ပြောနေတုန်းမှာ ဦးအံ့ကြီးဆိုတဲ့ အမတ်နဲ့ မျက်လုံးချင်း ဆိုင်မိလေတော့ သူက ကျွန်တော့်ကို လျှာထုတ်ပြီး ပြောင်ပြတယ် ဒေါက်တာ။ ကျွန်တော်က ဒီတော့ သူ့ကို မခံချင်တာနဲ့ နန်းတော်ရှေ့ ဆရာတင်ရေးတဲ့ သီချင်းတစ်ပုဒ်ကို ဆိုပြလိုက်တယ်။ ဒီအခါမှာ လွှတ်တော်အမတ်တွေရော၊ ရဟန်းပရိသတ်၊ လူ ပရိသတ်ကရော လက်ခုပ်လက်ဝါးတီးပြီး ဇာတ်ထဲမှာလို "ဝမ်းစမိုး. . .အင်းကိုး" ဆိုပြီး ဩဘာပေးကြတယ်။ ဒါနဲ့ ကျွန်တော် အားတက်ပြီး သီချင်းကို နောက်တစ်ကြိမ် ထပ်ဆိုလို့လည်းဆုံးရော၊ ပရိသတ်တွေက ကျွန်တော့်ကို ကြည့်ပြီး ရယ်လိုက်ကြတာ ကုလားထိုင်တွေပေါ်မှာ လိမ့်နေတော့တာပဲဗျ။ ဒီအခါကျတော့မှ ကျွန်တော်က ကိုယ်လုပ်မိတဲ့ အဖြစ်ဟာ နေရာမကျပါကလား ဆိုပြီး လူကြီးတစ်ယောက် ဖြစ်ပါလျက်နဲ့ ဇာတ်လူပြက်လို ပြောမိပြောရာ ဆိုမိဆိုရာ ဆိုမိချေပြီ၊ ငါတော့ဖြင့် ဒီရာထူးက နုတ်ထွက်ရတော့မှာပဲလို့ စဉ်းစားမိတယ်။ အဲဒီလို စဉ်းစားမိလို့ စိတ်ထဲမှာ လန့်လည်းသွားရော၊ အိပ်ရာက လန့်နိုးတာပါပဲဗျ"

ဦးထွန်းအောင်သည် အထက်ပါ အကြောင်းအရာတို့ကို ပြောပြပြီး နောက်၊ မရယ်ချင် ရယ်ချင်နှင့် ကြိုးစား၍ ရယ်မောသေး၏။ ထိုနောက်မှ ဆက်လက်၍. . .

"ဒါနဲ့ မနက်လင်းလို့ လွှတ်တော်အစည်းအဝေး အချိန်မှာ လွှတ်တော် ကို တက်ကယ်သွားတော့ အစည်းအဝေးထဲမှာ အမတ် ဦးအံ့ကြီးက အတိုက် အခံဘက်ကနေပြီး စကားပြောတယ်ဗျ။ သူ ပြောတဲ့စကားကို ကျွန်တော်က စိတ်မဝင်စားဘဲ ဖိုင်တွဲတွေကို လှန်ကြည့်နေရာမှ သူ့မျက်နှာကို တစ်ချက် မော့ကြည့်လိုက်တော့၊ ဦးအံ့ကြီးက ကျွန်တော့်မျက်နှာကို ကြည့်တည့်ပြီး အိပ်မက် ထဲမှာ ကျွန်တော် ဆိုခဲ့တဲ့ သီချင်းထဲက စကားတစ်ပိုဒ်ကို ထည့်ပြောလိုက် တယ်ဗျ။ ဒီတော့ကာ မနေ့ညတုန်းက ကျွန်တော် မက်တဲ့ အိပ်မက်ကို သတိ ရပြီး ငါ့အိပ်မက်ကို သူ သိလေရော့သလား ထင်ပြီး၊ ကျွန်တော့်မှာ အတော် အနေရ ခက်သွားတယ်။ ဘုရင်ခံ အတွင်းဝန်ရဲ့ ဒင်နားပါတီမှာတုန်းက ဘောင်းဘီတိုကလေးနဲ့ ကျွန်တော် သွားခဲ့မိတဲ့ အကြောင်းကိုလည်း သူ သိတယ်၊ ယခုတစ်ဖန် လွှတ်တော် အစည်းအဝေးထဲမှာ တောက်တီးတောက်တဲ့ တေးချင်းကို ဆိုမိတဲ့ အိပ်မက်ကိုလည်း သူ သိပြန်တယ်ဆိုတော့ ဒီလူဟာ

mgyoe.com

mgyoe.com
ကျွန်တော် အိပ်မက်မက်သလို သူကလည်း သူ့အိပ်ရာထဲကနေပြီး အိပ်မက် မက်သလားလို့ စဉ်းစားမိတယ်။ ဒီလိုဖြစ်နိုင်ဖို့ရာတော့ ခဲယဉ်းမှန်း ကျွန်တော် သိပါတယ်၊ သို့သော်လည်း နှစ်ကြိမ်တိုင်တိုင် ရှိလေတော့ ကျွန်တော့်စိတ်ထဲမှာ ဒီအခြင်းအရာကို ဖျောက်လို့မရအောင် ဖြစ်နေတယ် ဒေါက်တာ"

ဤနေရာတွင် ဦးထွန်းအောင်နှင့် ဒေါက်တာကျော်ညွန့်တို့သည် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်နေကြလေ၏။ ထိုနောက်မှ ဦးထွန်းအောင်က ဆက်လက်၍. . .

"သူတစ်ပါးအိပ်မက်ကို နားထောင်ရတာ ပျင်းစရာကြီးပေါ့ ဒေါက်တာ၊ ကျွန်တော့် မိန်းမဟာ သူ့အိပ်မက်ကို ကျွန်တော့် ပြောပြတတ်လွန်းလို့ ကျွန်တော်ဖြင့် ပျင်းလိုက်တာ လွန်ရော"

"ကျွန်တော်က မပျင်းပါဘူး၊ ပြောသာ ပြောပါ"

"ဒီနောက် ရက်အနည်းငယ်ကြာတော့ အိပ်မက်တစ်ခု မက်ပြန်တယ်၊ အိပ်မက်ထဲမှာ ပင်လယ်ကူးသင်္ဘောသားများ သွားလာလေ့ရှိတဲ့ သင်္ဘောသား ကလပ်ကို ကျွန်တော် ရောက်သွားတယ်။ အမှန်အတိုင်းတော့ အပြင်ဘက်ကသာ ကျွန်တော် မြင်ဖူးပါတယ်၊ အတွင်းကို တစ်ခါမှ မရောက်ဖူးပါဘူး။ ကလပ်ရှေ့ပိုင်းက အခန်းကြီးထဲ ဝင်သွားတော့ မျက်နှာဖြူ သင်္ဘောသားတွေ၊ သူ့စားပွဲနဲ့သူ ဝိုင်းပြီး အရက်သောက်နေကြတာကို တွေ့တယ်ဗျ။ အချိန်ကလည်း ညဖြစ်လေတော့ ဓာတ်မီးတွေက ထိန်လို့ဗျ။ ကျွန်တော်လည်း ဒီအခါမှာ ဘိုလို ဝတ်ထားတယ်။ အခန်းထောင့်မှာ ဓာတ်စက်တစ်ခု အသံချဲ့စက်တပ်ပြီး ဘင်အတီးအမှုတ် ဓာတ်ပြားကို သွင်းထားလို့ ကတဲ့လူက က၊ အရက်သောက်တဲ့လူက သောက်၊ စီးကရက်တွေ တဖွာဖွာနဲ့ စကားပြောတဲ့လူက ပြော၊ တစ်ခန်းလုံး ဆူလို့ပဲဗျ။ တစ်နေရာမှာတော့ မျက်နှာဖြူမ နှစ်ယောက်က လက်တွဲပြီး ကနေကြတယ်။ ကျွန်တော်က ဒီမိန်းမနှစ်ယောက်ကို ကြည့်နေတုန်း လူတစ်ယောက်က "တစ်ခွက် သောက်ပါလားဗျာ"တဲ့၊ ပြောပြောဆိုဆိုနဲ့ စားပွဲဝိုင်းကလေးပေါ်မှာ တင်ထားတဲ့ အရက်ဖန်ခွက်ကို ကျွန်တော် လှမ်းပေးတယ်၊ ဒီတော့ ကျွန်တော်က မိုးခါရေသောက်ဆိုတဲ့သဘောနဲ့ ဒီလူပေးတဲ့ အရက်ခွက်ကို ယူသောက်မိတယ်။ ဒီအခါမှာ နှစ်ယောက်တွဲကနေတဲ့ မျက်နှာဖြူမက ကျွန်တော့် ဆီလာပြီး "ဟေ့လူဘာလုပ်နေတာလဲ၊ ရှင်သောက်တာ ကျွန်မခွက်ပါ"တဲ့... ပြောတော့၊ ကျွန်တော်က ဟိုလူပေးလို့ သောက်မိတဲ့အကြောင်း ပြောပြပြီး တောင်းပန်ရတယ်။ ဒီတော့မှ မိန်းမက "ကိစ္စမရှိပါဘူး၊ ကျွန်မနဲ့ တွဲကရင် ကျေနပ်ပါတယ်"တဲ့။ ပြောပြောဆိုဆိုနဲ့ ကျွန်တော့်ခါးကို ဖက်ပြီး နှစ်ယောက်တွဲက ကြပါရောဗျာ။ တော်တော်မောတော့ ကုလားထိုင် တစ်လုံးပေါ်မှာ ကျွန်တော်က
mgyoe.com

mgyoe.com

ထိုင်၊ ကျွန်တော့်အနားမှာ မိန်းမက ထိုင်ပြီး အရက်တစ်ခွက်တည်းကို သူနဲ့ ကျွန်တော်နဲ့ တစ်ယောက်တစ်လှည့်စီ သောက်နေကြတာကိုးဗျ။ အမှန်ပြောရရင် ကျွန်တော်ဟာ နိုင်ငံရေးဘက် လိုက်စားကတည်းက အပျော်အပါး ဆိုလို့ လုံးဝ ဖြတ်ထားတဲ့လူပါ။ ကျွန်တော်ကိုယ်တိုင် သန့်ရှင်းအောင်နေမယ် ဆိုပြီး အထူးသတိနဲ့ နေထိုင်လာခဲ့ပါတယ်။ သို့ပါလျက်နဲ့ အရက်မူးနေတဲ့ မိန်းမတစ်ယောက်နဲ့ ပရိသတ် အလယ်ကောင်မှာ ယခုလို ပြုတယ်လို့ အိပ်မက် မက်တာ ကျွန်တော် သိပ်အံ့ဩတာပဲ။ ကျွန်တော်နဲ့ တွဲကတဲ့ မိန်းမက ရုပ်လည်းမချော၊ အရွယ်ကလည်း မငယ်လှဘူး ခင်ဗျ။ သူ့ကိုကြည့်ရတာ ကျွန်တော့်စိတ်ထဲမှာ ရွံတောင် ရွံသေးတယ်။ ဒါနဲ့တောင် တစ်ယောက်လည်ပင်းကို တစ်ယောက်ဖက်ပြီး ကစ်(စ်)များတောင် ပေးလိုက်ကြသေးတယ် ခင်ဗျ။ အဲဒီလို လုပ်နေကြတုန်းမှာ "ဟုတ်ပြီကွ၊ ငါ့လူ ကြိတ်လိုက်ကွ"တဲ့။ အော်ပြော လိုက်တဲ့ အသံကို ကျွန်တော် ကြားရလေတော့ မော့ကြည့်လိုက်ရာမှ လွှတ်တော် အမတ် ဦးအံ့ကြီး ဖြစ်နေတာကိုး ခင်ဗျ။ ဒီတော့ ကျွန်တော်က ကပျာကယာ ရှန်းထတော့၊ မိန်းမက ကျွန်တော့်ဖက်ထားပြီး "ဒီလူကို ဂရုမစိုက်ပါနဲ့၊ အလကားလူပါ"တဲ့ ပြောတယ်။ ဒီတော့ ဦးအံ့ကြီးက "ကြိတ်လိုက်ပါ ငါ့ လူရ၊ မော်လီကို ကျုပ် သိပါတယ်၊ ကြေးတန်းစားဖြစ်ပေမယ့် တကယ် တန်အောင် ပေးတတ်တဲ့ မိန်းမပါဗျ"တဲ့၊ ပြောလိုက်ချေသေးတယ်ဗျ။ ကျွန်တော့် စိတ်ထဲမှာ ဘယ်လိုဖြစ်သွားသလဲဆိုတော့ ဒီလို မိန်းမတစ်ယောက်နဲ့ တွဲကနေ တာကို သူ မြင်သွားခြင်းထက် ကျွန်တော့်ကို သူက "ငါ့လူရ. . .ငါ့လူရ"နဲ့ ပြောနေပုံကို ပိုပြီး အခံရ ခက်သွားတယ်ဗျ။ ဒါနဲ့ ကျွန်တော်က မိန်းမကို ဖက်ထားပြီး၊ ဦးအံ့ကြီးဘက် လှည့်တည့်ပြီး "ခင်ဗျားကို ကျုပ် မသိပါဘူး၊ သိလည်း မသိချင်ပါဘူး"လို့ ပြောလိုက်တယ်။ ဒီတော့ ဦးအံ့ကြီးက "ခင်ဗျား က ကျုပ်ကို မသိပေမယ့် ကျုပ်က ခင်ဗျားအကြောင်း ကောင်းကောင်း သိတယ်၊ ဟေ့ မော်လီ သတိထားကွယ့်နော်၊ သူ့ဆီက ပိုက်ဆံ အရင်ရအောင် တောင်း၊ ဒီလူက လူညစ်ကွယ့်"တဲ့ ပြောလိုက်သေးတယ်။ ဒီတော့ ကျွန်တော်က စားပွဲပေါ်မှာ ထောင်ထားတဲ့ ဘီယာပုလင်းကို လှမ်းဆွဲပြီး သူ့ခေါင်းကို အားကုန်ရိုက်လိုက်တာ ကျွန်တော်လည်း လန့်နိုးလာရော ခင်ဗျာ"

"ဒီလို အိပ်မက်မျိုးဟာ အဓိပ္ပာယ် ရှိတယ်ဗျ၊ ကိုယ့်ကိုယ်ကိုယ် ဖြူစင်သန့်ရှင်းအောင် ကြိုးစားပြီး နေထိုင်တဲ့ လူများအပေါ်မှာ သဘာဝစမ္မက အလို စမ်းတာလား သို့မဟုတ် နှိမ်တာလား တစ်ခုခု ဖြစ်တတ်တယ်"

"အိပ်မက်က ကိစ္စမရှိပါဘူး၊ တောက်တီးတောက်တဲ့ အိမ်မက် ထား ပါတော့။ သို့သော် နောက်တစ်နေ့မှာ ဆက်ပြီး ကြုံတွေ့ရတဲ့ အဖြစ်အပျက်က

mgyoe.com

အံ့သြဖို့ကောင်းတယ် ဒေါက်တာ။ နောက်တစ်နေ့မှာ လွှတ်တော် အစည်းအဝေး ရောက်လို့ စာအုပ်တစ်အုပ် လိုချင်တာနဲ့ ကျွန်တော်က စာကြည့်ခန်းထဲဝင်ပြီး စာအုပ်ကိုယူ၊ သိလိုတဲ့ အကြောင်းအရာကို ထိုင်ပြီး ဖတ်နေတယ်။ ကျွန်တော့် အနားမှာ ဦးအံ့ကြီး ထိုင်နေမှန်းလည်း ကျွန်တော် မသိပါဘူး။ တော်တော် ကလေး ဖတ်မိတော့ အမတ်တစ်ယောက်က စာကြည့်ခန်းထဲ ဝင်လာပြီး၊ "ဘယ့်နှယ်လဲဗျ ဦးအံ့ကြီး၊ ခင်ဗျားကြည့်ရတာ မှုန်တေတေနဲ့ ပါကလား၊ နေထိုင်မကောင်းဘူး မှတ်တယ်"လို့ ပြောလိုက်တော့ ဦးအံ့ကြီးက "ခေါင်းကိုက် လွန်းလို့ဗျာ၊ ကိုက်လိုက်ပုံများတော့ ငယ်ထိပ်ကို ဘီယာပုလင်းနဲ့ ရိုက်ခွဲထား သလိုပဲ"တဲ့၊ ပြန်ပြောလိုက်တယ် ဒေါက်တာ။ ကိုင်း ဒေါက်တာ ကြားခဲ့တဲ့ အတိုင်း သုံးကြိမ်တိတိ ရှိခဲ့ပြီဗျ။ ဒီတော့ ဦးအံ့ကြီးဆိုတဲ့လူဟာ ကျွန်တော် မက်ခဲ့တဲ့ အိပ်မက်မျိုးကို သူကိုယ်တိုင် မက်ခဲ့တယ်ဆိုတဲ့ ကောက်နုတ်ချက်မှ တစ်ပါး အခြားနည်းအားဖြင့် ယူဆရန် မဖြစ်နိုင်ဘူးလို့ ဝန်ခံသင့်ပြီ မဟုတ် လား ဒေါက်တာ"

"ဒါကတော့ မတော်တဆ တိုက်ဆိုင်ခြင်းပဲ ဖြစ်နိုင်ပါတယ်၊ အိပ်မက် တစ်ခုတည်းကို လူနှစ်ယောက် တစ်ပြိုင်တည်း မက်တယ်လို့ ယူဆဖို့ ခဲယဉ်း ပါသေးတယ်"

"ဒါပေမဲ့ ဒေါက်တာ၊ ဦးအံ့ကြီးက သူ့ခေါင်းကို ဘီယာပုလင်းနဲ့ ရိုက်သလိုပဲလို့ ပြောလိုက်တဲ့အခါမှာ ဟိုလူကို မကြည့်ဘူး၊ ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး ပြောလိုက်တယ် ဒေါက်တာရဲ့"

"ခင်ဗျား အိပ်မက်မက်တိုင်း ဒီလူချည်း ထပ်ကာထပ်ကာ ပါနေ ခြင်းဟာ ဘယ်လိုကြောင့်လဲလို့ ခင်ဗျား တွေးနိုင်သလား"

"ကျွန်တော်တော့ ဘာမှ မတွေးနိုင်ဘူး ဒေါက်တာ"

ဒေါက်တာ ကျော်ညွန့်သည် ဦးထွန်းအောင်၏ မျက်နှာကို စူးစူး စိုက်စိုက် ကြည့်နေ၍ မိမိအား လိမ်လည်၍ပြောကြောင်း ရိပ်မိ၏။ များစွာသော လူနာတို့သည် ဟုတ်မှန်သည့်အတိုင်း ဖွင့်ဟပြောပြမှသာလျှင် မိမိတို့၏ ရောဂါကို ကုသနိုင်ဖို့ရှိသည်ဟု သိကြသော်လည်း ရုတ်တရက် ဖွင့်ဟဝန်ခံခြင်း မပြုဘဲ၊ ဒေါက်တာကျော်ညွန့်က အထပ်ထပ် စစ်ဆေးမေးမြန်းသော အခါမှသာလျှင် ဝန်ခံတတ်ကြ၏။

"ခင်ဗျား အိပ်မက်မက်တာ ရက်သတ္တသုံးပတ်လောက်ရှိပြီ ပြောတယ်။ ဒီနောက်ကော မက်သေးသလား"

"ညတိုင်း မက်ပါတယ်"

"အိပ်မက်မက်တိုင်း ဦးအံ့ကြီး ပါတာချည်းပဲလား"

mgyoe.com

mgyoe.com

"ပါတာချည်းပါပဲ"

ဒေါက်တာကျော်ညွန့်သည် စာရွက်တစ်ရွက်ပေါ်တွင် ဖောင်တိန်နှင့် မျဉ်းကြောင်းကလေးများ ရေးခြစ်လျက်ရှိ၏။

"ဘယ့်နှယ်လဲ ဒေါက်တာ၊ ကျွန်တော့်အတွက် တစ်နည်းတစ်ဖုံ စီမံပေးဦးမှ ဖြစ်မှာပဲ။ ကျွန်တော်တော့ ဒီအိပ်မက်တွေကြောင့် ရူးတော့မတတ် ဖြစ်နေပြီ။ ညတိုင်ကျရင် အိပ်ရာထဲ ဝင်ရမှာကို ကြောက်နေတော့တာပဲ။ တစ်ခါတစ်ခါတော့ နှစ်ည သုံးညလောက် အိပ်မက်မမက်ဘဲ ပြတ်သွားဖူးပါရဲ့၊ နောက်ပြီးတော့ မက်မြဲတိုင်း မက်ပြန်တာပဲ။ တစ်ခါတစ်ခါတော့လည်း အိပ်မက်ကို ကြောက်တာနဲ့ မိုးလင်းလုမတတ် စာထိုင်ဖတ်လိုဖတ်၊ အခန်းထဲမှာ စကြံ လျှောက်လိုလျှောက် လုပ်စမ်းကြည့်ပါရဲ့၊ ကျွန်တော့်အလုပ်က ဦးနှောက်နဲ့ လုပ်ရတဲ့အလုပ် ဖြစ်လေတော့ ညတိုင်း အိပ်ပျက်ခံလို့လည်း မဖြစ်နိုင်ပါဘူး ဒေါက်တာ။ နောက်ဆုံးမှာ ငိုက်လာလို့ အိပ်ရာထဲဝင်ပြီး အိပ်လည်း အိပ်လိုက်ကရော၊ ဒီအိပ်မက်မျိုးတွေလည်း ပေါ်လာပြန်ရော ဒေါက်တာ။ မှန်တဲ့အတိုင်း ကျွန်တော် ဖွင့်ပြောရရင် ကျွန်တော်ဟာ ကျွန်တော့် အိပ်မက်ထဲက လူလို လူသရမ်းတစ်ယောက် မဟုတ်ပါဘူး ဒေါက်တာ၊ တည်တည်တံ့တံ့ နေထိုင်လာခဲ့တဲ့ လူတစ်ယောက်ပါ။ မေးချင်တဲ့လူကို မေးကြည့်ပါ။ ကျွန်တော့် ရည်မှန်းချက်က ဘာလဲဆိုတော့ နိုင်ငံကောင်းစားအောင် နည်းလမ်းရှိသမျှ ဆောင်ရွက်ပြီး ကျွန်တော့်အဖို့ နာမည်ကောင်း ရချင်တာပါပဲ။ ကျွန်တော့်မှာ ငွေလည်း ပြည့်စုံတယ်၊ ဂုဏ်လည်း ရှိပါတယ်၊ ရာထူးလည်း ရှိပါတယ်၊ ဒီ့ပြင်ဟာ ကျွန်တော် မလိုချင်ပါဘူး။ တိုင်းပြည်က ရှိသေလေးစားတယ်ဆိုတဲ့ နာမည်ကောင်းတစ်ခု သားမြေး အစဉ်အဆက် တည်ရစ်စေဖို့ ကျွန်တော် လိုချင်တာပါပဲ။ ကျွန်တော့်ဆန္ဒက တခြားမဟုတ်ပါဘူး၊ ကိုယ့်တိုင်းပြည်မှာတင် ကြီးကျယ်ဖို့ မကဘဲ ကမ္ဘာကျော်ကြားလောက်အောင် ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက် ဖြစ်ဖို့ပဲ ရည်မှန်းပါတယ်။ ရည်မှန်းတဲ့အတိုင်း အတော်အတန် ခရီးရောက်မယ် ကြံကာရှိသေး၊ ဒီအိပ်မက် အနှောင့်အယှက်နဲ့ တွေ့နေရပါတယ်။ ဒေါက်တာကို ကျွန်တော် ပြောပြခဲ့တဲ့ အိပ်မက်သုံးခုဟာ ဘာမှမဟုတ်သေးဘူး။ တချို့အိပ်မက်ထဲမှာ အလွန်တရာ ညစ်ပတ်စုတ်ပဲ့ သိမ်ဖျင်းကြမ်းတမ်းတဲ့ အပြုအမူတွေကို ဦးအုံ့ကြီးရဲ့ရှေ့မှာ ပြုမိလျက်ချည်း ကြုံနေပါတယ်။ သူ့မျက်နှာထားကြည့်ရတာ ဒီအကြောင်းအရာတွေကို သူ သိပြီးဖြစ်လို့မို့ "လောကကြီးက မင့်ကို အထင်ကြီးပေမယ့် ငါက မင်းအကြောင်း ကောင်းကောင်းသိလို့ အထင်မကြီးဘူးကွ"ဆိုတဲ့ မျက်နှာထားမျိုးကို ကျွန်တော် မြင်ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အတွက် ဒေါက်တာက တစ်စုံတစ်ခု

mgyoe.com

mgyoe.com

လုပ်ရင်လည်းလုပ်ပေးပါ၊ ဒေါက်တာသာ မတတ်နိုင်ဘူးဆိုရင်တော့ ကျွန်တော့်ကိုယ် ကျွန်တော် သတ်လို့သော်လည်း သေရပါလိမ့်မယ်၊ သို့မဟုတ် ဦးအုံ့ကြီးကိုသော်လည်း ကျွန်တော် သတ်ရပါလိမ့်မယ်"

"ဦးအုံ့ကြီးကို သတ်လို့ ဘယ်ဖြစ်မလဲ ဦးထွန်းအောင်၊ ဥပဒေက ချမ်းသာပေးမှာ မဟုတ်ဘူးဗျ"

"ဒါတော့ မပူပါနဲ့ ဒေါက်တာ၊ ဦးအုံ့ကြီးကို ကျွန်တော် သတ်ရင် ဘယ်သူမှ မစွပ်စွဲနိုင်တဲ့ နည်းမျိုးနဲ့ ကျွန်တော် သတ်နိုင်ပါတယ်။ ကျွန်တော့် အိပ်မက်ထဲမှာ သူ့ခေါင်းကို ကျွန်တော်က ဘီယာပုလင်းနဲ့ ရိုက်လိုက်တော့ သူ့မှာ တကယ် နာသွားတယ်မဟုတ်လား။ ဒီတော့ကာ ကျွန်တော်က ပုလင်းနဲ့ ရိုက်မယ့်အစား အိပ်မက်ထဲမှာ ဓားနဲ့ထိုးလိုက်သည်ဖြစ်စေ၊ သေနတ်နဲ့ ပစ်လိုက်သည်ဖြစ်စေ သူ့မှာ တကယ်သေရမှာပေါ့ ဒေါက်တာ။ အိပ်မက်ထဲမှာ ကျွန်တော်က သတ်လို့ သူ့မှာ တကယ်သေသွားရင် ကျွန်တော့်ကို ဘယ်ဥပဒေနဲ့ အရေးယူနိုင်မလဲ ဒေါက်တာ"

ဦးထွန်းအောင်၏ စကားကို ဖတ်ရှုရသော စာဖတ်ပရိသတ်အနက် အချို့က ဤလူသည်ကား ရူးသွပ်နေပြီတကားဟု မှတ်ထင်ကောင်း မှတ်ထင်ကြပေလိမ့်မည်။ သို့ရာတွင် လူသတ္တဝါတို့၏ စိတ်အကြောင်းကို နှစ်ပေါင်းများစွာ ထောက်လှမ်းစုံစမ်းလာခဲ့သော ဒေါက်တာကျော်ညွှန့်မှာမူကား လူကောင်းတစ်ယောက်နှင့် လူရူးတစ်ယောက်ကို ပိုင်းခြားသတ်မှတ်ထားသော နယ်နိမိတ်သည် အလွန်တရာ မရေမရာ မသေမချာရှိနေသည့် အကြောင်းကို သိရှိရသည်ပြင်၊ ပုထုဇဉ် မှန်သမျှသည် အရူးချည်းဖြစ်သည်ဟု ဟောတော်မူသော မြတ်စွာဘုရား၏ စကားတော်လည်း ရှိပေသေး၏။

ဒေါက်တာကျော်ညွှန့်သည် အလွန်တော်လှပါသည်ဆိုသော ပုဂ္ဂိုလ်များကို နိုက်နိုက်ချွတ်ချွတ် စစ်ဆေးစုံစမ်း၍၊ သူတို့၌ စွပ်ဖုံးထားသော မျက်နှာဖုံးကို လှပ်လိုက်သည့်အခါ၊ အလွန် မဖွယ်ရာလှ၍ သဘာဝနှင့် ဆန့်ကျင်သော စိတ်အကြံတို့ကို ရံဖန်ရံခါ စိတ်ကူးကြံစည်မိကြောင်း တွေ့ရတတ်ပေ၏။ ဒေါက်တာကျော်ညွှန့်၏ စစ်ဆေးစုံစမ်းချက်အရ ရူးသွပ်သောလူများကို စိတ်ရောဂါ အထူးကုဆေးရုံသို့ ပို့ရမည်ဆိုလျှင် ကမ္ဘာပေါ်၌ ရှိသမျှသော စိတ်ရောဂါအထူးဆေးရုံများသည် ပြည့်လျှံကုန်ကြပေလိမ့်မည်။ ဒေါက်တာကျော်ညွှန့်အဖို့၌ ဦးထွန်းအောင်မှာ လူထူးလူဆန်းတစ်ယောက် မဟုတ်သော်လည်း၊ အခြားသူများကို ကုသခဲ့သော နည်းအားဖြင့် ဤလူကို ကု၍ ရနိုင်ပါမည်လောဟု စဉ်းစားလျက်ရှိ၏။

"ဒီပြင် ဆရာဝန်ကို ခင်ဗျား ဆွေးနွေးဖူးပြီလား"

mgyoe.com

mgyoe.com

"ဒေါက်တာဘသက် တစ်ယောက်ကိုသာ ဆွေးနွေးဖူးပါတယ်။ ကျွန်တော်က ယခုလို သေသေချာချာ ပြောမပြဘူး၊ ညတိုင်ကျရင် ဘီလူးစီးတတ်တယ်လို့ သာမန်ကာလျှံကာ ပြောပြဖူးတယ်။ ဒီတော့ သူက ဦးနှောက် အလုပ်များလွန်းတယ်ဆိုပြီး အားလပ်ခွင့်ယူပြီး လျှောက်လည်ဖို့ အကြံပေးဖူးတယ်။ အခုအနေအခါမှာ ပြည်တွင်းရေးကိစ္စက အင်မတန် အရေးကြီးနေလို့မို့ အားလပ်ခွင့်ယူလို့ မဖြစ်နိုင်ဘူး ဒေါက်တာ၊ နန်းရင်ဝန်က ခွင့်ပြုမှာလည်း မဟုတ်ဘူး။ ဒါနဲ့ သူက အိပ်ဆေးတွေပေး၊ အားတိုးဆေးတွေပေး၊ ဘယ်သင်းမှ နေရာမကျဘူး ဒေါက်တာ"

"အိပ်မက်မက်တိုင်း ဦးအံ့ကြီးချည်း ပါပါနေတာ ဘယ်လို အကြောင်းကြောင့်လဲလို့ ခင်ဗျား မတွေးနိုင်ဘူးလား"

"ခုနင်က တစ်ခါမေးလို့ ကျွန်တော် ဖြေပြီးပါပြီကော ဒေါက်တာ"

ဖြေပြီးခြင်းကား မှန်ပါ၏။ သို့ရာတွင် သူ၏ ဖြေကြားချက်ကို မကျေနပ်သည့်အတွက်ကြောင့် ဒေါက်တာကျော်ညွန့် ထပ်လောင်းစစ်ဆေးခြင်း ဖြစ်၏။

"ဦးအံ့ကြီးဟာ ခင်ဗျားကို စိတ်မချမ်းသာအောင် လုပ်ချင်စရာ အကြောင်းတစ်ခုခု ရှိပါသလား"

"ကျွန်တော် မသိပါ"

ဤစကားသည်လည်း အမှန်မဟုတ်ကြောင်းကို ဒေါက်တာကျော်ညွန့် ရိပ်မိ၏။

"ဦးအံ့ကြီး နစ်နာအောင် ခင်ဗျားက တစ်စုံတစ်ခု ပြုခဲ့ဖူးပါသလား"

"မပြုခဲ့ဖူးပါ"

ဦးထွန်းအောင်ကား ထိုအဖြေကို ပေးသောအခါ၌ တည့်မတ်စွာ ထိုင်လျက်ရှိသော်လည်း၊ ဒေါက်တာကျော်ညွန့်၏ မျက်စိထဲ၌မူ တီကို ဆားနှင့်တို့လိုက်သကဲ့သို့ တွန့်ရှုံ့၍သွားသည်ဟု အောက်မေ့မိ၏။

"အမှန်ပဲလား"

"အမှန်ပါပဲ ဒေါက်တာ၊ ဦးအံ့ကြီးနဲ့ ကျွန်တော်နဲ့ဟာ သွားရာလမ်းကြောင်းချင်း အပုံကြီး ခြားနားပါတယ်။ ဦးအံ့ကြီးက အတိုက်အခံ ဂိုဏ်းသား အမတ်တစ်ယောက်မျှသာ ဖြစ်ပါတယ်။ သူနဲ့ ကျွန်တော်နဲ့ဟာ မွေးလာတဲ့ ဇစ်မြစ်ဇီဇကစပြီး ယခုအချိန်တိုင် တစ်လမ်းစီ၊ တစ်ကြောင်းစီ၊ တစ်ဌာနစီ ဖြစ်နေကြလေတော့ ဘယ်နေရာမှာမှ ပြိုင်ဖော်ပြိုင်ဘက် မဖြစ်ခဲ့ဘူးပါ။ သူသွားတဲ့ နေရာမျိုးကို ကျွန်တော် မရောက်ဖူးဘူး၊ ကျွန်တော်သွားတဲ့ နေရာမျိုးကိုလည်း သူ မရောက်ဖူးပါဘူး။ အတွင်းဝန်ချုပ်ရဲ့ ဒင်းနားပါတီ

mgyoe.com

mgyoe.com

ဆိုတာ အိပ်မက်ထဲမှာသာ ဖြစ်နိုင်ပါတယ်၊ တကယ်ဆိုရင် သူနဲ့ အဝေးကြီးပါ။ သူနဲ့ ကျွန်တော်နဲ့ဟာ လွှတ်တော် အတွင်းမှာမှတစ်ပါး ဘယ်နေရာမှ မျက်နှာချင်း မဆိုင်ဖူးပါ"

"ကျွန်တော့်ကို မှန်တဲ့အတိုင်း အလုံးစုံ ဖွင့်မပြောခဲ့လို့ရှိရင် ကျွန်တော် ဘာမှ မတတ်နိုင်ပေဘူး"

ထိုအခါ ဦးထွန်းအောင်သည် မျက်ခုံးနှစ်ဖက်ကို အထက်သို့ မြှောက်လျက် ဒေါက်တာကျော်ညွန့်ကို စိုက်ကြည့်နေပြီးမှ. . .

"ကျွန်တော့်စကားကို မယုံနိုင်ပါဘူးလို့ ပြောတဲ့လူ မကြုံဖူးသေးပါဘူး ဒေါက်တာ၊ ဒေါက်တာက မယုံဘူးဆိုရင် တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးဖို့ အချိန်ကုန်ရုံရှိမှာပဲ။ သင့်ကျတဲ့ အခကြေးငွေကို ဘီလ်လုပ်ပြီး ကျွန်တော့် အပါးတော်မြဲထံ ပို့လိုက်ပါတော့၊ ကျွန်တော် ရှင်းပေးပါမယ်"

ဒေါက်တာကျော်ညွန့်ကမူ ဦးထွန်းအောင်ပြောသော စကားကို အလျှင်းမကြားသည့် လက္ခဏာဖြင့် ဦးထွန်းအောင်၏ မျက်နှာကို စေ့စေ့ကြည့်လျက်. . .

"ဦးအံ့ကြီးက အနှစ်နာခံရလေခြင်းလို့ ထင်မှတ်လောက်အောင် ခင်ဗျားက တစ်စုံတစ်ခု ပြုဖူးပါသလား"

ဦးထွန်းအောင်သည် ရုတ်တရက် အဖြေမပေးဘဲ မျက်နှာလွှဲနေပြီးမှ၊ မလွှဲမရှောင်သာသော ကြည့်ခြင်းမျိုးဖြင့် ဒေါက်တာကျော်ညွန့်၏ မျက်နှာကို ကြည့်လေ၏။

"ဦးအံ့ကြီးကိုယ်တိုင်က လူညစ်လူညံ့တစ်ယောက်ဖြစ်ရင်တော့ သူ နစ်နာတယ်ထင်လို့ ထင်လောက်စရာ တစ်ခုတော့ရှိတယ်"

—"ဦးအံ့ကြီးဟာ လူညစ်လူညံ့ တစ်ယောက်ဖြစ်တယ်လို့ ခင်ဗျားကိုယ်တိုင်က ပြောခဲ့တယ်မဟုတ်လား"

ဤတွင် ဦးထွန်းအောင်မှာ တိမ်းရှောင်ရန် မတတ်နိုင်သဖြင့် မပြောချင် ပြော့ချင်နှင့် ပြောရချေတော့မည်ဟု သက်ပြင်းချလိုက်၏။ သို့သော်လည်း ဦးထွန်းအောင်သည် ရုတ်တရက် မပြောသေးဘဲ နှစ်မိနစ်ကျော် သုံးမိနစ်ခန့်မျှ ဆိတ်ငြိမ်စွာ ရှိနေလေရာ၊ ဒေါက်တာကျော်ညွန့်လည်း စာရွက်ပေါ်တွင် မျဉ်းကြောင်းကလေးများ ရေးခြစ်လျက်ရှိ၏။

"ဒေါက်တာအဖို့ အသုံးချနိုင်မယ့် အဖြစ်အပျက် အခြင်းအရာ အလုံးစုံကို ကျွန်တော် ပြောပြပါတော့မယ်။ မူလတုန်းကတော့ အရေးမကြီးပေဘူး ထင်လို့ ကျွန်တော်က မပြောဘဲ နေခဲ့ပါတယ်။ ဦးအံ့ကြီးက လွန်ခဲ့တဲ့ ရွေးကောက်ပွဲမှာ အရှေးခံရလျှင် ခံရချင်း ကျွန်တော်တို့ကို အများကြီး ဒုက္ခ

mgyoe.com

mgyoe.com
ပေးပါတယ်။ သူ့အဖေက ကူလီခေါင်း အလုပ်ကနေပြီး ကြီးပွားလာတဲ့လူ ဖြစ်တဲ့ပြင်၊ ဦးအံ့ကြီး ကိုယ်တိုင်မှာလည်း အင်္ဂလိပ်စာ ချောက်ချီးချောက်ချက် တတ်လို့ တောကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာကလေး လုပ်ဖူးခဲ့ပါတယ်။ ဒီလူက ပညာကလေး တစ်ပိုင်းတစ်စတတ်တာနဲ့ သူ့ကိုယ်သူ အထင်ကြီးပြီး နိုင်ငံရေး စာအုပ်ကလေးထဲက ရထားတဲ့ ဗဟုသုတကို အဟုတ်ကြီးမှတ်ပြီး အင်မတန် အသားယူချင်တဲ့လူ ဖြစ်ပါတယ်။ ပင်နီအင်္ကျီနဲ့၊ ချည်လုံချည်နဲ့၊ ကွင်းထိုးဖိနပ်စီးပြီး သူ့ကိုယ်သူ ဝံသာနုအမတ်ဆိုပြီး နံနံချာချာ ဝတ်ထားတဲ့ အတွက် သူ့ကိုပဲ ရှိသေရဦးတော့မလို ဘဝင်မြင့်နေတဲ့ လူတစ်ယောက် ဖြစ်ပါ တယ်။ သူတို့အထဲမှာတော့ ဘိုဆွဲတာ မှန်ပါရဲ့၊ သို့သော် ကျွန်တော်တို့လို ဘိလပ်ပြန် ဂရက်ဂျူယိတ်တွေနဲ့ စာလိုက်တော့ သူတို့တတ်တယ်ဆိုတာ အလကားပါပဲ။ "အကန်းနိုင်ငံမှာ မျက်စိတစ်ဖက်လပ်တဲ့လူဟာ ရှင်ဘုရင် ဖြစ်တယ်"ဆိုတဲ့ စကားပုံအတိုင်း ဦးအံ့ကြီးက နှုတ်လျှာသွက်သွက်နဲ့၊ တိုလီ မိုလီ ဗဟုသုတကလေးတွေကို အဟုတ်ကြီးထင်အောင် ဗန်းခင်းပြတတ်လေတော့ အရေးကြီးတဲ့ကိစ္စ ပေါ်ပေါက်တိုင်း သူ့လူများက သူ့ကို ဘိုတင်ပြီး အပြော ခိုင်းတယ်။ ပြည်တွင်းရေးကိစ္စကို နားလည်လှတယ်လို့ သူ့ကိုယ်သူ အထင် ကြီးပြီး ကျွန်တော့်ကို မဟုတ်တရုတ် မေးခွန်းတွေ မကြာခဏ မေးတတ် ပါတယ်။ အမှန်ကို ပြောပြရရင် သူက မေးတိုင်း ကျွန်တော်က ကျကျနန ရှင်းပြီး ပြလိုက်တာ နောက်ဆုံးမှာ သူသာ အရူးဖြစ်တာ များတယ်။ သူက အင်္ဂလိပ်လို မပီကလာ ပီကလာနဲ့ မေးလိုက်၊ ကျွန်တော်က ဘိလပ်သား မှသာရအောင် ဘိုသံပါပါနဲ့ ဖြေလိုက်တိုင်း သူ့လူ အနည်းငယ်မှတစ်ပါး လွှတ်တော်တစ်ခုလုံးက ကျွန်တော့်ကို ဩဘာပေးကြပါတယ်။ ဒါပေမဲ့ သူ့လူ များကတော့ သူ့ကို ဘုရားတစ်ဆူ ဂူတစ်လုံးလုပ်ပြီး ကိုးကွယ်ထားလို့မို့၊ အကယ်၍ သူတို့ပါတီက လွှတ်တော်မှာ လူဦးရေများလို့ အစိုးရဖွဲ့ခွင့်ရမယ်ဆိုရင် သူ့ဖို့ တစ်နေရာမှန်းထားတယ်လို့ ပြောကြပါတယ်။ တစ်နေ့သ၌တော့ လွှတ်တော် ထဲမှာ ပြည်ထဲရေးကိစ္စနဲ့ ပတ်သက်လို့ အခြေအတင်ပြောကြရာမှာ ဦးအံ့ကြီးက အတိုက်အခံဘက်မှ ရှေ့ဆောင်ရှေ့ရွက်လုပ်ပြီး တစ်နာရီကျော်ကျော်လောက် ကျွန်တော့်ကို နံလိုက်ပါတယ်။ ဦးအံ့ကြီးကတော့ သူပြောတဲ့ အချက်တွေဟာ နေရာကျလွန်းလို့ ကျွန်တော်ဖြင့် ချေပနိုင်တော့မယ် မဟုတ်ဘူးလို့ ထင်ကောင်း ထင်ပေလိမ့်မယ်။ သို့သော် ကျွန်တော့်အလှည့်ရောက်လို့ ကျွန်တော်က ချေပတဲ့ အခါကျတော့ ဦးအံ့ကြီးကို လူရူး၊ လူနှမ်း၊ လူပေါ တစ်ယောက်ဖြစ်သွားအောင် ခပ်ရွှန်းရွှန်း စကားတွေနဲ့ ပြန်နှက်လိုက်တာ လွှတ်တော်တစ်ခုလုံး ဝေါခနဲ ဝေါခနဲ ပွဲကျသွားတော့တာကိုး။ ပရိသတ်က ကျွန်တော်ပြောတာကို သဘောကျလို့
mgyoe.com

mgyoe.com

တဝါးဝါး ရယ်ကြလေ ကျွန်တော်တ အားတက်လေဖြစ်လာပြီး ဘာမှ မပြောပါနဲ့တော့၊ ဦးအံ့ကြီးရဲ့ စကားတစ်ခုလုံးကို ဆွဲဆုတ်ပြီး ချေမှုန်းပစ်လိုက်တာ ဦးအံ့ကြီးဟာ လွှတ်တော်ထဲမှာ ထိုင်ရာမထ သွက်သွက်ချာ ရူးနေတဲ့ အရူးကြီး တစ်ယောက် ဖြစ်သွားတော့တာကိုး ခင်ဗျ။ သူ့ကို လှမ်းကြည့်လိုက်တော့ ကုလားထိုင်ပေါ်မှာ ခေါင်းကလေးငုံ့ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့ ပိတ်ထားလေ တော့တယ်၊ ကျွန်တော့်ကိုတောင် မော့မကြည့်ဝံ့တော့ဘူး။ အဲဒီနေ့ကစပြီး ဦးအံ့ကြီးဟာ လွှတ်တော်ထဲမှာ "စေတီမှတ်လို့ ကိုးကွယ်ပါ၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ"ဆိုတဲ့ စကားလို၊ အဲဒီနေ့က ဖွတ်ထွက်သွားတော့တာပဲ ဒေါက္ကတာ။ ဘယ်လောက်များ သူ့ကို အထင်အမြင် သေးသွားသလဲဆိုတော့ နောက်တစ်ကြိမ် ရွေးကောက်ပွဲမှာ သူက အရှက်မရှိလို့ လုခဲ့လို့ရှိတောင် ဘယ်နည်းနဲ့မှ သူ မရနိုင်တော့ဘူးလို့ ပြောကြတယ်။ ဟုတ်ကောင်း ဟုတ်မလား မဆိုနိုင်ဘူး၊ သို့သော် ဒါကတော့ ကျွန်တော့်အလုပ်မဟုတ်ပါဘူး ဒေါက်တာ"

"ကျွန်တော် တစ်ခုမေးပါရစေ၊ ဦးအံ့ကြီးရဲ့ တစ်သက်ပတ်လုံး မျှော်လင့်ချက်ကို ခင်ဗျားက တစ်ရက်တည်းနဲ့ ဖျက်ပစ်လိုက်တယ်လို့ မဆိုနိုင်ပေဘူးလား"

"ဆိုချင် ဆိုနိုင်ပါလိမ့်မယ်"

"ဒီလိုဆိုရင် သူ့အဖို့ အလွန် နစ်နာပေတာပေါ့"

"ဒါကတော့ သူ့ဟာသူ လုပ်တာပဲ ဒေါက်တာ"

"ဒီအတွက် ခင်ဗျားမှာ ယူကျုံးမရ မဖြစ်မိဘူးလား"

"ဒီလောက် ဖြစ်သွားလိမ့်မယ်လို့ ကြိုတင်ပြီး သိခဲ့လို့ရှိရင် ဒီထက် ညာညာတာတာ ပြောမိကောင်း ပြောမိပါလိမ့်မယ်"

ဒေါက်တာကျော်ညွန့်သည် ဦးထွန်းအောင်အား ဆက်လက်၍ မေးခွန်း ထုတ်ရန် မရှိတော့သည် ဖြစ်သောကြောင့်၊ စိတ်အတတ်ဖြင့်ကုသော သမားတို့၏ ထုံးစံအတိုင်း ဦးထွန်းအောင်အား မက်ပြီးသော အိပ်မက်များကို နိုးလာသောအခါ၌ မေ့ပျောက်စေရန် လည်းကောင်း၊ အလျှင်း အိပ်မက်မမက် ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေရန် လည်းကောင်း ဖြားယောင်းသွေးဆောင် လေ၏။ စိတ်အတတ်ဖြင့် ကုသသော သမားတို့မည်သည်မှာ လူနာ၏စိတ်ကို မိမိ၏စိတ်ဖြင့် လွှမ်းမိုးနိုင်အောင် ရှေးဦးစွာ ကြိုးစားရသည်ဖြစ်ရာ၊ ဒေါက်တာ ကျော်ညွန့်သည် တစ်နာရီခန့်မျှ ကြိုးစားပါသော်လည်း ထမြောက်အောင်မြင်ခြင်း မရှိဘဲ ထိုနေ့အဖို့ တော်လောက်ပြီဆို၍ လွှတ်လိုက်ရလေ၏။

*

mgyoe.com

mgyoe.com

ထိုနေ့မှစ၍ ဦးထွန်းအောင်သည် ဒေါက်တာကျော်ညွန့်၏ ဆေးတိုက်သို့ လေးငါးကြိမ် လာရောက်ပါသော်လည်း ထူးခြားလှသည် မရှိချေ။ ဦးထွန်းအောင်မှာ ညတိုင်းလိုလိုပင် အထက်ပါ အိပ်မက်မျိုးကို ဆက်လက် မြင်မက်သည်ဖြစ်၍ သူ၏ ကျန်းမာရေး အခြေအနေမှာ သိသိသာသာ ယုတ်လျော့လျက်ရှိ၏။ ဦးထွန်းအောင်မှာ ရှေးကထက် စိတ်တိုလာ၍ ဒေါက်တာကျော်ညွန့်၏ ကုသခြင်းကို ခံယူပါလျက်နှင့် မသက်သာသည့်အတွက် ဒေါပွလျက်ရှိ၏။ သို့ရာတွင် ဒေါက်တာကျော်ညွန့်မှတစ်ပါး အခြားဆရာဝန်များ တတ်နိုင်မည်မဟုတ်ကြောင်းကို သိသည်နှင့် ဦးထွန်းအောင်သည် ဒေါက်တာကျော်ညွန့်၏ ဆေးတိုက်သို့ လာမြဲတိုင်း လာလျက်ရှိ၏။ မည်သို့ပင်ဖြစ်စေ မိမိ၏ အဖြစ်အပျက်ကို ဒေါက်တာကျော်ညွန့်မှတစ်ပါး မည်သူ့အားမျှ ဖွင့်ဟ ပြောပြနိုင်ခွင့်မရှိသည်ဖြစ်၍၊ ထိုကဲ့သို့ အတိအလင်း ဖွင့်ဟဆွေးနွေးရခြင်းသည်ပင်လျှင် မိမို့အဖို့ စိတ်သက်သာရာရသည်ဟု ဦးထွန်းအောင် အောက်မေ့မိ၏။

နောက်ဆုံး၌ ဒေါက်တာကျော်ညွန့်သည် ဦးထွန်းအောင်၏ စိတ္တဇရောဂါ ပျောက်ကင်းနိုင်စေရန် နည်းလမ်းတစ်ခုတည်းသာရှိသည်ဟု ဆုံးဖြတ်၏။ သို့ရာတွင် ထိုနည်းလမ်းကို မည်သည့်နည်းနှင့်မျှ ဦးထွန်းအောင်က လိုက်နာလိမ့်မည် မဟုတ်သည့် အဖြစ်ကိုလည်း ဒေါက်တာကျော်ညွန့် သိ၏။ ဦးထွန်းအောင်မှာ အလွန်တရာ မာနကြီးသူ တစ်ယောက်ဖြစ်၍ ဒေါက်တာကျော်ညွန့် ညွှန်ပြမည့် နည်းလမ်းမှာ ထိုသူ၏မာနနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၏။ မည်သို့ပင်ဖြစ်စေ ထိုနည်းလမ်းမှတစ်ပါး အခြားနည်းလမ်း မရှိတော့သည်ဖြစ်သောကြောင့် ဒေါက်တာကျော်ညွန့်သည် ဦးထွန်းအောင်အား ဖွင့်ဟ ပြောပြတော့မည်ဟု အကြံပြု၏။ သို့ဖြစ်၍ မိမိ၏ ဆေးတိုက်သို့ ဦးထွန်းအောင် နောက်တစ်ကြိမ် လာရောက်သောအခါတွင်၊ ဒေါက်တာကျော်ညွန့်သည် မိမိ၏ နူးညံ့ပျော့ပျောင်း၍ တည်ကြည်ငြိမ်သက်သော အသံဖြင့်၊ ဦးထွန်းအောင်၏ စိတ်ကို နူးညွတ်ပျော့ပျောင်း၍ အိပ်ချင်လာတော့မတတ်ဖြစ်အောင် အကြိမ်ကြိမ် အဖန်ဖန် စကားပြောသည်တွင်၊ ဦးထွန်းအောင်မှာ မျက်လုံးများ မှေးလျက် ကုလားထိုင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်လျက်ရှိ၏။

"ဦးအံ့ကြီးဆီကို ခင်ဗျား သွားရမယ်၊ နောက်ပြီးတော့ သူ နစ်နာအောင် လုပ်မိခဲ့တဲ့အတွက် အင်မတန် ဝမ်းနည်းပါတယ်လို့ ခင်ဗျား ပြောရမယ်၊ နောက်ပြီးတော့ သူ့ နစ်နာမှုကို ပပျောက်စေရန် အစွမ်းရှိသမျှ ခင်ဗျားက ကြိုးစားပါမယ်လို့ ပြောရမယ်"

ဦးထွန်းအောင်သည် ကုလားထိုင်ပေါ်တွင် မျက်လုံးများမှိတ်လျက် ထိုင်နေရာမှ ဒေါက်တာကျော်ညွန့် စကားကို ကြားလိုက်ရသောအခါတွင်

mgyoe.com

mgyoe.com

မျက်နှာကို ကြိမ်လုံးနှင့် ရိုက်လိုက်ဘိသကဲ့သို့ ထိုင်ရာမှ ခုန်ထ၍ မျက်လုံး မျက်ဆန်ပြူးနှင့် ဒေါက်တာကျော်ညွန့်အား ကြည့်ပြီးလျှင် ကြောက်မက်ဖွယ်သော စကားလုံးများဖြင့် ရေရွတ်ကျိန်ဆဲလေ၏။ ဦးထွန်းအောင် သုံးနှုန်းသော စကား များမှာ လွန်စွာ ညစ်ညမ်းယုတ်မာလေရကား၊ လူနာအမျိုးမျိုးထံမှ စကား အမျိုးစုံ ကြားခဲ့ရဖူးသော ဒေါက်တာကျော်ညွန့်ပင်လျှင် အံ့အားသင့်လျက်ရှိ၏။

"ဒီ. . .ဦးအံ့ကြီးကိုလားဗျာ၊ ကျွန်တော်က တောင်းပန်ဝန်ချရမှာ။ တော်စမ်းပါ ဒေါက်တာ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မယ်ဗျ နားလည် လား"

"ခင်ဗျား စိတ်တည်ငြိမ်မှု ရလိုရင် ဒီနည်းလမ်းတစ်ခု ကျွန်တော် မြင်တာပဲ"

ဒေါက်တာကျော်ညွန့်သည် စိတ်ဆိုးသော လူအမျိုးမျိုးကို တွေ့ကြုံ ခဲ့ဖူးသော်လည်း ဦးထွန်းအောင်ကဲ့သို့ မချုပ်တည်းနိုင်အောင် ဒေါသမီး တောက် လောင်သော လူကိုမူကား တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးချေ။ ဦးထွန်းအောင် ၏ တစ်ကိုယ်လုံး၌ရှိသော သွေးများသည် မျက်နှာသို့ချည်း ပြေးတက်စုဝေး နေဘိသကဲ့သို့ ဟင်္သပဒါးရောင် နီမြန်းလာပြီးလျှင်၊ မျက်လုံးများသည်လည်း အိမ်တွင်းမှ ကျွတ်ပေါက်၍ ထွက်မတတ် ပြူးတူးပြဲတဲရှိနေ၍ ပါးစပ်တွင်လည်း အမြှုပ်တစီစီ ထွက်လျက်ရှိ၏။ ဒေါက်တာကျော်ညွန့်သည် ဒေါသမုန်တိုင်း၏ ခွန်အား ကုန်ခန်းသည်တိုင်အောင် တည်ငြိမ်သော မျက်လုံးတို့ဖြင့် စောင့်ကြည့် လျက်ရှိရာ၊ နောက်ဆုံး၌ ဦးထွန်းအောင်သည် စိတ်ပင်ပန်း၍ ကိုယ်ကျေပျက်သော စကားကဲ့သို့ တဖြည်းဖြည်း ပျော့ကျလာသည်တွင်မှ 'ထိုင်စမ်းပါဦး'ဟု ပြော လိုက်သဖြင့် ဦးထွန်းအောင်လည်း ကုလားထိုင်ပေါ်သို့ 'အရုပ်ကြိုးပြတ်' ထိုင်ချ လိုက်၏။

ဆရာဝန်နှင့် လူနာတို့သည် ငါးမိနစ်ခန့် ကြာသည်တိုင်အောင် ဆိတ် ငြိမ်စွာ ထိုင်နေကြပြီးနောက်၊ ဦးထွန်းအောင်မှာ လူ၏ ဝတ္တရားကို နားလည်သူ တစ်ယောက် ဖြစ်သည့်အတိုင်း ဝမ်းနည်းစကား ပြောကြားလေ၏။

"ကျွန်တော် ပြောမိတာ လွန်ပါတယ် ဒေါက်တာ၊ ဒီအတွက် ကျွန် တော် တောင်းပန်ပါတယ်။ ယခုလို ဆဲရေးကြိမ်းမောင်းမိတဲ့အတွက် ကျွန် တော့်ကို မကုချင်တော့ဘူးဆိုရင်လည်း ခံရတော့မှာပါ။ သို့သော် ဒီလိုလည်း မလုပ်ပါနဲ့ ဒေါက်တာ၊ ဒေါက်တာမှတစ်ပါး ကျွန်တော့်ကို ကုသနိုင်မယ့်လူ ဘယ်သူမှ မရှိပါ"

"အရေးမကြီးပါဘူး ဦးထွန်းအောင်၊ ခုနင်က ပြောလိုက်တဲ့ စကား တွေကို ပြန်ပြီး မစဉ်းစားပါနဲ့တော့"

mgyoe.com

mgyoe.com

"သို့သော် တစ်ခုတော့ ကျွန်တော် တောင်းပန်ပါရစေ ဒေါက်တာ၊ ဦးအံ့ကြီးကို တောင်းပန်ဝန်ချဖို့တော့ နောက်ထပ်ပြီး မခိုင်းပါနဲ့တော့"

"ခင်ဗျားရောဂါ အကြောင်းကို ကျွန်တော် အများကြီး စဉ်းစားပြီးပြီ။ ဒီဟာ ပျောက်ချင်တယ်ဆိုရင်တော့ ကျွန်တော်ပြောတဲ့ နည်းလမ်းတစ်ခုပဲ ရှိတယ်။ လူတစ်ယောက်တည်းမှာ စိတ်တွေက အမျိုးမျိုး ရှိတယ်ဗျ။ အကောင်းလည်း ရှိတယ်၊ အဆိုးလည်း ရှိတယ်၊ ဥပမာဆိုရင် ခင်ဗျားမှာ မာနကြီးတဲ့ စိတ်လည်း ရှိတယ်၊ ကိုယ်ချင်းစာတတ်တဲ့ စိတ်လည်းရှိတယ်။ မာနကြီးတဲ့စိတ်က ဦးအံ့ကြီးကို နှိမ်တယ်၊ နှိမ်ရတဲ့အတွက် ဝမ်းသာတယ်။ သို့သော် ကိုယ်ချင်းစာတဲ့ စိတ်ကလေးကတော့ ဟိုလူကို သနားပြီး မာနကြီးတဲ့စိတ်ကို ဆုံးမနေတယ်။ အိပ်မက်ထဲမှာ ဦးအံ့ကြီးက အနိုင်ရပြီး ခင်ဗျားက ရှုံးရှုံးနေခြင်းဟာ စိတ်ကောင်းကလေးက ထောင်လွှားတတ်တဲ့ စိတ်ကို နှိမ်ပေးနေခြင်း ဖြစ်တယ်။ ဒါကြောင့်မို့ စိတ်ကောင်းရဲ့ အလိုကိုလိုက်ပြီး ဦးအံ့ကြီးကို ခင်ဗျားက ဝမ်းနည်းစကား ပြောလိုက်ရင် ခင်ဗျားရောဂါ ပျောက်သွားမှာပဲလို့ ကျွန်တော် ယူဆတယ်"

"ဒေါက်တာ ပြောတာ ရှုပ်ပါတယ်ဗျာ၊ နားမလည်ပါဘူး။ လူတစ်ယောက်မှာ စိတ်တစ်ခုရှိတယ်ဆို မဟုတ်လားဗျ။ လူတစ်ယောက်တည်းမှာ အဆိုးရော အကောင်းရော ပူးတွဲနေတယ်ဆိုတာ ကျွန်တော် ဝန်မခံနိုင်ဘူးဗျာ။ သို့သော် ဘာပဲဖြစ်ဖြစ် ကျွန်တော်ပြောခဲ့တဲ့ စကားအတွက်ကြောင့် ဦးအံ့ကြီးမှာ နစ်နာတယ်ဆိုရင် ကျွန်တော့်အပြစ် မဟုတ်ဘူး ဒေါက်တာ၊ ဦးအံ့ကြီးရဲ့ အပြစ်ပဲ။ ဘာကြောင့်လဲဆိုတော့ သူက စပြီး တွယ်လို့ ကျွန်တော်က ပြန်ပြီး တွယ်ရတာကိုးဗျ။ ကျွန်တော့်စိတ်ထဲမှာ အရှင်းကြီးပါ၊ ဘာမှ တောင်းပန်ဝန်ချစရာ မလိုပါဘူး"

ယင်းသို့ ပြောဆိုပြီးနောက် ဦးထွန်းအောင်သည် ဒေါက်တာကျော်ညွန့်၏ ဆေးတိုက်မှ ထွက်သွားလေ၏။

*

နောက်တစ်နေ့၌ ဒေါက်တာကျော်ညွန့်သည် မိမိ၏ဆေးတိုက်တွင် ထိုင်လျက် ဦးထွန်းအောင် လာနေကျဖြစ်သော ငါးနာရီအချိန်တိုင်အောင် စောင့်မျှော်နေပါသော်လည်း ဦးထွန်းအောင် မပေါ်လာ၊ ငါးနာရီခွဲသော်လည်း မရောက်လာဘဲ ရှိနေလေ၏။ ထိုနေ့နံနက်ကပင် ဦးထွန်းအောင်၏ အပါးတော်မြဲက ဦးထွန်းအောင် လာမည့်အကြောင်းကို တယ်လီဖုန်းနှင့် ထပ်လောင်း သတိပေးလိုက်သဖြင့် ဦးထွန်းအောင် လာလိမ့်မည်မှာ သေချာ၏။ သို့ဖြစ်၍ ဒေါက်တာကျော်ညွန့်သည် အလွန် အချိန်မှန်လေ့ရှိသော ဦးထွန်းအောင် မပေါ်လာသေး

mgyoe.com

mgyoe.com

ခြင်းကို အံ့သြမိရာမှ သူ၏ရောဂါအကြောင်းကို ဆက်လက် စဉ်းစားနေဆဲတွင်၊ ဒရဝမ်သည် ထိုနေ့ညနေထုတ် **ရန်ကုန်တိုင်း** သတင်းစာကို ယူလာ၍ စားပွဲပေါ်၌ တင်ထားလေ၏။ ဒေါက်တာကျော်ညွန့်သည် သတင်းစာ မျက်နှာဖုံးကို လှမ်းကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ဦးခေါင်းကြီးသွား၏။ အဘယ်ကြောင့်ဆိုသော် ခြောက်လိုင်းစာလုံးကြီးများဖြင့် **"သေဆုံးခြင်း"**ဟူသော ခေါင်းစဉ် မျက်နှာဖုံးတွင် ရိုက်နှိပ် ပါရှိသောကြောင့်ပေတည်း။

ဒေါက်တာကျော်ညွန့်သည် သတင်းစာကို ကောက်ယူဖတ်ရှုရာတွင်၊ ဦးထွန်းအောင်သည် နေ့လယ် ၁၂ နာရီတွင် ထွက်သော မန္တလေးစာပို့ရထားကြီးတွင် မိတ်ဆွေတစ်ယောက်အား လိုက်ပို့ကြောင်း၊ စာပို့ရထားထွက်သွား၍ လော်ကယ်ရထား ဝင်လာရာတွင် ဦးထွန်းအောင်မှာ ပလက်ဖောင်းအစွန်းတွင် ရပ်ကြည့်နေရာမှ ရုတ်တရက် မူးဝေသွားသည့် လက္ခဏာဖြင့် သံလမ်းပေါ်သို့ ထိုးကျသွားကြောင်း၊ ခေါင်းတွဲသည် ဦးထွန်းအောင်၏ လည်ပင်းနှင့် ပေါင်တို့ကို ကြိတ်ဖြတ်သွားသဖြင့် အလောင်းမှာ သုံးပိုင်းပြတ်လျက်ရှိကြောင်း အစရှိသည်တို့အပြင်၊ ဦးထွန်းအောင်ကဲ့သို့ ဗဟုသုတနှင့် ဉာဏ်ပညာ အမြော်အမြင်ရှိသော ပုဂ္ဂိုလ်တစ်ဦးကို ၎င်း၏နေရာတွင် အစားထိုး ထည့်နိုင်ရန် အလွန်ခဲယဉ်းလိမ့်မည် ဖြစ်ကြောင်းများနှင့် ဖော်ပြပါရှိလေ၏။

သတင်းစာ၏ အဘော်မှာ ဦးထွန်းအောင်သည် နှလုံးရောဂါကြောင့် မူးဝေ လဲကျခြင်းဖြစ်၍ မတော်တဆ သေဆုံးခြင်းဖြစ်သည့် အရိပ်နိမိတ်များ ပါရှိသော်လည်း၊ ဒေါက်တာကျော်ညွန့်မှုကား ဤသူသည် မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း ဖြစ်ရမည်ဟု တစ်ထစ်ချ ယူဆလေ၏။ စင်စစ်အားဖြင့် ဒေါက်တာကျော်ညွန့်သည် ဦးထွန်းအောင်၏ စိတ်သဘောကို သဘောကျလောက်အောင် မရှိသော်လည်း၊ မိမိထံသို့ လာခဲ့ပါလျက် မိမိက တစ်စုံတစ်ရာမျှ မတတ်နိုင်သည့်အတွက် ဝမ်းနည်းမိ၏။

ဒေါက်တာကျော်ညွန့်သည် ထိုသတင်းစာကို ဖတ်ရှုပြီးနောက်၊ သတင်းစာကို လှန်၍ အတွင်းဘက် စာမျက်နှာကို ကြည့်လိုက်သည်တွင် ဒုတိယအကြိမ် အံ့သြရပြန်လေ၏။ သတင်းစာ၏ ထောင့်နားတွင် **"လွှတ်တော်အမတ် ဦးအံ့ကြီး ကွယ်လွန်ခြင်း"**ဟူသော ခေါင်းစဉ်ကို မြင်လိုက်ရပြီးနောက် ဆက်လက် ဖတ်ရှုရာတွင်၊ ဦးအံ့ကြီးမှာ ထိုနေ့ ၁၂ နာရီ အချိန်ခန့်တွင် အလုံဘက်ရှိသော သူ၏နေအိမ်၌ ရုတ်တရက် မူးဝေသောရောဂါ စွဲကပ်သည်နှင့် ဆေးရုံသို့ တင်ပို့ရာ၊ လမ်းခရီး၌ပင် ကွယ်လွန် အနိစ္စရောက်ကြောင်းနှင့် ဖော်ပြပါရှိလေသည်။

ဤတွင် ဒေါက်တာကျော်ညွန့် ဆင်ခြင်မိသည်ကား ဦးထွန်းအောင်

mgyoe.com

mgyoe.com

သည် ဦးအံ့ကြီးကို သေနတ်နှင့်သော် လည်းကောင်း၊ ဓားနှင့်သော် လည်းကောင်း သတ်နိုင်သည်ဟူ၍ ပြောခဲ့ဖူးရာ၊ မီးရထားရှေ့သို့ မိမိကိုယ်ကို ထိုးချ၍ အသက်ဆုံးရှုံးအောင် ပြုခဲ့ခြင်း ဖြစ်လေသလောဟု စဉ်းစားမိ၏။ ဖြစ်ရသော အချိန်မှာလည်း နှစ်ဦးလုံးပင် ၁၂ နာရီကျော်ကျော် အချိန်ချည်းဖြစ်၍ ထိုတွေးဆချက်ကို ထောက်ခံလျက်ရှိ၏။ ဒေါက်တာကျော်ညွှန့်မှာ စိတ်ပညာနှင့် ပတ်သက်၍ အရှေ့တိုင်းရော၊ အနောက်တိုင်းပါ နည်းနာနိဿယ ခံယူခဲ့သော်လည်း ထိုပြဿနာတို့ကို အရှေ့နည်းနှင့် လည်းကောင်း၊ အနောက်နည်းနှင့် လည်းကောင်း ရှင်းလင်းရန် မတတ်နိုင်သည်ဖြစ်၍ ထိုလဖိုင်တွဲတွင် "မပြီးပြတ်သေးသော အမှုတစ်ခု"ဟူ၍ မှတ်တမ်းတင်ထားလိုက်ရလေသတည်း။

ဝ

*(တော်ဝင်မဂ္ဂဇင်း၊ ၁၉၄၉ ခု၊ ဒီဇင်ဘာလ)*

mgyoe.com

mgyoe.com

# ထူးဆန်းသော ဖယောင်းတိုင်

ကျွန်တော်တို့၏ ပုံပြောကလပ်တွင် ပထမအပတ်အတွက် ဆရာဝန်က မဲကျ၍၊ ဒုတိယ အပတ်တွင်မူကား သစ်တောဝန်ထောက် မဲကျလေရာ သူ ပြောပြသော ပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

လွန်ခဲ့သောနှစ်က ကျွန်တော်သည် အခွင့် လေးလခံယူပြီးနောက် သားမယားများကို သူတို့၏ မိဘရပ်ထံဖြစ်သော မန္တလေးသို့ ပို့ထားခဲ့၍ မြန်မာပြည်တစ်ပြည်လုံး အနှံ့အပြား လည်ပတ်ရန် အကြံရှိဖူးသည့်အတိုင်း၊ အစေခံယောကျ်ားကလေးတစ်ယောက်နှင့် မော်လမြိုင်၊ ပုသိမ်၊ ဟင်္သာတ အစ ရှိသော အောက်မြန်မာပြည် မြို့များသို့ လှည့်လည်ခဲ့၏။ နောက်ဆုံး၌ ရန်ကုန်မြို့တွင် တစ်လခန့်နေအံ့ဟု အကြံဖြင့် သွားရောက်ကြလေရာ၊ ဆိုက်ရောက်သည့်နေ့၌ပင် အစေခံ မကျန်းမာသည်နှင့် ဆေးရုံသို့ ဦးစွာ ပို့လိုက်ရလေ၏။

ပထမ၌ ကျွန်တော့်မှာ ဟိုတယ်တစ်ခု၌ နေထိုင်တည်းခိုအံ့ဟု ကြံစည်မိ၏။ သို့ရာတွင် ကျွန်တော်၏ ဆန္ဒမှာ သူတစ်ပါးနှင့် ရောထွေးစပ်ယှက် မနေထိုင်လိုရကား၊ နောက်ဆုံး၌ ဘာလသာဇာ ကုမ္ပဏီတွင် အိမ်တစ်လုံး မေးမြန်း၍ ကြည့်မြင်တိုင် ရှောလမ်း(ခတ္တာလမ်း)တွင် အိမ်ကြီးတစ်လုံး၊ အိမ်ထောင်မှု အပြည့်အစုံနှင့် ငှားရမ်းရန်ရှိသည်ဟု ဆိုသောကြောင့် အဖိုးနှုန်း ချိုသာစွာနှင့် ရရှိလေ၏။

mgyoe.com

mgyoe.com

ကျွန်တော်၏ အကြံမှာ အစေခံ ယောက်ျားနှင့်အတူ ထိုအိမ်တွင် နေထိုင်၍၊ စားသောက်ရန် အတွက်မှာမူ နောက်တစ်နေ့၌ပင် အစေခံတစ်ယောက် ရရှိလိမ့်မည်ဟု ယုံကြည်ခဲ့၏။

သို့ဖြစ်၍ အိမ်ပွဲစားဖြစ်သော ဘာလသာဇာ ကုမ္ပဏီအား အိမ်လခ တစ်လအတွက် ပေးအပ်ထားခဲ့ပြီးနောက်၊ ကျွန်တော်သည် ထိုတိုက်ခန်းမှ အစေခံတစ်ယောက်ကို ခေတ္တခေါ်ယူခဲ့၍ ပစ္စည်းကလေးများကို တက္ကစီတစ်စီး ပေါ်သို့ တင်ပြီးလျှင်၊ ရောလမ်း (ခတ္တာလမ်း)အိမ်သို့ မောင်းနှင်လာကြ၏။ အစေခံသည် အဆင်သင့် လှဲညည်းကျင်းထားသော အိမ်ကြီးကို တံခါးဖွင့်ပေး၍ ကျွန်တော်၏ ပစ္စည်းများကို ကူညီတင်ပေးပြီးနောက်၊ အိမ်သော့ကို ကျွန်တော့် အား ပေးအပ်ကာ ပြန်သွားလေ၏။

အိမ်ကြီးမှာ အတော်အတန် ကျယ်ဝန်းသော ဝင်းကြီးအလယ်၌ တည်ရှိ၍ အိပ်ခန်းနှစ်ခန်း၊ ခုတင်၊ မှန်တင်စားပွဲ၊ ကုလားထိုင် စသော အိမ် ထောင်မှု ပစ္စည်းများအပြင် မီးဖိုချောင်သုံး ပစ္စည်းများလည်း ရှိသေး၏။ ထို့ပြင် ဧည့်ခန်းတစ်ခန်း၊ ရေချိုးခန်းနှစ်ခန်း၊ မီးဖိုခန်းတို့လည်း ပါရှိ၏။ ကျွန်တော့် အဖို့မှာမူ အိပ်ခန်းတစ်ခန်းပင်လျှင် လုံလောက်ပြီဖြစ်၍ ဒုတိယ အခန်းတစ်ခန်းကို အသုံးပြုရန် အကြံအစည် မရှိချေ။

ကျွန်တော်သည် အိပ်ရာလိပ်များကို အိပ်ခန်းတစ်ခန်းရှိ ခုတင်ပေါ်၌ ဖြန့်ခင်းပြီးနောက် အိမ်ကြီးအတွင်း လှည့်လည်ကြည့်ရှုရာ၊ ဥရောပတိုက်သား များ အသုံးပြုခဲ့သည့် အိမ်ထောင်မှု ပရိဘောဂများ စုံလင်စွာ တွေ့ရှိလေရကား၊ ဤမျှကြီးကျယ်သော အိမ်ကြီးကို ဤမျှလောက် အိမ်လခနှင့် ရနိုင်ပါ၏လော ဟု အံ့သြမိ၏။ ဒုတိယ အိပ်ခန်းအနီးရှိ ခုတင်အနီးတွင် စားပွဲဝိုင်းကလေး တစ်လုံး ခင်းထားရာ၊ ယင်းအပေါ်၌ ဖယောင်းတိုင်တစ်ထုပ်နှင့် မီးခြစ်တစ်ဘူး တွေ့ရ၏။ ကျွန်တော် အသုံးပြုမည့် အိပ်ခန်းအတွင်း၌လည်း ထိုနည်းတူစွာ စားပွဲဝိုင်းကလေးနှင့် ဖယောင်းတိုင်၊ မီးခြစ်ဘူး စသည်တို့ကို တွေ့ရှိရလေ၏။

ပထမနေ့ညဉ့် ကျွန်တော်သည် တရေးတမောအိပ်၍ ရေချိုးပြီးနောက် အိမ်မှထွက်ရန် ပြင်ဆင်လေ၏။ အိမ်ကြီးမှာ ဓာတ်မီးတပ်ဆင်သော်လည်း လူမရှိသဖြင့် ဓာတ်ကြိုး အဆက်ဖြတ်ထားခိုက်ဖြစ်သောကြောင့်၊ အာအီးတီ ကုမ္ပဏီသို့ အကြောင်းမကြားရသေးမီအတွင်း ဖယောင်းတိုင်မီးဖြင့်သာ ပြင်ဆင် ရလေ၏။ ကျွန်တော်၏ အိပ်ခန်းရှိ မှန်တင်စားပွဲကြီးရှေ့တွင် အဝတ်အစား လဲလှယ်ပြီးနောက် အိမ်ကြီးပေါ်သို့ တစ်ပတ်လှည့်၍ ကြည့်သေး၏။ ဒုတိယ အိပ်ခန်းသို့ ဝင်မိသောအခါ၊ စားပွဲဝိုင်းကလေးပေါ်ရှိ ဖယောင်းတိုင်ထုပ်မှ ဖယောင်းတိုင် တစ်တိုင်ကိုယူလျက် မီးခြစ်ဖြင့် ထွန်းညှိပြီးနောက်၊ ထိုမျှ

mgyoe.com

mgyoe.com

ဤမျှ မြှောက်ယမ်းကြည့်ရှုပြီးလျှင် ဖယောင်းတိုင်ကို ငြိမ်းသတ်၍ စားပွဲပေါ်တွင် ပြန်တင်ထားခဲ့သည်ဟု ကျွန်တော် မှတ်ထင်မိလေ၏။

၇ နာရီခွဲအချိန်တွင် ကျွန်တော်သည် အိမ်တံခါးကို သော့ခတ်၍ အိမ်ပေါ်မှ ဆင်းလာခဲ့ပြီးလျှင် ရှမ်းလမ်းသို့ ရောက်လာကာ၊ မော်တော် ဘတ်(စ်) တစ်စင်း အခန့်သင့် တွေ့သည်နှင့် ရန်ကုန်ဘက်သို့ လိုက်လာခဲ့လေ၏။

တရုတ်တန်းသို့ ရောက်သောအခါ တရုတ်ဟိုတယ်တစ်ခု၌ ညစာ စားသောက်၍ ဘိုင်စကုပ်ရုံများရှိရာသို့ လန်ခြားတစ်စီးနှင့် ထွက်လာခဲ့ကြလေသည်။ အင်္ဂလိပ်ရုံနှင့် မြန်မာရုံများတွင် ဘိုင်စကုပ်များ ပြလျက်နေကြလေပြီ။ ပရိဂရမ်များကို တောင်းကြည့်သော်လည်း မည်သည့်ရုံမျှ ဝင်ကြည့်လိုစိတ် မရှိပေ။ သို့ဖြစ်၍ ကျွန်တော်သည် ရွှေတိဂုံဘုရားသို့ လန်ခြားဖြင့် လေညင်းခံရင်း သွားပြီးလျှင် ဘုရားပေါ်သို့ နာရီဝက်ခန့် တက်၍ဖူးခဲ့၏။ ထိုနောက် ၉ နာရီကျော်လောက် တစ်စုံတစ်ရာပြုရန် မမြင်သဖြင့် စမ်းချောင်းဘက်သို့ ဘတ်စ်ကားနှင့် ပြန်လာခဲ့လေသည်။

ရှောလမ်း (ခတ္တာလမ်း)ရှိ အိမ်သို့ရောက်၍ အပေါ်ထပ် လှမ်းကြည့်မိရာတွင် ဒုတိယ အိပ်ခန်းထဲတွင် မီးရောင်ကို မြင်ရသဖြင့် အံ့အားသင့်သွား၏။ သော့ကိုဖွင့်၍ အိမ်ပေါ်သို့ တက်လာပြီးလျှင် ဒုတိယ အိပ်ခန်းအတွင်းသို့ ဝင်ကြည့်လိုက်သောအခါ၊ စားပွဲဝိုင်းကလေးပေါ်တွင် ဖယောင်းတိုင် တစ်တိုင်သည် ငြိမ်သက်စွာ တောက်လောင်လျက် ရှိလေ၏။ ဖယောင်းတိုင်မှာ အတုတ်စား ဖြစ်လေရကား တစ်ဝက်ခန့်မျှ လောင်ကျွမ်းနေလေသည်။

ထိုအခါ ကျွန်တော်သည် ဖယောင်းတိုင်ကို ထွန်းခဲ့ဖူးသော်လည်း ကိုယ်တိုင် ငြိမ်းခဲ့ဖူးသည်ကို သတိရသည်နှင့် အတော်ပင် အံ့သြမိ၏။ သို့ရာတွင် ကျွန်တော်သည် သတိပေါ့လျော့ဟန် တူ၏ဟု အောက်မေ့သည်နှင့် ထပ်လောင်း၍ မစဉ်းစားဘဲ၊ ပထမအိပ်ခန်းသို့ ဝင်ပြီးလျှင် အဝတ်အစားများ လဲလှယ်၍ အိပ်ရာသို့ ဝင်လေ၏။

နောက်တစ်နေ့တွင် ကျွန်တော်သည် အလုပ်လက်မဲ့ရုံးသို့ သွားရောက်၍ အစေခံတစ်ယောက် အလိုရှိကြောင်း ပြောပြရာ၊ ချက်ချင်း အသက် ၃၀ အရွယ်ခန့်ရှိ လူတစ်ယောက်ကို ရရှိလေ၏။ ကျွန်တော်၏ အကြံမှာ မီးဖိုနှင့် တကွ ချက်ပြုတ်ရန် အစုံအလင်ရှိသောအိမ် ဖြစ်သောကြောင့် လက်ဖက်ရည်၊ ကော်ဖီ စသည်များကို အိမ်တွင်ကျိုစေ၍၊ ရံဖန်ရံခါ ထမင်းဟင်းကိုပါ ချက်ပြုတ်စေမည်ဟု ကြံစည်မိ၏။ အစေခံ မောင်ဘခင်သည် ကျွန်တော်နှင့်အတူ လိုက်ပါလာသော်လည်း သားမယားရှိသူ ဖြစ်သောကြောင့် ညအချိန်တွင် အိမ်သို့ ပြန်အိပ်ခွင့် ပေးရ၏။ သို့ဖြစ်၍ ကျွန်တော်သည် ထမင်းချက် လက်သစ်၏

mgyoe.com

mgyoe.com

လက်ရာကို မြည်းစမ်းအံ့ဟု အကြံနှင့် ငွေ သုံးကျပ်ကို ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်နှင့် ဟင်းလျာဖိုးအတွက် ပေးလိုက်ပြီးနောက် အိမ်သို့ ပြန်လွှတ်လိုက်လေ၏။

ဒုတိယနေ့ညဉ့် ကျွန်တော်သည် ဒုတိယအိပ်ခန်းမှ ဖယောင်းငိုင်ကို ထွန်းရုံမျှပင် ထွန်းမကြည့်တော့ဘဲ၊ အဝတ်အစားများ လဲလှယ်၍ ယခင်ည အတိုင်း ထွက်လာခဲ့လေ၏။

ရှေးဦးစွာ မဂိုလမ်း (ရွှေဘုံသာလမ်း)တွင် ကုလားထမင်း စားပြီးနောက်၊ ဘိုင်စကုပ်ရုံဘက်သို့သွားရာ ဂလုပ်ရုံတွင် တာဇံကား ပြနေသောကြောင့် ဝင်၍ ကြည့်ခဲ့၏။ ၉ နာရီအချိန်ခန့်တွင် ဘိုင်စကုပ်ပြီး၍ တရုတ်တန်းဘက်၌ ခေါက်ဆွဲတစ်ခွက် စားပြီးလျှင် ဘတ်စ်ကားနှင့် စမ်းချောင်းသို့ ပြန်တက်လာခဲ့လေ၏။

ကျွန်တော်မှာ အမှန်အားဖြင့် လူရဲကြီးတစ်ယောက် မဟုတ်သော်လည်း အလွန်အမင်း ကြောက်တတ်သူ မဟုတ်ပေ။ သို့ရာတွင် ဘတ်စ်ကားပေါ်မှ ဆင်း၍ ရှောလမ်း (ခတ္တာလမ်း)ဘက်သို့ လျှောက်လာခဲ့စဉ် အိပ်ခန်းထဲတွင် ဖယောင်းတိုင် ထွန်းလျက်သား တွေ့ရဦးမည်လောဟု ရုတ်တရက် သတိရရင်း ကြက်သီးမွေးညင်း ထမိသေး၏။ သို့ရာတွင် အိမ်သို့ရောက်၍ ပြတင်းဝသို့ မော့ကြည့်လိုက်သောအခါ မည်သည့်မီးရောင်မျှ မမြင်ရသည်နှင့် စိတ်သက်သာရာ ရသွား၏။

အိပ်ခန်းတံခါးကိုဖွင့်၍ အိပ်ခန်းသို့ ပြန်ဝင်ပြီးလျှင် အဝတ်အစား လဲလှယ်၍ ခုတင်ပေါ်၌ စာအုပ်ကို ဖတ်နေမိသည်။ ၁၀ နာရီထိုးလတ်သော် အိပ်ချင်သလို ရှိလာသည်နှင့် ဖယောင်းတိုင်မီးကို ငြိမ်းရန်ပြုဆဲတွင် ရုတ်တရက် သတိရလာ၏။ ရလာပုံကား ဒုတိယအိပ်ခန်းကို ကြည့်လိုသောစိတ် ဖြစ်ပေါ်လာ၏။ သို့ဖြစ်ရာ အိပ်ရာမှထပြီးလျှင် အိပ်ခန်းတံခါးဝသို့သွား၍ ဒုတိယအိပ်ခန်းဘက်သို့ ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ကြက်သေသေလျက် ငေးနေမိတော့၏။ အကြောင်းကား ဒုတိယအိပ်ခန်းအတွင်းမှ မီးရောင်လင်းနေသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။

ကျွန်တော်သည် ရဲစိတ်သွင်း၍ ဒုတိယအိပ်ခန်းဘက်သို့ သွားကြည့်လိုက်သောအခါ၊ စားပွဲဝိုင်းကလေးပေါ်ရှိ ဖယောင်းတိုင် တစ်တိုင်မှ တည်ငြိမ်သော မီးတောက်သည် တောက်လောင်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ထိုအခါတွင်ကား ကျွန်တော်၏စိတ်မှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားခြင်း ဖြစ်ခဲ့လေပြီ။ ထိုအခြင်းအရာကို ထောက်သဖြင့် ပထမညက မီးမှာလည်း ကျွန်တော် ထွန်းခဲ့သောမီး မဖြစ်နိုင်၊ ကျွန်တော် မေ့ခဲ့ခြင်း

m-gyee.com

မဟုတ်နိုင်ဟု ယုံကြည်ခဲ့လေပြီ။

ထိုည၌ ကျွန်တော်မှာ တတ်သမျှ မှတ်သမျှ ရွတ်ဖတ်သရဇ္ဈာယ်၍ အိပ်သော်လည်း အိပ်မပျော်ဘဲ လေးနာရီထိုးကာမှ အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။

*

နောက်တစ်နေ့၌ ကျွန်တော်သည် ဘာလသာဇာ ကုမ္ပဏီသို့ သွားရောက်၍ ထိုအိမ်ကြီးတွင် ယခင် မည်သူမည်ဝါ နေထိုင်ခဲ့ဖူးသည့် အကြောင်းကို မေးမြန်းစုံစမ်းလေ၏။ အိမ်ငှားဘက်ဆိုင်ရာ စာရေးတစ်ယောက်ထံမှ သိရှိရသော သတင်းတစ်ရပ်မှာ ကုလားမကြီးတစ်ဦး နေထိုင်ခဲ့ဖူးကြောင်း၊ ထိုကုလားမကြီး သေဆုံးသွားပြီဖြစ်ကြောင်း၊ အမည်မှာ ချန်ဒရာဒေဝီဖြစ်ကြောင်း သိရှိရလေ၏။

ထိုနေ့ ညနေ၌ပင် ကျွန်တော်သည် မြစ်ကမ်းရှိ ဘော့တံတားပေါ်၌ ထိုင်၍ အိမ်ကြီးအတွင်း သေဆုံးသွားခဲ့သူ ချန်ဒရာဒေဝီဆိုသူ ကုလားမကြီးအကြောင်းကို စဉ်းစားစိတ်ကူးလျက်ရှိစဉ်၊ သပ်ရပ်စွာ ဝတ်စားဆင်ယင်ထားသည့် ကုလားလူမျိုး လူငယ်တစ်ယောက်သည် ကျွန်တော့်အနီး၌ ခုံရှည်တစ်ခုပေါ်တွင် ထိုင်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

တစ်ခဏမျှကြာသောအခါ ကျွန်တော်သည် ထိုသူနှင့် စကားအနည်းငယ် ပြောဆိုကြရာမှာ တစ်ယောက်နှင့်တစ်ယောက် အလုပ်အကိုင်နှင့်တကွ၊ ရန်ကုန်သို့ လာရောက်သည့်အကြောင်းကို အပြန်အလှန် မေးမြန်းကြလေ၏။ ထိုသူ၏ ပြောပုံဆိုပုံကို အကဲခတ်ရခြင်းအားဖြင့် အတော်အတန် ဉာဏ်ပညာရင့်သန်၍ အင်္ဂလိပ်စကားကိုလည်း ချောမွတ်စွာ ပြောပြနိုင်ကြောင်း တွေ့ရ၏။ နောက်ဆုံး၌ မည်သည့်အရပ်တွင် တည်းခိုပါသနည်းဟု သူက မေး၍ ကျွန်တော်က စမ်းချောင်း၊ ရှောလမ်း (ခတ္တာလမ်း)၊ အိမ်နံပါတ်(...)တွင် နေထိုင်ကြောင်း ပြောပြသည်တွင် ထိုသူသည် အံ့အားသင့်သော မျက်နှာထားနှင့် ငေးကြည့်နေလေ၏။

"ဘာ့ကြောင့် အံ့သြရသလဲ"

"ဘာမှ မဟုတ်ပါဘူး၊ ကျွန်တော့်မိတ်ဆွေ အမယ်ကြီးတစ်ယောက် နေသွားတဲ့ အိမ်မို့ပါ"

"ချန်ဒရာဒေဝီ ဆိုတာလား"

"အစစ်ပေါ့၊ ခင်ဗျား သိသလား"

"ဘာလသာဇာတိုက်က ပြောလိုက်တာ သိလာတာပဲ၊ ဒီအမယ်ကြီး သေရှာပြီဆို"

mgyee.com

mgyoe.com

"သေသွားပါပြီ"

"ဘယ်မှာ သေသလဲ၊ ရန်ကုန်မှာပဲလား"

"ဟုတ်ကဲ့"

"ဒီအိမ်မှာပဲ သေသလား"

"ဟုတ်ပါတယ်"

"မိန်းမကြီးက သတိကောင်းရဲ့လား"

"ဘာ့ကြောင့် မေးတာလဲ"

"သတိမေ့တတ်လို့ သော့ဖျောက်ပစ်ပြီး သူ့သော့ကို လူတစ်ယောက်ယောက် တွေ့သလားလို့ မေးတာပါ"

"အိမ်သော့လား"

"ဒီလို ခင်ဗျာ့၊ အမယ်ကြီးက ရန်ကုန်မှာနေရတာ ပုန်းလျှိုးကွယ်လျှိုး နေရတယ်၊ ဘယ်သူ့ကိုမှ သူ မယုံဘူး။ အစေခံတောင် မထားဘူး၊ ထမင်းကိုတောင် ဝယ်စားရရှာတယ်"

"ဘာ့ကြောင့် ဘယ်သူ့ကို မယုံတာလဲ"

"သူ့အသက်ကို ရန်မူတဲ့လူတွေ ရှိလို့တဲ့၊ ဒီလို ခင်ဗျာ။ တည့်တည့် ပြောရလျှင် မိန်းမကြီးဟာ အိန္ဒိယပြည်က မဟာရာဇာ ကတော်ကြီး ခင်ဗျာ့။ သူ့လင် မဟာရာဇာကို သူက မြှောက်ပေးပြီး သူ့လင်က သူ့နယ်သူ နယ်သား တွေကို ရက်ရက်စက်စက် အုပ်ချုပ်သတဲ့။ နောက်ဆုံးတစ်နေ့ကျတော့ တောသားတစ်ယောက်ဟာ မဟာရာဇာကို ချောင်းပစ်သတ်လိုက်တယ်၊ ဒီမိန်းမကြီး ဟာလည်း လင်ကို မြှောက်ပေးရမလားဆိုပြီး နယ်သူနယ်သားတွေက သူ့ကို သတ်ပစ်ချင်ကြတယ်။ ဒါကြောင့် အိန္ဒိယပြည်မှာ သူ မနေဝံ့ဘဲ ရန်ကုန်ကို တိတ်တိတ်ကလေး သူ ပြေးလာရတာကို"

"ခင်ဗျား ဘာ့ကြောင့် ဒီလောက် သိရတာလဲ"

"ကျွန်တော့်အမေက သူ့ဆီမှာ ဟိုတုန်းက အပျိုတော်ပေါ့ ခင်ဗျာ၊ ကျွန်တော့်ကိုလည်း မိန်းမကြီးကပဲ ပညာသင်ပေးပါတယ်။ နို့ပေမဲ့ ရက်စက်တဲ့ မိန်းမကြီးမှန်း သိလေတော့ ကျွန်တော် မချစ်ပေါင်"

"သေပုံ ပြောစမ်းပါဦး"

"မိန်းမကြီးက ကြောက်လန့်ပြီး ပုန်းနေတုန်းမှာ တစ်နေ့ကျတော့ စာတစ်စောင် ရောက်လာသတဲ့၊ စာထဲမှာ ဘယ်လိုပါသလဲဆိုတော့ "ခင်ဗျား နေရပ်ကို သိပြီ။ ဘုရားရှိခိုးထားပေတော့"လို့ ပါသတဲ့။ ဒီစာလည်းရရော နောက်တစ်နေ့ညကျတော့ သူ့အိပ်ခန်းထဲက ခုတင်ပေါ်မှာ မျက်လုံးကြီးပြူးပြီး သေနေပါရောတဲ့။ တံခါးလည်း ပိတ်လို့၊ သူ့ဘာသာသူ ကြောက်အားကြီးပြီး

mgyoe.com

သေရှာတယ် ထင်ပါရဲ့၊ အနားမှာလည်း ဖယောင်းတိုင်တစ်တိုင် ထွန်းလို့တဲ့”

“အိပ်ခန်းနှစ်ခန်း ရှိတယ်၊ အနောက်ဘက်အခန်း ဟုတ်လား”

“အစစ်ပေါ့”

ကျွန်တော်သည် မိတ်ဆွေသစ်ဖြစ်သော ကုလားနှင့် ခွဲခွာခဲ့၍ စားစရာများ စားသောက်ပြီး အိမ်သို့ပြန်ခဲ့လေသည်။ ထိုညဉ့် ကျွန်တော်သည် မည်သည့်နေရာကိုမျှ အလည်အပတ် မသွားတော့ဘဲ အိမ်ထဲတွင် စာဖတ်နေခဲ့၏။ ရံဖန်ရံခါ စာဖတ်နေရင်း အခြားအခန်းကို သတိရသော်လည်း စိတ်ကိုဖျောက်၍ ဖတ်မြဲတိုင်း ဖတ်နေလေ၏။ ၁၀ နာရီကျော်လတ်သော် မကြည့်ဘဲ မနေနိုင်တော့၍ စာဖတ်ရာမှ ထပြီး တခြားအခန်းဘက်သို့ လှမ်းကြည့်လိုက်ရာ မီးရောင်လင်းနေသည်ကို တွေ့မြင်ရပြန်လေ၏။

အခန်းထဲသို့ ဝင်ကြည့်လိုက်လျှင် ချန်ဒရာဒေဝီခေါ် ကုလားမကြီး ခုတင်ပေါ်တွင် တွေ့မြင်ရလိမ့်မည်ဟု မှတ်ထင်မိသောကြောင့် မကြည့်ရဲဘဲ ရှိနေ၏။ သို့ရာတွင် နောက်ဆုံး၌ စိတ်ကိုတင်း၍ အခန်းဝသို့ သွားကြည့်လိုက်သောအခါ ဖယောင်းတိုင်တစ်တိုင် လောင်နေခြင်းမှတစ်ပါး မည်သည့် ထူးခြားသော အရာကိုမျှ မတွေ့မြင်ရချေ။

ထိုညဉ့် ကျွန်တော်မှာ အိပ်မပျော်နိုင်အောင် ရှိကြောင်းကို ဖွင့်ပြောရန် လိုမည် မထင်ပေ။ ကျွန်တော်၏ စိတ်ထဲ၌ တစ်ခါတလဲလဲ ပေါ်လာသော မေးခွန်းများမှာ ဖယောင်းတိုင်ကို မည်သူက မည်သည့်အကြံဖြင့် ထွန်းညှိရလေသနည်း၊ ချန်ဒရာဒေဝီပင် ဟုတ်လေမလော၊ နောက်ထပ် မည်ကဲ့သို့ ပြုချေဦးမည်နည်း. . .ဟူသော မေးခွန်းများပင် ဖြစ်လေသည်။

နောက်တစ်နေ့၌ ကျွန်တော်သည် အလုပ်လက်မဲ့ ဌာနရုံးသို့ သွား၍ တိုလီမိုလီ အစေခံတစ်ယောက် ငှားရမ်းလေရာ၊ အသက် ၂၅ နှစ်ခန့်ရှိ၍ အလွန် သန်စွမ်းကြံ့ခိုင်ဟန် လက္ခဏာရှိသည့် ကရင်လူမျိုးကလေး တစ်ယောက်ကို ချက်ချင်းပင် ရလာခဲ့လေ၏။ သူ၏အမည်မှာ “ဖတော်”ဖြစ်ရာ၊ ထိုနေ့ပင် လိုက်ခဲ့ရန် သဘောတူသည်နှင့် အိမ်သို့ ခေါ်လာခဲ့၍ ဒုတိယ အိပ်ခန်းကို သူ့အား ပေးလိုက်ရ၏။ ဖတော်မှာ အစေခံတဲ၌ မအိပ်ရဘဲ အခန်းနှင့်တကွ သားသားနားနား နေထိုင်ရသည်ကို သဘောကျဟန် လက္ခဏာဖြင့် အလွန်ပျော်ရွှင် ကြည်လင်စွာ ရှိနေလေ၏။

ထိုနေ့ညနေ၌ ကျွန်တော်သည် လွှတ္တလမ်း (ဆိပ်ကမ်းသာလမ်း) ဘော်တံတားသို့သွား၍ ခုံရှည်ပေါ်တွင် ထိုင်နေရာ၊ မကြာမီတွင်ပင် ကုလားမိတ်ဆွေ ရောက်လာလေ၏။ ကျွန်တော်သည် ကုလားမိတ်ဆွေ မစ္စတာဒုတ်အား ဖယောင်းတိုင် အဖြစ်အပျက်ကို ပြောပြ၍၊ အိပ်ခန်းကို စောင့်အိပ်ရန်
mgyoe.com

mgyoe.com
အတွက် ကရင် ဖတော်ကို ငှားရမ်းကြောင်း ထုတ်ဖော်ပြောပြလေ၏။

"ကောင်းပါရဲ့ဗျာ၊ ကရင်လူမျိုးက ဒါတွေ မကြောက်တတ်ဘူးဆို"

"ဘာ ကြောက်လိမ့်မလဲ"

"ဒါထက် သူ့ကို ခင်ဗျား ဖွင့်ပြောထားသေးသလား"

"မပြောသေးဘူး"

"ဒါပဲ ကောင်းတယ်၊ ပြောထားရင် စိတ်က ခြောက်ချင် ခြောက်နေမယ်။ ဒါထက် ဖယောင်းတိုင်ထွန်းတာ သုံးခါရှိပြီနော် ဟုတ်စ"

"ဟုတ်ပါတယ်"

"ကရင့်အတွက် စိုးရိမ်မိတယ်ဗျာ၊ သုံးခါထွန်းလျှင် လူသေတတ်တယ်လို့ ကျွန်တော် ကြားဖူးတယ်"

"တောက်တီးတောက်တဲ့ဗျာ၊ ကျုပ်လည်း ဟိုဘက်ခန်းက ရှိနေသားပဲ"

"နက်ဖြန်ညနေ ဒီအချိန်မှာ ဒီနေရာ လာခဲ့ဦးဗျာ၊ ကျွန်တော် ကြားစမ်းပါရစေဦး"

"စိတ်သာချ၊ ကျုပ် လာခဲ့မယ်"

ထိုညဥ့်ကျွန်တော်မှာ ယခင်ညများကထက် စိတ်ချလက်ချ ရှိသည်နှင့် အိပ်ရာသို့ ဝင်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားလေ၏။ ဖတော်မှာမူ ဒုတိယအိပ်ခန်းသို့ သီချင်းတအေးအေးနှင့်ပင် ဝင်သွားသည်ကို တွေ့မြင်ရလေသည်။

နောက်တစ်နေ့၌ ထမင်းချက် မောင်ဘခင်သည် ပျာယီးပျာယာလာနှိုးသဖြင့် ထလိုက်သွားရာ၊ ဒုတိယအိပ်ခန်းတွင် မျက်လုံးကြောင်တောင်ဖြင့် သေဆုံးနေသော ဖတော်ကို အံ့သြစွာ တွေ့မြင်ရလေ၏။ ဆရာဝန်၏ ထွက်ဆိုချက်မှာ လူသာမန်သော်လည်း နှလုံးရောဂါရှိသူဖြစ်၍ ရုတ်တရက် နှလုံးရိုက်၍ သေဆုံးခြင်းဖြစ်ကြောင်းဖြင့် ထွက်ဆိုလေ၏။

ဖတော်၏ ရျာပနကိစ္စကို နေ့ချင်းပြီး ဆောက်ရွက်ပြီးနောက်၊ ကျွန်တော်သည် ထိုအိမ်တွင် ဆက်လက်နေထိုင်ခြင်းငှာ မဝံ့တော့ပြီဖြစ်၍ ဟိုတယ်သို့ ပြောင်းရွှေ့သွားလေတော့၏။ သို့ရာတွင် အိမ်လခ တစ်လအတွက် ပေးထားပြီးဖြစ်၍ ကျွန်တော်သည် သော့ကို ဘာလသာဇာကုမ္ပဏီသို့ ပြန်မအပ်သေးဘဲ ယူထားသေး၏။ ကျွန်တော်၏ အကြံအစည်များမှာ ထိုအခန်းအကြောင်း ထပ်မံ စုံစမ်းလိုသည်ဖြစ်၍ ဒတ်နှင့် တိုင်ပင်ပြီးလျှင် တစ်မျိုးတစ်မည် စီမံစောင့်ကြည့်ရန် ကြံစည်မိသေး၏။

mgyoe.com

*

mgyoe.com

ကျွန်တော်သည် လွှစွလမ်း (ဆိပ်ကမ်းသာလမ်း) ဘော့တံတားပေါ်တွင် ဒတ်နှင့် ခါတိုင်း ညနေတိုင်းလိုပင် တွေ့ဆုံ၍ ထိုအိမ်အကြောင်းကို ဆွေးနွေးကြလေ၏။ ဒတ်နှင့် ကျွန်တော် ထိုအခါက တော်တော် ချစ်ကျွမ်းဝင်နေရကား ဘိုင်စကုပ်များ၊ ကပွဲများသို့ အတူတကွ သွားလေ့ရှိကြ၏။ ဒတ်မှာ ဆင်းရဲဟန် လက္ခဏာရှိသောကြောင့် ကျွန်တော်ကပင် အစစ အရာရာ စရိတ်ခံလေ့ရှိ၏။

တစ်ညသ၌ ကျွန်တော်နှင့် ဒတ်သည် ဘိုင်စကုပ်မှ ထွက်လာကြ၍ မဂိုလမ်း (ရွှေဘုံသာလမ်း) ကုလားဆိုင်၌ ပလာတာ စားသောက်ကြပြီးနောက် လေညင်းခံရင်း လန်ခြားနှင့် လျှောက်လည်ကြ၏။

"အိုင်ဆေး ဒတ်၊ ဒီကနေ့ည ရှောလမ်း (ခတ္တာလမ်း) အိမ်ကို သွားပြီး တစ်နာရီလောက် ဆေးလိပ်သောက်ရင်း စကားပြောကြရရင် မကောင်းဘူးလား"

"ဘာလုပ်စရာ ရှိသလဲဗျာ"

"အပျင်းပြေပေါ့လေ"

"ဒါဖြင့် လာလေ. . .ကောင်းသားပဲ"

ထို့နောက် ကျွန်တော်တို့သည် လန်ခြားကို လွှတ်လိုက်၍ ဘတ်စ်ကားဖြင့် စမ်းချောင်းသို့ လိုက်သွားကြလေ၏။

ထိုအိမ်သို့ ရောက်သောအခါ ကျွန်တော်သည် အသင့်ပါလာသော သော့ဖြင့် အိမ်ကြီးကိုဖွင့်၍ ကျွန်တော်၏ အိပ်ခန်းသို့ ဝင်ကြ၏။ ထိုအချိန်၌ကား တခြားအိပ်ခန်း၌ မီးရောင် မမြင်ရသေးချေ။ အိပ်ခန်းတွင်းသို့ ရောက်ကြသောအခါ ကျွန်တော်သည် ဖယောင်းတိုင် သုံးလေးတိုင်ကို ထွန်းညှိပြီးလျှင် ဤနေရာ ထိုနေရာ စသည်တို့တွင် အနံ့အပြား စိုက်ထောင်ထားလေ၏။ ထို့နောက် ကျွန်တော်တို့သည် ဆေးပြင်းလိပ် တစ်လိပ်စီညှိ၍ ပက်လက်ကုလားထိုင် တစ်လုံးစီပေါ်တွင် အေးအေးသက်သာ ထိုင်နေကြလေ၏။

ထို့နောက် ဒတ်က. . .

"အိုင်ဆေး၊ ဒီနေရာကို ခင်ဗျား ဘာကြောင့် တမင်လာချင်ရတာလဲဗျ"

"လူဆိုတာ ကြောက်လေလေ ကြောက်တဲ့နေရာကို မလာဘဲ မနေနိုင်လေလေ ဆိုတာပဲ၊ ဒါကြောင့် ကျုပ် လာချင်တာလား မပြောတတ်ဘူး"

"တစ္ဆေဆိုတာ ခင်ဗျား ယုံကြည်သလား"

"ယုံတယ်လည်း မဟုတ်ပါဘူး၊ မယုံဘူးလည်း မဟုတ်ပါဘူး။ ရှိချင် ရှိမယ်၊ မရှိချင် နေမယ်"

mgyoe.com

"ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

mgyoe.com

"အခုတလောတော့ ရှိတယ်လို့ ကျုပ် ယုံချင်သလိုလိုပဲ၊ ဒါထက် ချန်ဒရာဒေဝီနဲ့ ခင်ဗျား မိတ်ဆွေဆို"

"မိတ်ဆွေလို့ မခေါ်နိုင်ပါဘူး၊ ကျေးဇူးရှင်လို့တော့ ခေါ်နိုင်ပါရဲ့။ ဒါထက် ဒီအခန်းထဲ ရောက်နေတုန်းမှာ ခင်ဗျားကို ကျွန်တော် ပြောနိုင်တဲ့ စကားတစ်ခွန်း ရှိတယ်ဗျာ"

"ပြောပါလေ. . .ပြောစရာရှိရင်"

"လူသတ်တဲ့ လူများဟာ သူ သတ်ထားတဲ့ နေရာကို တစ်ခါတစ်ခါ ပြန်မလာဘဲ မနေနိုင်ဘူးလို့ ဝတ္ထုတွေထဲမှာ တွေ့ဖူးတယ် မဟုတ်လား"

"တွေ့ဖူးတယ်၊ ဘာဖြစ်သလဲ"

"ကျွန်တော့်မှာ ကိုယ်တွေ့ဖြစ်နေပြီဗျ"

"အလို ဘယ့်နှယ်လဲဗျာ"

"ချန်ဒရာဒေဝီကို ကျွန်တော် သတ်လိုက်တယ်ဗျ၊ ဒါကြောင့် ကျွန်တော် ဒီနေရာကို ပြန်လာနေရပြီ"

"တောက်တီးတောက်တဲ့ဗျာ"

"တကယ်ဗျ၊ ချန်ဒရာဒေဝီကို ကျွန်တော် သတ်ဖို့ မဲကျလေတော့ သတ်ဖို့ လာခဲ့ရတယ်"

"ခင်ဗျားက လျှို့ဝှက် အသင်းသားလား"

"အစစ်ပေါ့၊ ကျွန်တော် မသတ်ခင် စာနဲ့ သတိပေးလိုက်ရာမှာ စာကိုမြင်တာနဲ့ လန့်ပြီး သေရှာတော့တာပဲ၊ ဒါကြောင့် ကျွန်တော် သတ်တယ်လို့ ပြောရတယ်။ ဒီလို မသေလည်း သေအောင် ကျွန်တော် သတ်ရတော့မှာပဲ။ ကျွန်တော့်ကို ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

"ခင်ဗျား ရဲတဲ့လူပဲလို့ ကျွန်တော် ထင်တယ်"

ထိုခဏ၌ ကျွန်တော်၏စိတ်ထဲသို့ တစ်ဦးတစ်ယောက်သောသူက ဖြုန်းခနဲ အကြံတစ်ခု ထည့်သွင်းပေးလိုက်သကဲ့သို့ ရုတ်တရက် အကြံတစ်ခု ပေါ်လာ၏။

"အိုင်ဆေး ဒတ်၊ လောင်းတမ်းစားတမ်းတစ်ခု လုပ်နိုင်တယ်"

"ဘယ်လိုလဲ"

"ဒီအခန်းထဲမှာ ခင်ဗျား ဒီကနေ့ည မအိပ်ဝံ့ဖို့ လောင်းချင်တယ်။ အိပ်ဝံ့လျှင် ကျုပ်က ငွေတစ်ရာပေးမယ်၊ မအိပ်ဝံ့လျှင် ငွေတစ်ကျပ်တည်း ပေးတော့"

ဒတ်မှာ အတန်ငယ် နွမ်းပါးဟန်ရှိသူတစ်ယောက် ဖြစ်လေရကား အတန်ကြာအောင် စဉ်းစားစိတ်ကူးနေလေ၏။

mgyoe.com

mgyoe.com

နောက်ဆုံး၌. . .

"စိန်လိုက်ဗျာ"

"မလုပ်ပါနဲ့လေ. . .ကျုပ် အလကား ပြောတာပါ၊ ခင်ဗျား မအိပ်ဝံ့ပါဘူး"

"အိပ်ဝံ့ပါတယ်ဗျာ၊ စိန်လိုက်"

"ကိုင်း. . .ဒါဖြင့် အိပ်ရစ်ခဲ့ပေတော့"

"သို့သော် ကျုပ် ဟိုအခန်းထဲကို မသွားဘူးနော်၊ ဒီအခန်းမှာ အိပ်မယ်"

"အိပ်ရစ်ပါ၊ ကြိုက်တဲ့နေရာ အိပ်ပေါ့"

"ကိုင်း. . .ဒါဖြင့် ခင်ဗျား ပြန်ပေတော့"

"နက်ဖြန် ဘယ်နနာရီ ကျုပ် လာခဲ့ရမလဲ"

"ရှစ်နာရီလောက် လာခဲ့ဗျာ"

"တောင်းပန်လို့ မရဘူးလား"

"ပြန်တော့ဗျာ. . .ဂွဒ်နိုက်"

"ဂွဒ်နိုက်. . .ဒတ်"

ကျွန်တော့်မှာ နှုတ်ဆော့မိသည့်အတွက် နောင်တရလျက် ဟိုတယ်သို့ ပြန်သွားရလေ၏။ နောက်တစ်နေ့ ၈ နာရီခန့်တွင် ကျွန်တော်သည် ရှောလမ်း (ခတ္တလမ်း)အိမ်သို့ ရောက်လေရာ၊ ဒတ်မှာ ကျွန်တော်၏ အိပ်ခန်းတွင်း၌ မရှိချေ။ ရေချိုးခန်း၊ မီးဖိုခန်း စသည်တို့ကို ဝင်ကြည့်ပါသော်လည်း မတွေ့ရချေ။

နောက်ဆုံး၌ ကျွန်တော်သည် ဒုတိယအိပ်ခန်းကို သတိရသည်နှင့် မရဲတရဲ ဖွင့်ကြည့်လိုက်ရာ၊ စားပွဲကလေးပေါ်တွင် ဖယောင်းတိုင် တစ်တိုင် ထွန်းလျက်၊ ဒတ်မှာမူ ခုတင်ပေါ်တွင် မျက်လုံး မျက်ဆန်ပြူးကာ သေဆုံးနေသည်ကို တွေ့မြင်ရလေတော့သတည်း။

○

(သွေးသောက်မဂ္ဂဇင်း၊ ၁၉၆၁ ခု၊ ဒီဇင်ဘာလ)

mgyoe.com

mgyoe.com

## စေတစ်လုံးပိုင်ရှင်

မြေတိုင်းစာရေး ကိုသာဖန်သည် အင်္ဂလိပ်စာ မဟာဘွဲ့ဟော်သော်လည်း Hypnotism [ဟစ်(ပ)နိုးတီးဇင်း] ခေါ် စိတ်ပညာလေ့လာမှု၌ အလွန် ဝါသနာပါ၏။ ထိုပညာနှင့် ပတ်သက်၍ အနောက်တိုင်းမှ စာအုပ်များကို ဝယ်ယူပြီးလျှင် အင်္ဂလိပ်စာတတ်သူများအား ဘာသာပြန်၍ ပြောစေ၏။ စာတစ်အုပ်လုံးကို ဘာသာပြန်၍ မပြောနိုင်စေကာမူ Practical Training (ကိုယ်တွေ့လေ့ကျင့်ခန်း)များကို ပြောပြသည့်အတိုင်း ရေးမှတ်၍ အားလပ်သမျှသောအချိန်ကို လေ့ကျင့်ခန်းများ၌ အသုံးချရ၏။ သို့ရာတွင် တစ်နှစ်နီးပါး လေ့ကျင့်ခြင်းဖြင့် ပြောပလောက်အောင် အရာမရောက်ခဲ့ချေ။

ထို့နောက် ကိုသာဖန်သည် ပုတီးကွင်း ဆရာတစ်ယောက်နှင့်တွေ့၍ ထိုဆရာ၏ လေ့ကျင့်နည်းကို လေ့လာပြန်သည်။ ထိုဆရာမှာ အခြားသော ပုတီးကွင်း ဂိုဏ်းသမားများကဲ့သို့ စိပ်ပုတီးတစ်ကွင်း လည်ပင်း၌စွပ်၍၊ ဒုတိယကွင်းကို ခါး၌စွပ်ပြီးလျှင်၊ တတိယတစ်ကွင်းကို ရှေ့တွင်ချထားရ၏။ လေ့ကျင့်သောသူသည် ခပ်သိမ်းသော ကမ္မဋ္ဌာန်းများ၏ ထုံးစံအတိုင်း တင်ပျဉ်ခွေထိုင်၍ ခါးကို တည့်မတ်စွာထားလျက် ရှေ့၌ ခင်းထားသော ပုတီးကွင်းအလယ်၌ စူးစူးစိုက်စိုက်ကြည့်ကာ ဂုဏ်တော်တစ်ထောင် ရွတ်ဆိုရလေသည်။ ထိုအတောအတွင်း ပုတီးကွင်း၏ အပြင်သို့ စိတ်မရောက်စေရ၊ တောင်တောင်အီအီ

mgyoe.com

mgyoe.com

ထွေရာလေးပါး စဉ်းစားခြင်းလည်း မပြုရ။ ဂုဏ်တော်ကိုသာ နှလုံးသွင်း၍ တည်ငြိမ်သောစိတ် ဖြစ်ရစေသည်။

အလုပ်တစ်ဖက်နှင့် သုံးလခန့် လေ့ကျင့်လတ်သော် စိတ်၏ တည်ငြိမ်ခြင်းဆိုင်ရာတွင် သိသိသာသာ တိုးတက်လာသည်ဖြစ်၍ များစွာ အားတက်သည့်အလျောက်၊ ခွင့်တစ်လ ခံယူပြီးလျှင် စစ်ကိုင်းတောင်ရိုးရှိ ချောင်တစ်ချောင်တွင် နေ့ရောညပါ လေ့ကျင့်တော့သည်။ ဤသည်၌ ကိုသာဖန်သည် မည်သည့်နေရာသို့ ကြည့်သည်ဖြစ်စေ၊ ပုတီးကွင်းမှတစ်ပါး ဘာကိုမျှ မမြင်ဘဲ ဖြစ်လာ၏။ ထိုနောက် ပုတီးကွင်းမှ ရောင်ခြည်များ ထွက်လာသလို ဖြစ်လာရာမှ ပုတီးကွင်း မဟုတ်တော့ဘဲ မီးကွင်းဖြစ်လာ၏။ ထိုမှတစ်ဖန် ထူးဆန်းအံ့ဖွယ်သော နိမိတ်များလည်း မြင်ရလေသည်။ ထိုအခါတွင် ကိုသာဖန်သည် စိတ်ကြီးဝင်လာ၍ 'အမြင် အကြား' စသည်များတိုင်အောင် ပေါက်ရောက်လိမ့်မည်ဟု မျှော်လင့်မိ၏။ မိမိ၏နေအိမ်မှ အိမ်သူအိမ်သားများ စကားပြောသံကို ကြားရသလိုလို၊ မျက်စိဖြင့် တပ်အပ်မြင်ရသလိုလို ထင်လာ၏။ သို့ရာတွင် ထိုအချိန်၌ အိမ်သူအိမ်သားများသည် ဘာကိုပြော၍ ဘာလုပ်နေ ကြသည်ဟု စုံစမ်းရန် မဖြစ်နိုင်ရန်ကား၊ မိမိ၏စိတ်ထဲ၌ မြင်ချင်ရာမြင် ကြားချင် ရာကြား ဖြစ်လေသလောဟု မဆုံးဖြတ်နိုင်အောင် ရှိခဲ့လေသည်။ နောက်ဆုံး၌ ကိုသာဖန်မှာ ခွင့်တစ်လ စေ့ကုန်သည်နှင့် မန္တလေးသို့ ပြန်လာပြီးလျှင် မြေတိုင်း စာရေးအလုပ်ကိုပင် ဆက်လက် အမှုထမ်းရလေသည်။

တစ်ညသ၌ ဝတ်ဖြူစင်ကြယ် ဝတ်ထားသော ကမ္မဋ္ဌာန်းဆရာ၏ နေအိမ်သို့ ကိုသာဖန် သွားရောက်သောအခါ ညှေ့သည်နှစ်ယောက် ရောက်နေသည်ကို တွေ့ရ၏။ တစ်ယောက်သောသူမှာ ပုတီးကွင်းဆရာ၏နည်းကို လိုချင်သည့် စာရေးကြီး ကိုသူတော်ဖြစ်ရာ၊ ဒုတိယလူမှာ ဤအလုပ်မျိုးကို မယုံကြည်သဖြင့် ကိုသူတော်က ယုံကြည်လောက်အောင် အစွမ်းပြစေမည်ဆိုကာ ဆရာထံသို့ ခေါ်လာသည့် အင်္ဂလိပ်ကျောင်းသား မောင်ဘဖြူ ဖြစ်လေသည်။

လေးယောက်သား ဆုံမိကြရာတွင် ကိုသူတော်က ကမ္မဋ္ဌာန်း ဆရာအား သူ၏ တပည့်များအနက်မှ ကမ္မဋ္ဌာန်းပေါက်ဖူးသူများ အကြောင်းကို ပြောပြရန် တောင်းပန်၏။ ကမ္မဋ္ဌာန်း ဆရာကလည်း သူ၏ တပည့်များ အနက်မှ 'အမြင်' ပေါက်သော ကိုဘယ်ဝါ၊ 'အကြား' ပေါက်ကြားသော မဘယ်ဝါ စသည်ဖြင့် ပြောပြ၏။ ကိုသူတော်က မောင်ဘဖြူအား လှမ်းကြည့်၍ 'ကိုင်း. . .ဘယ့်နှယ့်ရှိစ'ဟု မေးရာ မောင်ဘဖြူက 'ဒါကတော့ ခင်ဗျားတို့ ပြောစကား ရှိတာပဲ'ဟု ပြန်ပြောလေသည်။

ဤတွင် ကမ္မဋ္ဌာန်းဆရာက 'မောင်တို့အိမ်မှာ မောင့်မိခင် ဆေးပေါ့

mgyoe.com

mgyoe.com

လိပ် သောက်နေလေရဲ့'ဟု ပြောသောအခါ၊ မောင်ဘဖြူက 'ကျွန်တော့်အမေ တစ်နေ့လုံး ဆေးလိပ်သောက်နေတာပဲ'ဟု ပြန်ပြော၏။

ကမ္ဘဋ္ဌာန်းဆရာက 'မောင့်အဖေ စာရင်းတွက်နေတယ်'ဟု ပြောသော အခါ၊ မောင်ဘဖြူက 'ကျွန်တော့်အဖေ အိမ်မှာမရှိဘူး၊ ရန်ကုန်သွားနေတယ်' ဟု ပြော၏။

ကမ္ဘဋ္ဌာန်းဆရာက 'ဒါဖြင့် မောင့်ဦးလေး ဖြစ်လိမ့်မယ်'ဟု ပြောရာ တွင်၊ မောင်ဘဖြူက 'ဟုတ်ကဲ့ ဦးလေးတော့ ရှိတယ်၊ သို့သော်လည်း ကျွန် တော်က ဒါမျိုးတွေ မလိုချင်ဘူးဗျာ၊ အဟုတ်တကယ် အမြင့်ပေါက်တယ် ဆိုရင် လေးကောင်ဂျင်ဝိုင်းသွားပြီး ခွက်မှောက်ထားတာ ဖားလား၊ ဝက်လား၊ ကြက်လား၊ ငါးရှဉ့်လား မြင်နိုင်ရင် အောထိုးယူချင်တယ်။ ပြီးတော့ ၃၆ ကောင်ဝိုင်းမှာ တင်ထားတဲ့ အကောင်ကို မြင်အောင်ကြည့်ပြီး ထိုးယူချင်တယ်' ဟု ပြောလေ၏။

ဆရာ။ ။"ဟာ ဒီလိုတော့ မရဘူး မောင်၊ လောဘ အလုပ် ဆိုကတည်းက ဘာမျှမဖြစ်တော့ဘူး၊ စိတ်သန့်ရှင်းမှ ရတာမျိုးကွယ့်"

ဖြူ။ ။"ဘယ်သူဘယ်ဝါ ဘာလုပ်နေတယ်ဆိုတာ မြင်ရလို့ ဘာ ကျေးဇူးရှိမှာလဲ ဆရာ၊ အပင်ပန်းခံရပြီး ဆရာတို့ပညာ ဘာများ အသုံးချနိုင် လို့လဲ"

ဖန်။ ။"အမြင် အကြား ဆိုတာမျိုးက ဒါလောက်ကြီး အဖိုးတန် လို့ မဟုတ်ပါဘူး၊ သို့သော် တန်ခိုးရှိတဲ့ စိတ်ဆိုတာ အသုံးချစရာတွေ အများကြီး ရှိတာပေါ့။ ဥပမာဆိုရင် ဟောဒါ လက်ဖက်ရည်ကြမ်းကရား မဟုတ်လား၊ အထဲမှာ လက်ဖက်ရည်တွေနဲ့နော်။ ကျုပ် ကမ္ဘဋ္ဌာန်းပေါက်ထား ပြီး 'စေတစ်လုံး ပိုင်တဲ့လူ'ဆိုပါတော့၊ ဒီနေရာက ထိုင်တဲ့ပြီး 'ဟေ့ လက်ဖက် ရည်ကရား. . .ကရွတ်ခွေထဲက ထပြီး ဇောက်ထိုးမှောက်နေစေ၊ လက်ဖက်ရည် တစ်စက်မှ မဖိတ်စေနဲ့. . ."

ကိုသာဖန်နှင့်တကွ ကမ္ဘဋ္ဌာန်းဆရာရော ဧည့်သည်နှစ်ယောက်ပါ အလွန် အံ့သြစွာဖြင့် ငေးကြည့်နေမိကြတော့သည်။ အကြောင်းမူကား ကိုသာဖန် အမိန့် ပေးလိုက်သည့်အတိုင်း မြေလက်ဖက်ရည်ကရားသည် ကရွတ်ပေါ်တွင် အငွေ့ တထောင်းထောင်းနှင့် တည်နေရာမှ အထက်သို့ တစ်ထွာခန့် တက်သွားပြီး ဇောက်ထိုးကြီး မှောက်နေရာတွင် လက်ဖက်ရည်တစ်စက်မှ မဖိတ်ဘဲ လေထဲတွင် တည်နေသည်ကို တွေ့မြင်ကြရသောကြောင့်ပေတည်း။ ကိုသာဖန်သည် အခြား လူများနှင့်အတူ အံ့သြစွာ ငေးကြည့်နေရာမှာ 'တောင့်မထားနိုင်တော့ဘူးဗျို့၊ စိတ်ပျော့လာပြီ၊ ပျော့လာပြီ'ဟု ပြောရင်းဆိုရင်း၌ပင် မြေလက်ဖက်ရည်ကရား

mgyoe.com

mgyoe.com

သည် ကရွတ်ပေါ်သို့ မှောက်လျက်သား ကျလာသည်နှင့် ရေနွေးပူများ လွင့်စဉ်၍ 'အလိုလေး၊ အမေလေး' တကြော်ကြော်ရလေသည်။ လက်ဖက်ရည်ကရားမှာ မြေကရား ဖြစ်၍ အစိတ်စိတ် အမြွာမြွာ ကွဲသွားသော အိုးခြမ်းပဲ့များ၊ လက်ဖက်ခြောက် ဖတ်များမှာ အခိုးတလူလူ ထွက်လျက်ရှိလေ၏။

ဤတွင် ရေနွေးပူ အနည်းငယ် စဉ်ခြင်းခံရသော ကျောင်းသား မောင်ဘဖြူက 'နှုတ်ခမ်းမွေး မနိုင်ဘဲနဲ့ ပဲကြီးဟင်းသောက်တယ်ဆိုတာ ခင်ဗျား လိုလူပဲ'ဟု ဒေါသဖြင့် အပြစ်တင်သော်လည်း၊ အားလုံးမှာ ကိုသာဖန်၏ 'တစ်ပွဲတိုး' ပညာအစွမ်းကို မအံ့သြဘဲ မနေနိုင်ချေ။ ကိုသာဖန် ကိုယ်တိုင် မှာလည်း မိမိ၌ ဤမျှအထိ တန်ခိုးသတ္တိ ရှိနေသည်ကို မသိရသောကြောင့် အံ့သြခြင်းနှင့်အတူ ဝမ်းသာသလိုလိုလည်း ရှိ၏။ သို့သော် မည်မျှအထိ တန်ခိုး ရှိ၍ မည်ကဲ့သို့ အသုံးချရမည် မသိသောကြောင့် ခပ်တွေတွေ ဖြစ်နေလေသည်။ ဤအတောအတွင်း ကိုသာဖန်၏ တစ်ပိုင်းတစ်စ အစွမ်းကို အံ့သြခြင်းထက် ရေနွေးပူလောင်ခြင်းအတွက် ကြာလေပူလေဖြစ်လာသော မောင်ဘဖြူသည် ထိုင်ရာမှထ၍ ကိုသူတော်ကို လက်ကုတ်ကာ 'ပြန်ကြပါစို့ဗျာ၊ မျက်လှည့်လေး တစ်ခုတလေ တတ်တာနဲ့ တောင်မရောက် မြောက်မရောက်ပြချင်ပြီး၊ တော်တော် ကြာတော့ ခေါင်းပေါ်ကို ရေနွေးအိုးကျပြီး ဗျိုင်းဖြစ်ကုန်ကြပါလိမ့်မယ်'ဟု ဆိုကာ ပြန်သွားကြလေသည်။ ထိုခဏတွင် ကမ္ဘဋ္ဌာန်းဆရာ၏ နေအိမ်သို့ အခြားသော တပည့်တပန်းများ ရောက်လာကြလေရာ ကမ္ဘဋ္ဌာန်းဆရာက ကိုသာဖန်အား မျက်စိမှိတ်၍ ပြလိုက်၏။ အဓိပ္ပာယ်မှာ လျှို့ဝှက်အပ်သော အတတ်ပညာဖြစ်၍ အခြားလူများရှေ့တွင် ပြောမပြဖို့ နှုတ်ပိတ်ခြင်းဖြစ်သည်ဟု ကိုသာဖန် နားလည်သည့်အတိုင်း၊ 'နောက်မှ ကျွန်တော် လာဦးမယ်'ဟု ဆိုကာ ဆင်းလာခဲ့လေ၏။

လမ်းတစ်လျှောက်လုံးတွင် ကိုသာဖန်သည် ရင်ထဲတွင် တဖိုဖို တလှိုက်လှိုက် ဖြစ်နေ၏။ 'မိမိ၌ ဤမျှအထိ တန်ခိုးသတ္တိရှိသော စိတ်မျိုး ရှိချေပြီလော၊ သို့တည်းမဟုတ် အဆင်သင့်၍ ကံအားလျော်စွာ မတော်တဆ ဖြစ်ပွားခြင်းပေလော' စသည်ဖြင့် တွေးတောရင်း မဆုံးဖြတ်နိုင်အောင် ရှိလေတော့သည်။

*

ကိုသာဖန်မှာ လူပျိုကြီးဖြစ်၍ အခြားသော မြေတိုင်းစာရေး တစ်ယောက် အိမ်တွင် ထမင်းလခပေး၍ စားနေသူဖြစ်ရာ၊ အိပ်ခန်းတစ်ခန်းလည်း ရရှိ၏။ ကိုသာဖန်သည် မိမိ၏ အိပ်ခန်းထဲသို့ဝင်၍ ခုတင်အနီးရှိ ပက်လက် ကုလားထိုင်ပေါ်၌ထိုင်ကာ လက်ဖက်ရည်ကရား အဖြစ်အပျက်ကို စဉ်းစားပြန်

mgyoe.com

mgyoe.com

လေသည်။ လက်ဖက်ရည်ကရားကို ဥဒါဟရဏ် တစ်ခုအနေဖြင့် လေထဲ၌ မှောက်လျက်တည်စေရန် အမိန့်ပေးစဉ်က၊ မိမိ၏ စိတ်ထဲမှာလည်း ထိုကဲ့သို့ တည်နေစေရန် ပြင်းထန်သောဆန္ဒ ဖြစ်ခဲ့ဖူးခြင်းကို သတိရ၏။ စေခိုင်းသည့် အတိုင်း တည်နေဆဲတွင် စိတ်အားတင်း၍ မထားနိုင်သဖြင့် လျှော့ချလိုက်ရ ခြင်းကိုလည်း သတိရ၏။ သို့ဆိုလျှင် မိမိ၏စိတ်၌ သတ္တိထူး ရှိနေခြင်းကား ထင်ရှားလေပြီ။ သို့သော် ဤအတိုင်း ဟုတ် မဟုတ် စမ်းဦးမည်ဟု အောက်မေ့ကာ မိမိကိုယ်ကို 'ပက်လက်ကုလားထိုင်ပေါ်မှ ခုတင်ပေါ်သို့ ရောက်စေ'ဟု အမိန့်ပေးရင်း စိတ်ကို ညွှတ်လိုက်၏။ နောက်ခဏ၌ ကိုသာဖန်မှာ ပြောင်းရွှေ့ ခြင်းကိုပင် မသိလိုက်ရဘဲ အိပ်ရာပေါ်တွင် စင်းစင်းကြီး အိပ်လျက် ရှိလေသည်။ 'နေရာကျလှပြီ'ဟု ကိုသာဖန် ဝမ်းမြောက်မိသည်။ ထိုနောက် ဝတ်ထားသော ပိုးလုံချည်မှ ချည်လုံချည်အနွမ်းသို့ ပြောင်းလဲစေ၊ အပေါ်အင်္ကျီနှင့် ရှပ်အင်္ကျီ များ ချွတ်ပြီးသားဖြစ်စေ စသည်ဖြင့် ဆက်လက်၍ အမိန့်ပေးလိုက်ပြီးနောက်၊ ဤအတိုင်း ပြောင်းလဲ၍ စွပ်ကျယ်ကလေးနှင့် အိပ်လျက်ရှိလေသည်။ ထိုအခါ ၌မူကား ကိုသာဖန်မှာ 'စေတစ်လုံးပိုင်သူ ဖြစ်ချေပြီ'ဆိုကာ အလွန်ကြည်နူးလျက် ရှိလေ၏။ ထိုနောက် ဆေးလိပ်သောက်ချင်သည်နှင့် လက်ဖြင့်ပင် လှမ်းမယူ တော့ဘဲ 'ဆေးလိပ်ရောက်စေ၊ မီးညှိပြီးဖြစ်စေ'ဟု အမိန့်ပေးရုံနှင့် မီးညှိပြီး ဆေးပေါ့လိပ်သည် ကိုသာဖန်၏ ပါးစပ်ထဲသို့ ရောက်နေ၏။ ပါးစပ်ဖွင့်ပေး လိုက်ရခြင်းကိုပင် အမှတ်မထင်လိုက်မိချေ။ စိတ်ကူးယဉ်စွာဖြင့် ဆေးပေါ့လိပ် ဖြင့် မှိန်းနေစဉ် မီးပွားများသည် အိပ်ရာလွှမ်းပေါ်သို့ ကြွေကျ၍ မီးခိုးတအူအူ ထွက်နေ၏။ ကိုသာဖန်က 'ငြိမ်းစေ'ဟု ဆိုလိုက်ရာ၊ မီးငြိမ်းသွားသော်လည်း အိပ်ရာလွှမ်းတွင် မီးလောင်ပေါက်ကြီး ဖြစ်နေ၏။ 'မီးလောင်ပေါက်ကြီး ပျောက်စေ'ဟု ဆိုလိုက်သည်တွင်မှ ပကတိအတိုင်း ဖြစ်သွားလေသည်။ ကိုသာ ဖန်သည် အိပ်ရာထဲတွင် ရုတ်တရက် အိပ်မပျော်နိုင်သေးဘဲ 'ငါသည် စေတစ်လုံး ပိုင်ချေပြီတကား'ဟု စိတ်ကူးယဉ်လျက် ရှိ၏။ ထိုနောက် ကျင့်သားလည်း ရစေ၊ အပျင်းလည်း ပြေစေဆိုသော သဘောနှင့် အသေးအဖွဲ ဖန်ဆင်းမှုများကို စမ်းသပ်သေး၏။ အိပ်ရာပေါ်တွင် ပက်လက်လှန်ရင်း မှောင်မိုက်သောအခန်းကို 'လင်းစေ'ဟု အမိန့်ပေးလိုက်ရာ မည်သည့်နည်းဖြင့် အလင်းရောင် ဖြစ်ပေါ် လာသည်မသိ၊ တစ်ခန်းလုံး လင်းလာ၍ အခန်းတွင်း၌ရှိသော အရာဝတ္ထုများကို ကောင်းစွာ မြင်နိုင်၏။ ထိုနောက်တစ်ဖန် 'မှောင်စေ'ဟု ဆိုလိုက်ပြန်ရာ မှောင် အတိ ပြီးနေ၏။ ကိုသာဖန်သည် နေလည်းမရှိ၊ မီးလည်း မရှိဘဲလျက် အလင်းရောင် ထွက်ပေါ်ခြင်းဖြစ်သောကြောင့် 'အကယ်လင်းခြင်းမှ ဟုတ်ပါ ၏လော၊ မိမိစိတ်က ထင်မှတ်ခြင်း ဖြစ်လေသလော'ဟု စဉ်းစားမိသည်နှင့်

mgyoe.com

mgyoe.com

သေချာစွာ ကြည့်အံ့ဟု အောက်မေ့ကာ 'လင်းစေ'ဟု ဆိုလိုက်ပြန်၏။ အခန်းလည်း လင်းလာပြန်၏။ ထိုအခါ အိမ်ရှင် စာရေးကြီးကတော် ဒေါ်ဖွားမေက 'ကိုသာဖန် လက်နှိပ်ဓာတ်မီးနှင့် ဘာလုပ်နေတာလဲ၊ မအိပ်သေးဘူးလား'ဟု မေးလိုက်ရာ၊ ဤတွင်မှ ကိုသာဖန်မှာ စိတ်ထင်ခြင်းမဟုတ်၊ အကယ်လင်းခြင်း ဖြစ်သည်ဟု သိရ၍ 'အိပ်မပျော်သေးပါဘူးဗျာ၊ ကြမ်းပိုးကိုက်လွန်းလို့ ကြမ်းပိုး ထရှာနေတာပါ'ဟု တော်စွာ လျော်စွာ ပြန်ပြောလိုက်လေသည်။ ကိုသာဖန်သည် မိမိ၏ ပညာစွမ်းကို အခြားသူများ သိသွားပါက 'ရှော်'သွားမည် စိုးသောကြောင့် ထိုကဲ့သို့ လိမ်လည်ပြောဆိုခြင်း ဖြစ်လေသည်။

ရတ်တရက် အိပ်မပျော်နိုင်သေးသော ကိုသာဖန်သည် အတန် ညဥ့်နက်သည်တွင် ဆာလောင်မွတ်သိပ်လာလေပြီ။ သို့ဖြစ်၍ မီးခွက်ထွန်းပြီး မုန့်သေတ္တာ ဖွင့်စားမည်ဟု အကြံရသည်နှင့် ပထမဦး ဖယောင်းတိုင်ကို ကိုယ်တိုင်ထ၍ ထွန်းမည်ပြု၏။ ထိုနောက်မှ သတိရ၍ 'ဖယောင်းတိုင် ထွန်းစေ၊ မုန့်သေတ္တာ ယူခဲ့စေ'ဟု အမိန့်ပေးသဖြင့် မုန့်သေတ္တာဘူး ရောက်လာသည်တွင် သုံးလေးခု နှိုက်စား၍၊ ကိုကိုးပူပူတစ်ခွက် တောင်းပြန်၏။ ကိုကိုးရောက်လာ၍ သောက်ပြီးသည့်နောက် ကိုသာဖန်သည် ကစားစရာ အသစ်ရသော ကလေးသူငယ်ကဲ့သို့ မိမိ၏ပညာကို စမ်းပြီးရင်း စမ်းချင်ရင်း ဖြစ်နေ၏။ အိပ်ရာပေါ်တွင် ပက်လက်လှန်ရင်း စားပွဲပေါ်တွင် တင်ထားသော ရေဖန်ချိုင့်ကို ကြည့်လျက် 'စိမ်းစေ၊ နီစေ၊ ပြာစေ၊ ဝါစေ' စသည်ဖြင့် အရောင်အမျိုးမျိုး ပြောင်းလဲအောင် အမိန့်ပေး၍ ပြောင်းလဲသော ရေ အသွေးအရောင်ကိုကြည့်ကာ အပျင်းဖြေ၏။ ကိုသာဖန်မှာ ဖွဲကောင်းသူတစ်ယောက်ဖြစ်သော်လည်း သာမည မြေတိုင်းစာရေး တစ်ယောက်မျှသာဖြစ်သောကြောင့် ထွေထွေရာရာ စိတ်မကူး တတ်ဘဲ သူ၏ စိတ်ကူးဉာဏ်ရှိသလောက် ကလေးဖြင့်သာ ပညာစမ်းနေ၏။ 'ငှက်ကလေးတစ်ကောင် ပေါ်လာစေ'ဟု ဆိုလိုက်သည်တွင် ပက်လက်ကုလား ထိုင် နောက်မှီပေါ်တွင် အမျိုးအမည်မသိ ငှက်ကလေးတစ်ကောင် ရောက်နေ၏။ 'ငှက်နှစ်ကောင်ဖြစ်စေ၊ သုံးကောင်ဖြစ်စေ' စသည်ဖြင့် ပွားသွား၏။ ကုလားထိုင် ပြည့်သောအခါ 'အားလုံး ပျောက်စေ'ဟု အမိန့်ပေးလိုက်သဖြင့် ပျောက်သွား၏။ ထိုနောက် လယ်တောသို့ မြေတိုင်းထွက်စဉ်က တစ်ကြိမ် ကြုံခဲ့ဖူးသော ကျားသစ်ကို သတိရမိသည်နှင့် တစ်ပြိုင်နက်၊ အမိန့်မပေးသေးမီ ခုတင်ခြေရင်းတွင် ကျားသစ်တစ်ကောင် ပေါ်လာသည်နှင့် ကိုသာဖန် ထိတ်လန့်ပြီး 'ပျောက်စေ၊ ပျောက်စေ'ဟု အမိန့်ပေးပြီး ခေါင်းမြီးခြုံ၍ အိပ်လိုက်တော့သည်။ သို့ရာတွင် မကြုံစဖူး ရထားသော တန်ခိုးသတ္တိထူးကြောင့် ဤနှယ် ထိုနှယ် စဉ်းစားနေပြန်သဖြင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေပြန်၏။ နောက်ဆုံးတွင်မှ ကိုသာဖန်သည်

mgyoe.com

mgyoe.com

မိမိကိုယ်ကို 'အိပ်စေ'ဟု အမိန့်ပေးလိုက်၍ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

နံနက်လင်း၍ အိပ်ရာမှနိုးသောအခါ ကိုသာဖန်သည် ယမန်ညဥ့်က အဖြစ်အပျက်များကို သတိရ၍ အိပ်မက်ပေလောဟု စဉ်းစားမိ၏။ ဟုတ် မဟုတ် သိရအောင် စုံစမ်းမည်ဆို၍ 'မျက်နှာသစ် ကိရိယာများ ရောက်စေ' ဟု သိမ်းကျုံး အမိန့်ပေးလိုက်ရုံမျှနှင့် ရေဖလား၊ သွားပွတ်တံ၊ သွားတိုက် ဆေးဘူး၊ ဆပ်ပြာခဲနှင့် မျက်နှာသုတ်ပဝါ ရောက်လာတော့သည်။ ကိုသာ ဖန်သည် အလွန် ကျေနပ်စွာဖြင့် မျက်နှာသစ်ပြီးနောက် အိမ်ရှင်မက ပို့လိုက် သော ပဲပြုတ်၊ နံပြားနှင့် လက်ဖက်ရည်ကြမ်းတို့ကို မြင်ယောင်လာလေသည်။ ပဲပြုတ်နှင့် နံပြား ရင်ပြည့်သည်ဆို၍ ကြက်ဥဟပ်ဘွိုင် နှစ်လုံးနှင့် တို့(စ်) တစ်ချပ် အမိန့်ပေး၍ စား၏။ ပန်းကန်ပြားသိမ်းသောအခါ အိမ်ရှင်မက ကြက်ဥခွံများ တွေ့၍ ဘယ်ကရသနည်းဟု မေးရာ ကိုသာဖန်သည် ထစ်တီး တစ်အဖြစ်၍ 'မနေ့ညက ဝယ်လာခဲ့ပါသည်'ဟု လိမ်ပြောရသည်။ ဤတွင် မိမိ၏ပညာကို လူမသိစေလိုလျှင် သတိထားမှ တော်မည်ဟု ကိုသာဖန် စဉ်းစား မိသည်။

ရုံးသွားချိန် နီးသောအခါ ကိုသာဖန်သည် စာရေးကြီးကတော် ချက် ပေးသော ချဉ်ရည်ဟင်း၊ ငါးပိချက်တို့နှင့် တို့စရာမျှလောက်ကို မစားလိုသည် နှင့် 'ဒီကနေ့မနက် မိတ်ဆွေတစ်ယောက်က ထမင်းစားဖို့ ဖိတ်ထားသည်'ဟု ပြောကာ ရေချိုးပြီး ရုံးသို့ လာခဲ့သည်။

အလုပ်ခွင်သို့ ရောက်သောအခါ ကိုသာဖန်မှာ အလုပ်ထဲ၌ စိတ်ဝင် စားခြင်း မရှိဘဲ တွေ့ကရာရှစ်သောင်း စဉ်းစားစိတ်ကူးနေမိသဖြင့် အချိန်ကုန် ရသည်။ နေ့လယ် နေ့ခင်း၌ စိန်လက်စွပ်ကြီးတစ်ကွင်း တောင့်တလိုက်သည် တွင် စိန်လက်စွပ်ကြီး တစ်ကွင်းသည် စားပွဲပေါ်သို့ ရောက်လာ၏။ ကိုသာ ဖန်သည် လက်စွပ်ကို ကောက်ကိုင်ကြည့်နေစဉ် စာရေးတစ်ယောက် ချဉ်းကပ် လာသည်နှင့် ထိုသူ မမြင်စေလိုသောကြောင့် 'ပျောက်စေ'ဟု ကတိုက်ကရိုက် အမိန့်ပေးလိုက်ရသည်။ ထိုစာရေးက 'ခင်ဗျားလက်ထဲမှာ ဝင်းခနဲ မြင်လိုက် ပါတယ်၊ ဘာလဲဗျို့'ဟု မေးခြင်းကို၊ ကိုသာဖန်က လက်ဖြန့်ပြပြီး 'ဘာမှ မရှိပေါင်ဗျာ'ဟု ပြောလိုက်သည်။ ရုံးဆင်းချိန်က နီးလေပြီ၊ အလုပ်များကား မပြီးသေး။ ဤတွင် ကိုသာဖန်က 'အလုပ်အားလုံး ပြီးစေ'ဟု အမိန့်ပေးလိုက်ရာ၊ ဇယားကွက်များတွင် လယ်မြေဧက အရေအတွက်နှင့် ပိုင်ရှင်အမည်၊ ဦးပိုင် နံပါတ် အစရှိသဖြင့် ရေးထည့်ရသော မြေတိုင်းစာရေး၏ အလုပ်မှာ တစ်မုဟုတ်ချင်း ပြီးသွားလေ၏။

ရုံးဆင်းသောအခါ ကိုသာဖန်သည် တစ်ကိုယ်တည်း စိတ်ကူးယဉ်

mgyoe.com

mgyoe.com

လိုသည်နှင့် လူရှင်းသော ကျုံးထိပ်လမ်းဘက်သို့ လျှောက်လာ၏။ သူ၏ လက်ထဲတွင် တောခံသားဖြင့် လုပ်ထား၍ အဖုများသော တုတ်ကောက်တစ်ချောင်း ကိုင်ထား၏။ ကျုံးထိပ်သို့မရောက်မီ လူပြတ်သောလမ်းပေါ်၌ရှိနေစဉ် ကိုသာဖန်သည် ပညာစမ်းဦးမည်ဟု အကြံဖြစ်ပေါ်၏။ သို့ဖြစ်၍ လက်ထဲ၌ ကိုင်ထားသော ခံသားတုတ်ကို စေ့စေ့ကြည့်လျက် 'ပကတိအတိုင်းဖြစ်စေ'ဟု အမိန့်ပေးလိုက်၏။ နောက်တစ်ခဏ၌ လက်ကိုင်တုတ်သည် အခက်အလက်များ ပေါက်လာ၍ မွှေးကြိုင်သော ခံပွင့်ရနံ့သည် ကိုသာဖန်၏ နှာခေါင်းကို တိုးဝင်သဖြင့် အားရအောင် ရှူလိုက်သေး၏။ သို့ရာတွင် မိမိနောက်မှ ရုတ်တရက် မော်တော်ကားသံ ကြားရသည်နှင့် လူမမြင်စေလိုသောကြောင့် ကိုသာဖန်က 'သွားတော့. . .သွားတော့'ဟု ကတိုက်ကရိုက် ဆိုလိုက်မိသည်။ ကိုသာဖန် ရည်ရွယ်သည်ကား အခက်အလက် အသွင်ပျောက်ပြီး ပကတိအတိုင်း တုတ်ဖြစ်ခိုင်းခြင်း ဖြစ်၏။ သို့ရာတွင် ကပျာကယာဆိုရခြင်း ဖြစ်သောကြောင့် ဆိုမိဆိုရာ ဆိုလိုက်သည်တွင် အခက်အလက်တွေ များသော ခံသားတုတ်သည် 'သွားတော့' ဆိုသည့်အတိုင်း ကိုသာဖန်၏လက်မှ လွတ်ထွက်ကာ လမ်းမကြီးအတိုင်း လျှောက်ပြေးလေတော့သည်။ ဤတွင် ကိုသာဖန်သည် တုတ်ကို ပြန်ကောက်အံ့ဟု တုတ်နောက်သို့ လိုက်လေရာ ပြေးရင်းလိုက်ရင်း၊ လိုက်ရင်းပြေးရင်း မိလုမိခင် ဖြစ်နေ၏။ ကိုသာဖန်၏ လက်ထဲသို့ကား တုတ်မရောက်နိုင်ချေ။ ကိုသာဖန်သည် ရှေ့မှ လိမ့်ပြေးသွားသော တုတ်ကို အပြေးအလွှားလိုက်ရသဖြင့် မောကြီးပန်းကြီး ဖြစ်နေသည်တွင် 'အောင်မလေးဗျ'ဟု အော်လိုက်သော အသံတစ်ချက် ကြားလိုက်ရသည်။ အကြောင်းမှုကား ခံသားတုတ်သည် လမ်းပေါ်တွင် လျှောက်လာသော လမ်းစောင့်ပုလိပ်တစ်ယောက်၏ ညို့သကျည်းကို အရှိန်ပြင်းစွာ တိုးဝင် တိုက်ခိုက်သောကြောင့်ပေတည်း။

လမ်းစောင့်ပုလိပ်မှာ မျက်နှာသိ တစ်ယောက်ဖြစ်၍ ကိုသာဖန်က 'ကန်တော့ပါရဲ့ဗျာ၊ လက်ထဲက လွတ်ထွက်သွားလို့ပါဗျာ၊ သည်းခံပါဗျာ' စသည်ဖြင့် တောင်းပန်သော်လည်း၊ လမ်းစောင့်ပုလိပ်သားသည် မကျေမချမ်းဖြင့် မိမိ၏ ညို့သကျည်းကို ပွတ်လျက် 'ခင်ဗျားလုပ်လိုက်မှုဖြင့် အရမ်းချည်းပဲ၊ ဒီဟာ တော မဟုတ်ဘူးဗျ။ မြို့. . .မြို့. . .နားလည်လား၊ ချုံတွေ ဟိုရမ်းပစ်၊ ဒီရမ်းပစ်နဲ့ ကြည့်စမ်း. . .ဒီမှာ စိုက်မိသွားပြီ'

ဖန်။ ။"တောင်းပန်ပါတယ်ဗျာ၊ မတော်လို့ပါ"

လိပ်။ ။"ဘာမတော်လို့လဲ၊ ခင်ဗျားက တမင်တကာလုပ်ပြီး မတော်လို့လေး ဘာလေးနဲ့။ ခင်ဗျားတို့ မြေတိုင်းစာရေးတွေဟာ တောသူ တောင်သား လယ်သမားတွေကို အနိုင်ကျင့်ပြီး ပိုက်ဆံညှဉ်းလား၊ ညှဉ်းရဲ့"

mgyoe.com

mgyoe.com

ဖန်။ ။"ဘယ့်နှယ် မဆီမဆိုင်တာတွေ လျှောက်ရွတ်နေတာလဲ၊ မြေတိုင်းစာရေးက ခင်ဗျားတို့ ပုလိပ်ထက်ပဲ ဆိုးသေးသလား"

လိပ်။ ။"အောင်မယ် ကမြင်းမသားကြီး၊ အသက်ကြီးလို့ အချိန် မစီးဘူး၊ လူကို စော်စော်ကားကား"

ဖန်။ ။"ဟော့လူ ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျုပ်ကို ဘာကောင်မှတ်လို့လဲ၊ အဝီစိ ကျသွားမယ် နားလည်လား"

ကိုသာဖန်သည် ပညာဂုဏ်မောက်၍ ထိုကဲ့သို့ ကြိမ်းမောင်းလိုက်ခြင်း ဖြစ်သည်။

လိပ်။ ။"ဟား. . .ဟား. . .ဟား၊ ရယ်ချင်တာကွာ၊ အဝီစိ ကျလိမ့်မယ်တဲ့၊ သူက ဘာကောင်မို့. . ."

ဖန်။ ။"တယ် ရှုပ်တယ်ကွာ၊ အဝီစိ သွားစေ"

နောက်တစ်ခဏ၌ ပုလိပ် မရှိတော့ချေ။ ကိုသာဖန်သည် တစ်ယောက် တည်း ကျန်ရစ်နေ၏။ မျက်နှာသိ ပုလိပ်၏ ကြမ္မာကို စဉ်းစားမိသည်နှင့် ညှိုးငယ်သောမျက်နှာ ဖြစ်ပေါ်လာ၏။ မိမိ၏ အမိန့်အတိုင်း အဝီစိသို့ ရောက် ရှာလျှင် အလွန်ပူလောင်လိမ့်မည်ဟု သနားမိ၏။ သို့ဖြစ်၍ မိမိ၏ ခံသားတုတ် ဘယ်ဆီသို့ ရောက်သည်ကို မကြည့်တော့ဘဲ ဦးခေါင်းငိုက်စိုက်နှင့် လမ်းလျှောက် လာခဲ့စဉ်၊ ပုလိပ်သား၏ ဒုက္ခကို သတိရ၍ မည်သည့်နေရာသို့ ပို့ရမည်နည်း ဟု စဉ်းစားသည်တွင်၊ 'မြန်မာအစ တကောင်းက'ဟူသော အဆိုကို သတိရ သည်နှင့် လမ်းစောင့်ပုလိပ်အား 'တကောင်းသို့ ရောက်စေ'ဟု အမိန့်ပေးလိုက် သည်။

ထိုနောက် ကိုသာဖန် ဆက်လက်၍ စဉ်းစားမိပြန်သည်မှာ၊ အဝီစိ ဆိုသော ဌာနသည် အလွန်တရာ ပူလောင်လိမ့်မည်။ ထိုဌာနသို့ ခဏကလေးမျှ ရောက်ရသည်ဆိုစေ၊ ပုလိပ်သား၏ကိုယ်၌ ဝတ်ထားသော အဝတ်အစားများ သည် မီးလောင်ကျွမ်းသွားဖွယ်ရာ ရှိသည်။ ပုလိပ်သားသည် တကောင်းမြို့သို့ အဝတ်မပါ ဗလာနတ္ထိ ရောက်သွားချေက အရှက်တကွဲ အကျိုးနည်း ဖြစ်ရာ လိမ့်မည်။ ထို့ကြောင့် ကိုသာဖန်သည် 'ပုလိပ်သား၏ကိုယ်၌ အဝတ်အစား အပြည့်အစုံပါစေ'ဟု အမိန့်ပေးလိုက်သည်။

ကိုသာဖန်သည် နေအိမ်သို့ ရောက်သောအခါတွင် ပုလိပ်သားအတွက် ကြောင့် စိတ်မကောင်းသည်တစ်ကြောင်း၊ မိမိ၌ ရရှိထားသော တန်ခိုးသတ္တိကို မည်ကဲ့သို့ အသုံးချရပါမည်နည်းဟု စဉ်းစားနေမိသည် တစ်ကြောင်းကြောင့် အိမ်ရှင် စာရေး၊ စာရေးကြီးကတော်တို့နှင့် စကားမပြောနိုင်ဘဲ ခပ်ထွေထွေ ရှိ၏။ အိမ်ရှင်လင်မယားက 'အဘယ်ကြောင့် ဤသို့ သုန်မှုန်လျက် ရှိပါ

mgyoe.com

mgyoe.com

သနည်း'ဟု မေးရာ၊ ကိုသာဖန်က 'ဘာမျှ မဖြစ်ပါ'ဟု ပြန်ပြောလေ၏။ ဤတွင် စာရေးကြီးကတော် စဉ်းစားမိသည်ကား နံနက်ပိုင်း၌ လင်ပန်းထဲတွင် ကြက်ဥခွဲနှစ်လုံး တွေ့သည်၊ ငါတို့ ကျွေးမွေးသည်ကို မကျေနပ်၍ သူ့ဘာသာ ဝယ်စားဟန် တူသည်၊ ငါတို့အိမ်၌ ကျွေးမွေးပုံကို မနှစ်သက်သောကြောင့် စိတ်ခုနေဟန် တူသည်၊ သို့ဖြစ်လျှင် မိမိ ကျေနပ်သော နေအိမ်သို့ ပြောင်းရွှေ့ နေထိုင်လိုက နေထိုင်နိုင်ပါသည်ဟု ပြောဦးမည် ကြံသည့်အတိုင်း ကိုသာဖန် အား ပြော၏။ ကိုသာဖန်က မဟုတ်ပါကြောင်း ပြော၏။ သို့ဖြစ်၍ စာရေးကြီး ကိုသာဖန်မှာ တန်ခိုးသတ္တိ ထူးရသည့်အတွက် ဝမ်းသာစရာ မတွေ့ရဘဲ အိမ် ရှင်၏ အထင်လွဲခြင်း ခံနေရလေသေးသည်။

ညစာ စားသောက်ပြီးနောက် ကိုသာဖန်သည် မည်သူနှင့်မျှ စကား မပြောလိုသည်နှင့် မိမိ၏ အိပ်ခန်းသို့ စောစောစီးစီး ဝင်၏။ အိပ်ရာထဲ၌ တလိမ့်လိမ့် တလူးလူး ရှိနေရာတွင် ကိုသာဖန်သည် ပုလိပ်သားအတွက် စိတ်မသက်သာသဖြင့် မကြာခဏ သတိရ၏။ သူ့ခမျာ မည်သည့်ဌာနသို့ ရောက်နေသည်ဟု မသိရှာသဖြင့် စိတ်ညစ်ရမည့်ပုံ၊ သဘော်ပတ် အဆင်မသင့် လျှင် တကောင်းမြို့ထဲမှ စောင့်ရှာရဦးမည်ဖြစ်၍ အသိမိတ်ဆွေ မရှိပါက အခက်အခဲနှင့် တွေ့ရှာမည့်ပုံ၊ သဘော်ခ မပါလျှင် မန္တလေးသို့ပြန်ရန် ခက်ခဲ မည့်ပုံ စသည်များကို စိတ်ကူးရှိသလောက် စဉ်းစားတွေးတောနေလေသည်။ သန်းခေါင်ကျော်မှ ကိုသာဖန် အိပ်ပျော်သွားရာ အိပ်မက်ထဲ၌လည်း သဘော် စီး၍ ပြန်လာသော ပုလိပ်သားကို မြင်မက်၍ မိမိအပေါ်၌ လက်စားချေဦးမည် ဟု ကြုံးဝါးကာ အံ တကြိတ်ကြိတ်၊ ဖိနပ် တဆောင့်ဆောင့်၊ လက်သီး တပြပြ ပြုလုပ်နေသော အမူအရာများကို မြင်နေရလေသည်။ အိပ်ရာမှ လန့်နိုး ရာတွင် ကိုသာဖန်သည် ပုလိပ်သားနှင့် မျက်နှာချင်းဆိုင်ရမည်ကို အဟုတ် တကယ် ကြောက်ရွံ့သည်နှင့် ပုလိပ်သားကို 'တကောင်းသို့ ပြန်ရောက်စေ' ဟူ၍ ထပ်ဆင့် အမိန့်ပေးပေသည်။

*

နောက်တစ်နေ့ ရုံးသို့သွားရာတွင် ကိုသာဖန်သည် ယမန်နေ့ကထက်ပင် တွေဝေလျက်ရှိ၏။ အလုပ်အတွက်ကား စိတ်ပူသည်မဟုတ်၊ အချိန်ကျလျှင် အမိန့်ပေးလိုက်ရုံနှင့် ပြီးနိုင်သည်ဟု သိရ၏။ သို့ရာတွင် ပုလိပ်သားအတွက် နှင့် မိမိ၏ တန်ခိုးသတ္တိကို အဘယ်ကဲ့သို့ အသုံးချမည်ဟု မကြံတတ်သည့် အတွက် အခက်တွေ့ရ၏။ နောက်ဆုံး၌ ကိုသာဖန်သည် ဤကိစ္စတွင် ကမ္ဘာ့ဌာန်း ဆရာ၏ အကူအညီ တောင်းမည်ဟု ဆုံးဖြတ်ချက်ချ၍ ရုံးဆင်းသောအခါ အိမ်သို့မပြန်တော့ဘဲ ကမ္ဘာ့ဌာန်းဆရာ၏ နေအိမ်သို့ သွားလေ၏။ ဝမ်းမြောက်

mgyoe.com

mgyoe.com

စွာ မွှော်လင့်နေသော ကမ္မဋ္ဌာန်းဆရာနှင့် တွေ့သောအခါ ကိုသာဖန်က ဤ အိမ်ထဲ၌ စကားပြောကြလျှင် လူရှုပ်လိမ့်မည်ဆို၍ ကမ္မဋ္ဌာန်းဆရာကို ခေါ်ထုတ် သွားရာ၊ ဆရာလည်း ကောက်ကောက်ပါအောင် လိုက်သွားလေသည်။

လူရှင်းသော သကျသီဟ ဘုရားအတွင်း ချောင်ကျသော ဇရပ်တစ် ဆောင်သို့ ရောက်ကြသောအခါ၊ ကိုသာဖန်သည် လက်ဖက်ရည်ကရားကွဲသည့် အချိန်မှစ၍ မိမိ၏ တန်ခိုးသတ္တိနှင့် ပတ်သက်၍ ထူးဆန်းအံ့သြဖွယ် အဖြစ် အပျက်များကို ကမ္မဋ္ဌာန်းဆရာအား ပြောပြလေ၏။

ဆရာ။ ။"သောက်ကျိုးနည်း နေရာကျပါလားဗျာ၊ ကျုပ် တပည့် ထဲက ဒီလောက် ပေါက်ရောက်တဲ့လူ တစ်ခါမှ မတွေ့ဖူးဘူး၊ ခင်ဗျား ပြောတဲ့ အတိုင်း ဟုတ်ရင်တော့. . ."

ဖန်။ ။"ဟုတ်ပါတယ် ဆရာရဲ့၊ ဆရာ ခိုင်းချင်တာ ခိုင်း၊ ကျွန်တော် လုပ်ပြမယ်"

ဆရာ။ ။"နေဦး၊ ကျုပ် စမ်းကြည့်မယ်၊ ဟောဟို ဘုရားပေါ်မှာ မီးမရှိဘူး၊ မီးထွန်းလိုက်စမ်းဗျာ"

ဖန်။ ။"ဒါလောက်တော့ ရယ်တာပေါ့ ဆရာ"

ကိုသာဖန်သည် ထိုင်ရာမထ အမိန့်ပေးလိုက်ရာ၊ ဘုရားပေါ်၌ ဓာတ် မီးများ လင်းလာ၍ အစောင့်ကျသော 'ဒရဝမ်'မှာ တောင်ကြည့် မြောက် ကြည့်လုပ်နေ၏။ ကိုသာဖန်က 'ငြိမ်းစေ'ဆိုလိုက်မှ ဓာတ်မီးများ ငြိမ်းသွား လေ၏။

ဆရာ။ ။"ဟုတ်ပြီဗျို့၊ ဟောဟိုမှာ ခွေးကြီး. . .မြင်လား"

ဖန်။ ။"မြင်တယ် ဆရာ"

ဆရာ။ ။"ခွေးထီးလား၊ ခွေးမလား"

ဖန်။ ။"ခွေးထီးကြီး ဆရာရဲ့"

ဆရာ။ ။"ကိုင်း. . .ခွေးမဖြစ်အောင် လုပ်လိုက်စမ်း"

ကိုသာဖန်သည် အမိန့်ပေးလိုက်သည်တွင် ခွေးထီး ကုပ်ကျားကြီးသည် ခွေးမကြီး ဖြစ်သွားလေရာ၊ ဇရပ်ကြို ဇရပ်ကြား၌ရှိသော ခွေးလေများသည် ခွေးမဆီသို့ ပြေးလာကကာ၊ ဟောင်ကြ ဟိန်းကြ ကိုက်ကြ ခဲကြ အလုအယက် ပွက်ပွက်ရိုက် ဖြစ်နေသည်ဖြစ်သောကြောင့် ကိုသာဖန်က အထီးဘဝသို့ ပြန် ရောက်အောင် အမိန့်ပေးလိုက်ရလေသည်။

ဆရာ။ ။"ခင်ဗျာ့ ပညာက ပဥ္စလက် မဟုတ်ဘူးဗျို့၊ အဟုတ် တကယ် ဖြစ်ပေတာပဲ။ ခွေးကို လိမ်လို့ မရဘူးဗျ၊ အထီးမှန်း အမမှန်း သိတယ်။ တကယ့်ကို ခွေးထီးဖြစ်သွားလို့ ပြန်ပြေးလာကြတာ ကေန်ပဲ၊

mgyoe.com

mgyoe.com

တော်ပါပေ့ဗျာ"

ဖန်။ ။"ဒီပြင်ကော ဆရာ၊ ဘယ်လို စမ်းချင်သေးသလဲ"

ဆရာ။ ။"အချည်းအနှီးဟာတွေ မစမ်းတော့ဘူးဗျာ၊ အကျိုးရှိအောင် စမ်းကြည့်မယ်၊ ခင်ဗျား ထမင်းစားခဲ့ပြီလား"

ဖန်။ ။"မစားရသေးဘူး ဆရာ"

ဆရာ။ ။"ကိုင်း. . .ဒါဖြင့် ပညာစမ်းရင်း ဝမ်းဗိုက်လည်း ဝစေဆိုတာ လုပ်ကြစို့"

ဖန်။ ။"ဆရာ ဘာစားမလဲ"

ဆရာ။ ။"ဒန်ပေါက် မှာလေဗျာ"

ဖန်။ ။"ကြက်သားလား၊ ဆိတ်သားလား ဆရာ"

ဆရာ။ ။"ကြက်သား လုပ်ဗျာ"

ဖန်။ ။"ကျွန်တော်က ဆိတ်သား စားမယ်"

ကိုသာဖန်သည် 'ဆိတ်သား ဒံပေါက် တစ်ပွဲ၊ ကြက်သား ဒံပေါက် တစ်ပွဲ၊ ကိရိယာ တန်ဆာပလာ အပြည့်အစုံနှင့် ရောက်စေ'ဟု အမိန့်ပေးလိုက်ရာ၊ ဒံပေါက်နှစ်ပွဲ၊ ဗွန်း ခက်ရင်းနှစ်စုံ၊ ရေနှစ်ခွက်၊ သရက်ချဉ်၊ ငရုတ်သီး၊ ပူဒီနာပါမကျန် ဘွားခနဲ ပေါ်လာလေ၏။ ဆရာတပည့်နှစ်ယောက်သည် တစ်ပွဲစီယူ၍ စားမည်ပြု၏။ ဤတွင် ချို့ယွင်းချက်တစ်ခု ပါရှိသည်ကို တွေ့ရ၏။ ကိုသာဖန် စားမည့် ဒံပေါက်ပွဲမှာ ကြက်သားဖြစ်နေ၍၊ ဆရာ စားမည့်ပွဲမှာ ဆိတ်သား ဖြစ်နေသဖြင့် လဲလှယ်၍ စားကြရ၏။ သို့ရာတွင် ဤချို့ယွင်းချက်မှာ တန်ခိုးသတ္တိအပြစ် ဟူ၍ မဆိုသာပေ။

ဆရာတပည့် နှစ်ယောက်သည် စကားတပြောပြောဖြင့် မြိန်ရှက်စွာ စားသောက်ကြလေရာ၊ ညနေစောင်းအချိန်တွင် ဘုရားဖူး လာရောက်ကြသော သူများသည် ဆရာတပည့် နှစ်ယောက်ကို မြင်ကြ၍ 'ဥပုသ်သည်ယောင်ယောင် ဘာယောင်ယောင် လုပ်ပြီး ဘုရားထဲတွင် ညစာစားသော လူနှစ်ယောက်' ဆို၍ သူတို့အချင်းချင်း ကဲ့ရဲ့စကား ပြောသွားကြလေသည်။ ဒံပေါက် စားပြီးကြသောအခါ ကိုသာဖန်သည် အလိုက်သိစွာဖြင့် လက်ဖက်ရည်ကြမ်းနှင့် ဆန္ဒင်းမကင်း၊ ဟာလဝါ စသော မုန့်အချို့များ မှာပေး၏။ ကမ္ဘဋ္ဌာန်းဆရာမှာ အသက်လေးဆယ်ကျော်၍ သွားများ အတော်အတန် ကျဲနေသည်ဖြစ်သောကြောင့် သွားကြားထိုးတံပင် မှာရလေသေးသည်။

ဝမ်းဗိုက်တောင့်ကြလတ်သော် ကိုသာဖန်က လူပျိုကြီးတစ်ယောက်ဖြစ်သည့်အတိုင်း စိတ်အနည်းငယ် ဖောက်ပြန်လာ၍ သားစိတ် မယားစိတ်ဖြစ်ပေါ်လာသည်နှင့် ကမ္ဘဋ္ဌာန်းဆရာအား တိုင်ပင်၏။ သို့ရာတွင် ကမ္ဘဋ္ဌာန်း

mgyoe.com

mgyoe.com

ဆရာက ဤကဲ့သို့ ယုတ်ညံ့သော အပြုအမူမျိုးရှိပါလျှင် ရရှိထားသော တန်ခိုးသတ္တိ ကွယ်ပျောက်သွားလိမ့်မည်ဟု သတိပေး၏။

ဖန်။ ။"ဘာဆိုင်လို့လဲ ဆရာ၊ သူတစ်ပါး သားမယားမှ မဟုတ်ဘဲ၊ အသစ်ကျပ်ချွတ်ပဲ"

ဆရာ။ ။"မဟုတ်ဘူး စာရေးကြီးရဲ့၊ ဒီအလုပ်မျိုးဟာက ကမ္မဋ္ဌာန်းအလုပ်မှာ အန္တရာယ်ကြီး ဖြစ်လာတယ်၊ ရှောင်ရှားနိုင်မှ တော်မယ်ဗျ"

ဤတွင် ကိုသာဖန်သည် ဆရာ၏စကားကို နာယူ၍ ထိုအကြံကို စွန့်လွှတ်လိုက်လေ၏။

ထိုအချိန်မှာ ညဥ့် ၇ နာရီနှင့် ၈ နာရီကြား ရှိနေသဖြင့် ဘုရားထဲ၌ ဓာတ်မီးများ ထွန်းထားခဲ့လေပြီ။ လူနှစ်ယောက်တို့မှာ မကြုံစဖူး ထူးဆန်းအံ့သြဖွယ်ကောင်းသော တန်ခိုးသတ္တိကို လက်ထဲ၌ ရရှိထားသည်ဆို၍ အလွန်တရာ ကြည်နူးဝမ်းမြှုလျက် ရှိကြ၏။ ကိုသာဖန်မှာလည်း မိမိတစ်ယောက်တည်း နေရစဉ်ကထက် ဆရာသမားနှင့်အတူ မိမိ၏ပညာကို အသုံးချရမည်ဖြစ်သောကြောင့် သာ၍ ရွှင်မြူးလျက်ရှိ၏။ 'ကောင်းကျိုးတစ်ခုကို တစ်ကိုယ်တည်း ခံစားရခြင်းထက် ချစ်ခင်သော မိတ်ဆွေနှင့် ပူးတွဲ ခံစားရခြင်းသည် သာ၍မြတ်သည်'ဆိုသော စကားသည် ဤနေရာ၌ မှန်ကန်သည်ဟု ကိုသာဖန် စဉ်းစားမိလေသည်။

ဝမ်းဗိုက်တောင့်ကြပြီဖြစ်၍ စားခန်းသောက်ခန်း ပြီးစီးလေပြီ။ မိမိ၏ပညာကို မည်သည့်နည်းဖြင့် အသုံးချရပါမည်နည်းဟု တိုင်ပင်ကြသည်။ ကိုသာဖန် စိတ်ကူးရသည်မှာ မရောက်ဖူးသေးသော နေရာများသို့ သွားရလျှင် ကောင်းလိမ့်မည်။ သို့သော် ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကို မပြောနိုင်ချေ၏။ ဤတွင် တစ်ခုဖြစ်လျှင် အခြားအရာများလည်း ဖြစ်နိုင်သင့်သည်ဆို၍ 'ကျွန်ုပ်တို့နှစ်ယောက် ပတ္တမြားစေတီ တောင်ပေါ်သို့ ရောက်စေသတည်း'ဟု ဆိုလိုက်ရာ၊ မျက်စိနှစ်လုံးကို ဖွင့်ကြည့်လိုက်ခါမျှဖြင့် တောင်ထိပ်သို့ ရောက်နေခဲ့လေပြီ။ ထိုလူနှစ်ယောက်လုံးမှာ လေထဲမှ ဖြတ်သန်းသွားရသည် ဟူ၍ပင် မသိရဘဲ၊ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ရောက်ကြခြင်း ဖြစ်လေသည်။ ကမ္မဋ္ဌာန်းဆရာသည် တောင်မြောက်လေးပါးကို မျှော်ကြည့်ရင်း. . .

ဆရာ။ ။"နေရာကျလိုက်လေ စာရေးကြီးရာ၊ ဒီဟာ ပတ္တမြားစေတီတောင် အစစ်ပဲ၊ ဟောဟိုအရှေ့ဘက်က ဂေါဝိန်ဆိပ်တဲ့၊ တောင်ဘက်နားက မဟာမြတ်မုနိဘုရားကြီး၊ ဟောဒီ လက်ယာဘက် ကြည့်လိုက်တော့ ပုညရှင် စေတီတော်ပဲ"

ဖန်။ ။"ဟုတ်ကဲ့လား၊ ကျွန်တော်တော့ တစ်ခါမှ မရောက်ဖူးဘူး။

mgyoe.com

mgyoe.com

ကိုင်း ဆရာ၊ ရောက်လို့ရှိမှ ဘုရားပုထိုး ရှိခိုးကြဦးစို့"

လူနှစ်ယောက်သည် ဘုရားရှိခိုး၍ နေရောင်တမျှ လင်းထိန်လျက်ရှိနေသော လပြည့်နေ့ လရောင်တွင် အလွန်မြင့်သော ပတ္တမြားစေတီ တောင်ထိပ်မှ မျှော်ခင်းကို ပတ်ပတ်လည် ရှုစားကြလေသည်။

ထိုနေ့သည်ကား ၁၃၁၅ ခု နယုန်လပြည့်နေ့ည ဖြစ်လေသည်။ ဤသက္ကရာဇ်ကို ဖတ်ရှုရသောအခါ စာဖတ်သူသည် အံ့ဩမိလိမ့်မည် ထင်၏။ မည်သို့ ဖြစ်နိုင်ပါမည်နည်း။ ဤသက္ကရာဇ်၏ အတိုင်းဆိုလျှင် လွန်ခဲ့သော တစ်နှစ်ခွဲခန့်က ဖြစ်ပျက်ခဲ့သည်ဖြစ်၍ ရှေ့၌ ဖော်ပြလတ္တံ့သော အခြင်းအရာများအတိုင်း အဟုတ်တကယ် ဖြစ်သည်ဆိုပါက ငါတို့လည်း သေကြေပျက်စီးကုန်ကြရမည်။ ငါတို့ မသေသေးဘဲ၊ ယနေ့တိုင် အသက်ရှင်နေသေးခြင်းကို ထောက်ခြင်းအားဖြင့် စာရေးဆရာ၏ စိတ်ကူးမျှသာ ဖြစ်ရမည်၊ အဟုတ်တကယ်ဖြစ်သည် မဟုတ်ဟု ဆိုကြပေလိမ့်မည်။ စင်စစ်သော်ကား စာရေးသူသည် လည်းကောင်း၊ စာဖတ်သူသည် လည်းကောင်း၊ တစ်ကမ္ဘာလုံးရှိ သတ္တဝါအပေါင်းသည် လည်းကောင်း ၁၃၁၅ ခုနှစ် နယုန်လပြည့်နေ့ ညက သေခဲ့ကြပြီ ဖြစ်သည်။ သို့သော် မိမိတို့ သေခဲ့သည်အဖြစ်ကို မိမိတို့ မသိလိုက်ခြင်းမျှသာ ဖြစ်သည်။ သို့ရာတွင် ဤအခြင်းအရာကို ဤနေရာ၌ ရှင်းလင်းခြင်း မပြုသေးမူ၍၊ အဘယ့်ကြောင့် ဤကဲ့သို့ ရေးသားထားသည်ကို ဤစာ၏ အဆုံးသို့ ရောက်သောအခါ၌ သဘောပေါက်ကြပါလိမ့်မည်။

ဆရာတပည့် နှစ်ယောက်တို့သည် ပတ္တမြားစေတီ တောင်ပေါ်တွင် နာရီဝက်ခန့် နေကြပြီးနောက်၊ ရွှေတိဂုံကုန်းတော်သို့ သွားကြပြန်သည်။ ထိုမှ တစ်ဖန် ကျိုက်ထီးရိုး၊ ရွှေမော်ဓော၊ ရွှေဆံတော်၊ အာနန္ဒာ စသည်ဖြင့် စိတ်ကူးရတိုင်း ဘုရားအဆူဆူ ဖူးမျှော်ကြရာ မန္တလေးသို့ ပြန်ရောက်သောအခါ၌ သန်းခေါင်ရှိပြီဖြစ်၍ လပြည့်ဝန်းကြီးသည် မွန်းတည့်လျက်ရှိချေပြီ။

ဖန်။ ။"ကိုင်း ဆရာရေ၊ ဘုရားတွေတော့ ဖူးလို့နဲ့ပြီ။ လူအများကောင်းကျိုးအတွက် ဆောင်ရွက်ဦးမှ တော်မယ်၊ စိတ်ကူးထုတ်စမ်းပါ ဆရာ"

ဆရာ။ ။"ကောင်းတယ်ဗျို့၊ ခင်ဗျားအကြံ၊ ဈေးချိုတော်ကြီး ပြင်လိုက်ဗျာ"

ဤတွင် ကိုသာဖန်က 'ဈေးချိုတော်ကြီး အသစ်ဖြစ်စေ'ဟု အမိန့်ပေးလိုက်ရာ ဆောက်လုပ်ပြီးခါစအတိုင်း အသစ်ကျပ်ချွတ် ဖြစ်သွားလေသည်။ ထိုနောက်တစ်ဖန် စစ်ကိုင်းတံတား၊ ဂုတ်ထိပ်တံတား၊ ရွှေမော်ဓောစေတီ အစရှိသည့် တစ်တိုင်းပြည်လုံးနှင့်ဆိုင်သည့် အပျက်အစီးများကို အမိန့်ပေးလိုက်ခြင်းဖြင့် ပြင်ဆင်ပြန်လေသည်။ ရွှေမော်ဓောဘုရားမှာ ခုနင်က မိမိတို့ ရောက်ခဲ့စဉ်

mgyoe.com

mgyoe.com

ပြင်ဆင်ဖို့ စိတ်ကူးမရဘဲ ယခုမှာ ပြင်ဆင်ရခြင်းဖြစ်သောကြောင့် ပြင်ဆင်ပြီးသည့် စေတီတော်ကြီးကို တစ်ခေါက်သွား၍ ဖူးကြသေးသည်။ ထိုနောက်မှ ဆရာတပည့် နှစ်ယောက်သည် မန္တလေးသို့ပြန်လာ၍ ဈေးချိုတော် နာရီစင်ကြီး အရှေ့ဘက်တွင် မှီလျက်သား ထိုင်နေကြ၏။ စာရေးကြီး ဦးသာဖန်မှာ ဘိုင် စကယ်စီးတတ်ခါစ တစ်ယောက်သည် ခဏခဏ စီးချင်သကဲ့သို့ 'စေ'တစ်လုံးသုံးရခြင်း၌ အလွန် တရာ ခံတွင်းတွေ့နေခြင်းဖြစ်၍ 'ဘာများ လုပ်ရဦးမလဲ'ဟု မေး၏။ ဆရာသည် မွန်းတည့်လျက်ရှိသော လမင်းကို မော့ကြည့်ရင်း စိတ်ကူးတစ်ခုရ၏။

ဆရာ။ ။"တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်များဟာ နေတို့ လတို့ကို လက်နဲ့ သုံးသပ်နိုင်တယ်လို့ ကြားဖူးတယ်၊ စမ်းကြည့်စမ်းဗျာ"

ဖန်။ ။"ဒါကတော့ လွန်လွန်းပြီ ထင်တယ် ဆရာ"

ဆရာ။ ။"လုပ်သာ လုပ်ပါဗျာ ဖြစ်ပါတယ်၊ ခင်ဗျားစိတ်ကို မယုံ့ တယုံ့ မထားနဲ့ဗျ၊ ယုံယုံကြည်ကြည်သာ လုပ်. . .ဖြစ်တယ်"

ဤတွင် ကိုသာဖန်သည် လက်ကို ဆန့်ထုတ်လျက် 'လကို မိစေ' ဟု ဆိုလိုက်ပြီးသည့် နောက်ခဏ၌ 'အမယ်လေးဗျ'ဟုဆိုကာ လက်ကို ရုပ်သိမ်း လိုက်သည်။

ဆရာ။ ။"ဘာဖြစ်တာလဲဗျ"

ဖန်။ ။"အေးစက်ကြီး ဆရာ၊ ရေခဲတုံးကြီးလိုပဲ"

ဆရာ။ ။"ဟုတ်ကဲ့လား. . .နေဦးဗျာ၊ တစ်ခု လုပ်ကြဦးစို့၊ တချို့လူတွေ ပြောကြတယ်၊ နေတို့ လတို့ကို ရပ်ထားနိုင်တယ်တဲ့၊ လကြီးကို ရပ်ထားလိုက်ဗျာ"

ဖန်။ ။"မဟုတ်သေးဘူး ဆရာရဲ့၊ သူတို့ လောကဓာတ်နည်း နဲ့က ဆိုထားတယ်၊ မြေကြီးက လည်တာဆိုပဲ ဆရာရဲ့"

ဆရာ။ ။"ဟုတ်ကဲ့လား၊ ဒါဖြင့် မြေကြီး မလည်စေနဲ့ ရပ်ထား လိုက်ဗျာ"

ကိုသာဖန်သည် ပြီးစီးခဲ့သော 'စေ'များ အားလုံးထက် ကြီးကျယ် သော 'စေ'ကို အသုံးချမည်ဟု နားလည်သည့်အလျောက် မိမိကိုယ်ကိုယ် တည့်မတ်စွာထားလျက် ခွန်အားကို ညှစ်ထုတ်သည့်အနေဖြင့် မျက်မှောင်ကြုတ် ပြီးမှ 'အသင် ကမ္ဘာမြေကြီး၊ ရပ်တန့်စေ'ဟု အမိန့်ပေးလိုက်၏။

*

နောက်တစ်ခဏ၌ ကိုသာဖန်၏ ခြေထောက်များသည် မြေကြီးနှင့် ခွဲခွာ၍ လေထဲ၌ တစ်ကိုယ်လုံး ချာလပတ်လည်ကာ လွင့်စဉ်ပါသွားလေတော့ သည်။ လွင့်စဉ်သွားသည့်နှုန်းမှာ တစ်မိနစ်လျှင် မိုင်ပေါင်း လေးငါးဆယ်ခန့်

mgyoe.com

ရှိ၍၊ ချာလပတ်လည်သော နှုန်းမှာလည်း တစ်စက္ကန့်လျှင် ဆယ့်လေးငါးပတ် ထက် နည်းမည် မဟုတ်ချေ။ ဤတွင် ကိုသာဖန်၏စိတ်၌ ဝတ်ထားသော အဝတ်များသည် လေနှင့် ပွတ်တိုက်သောကြောင့် မီးခိုးများ အူထွက်လျက် ရှိလေသည်။ လူ၏စိတ်သည် အလွန်ဆန်းကျယ်၏။ နေးချင်သောအခါ ပက်ကျိ သဖွယ် နေးနိုင်၍၊ မြန်ချင်သောအခါ ဂျက်လေယာဉ်ပျံထက် အဆပေါင်း တစ်ရာမက မြန်နိုင်၏။ ယင်းကဲ့သို့ ချာလပတ်လည်ရင်း လွင့်စဉ်သွားသည့် အတွင်း၌ပင် ကိုသာဖန်၏စိတ်သည် အလုပ်လုပ်ဖို့ သတိရ၏။ သို့ဖြစ်၍ 'မြေကြီးပေါ်သို့ ကောင်းမွန်ချောမောစွာ ပြန်ရောက်စေသတည်း'ဟု အမိန့်ပေး လိုက်၏။

နောက်တစ်ခဏ၌ ကိုသာဖန်၏ ကိုယ်လုံးသည် သောင်ပြင်ကြီး တစ်ခုပေါ်သို့ ကျလာ၍ ဆယ့်လေးငါးလိမ့် ပါသွားပြီးနောက်၊ ပြောင်းခင်းကြီး တစ်ခုသို့ တိုးဝင်ကာ ဘရိတ်အုပ်သလို ရပ်သွားလေသည်။ ကိုသာဖန်သည် ပက်လက်လှန်နေရာမှ ထထိုင်၍ မိမိကိုယ်ကို စမ်းသပ်ကြည့်ရှုရာတွင် အနည်း ငယ်မျှသော အပွန်းအပဲ့များမှတစ်ပါး အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်းမရှိ၊ ပကတိ ကောင်းမွန်စွာရှိသည်ကို တွေ့ရ၏။ 'တော်ပါသေးရဲ့'ဟု အောက်မေ့ကာ စိတ် ကျေနပ်သလို ဖြစ်မိဆဲတွင်၊ နာရီစင် အပိုင်းအစနှင့်တူသော အရာဝတ္ထုကြီး တစ်ခုသည် ကိုသာဖန်၏ သုံးတောင်ခန့်အကွာတွင် ဝုန်းခနဲ ကျပြီးနောက်၊ ကိုသာဖန်အပေါ်မှ ခုန်ကျော်ကာ ဆယ်တောင်ခန့်တွင် ကျသွားပြီး ပြောင်းခင်း ထဲ၌ ထိုးစိုက်နေလေ၏။ နောက်တစ်ခဏ၌ နွားတစ်ကောင်သည် ထိုနည်း အတူ ကျလာ၍၊ ယခင် ကျထားသော နာရီစင် အပိုင်းအပြတ်ကြီးနှင့် ဝင်ဆောင့်မိသည်တွင် ကြက်ဥကို ထုချေလိုက်သကဲ့သို့ အရိုးတခြား၊ အသား တခြား ကြေမွသွားလေတော့သည်။ နောက်တစ်ခဏ၌ အလွန်ကြီးကျယ် ပြင်း ထန်သည့် 'အုန်း'ခနဲ မြည်သံကြီးတစ်ခု ပေါ်ထွက်လာရာ၊ လွန်ခဲ့သော စစ် အတွင်း၌ ကြားကြရဖူးသည့် ဗုံးကြဲသံများသည် ထိုအသံကြီးနှင့် နှိုင်းစာသည် ရှိသော်၊ လက်ဖျောက်တီးသလောက်မျှ ရှိပေလိမ့်မည်။ ထိုအသံကြီး ရပ်စဲသည့် နောက် 'အုန်း. . .အုန်း. . . အုန်း. . .အုန်း. . .အုန်း'သော အသံငယ် များလည်း ဆက်ကာဆက်ကာ ဖြစ်ပေါ်၍၊ နောက်ဆုံးတွင် အဖျားရှူးကာ ပျောက်ကွယ်သွားလေသည်။ ဤအတောအတွင်း မဟာပထဝီမြေကြီးနှင့် လေပြင်း မုန်တိုင်း ဆင်လျက်ရှိရာ၊ ကိုသာဖန်မှာ လေထဲတွင် ဇက်ကျိုးသွားမည် စိုးသော ကြောင့် ဦးခေါင်းမထောင်ဝံ့ဘဲ ပြားဝပ်နေရပြန်သည်။ သို့နှင့်ပင် လက်လေးသစ် ခန့်ရှိသော ကိုသာဖန်၏ ဘိုကေမှာ လေထဲသို့ ပြုတ်သတ်ပါသွားတော့မတတ် အဖြစ်မှ ရန်းကန်လျက်ရှိ၏။ ထိုသို့သော အခြေအနေ၌ ကိုသာဖန်မှာ ဘယ်

mgyoe.com

mgyoe.com

ရောက်၍ ဘာဖြစ်မှန်း မသိသော်လည်း၊ စဉ်းစားဖို့ အချိန်မရဘဲ အသက်မှန်အောင် ရှူဖို့ပင် ခဲယဉ်းစွာ ကြိုးစားရလေသည်။

ကိုသာဖန်သည် မြေကြီးပေါ်၌ ပြင်းထန်သော လေသံနှင့် မိုးခြိမ်းသံ ဟိုကို ကြားနာရင်း အရပ်လေးမျက်နှာတို့မှ တလက်လက်ဖြစ်နေသော လျှပ်စီးများကို ကြည့်လျက် 'ဒုက္ခပါပဲကွယ်တို့၊ လေမုန်တိုင်းရော၊ မိုးချုန်းသံတွေရော ဆူလို့ညံလို့ ဘာများဖြစ်ချင်လို့ ပါလိမ့်ကရို့။ ခုနင်ကပဲ လမင်းကြီးသာလို့၊ တစ်ကောင်းကင်လုံး တိတ်ဆိတ်လို့။ ခုချက်ချင်းပဲ နားကွဲမတတ်လောက် မိုးသံ လေသံကြီးတွေ လုပ်လာလိုက်တာ ကမ္ဘာပျက်တော့မှာမို့လားကရို့။ သူ့ဘာသာနေရင် အကောင်းသား၊ ဟောဒီ ကမ္ဘဋ္ဌာန်းဆရာ မြှောက်ပေးတာနဲ့ ငါ ဒီလို ဖြစ်ရတော့တာပဲ၊ အလို ဒါထက် ကမ္ဘဋ္ဌာန်းဆရာ ဘယ်ရောက်သွား ပါလိမ့်'ဟုဆိုကာ သတိရသည်နှင့် မျက်စိ မီနိုင်သလောက် ကုန်း၍ ရှာကြည့် သေး၏။ သို့ရာတွင် ကမ္ဘဋ္ဌာန်းဆရာမူကား အစအနမျှပင် မမြင်ရချေ။

"အင့်. . .အင် ငါ့ဆရာလည်း မရှိတော့ဘူး၊ ဘယ်ဆီ လွင့်ပါသွား ပါလိမ့်။ နို့ နေစမ်းပါဦး၊ ငါကကော ဘယ်ဆီရောက်နေတာတဲ့တုံး။ နာရီစင်လည်း မရှိ၊ ဈေးချိုတော်ကြီးလည်း မရှိ၊ တိုက်တန်းလျားလည်း မရှိ။ ဒါတွေက ဘယ့်နှယ့်ဟာတွေတုံး၊ ပြောင်းခင်းကြီးပါကလား၊ လေတွေတိုက်တာက ဘာအဓိပ္ပာယ်တဲ့လဲ၊ ငါလည်း မစေရပလား' စသည်ဖြင့် စဉ်းစားရင်း ကိုသာဖန်သည် လဲနေရာမှ ထထိုင်ဖို့ ကြိုးစား၏။ သို့ရာတွင် ပြောင်းပင် အမြစ်ရင်းကို ဆွဲဆုပ်ကာ လေးဖက်နေနိုင်အောင်ပင် ခက်ခဲစွာ ကြိုးစားရသည်။

ဤအတောအတွင်း သဲမှုန်များသည် အထက်ကောင်းကင်တွင် တရွှီးရွှီးမြည်အောင် လွင့်စဉ်လျက် ရှိသည်ဖြစ်၍၊ ကိုသာဖန်သည် လပြည့်ဝန်းကိုပင် မှေးမှေးမှိန်မှိန်သာ မြင်ရ၏။ သဲမှုန်များနှင့်အတူ လက်သီးဆုပ်ခန့်ရှိ မြေစိုင်ခဲများ၊ အုတ်ကျိုးအုတ်ပဲ့များ၊ အင်္ကတေ အစအနများ၊ တစ်ခါတစ်ရံတွင် ကြက် ငှက် တစ်ကောင်တလေ လွင့်ပါသွားသည်ကို မြင်လိုက်ရ၏။ တစ်ခါ တစ်ရံ၌ ခွေးများ ကြောင်များပင် 'တဂိန်ဂိန် တဂန့်ဂန့်'မြည်ကာ ပါသွားကြ သေးသည်။ ပတ်ဝန်းကျင် အရပ်၌လည်း အဆောက်အအုံများ၊ ပျဉ်တိုပျဉ်စနှင့် အင်္ကတေများ၊ အုတ်ခဲများသည် တရုန့် ကြဲလျက်ရှိလေ၏။

ကိုသာဖန်မှာ လောကဓာတ်ပညာ၌ လေ့လာဖူးသူ မဟုတ်သဖြင့်၊ မည်သို့သော အကြောင်းကြောင့် ဤကဲ့သို့ ဖြစ်ရသည်ကို မတွေးဆနိုင်သော်လည်း ဖြစ်ပျက်ပုံ အခြင်းအရာ အမှန်မှာ ဤသို့ပေတည်း။

လုံးပတ် မိုင်ပေါင်း ၂၅,၀၀၀ ရှိသော ကမ္ဘာမြေလုံးသည် ၂၄ နာရီတွင် တစ်ပတ်တိတိ လည်သည်ဆိုသောကြောင့်၊ မြေကြီးလုံး လည်ပတ်ခြင်း၏

mgyoe.com

mgyoe.com

အဟုန်သည် တစ်နာရီလျှင် မိုင် ၁,၀၀၀ ကျော် ရှိ၏။ ယင်းကဲ့သို့သော အဟုန်ဖြင့် လည်ပတ်လျက်ရှိသော မြေကြီးလုံးကို ကိုသာဖန်၏ 'စေတစ်လုံး' အမိန့်ဖြင့် ဆတ်ခနဲ ရပ်လိုက်သောအခါ၊ မြေမျက်နှာပြင်ရှိ အရာဝတ္ထုများသည် တစ်နာရီလျှင် မိုင် ၁,၀၀၀ ကျော်မျှသာ အဟုန်ဖြင့် လွင့်စဉ်သွားရခြင်းမှာ သဘာဝပင် ဖြစ်လေသည်။ တစ်နာရီလျှင် မိုင် ၁,၀၀၀ ကျော်ဆိုသော အဟုန်မှာ အမြောက်ဆန်၏ လျင်မြန်ခြင်းထက် ကဲလွန်သည်ဖြစ်၍၊ တစ်စက္ကန့်လျှင် ၉ မိုင်နှုန်းမျှ တွက်ကိန်းရလေသည်။ သို့ဖြစ်၍ မြေမျက်နှာပြင်ပေါ်၌ရှိသော တိုက်တာ နေအိမ် အမြစ်တွယ်ရန် မတတ်နိုင်ဘဲ ခြေနှစ်ချောင်း၊ ခြေလေးချောင်းရှိ သတ္တဝါ အပေါင်းတို့နှင့်အတူ ညတွင်းချင်း ကိစ္စချောကုန်ကြခြင်း ဖြစ်ရချေသည်။ ကိုသာဖန် တစ်ယောက်တည်းသာလျှင် 'စေတစ်လုံးပိုင်ရှင်ဖြစ်၍ 'ကောင်းမွန်ချောမော စွာ ရောက်စေ'ဟူသော အမိန့်ကြောင့် မသေမပျောက် ကျန်ရှိနေခြင်း ဖြစ်တန်ရာ သည်။

ကိုသာဖန် ကိုယ်တိုင်၌မူကား အထက်ပါ အခြင်းအရာများကို တွေးဆ နိုင်သည် မဟုတ်၊ လုံးဝပင် နားမလည်ချေ။ သို့ရာတွင် ငါ၏ 'စေတစ်လုံး' ပိုင်မှုကြောင့် ဤသို့သော အခြေအနေသို့ ရောက်ရချေသည် ဆိုကာ၊ 'စေတစ် လုံးရှင်' ဖြစ်ရသည်ကို ရွံ့မုန်းသောစိတ် ဖြစ်ပေါ်လာခဲ့လေပြီ။ ထိုခဏ၌ အနောက် အရပ်ဆီမှ တသဲသဲ တဝေါဝေါမြည်သော အသံကြီး ကြားရ၏။ ဦးခေါင်း ထောင် ကြည့်လိုက်သောအခါ အိမ်လုံးခန့်မြင့်၍ ဖွေးဖွေးဖြူသော အရာဝတ္ထု ကြီးသည် လက်ဝဲ လက်ယာဘက်တို့၌ မျက်စိတဆုံး ရှိ‌နေ၏။ ဤသည်ကား အခြားမဟုတ်၊ ဘင်္ဂလား ပင်လယ်အော်ထဲမှ လိမ့်တက်လာသည့် ရေလုံးကြီး ပေတည်း။ ထိုအခြင်းအရာမှာ ထူးဆန်းသည် မဟုတ်ချေ။ မြေပေါ်၌ရှိသော သစ်ပင်နှင့် အဆောက်အအုံများ လွင့်ပါရခြင်းကဲ့သို့၊ မြေပေါ်၌ တည်ရှိသည့် သမုဒ္ဒရာခေါ် ရေအစုအဝေးသည်လည်း မြေကြီး ဘရိတ်အုပ်မှုကြောင့် ကမ်း ပေါ်သို့ ကျော်တက်ကာ လွင့်ပါလာခြင်း ဖြစ်ပေသည်။

ကိုသာဖန်သည် ဤသို့သော အခြင်းအရာကို အသေးစိတ် နားမလည် သော်လည်း မိမိရှိရာသို့ တဝေါဝေါ လိမ့်လာသော အရာဝတ္ထုသည်ကား ရေ လုံးကြီး ဖြစ်ရမည် ဆိုခြင်းမျှလောက်ကို တွေးဆမိ၏။ သို့ဖြစ်၍ လိမ့်လာသော ရေလုံးကြီးအား 'ရပ်စေ'ဟု အမိန့်ပေးလိုက်ရာ၊ ရေလုံးကြီးသည် ဆတ်ခနဲ ရပ်တန့်သွား၏။ သို့ရာတွင် နောက်တစ်ခဏ၌ မြေငလျင် အကြီးအကျယ် လှုပ်ပြန်လေသည်။ အဘယ်ကြောင့်ဆိုသော် အရှိန်နှင့် လိမ့်နေသော သမုဒ္ဒရာ ရေလုံးကြီးကို ဆတ်ခနဲ ရပ်တန့်လိုက်သည့်အခါ၊ မြေကြီးလုံးပါ လှုပ်ခါသွားရ မည်မှာ ဓမ္မတာ သဘာဝပင် ဖြစ်ပေသောကြောင့်တည်း။

mgyoe.com

mgyoe.com

ထိုအချိန်တွင် ကိုသာဖန်သည် ကမ္ဘာ့ဗဒင်ဆရာကို သတိရ၍ ခေါ်ကြည့်စမ်း သော်လည်း ထူးသံ မကြားရချေ။ ဝုန်း ဝုန်း မြည်သော သမုဒ္ဒရာ ရေလှိုင်း သံကြီး ရပ်စဲသော်လည်း မုန်တိုင်းသံမှာ ဆူညံလျက်ရှိသောကြောင့် ကိုသာဖန် မှာ မိမိအသံကိုပင် မိမိ မကြားသည်နှင့် ကုန်း၍ အော်ရလေသည်။

'ခက်လှချည်လားကွယ်ရို့၊ ဘယ်လိုများ လုပ်ရပါ့၊ ဩော်. . .ဩော်၊ သိပြီ၊ သိပြီ၊ လုပ်တော့မယ်'ဟု ဆိုကာ၊ ကိုသာဖန်သည် မြေကြီးပေါ်တွင် လေးဖက်ထောက်လျက် ဝပ်နေရာမှ အောက်ပါအတိုင်း ရေရွတ်လေသည်။

'နေဦးဟေ့နော်၊ ငါ အမိန့်ပေးမယ်၊ တစ်ခုချင်း မဖြစ်စေနဲ့၊ အဆုံး ရောက်အောင် နားထောင်ဦး၊ ငါ ဖြစ်စေချင်တာတွေကို ဆုံးအောင်ပြောပြီး 'စိန်'လို့ ဆိုလိုက်မှ ဖြစ်ပေစေနော်၊ ကိုင်း အမိန့်ပေးတော့မယ်။ ငါ့မှာ ယခု ရရှိထားတဲ့ တန်ခိုးသတ္တိထူး ကွယ်ပျောက်ပြီး၊ သူလို ငါလို လူတစ်ယောက် ပြန်ပြီး ဖြစ်ပါရစေ၊ ဒီတန်ခိုး သတ္တိမျိုးကို ငါ အလိုမရှိတော့ပါဘူး။ အဲဒါက ပထမအချက်။ ဒီနောက် ဒုတိယအချက်ကတော့၊ ဒီတန်ခိုးသတ္တိ မရခင်က အခြေအနေအတိုင်း ကမ္ဘာ့ဗဒင်ဆရာအိမ်မှာ လက်ဖက်ရည်ကရား မမှောက် ခင်က အခြေအနေအတိုင်း ဖြစ်ပါရစေ၊ တော်ပါပြီ၊ ဒါပါပဲ။ မမှားစေနဲ့နော်။ သေချာပေစေ၊ ကိုင်း. . .အဆင်သင့် ပြင်ထား၊ အမိန့်ပေးလိုက်တော့မနော်၊ 'စိန်'ဟု ဆိုလိုက်လေ၏။

ကိုသာဖန်သည် အထက်ပါ ရှည်လျားသော အမိန့်ကို ဆိုနေစဉ် မျက်စိနှစ်လုံးကို မှိတ်ထားခဲ့လေရာ၊ 'စိန်'ဆိုပြီး၍ မျက်စိဖွင့်ကြည့်လိုက်သည် နှင့် တစ်ပြိုင်နက်၊ 'ဒါကတော့ ခင်ဗျား ထင်တာကိုဗျ'ဟူသော အင်္ဂလိပ် ကျောင်းသား မောင်ဘဖြူ၏ အသံကို ကြားလိုက်ရခြင်းနှင့်အတူ မိမိနှင့်တကွ ကမ္ဘာ့ဗဒင်ဆရာ၊ အင်္ဂလိပ်ကျောင်းသား မောင်ဘဖြူနှင့် စာရေးကြီး ကိုသူတော် တို့သည် ကမ္ဘာ့ဗဒင်ဆရာ၏ နေအိမ်တွင် လက်ဖက်ရည်ကြမ်းဝိုင်း၌ ထိုင်လျက် သား ရှိနေသည်ကို တွေ့မြင်ရလေ၏။ ဖော်ပြခဲ့ပြီးသော အဖြစ်အပျက်များ သည်လည်း ကိုသာဖန်၏ စိတ်ထဲတွင် မပီမသ မြင်မက်၍ ရေးရေးမျှသာ ကျန်ရစ်သော အိပ်မက်ကဲ့သို့ ကွယ်ပျောက်သွားလေတော့သည်။

ထိုခဏ၌ပင် ကိုသာဖန်က 'စိတ်ထဲမှာ တန်ခိုးသတ္တိထူး ရှိတယ် ဆိုတာ ပြောလို့မယုံ၊ ကြုံဖူးမှ သိတယ်ဗျ'ဟု ပြောလိုက်ရာတွင်၊ အင်္ဂလိပ် ကျောင်းသား မောင်ဘဖြူက 'ခင်ဗျားတို့ ကမ္ဘာ့ဗဒင်သမားတွေဆိုတာ စိတ်ကူး ယဉ်ခြင်းတစ်မျိုး ဖြစ်မှာပါပဲဗျာ'ဟု ပြန်ပြောလေသတည်း။

ဝ

*(သွေးသောက်မဂ္ဂဇင်း၊ ၁၉၅၄ ခု၊ ဒီဇင်ဘာလ)*

mgyoe.com

mgyoe.com

၈

# စက်တွင် ဝိညာဉ်သွင်းနိုင်သလော

ကျွန်ုပ်သည် မန္တလေးမှ ရန်ကုန်သို့ ကိစ္စတစ်ခုအတွက် သွားရန်ရှိ၍ ဒုတိယတန်း လက်မှတ်တစ်စောင် ခံယူပြီးလျှင်၊ အိပ်ရာလိပ်နှင့် လက်ဆွဲ သားရေအိတ်ကို တွဲပေါ်သို့ ကူလီအား တင်စေလျက် ထိုတွဲတွင် အခြားခရီး သည်များ မမြင်သည်နှင့် တစ်ယောက်တည်း လိုက်ပါရတော့မည် အထင်နှင့်၊ ဘူတာရုံ စာအုပ်ဆိုင်သို့ သင့်လျော်ရာ စာအုပ်နှင့် သတင်းစာများ ဝယ်ယူရန် ဆင်းလာခဲ့လေသည်။ ဤအဖြစ်အပျက်မှာ စစ်မဖြစ်မီကဖြစ်၍ ထိုခေတ်တွင် 'တူးဒေါင်း'ခေါ် ညရထားမှာ ခရီးသည် အလွန်နည်းသဖြင့် ပထမတန်းနှင့် ဒုတိယတန်း တွဲများမှာ တစ်တွဲလျှင် ခရီးသည် တစ်ယောက် နှစ်ယောက် မျှသာ လိုက်ပါသည်ကို တွေ့ရတတ်ပေသည်။

ကျွန်ုပ်သည် စာအုပ်ဆိုင်မှ ဝတ္ထုစာအုပ်တစ်အုပ်နှင့် အင်္ဂလိပ်စာအုပ် နှစ်အုပ်၊ သုံးအုပ်မျှ ဝယ်ယူခဲ့ပြီးနောက် တွဲပေါ်သို့ ပြန်တက်ခဲ့သည်တွင် မျက်နှာ ချင်းဆိုင် ထိုင်ခုံ၌ ခပ်ရွယ်ရွယ် မြန်မာလူမျိုးတစ်ယောက် ရောက်နေသည်ကို တွေ့ရကာ၊ ကျွန်ုပ်မှာ မျက်နှာစိမ်းများနှင့် စကားပြောချင်သော ဝါသနာ မရှိ သည်နှင့် ထိုသူအား မိတ်ဆွေမဖွဲ့၊ စောင်းပါးရိပ်ခြည်လောက်သာ ကြည့်ပြီးလျှင် ကိုယ့်နေရာတွင်ထိုင်လျက် မဂ္ဂဇင်းတစ်အုပ်ကို ဖွင့်ဖတ်သေးသည်။ ထိုလူ၏ ပုံပန်းမှာ အစိုးရ အရာရှိထဲကနှင့်တူ၍ ဟန်ကြီးပန်ကြီး လုပ်ချင်တတ်သော

mgyoe.com

mgyoe.com

ထိုသူတို့၏ ဝါသနာကို သိသည်နှင့် မိတ်မဆက်ဘဲနေခဲ့ခြင်း ဖြစ်၏။ အစိုးရ အရာရှိများသည် ပထမတန်းနှင့် ဒုတိယတန်းတွဲများတွင် သူတို့သာ စီးထိုက်သည်ဟု မှတ်ထင်သည့် လက္ခဏာနှင့်၊ အရာရှိ မဟုတ်သူများကို တွေ့ရသည့် အခါတွင် 'ခင်ဗျားက ဘာဆိုင်လို့ ဒနေရာ လာစီးရတာလဲ'ဆိုသော မျက်နှာထားမျိုးနှင့် ကြည့်လေ့ရှိသောကြောင့်၊ ကျွန်ုပ်က ကြိုတင်၍ အဖက်မလုပ်ဘဲ နေခြင်းများလည်း ရှိခဲ့ပေသည်။

ကျွန်ုပ်သည် မဂ္ဂဇင်းကို လှန်လှောကြည့်ရှုလျက် ရှိနေစဉ်၊ မျက်နှာချင်းဆိုင် ထိုင်သောလူသည် ကျွန်ုပ်၏ မျက်နှာကို စိုက်ကြည့်သည်ထင်သော ကြောင့်၊ စာအုပ်ကို ခပ်မြောက်မြောက်ကိုင်ကာ မျက်နှာကို ကွယ်ထားလိုက်၏။

ဤတွင် ထိုလူသည် ကျွန်ုပ်၏ မျက်နှာကို မြင်နိုင်အောင် မတ်တတ် ရပ်ရုံသာမက၊ ကျွန်ုပ်၏ သားရေအိတ်၌ ရေးထားသော နာမည်ကိုလည်း လှမ်းကြည့်သေး၏။ ထို့နောက် ကျွန်ုပ်၏ လက်မောင်းကို တို့လျက် 'ကျုပ်က တူပါတယ်လို့ ကြည့်နေတာ၊ ဟုတ်သားပဲ. . .သားရေအိတ်က သက်သေခံ နေပြီကော'

ကျွန်ုပ်မှာ ထိုသူ၏ အသံကို ကြားလိုက်ရသော အခါတွင်မှ 'ငယ်ကျိုးငယ်နာများ' ပေါ်လာတော့သည်။ သွား ခပ်ခေါခေါရှိသည်နှင့် အထက် နှုတ်ခမ်းကို လျှာဖြင့် မကြာမကြာ လျက်ကာ စကားပြောတတ်သော ဝါသနာနှင့်တကွ၊ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က ကောလိပ်ကျောင်းတွင် အတူ ပညာသင်ခဲ့ဖူးသည့် ကိုမြတ်ဖြူဖြစ်သည်ဟု သတိရခဲ့လေပြီ။ ကိုမြတ်ဖြူမှာ သိပ္ပံပညာယူသည့် ဘီအက်စ်စီအတန်းသားဖြစ်၍ ကျွန်ုပ်တို့နှင့် များစွာ ရောနှော ခဲ့ခြင်း မရှိသော်လည်း၊ ကျောင်းသို့ တစ်နှစ်တည်း အတူရောက်ကြသည့် ကျောင်းသားအချင်းချင်းဖြစ်သည်နှင့် တစ်ယောက် တစ်ယောက် အတော်အတန် မျက်မှန်းတန်းခဲ့ဖူးလေသည်။

သို့ရာတွင် ကျောင်းမှထွက်သည်နောက် ဘယ်ဆီရောက်၍ ဘာလုပ် နေသည် မသိ၊ လူချင်းလည်း တွေ့ရဖူးသည်မရှိ။ ယခုမှ ဘွားခနဲ ဆုံစည်း မိရာတွင် အမှန်အားဖြင့် ကျွန်ုပ်က ဝမ်းမြောက်ဝမ်းသာ မရှိလှပေ။ အဘယ် ကြောင့်ဆိုသော် ကျောင်း၌ရှိစဉ်က ကိုမြတ်ဖြူသည် အခြားသူများနှင့် အပေါင်း အသင်း လုပ်သည်မရှိ၊ တစ်ယောက်တည်း ချောင်ကုပ်၍ ထင်ရာစိတ်ကူးပြီး ထင်ရာလုပ်တတ်သော လူတစ်ယောက်ဟူ၍ အားလုံး အသိအမှတ် ပြုကြ သောကြောင့်ပေတည်း။

သို့ဖြစ်၍ ကျွန်ုပ်က တွေ့ရသည်အတွက် ဟက်ဟက်ပက်ပက် မရှိ လှသော်လည်း ကိုမြတ်ဖြူကမူ ခရီးရှည် သွားရစဉ်အတွင်း စကားစမြည်ပြောရန် အဖော်ရပေသည်ဆို၍ စကားစ ပျိုးလေတော့သည်။

mgyoe.com

mgyoe.com

ကိုမြတ်ဖြူသည် ရန်ကုန်သို့သွားရန် ကိစ္စတစ်ခု ရုတ်တရက် ပေါ်လာသည်နှင့် ဤနေ့ညနေတွင်မှ ဆုံးဖြတ်ချက်ချ၍ လိုက်လာခြင်းဖြစ်ကြောင်း ပလ္လင်ခံပြီးနောက်၊ ငယ်သူငယ်ချင်းများအနက်မှ ဤသူကို မှတ်မိပါသလော၊ ထိုလူကို တွေ့ပါသေး၏လော၊ ထိုလူနှင့် ဘယ်နေရာတွင် ဆုံခဲ့ဖူးပါသေးသနည်း အစရှိသည့် ကျောင်းနေဖက် သူငယ်ချင်းများ ထုံးစံအတိုင်း မေးခွန်းထုတ်ကာ သူ့ဟာကိုသူ အဖြေပေးလျက်ရှိရာ၊ အမှန်ပြောရလျှင် ကျွန်ုပ်မှာ စာဖတ်နေသလောက် အပျင်းမပြေဘဲ၊ အားနာပါးနာနှင့် ခေါ်ထူး မေးပြော လုပ်နေရလေတော့သည်။ သို့ရှိစဉ် ကျွန်ုပ်က 'ကိုသာဒွန်းဖြူ တစ်ယောက်ကောဗျ'ဟု မေးလိုက်မိ၏။

ကိုသာဒွန်းဖြူ ဆိုသည်မှာ ရခိုင်ပြည်နယ်ဖွားဖြစ်ပြီး သူဌေးတစ်ယောက်ဖြစ်၍ စိတ်ကူးဉာဏ်ကောင်းသည့်ပြင် လောကဓာတ်ပညာနှင့် ပတ်သက်၍ လက်တွေ့စမ်းသပ်ချင်သော အထုံဝါသနာပါရှိသည့်အလျောက်၊ ကျောင်း၌ရှိသော လောကဓာတ် ပညာဘက်ဆိုင်ရာ ကိရိယာတန်ဆာသာမက အဖိုးထိုက် အဖိုးတန်တန်ဆာပလာများကိုလည်း ဂျာမနီ၊ အင်္ဂလန် စသည်တို့မှ မှာယူကာ အခန်းထဲတွင် တကုပ်ကုပ် လေ့ကျင့် စမ်းသပ်လေ့ရှိသော ဘီအက်စီကျောင်းသားတစ်ယောက် ဖြစ်လေသည်။ ထိုလူသည် မိမိ စမ်းသပ်လိုသော ကိစ္စများတွင် အခြားသော ဝါသနာအိုး ကျောင်းသားများထံမှ အကူအညီတောင်း၍၊ နှမ်းပါးသော ကျောင်းသားများသည် ကိုသာဒွန်းဖြူ၏ အလုပ်ကို အကူအညီပေးခြင်းအားဖြင့် မုန့်ဖိုး၊ ပဲဖိုး ရရှိကြလေသည်။ ဓာတုဗေဒ ပညာဟူသည်မှာ စမ်းသပ်ရသော အလုပ်မျိုးသက်သက်ဖြစ်ရာ ဤဓာတ်နှင့် ထိုဓာတ် ရောစပ်လျှင် ဘာဖြစ်လာသည်ဆိုခြင်းကို အကြိမ်ကြိမ် စမ်းသပ်ခြင်းအားဖြင့် အထူးအဆန်း အခြင်းအရာများ သိရှိနိုင်ကြပေသည်။ ထိုသူသည် သိတတ်သော သဘောတရားခေါ် ဝိညာဉ်ရှိသည့် သတ္တဝါနှင့် စက်ကိရိယာတို့၏ ခြားနားပုံ၊ သစ်ပင်တို့၏ ကြီးပွားပုံနှင့် သတ္တဝါတို့၏ ကြီးပွားပုံ၊ ခြားနားခြင်း အစရှိသော အခြင်းအရာများကို လက်တွေ့နည်းအားဖြင့် ငွေကုန်ကြေးကျခံ၍ စမ်းသပ်သော ကျောင်းသားတစ်ယောက် ဖြစ်၏။ ကိုမြတ်ဖြူသည် ကျောင်း၌ရှိစဉ် ကိုသာဒွန်းဖြူ၏ စမ်းသပ်ခြင်းအလုပ်တွင် အကူအညီ ပေးခြင်းအားဖြင့် ဝတ်ဖိုးစားဖိုး ရခဲ့သူ တစ်ယောက်ဖြစ်ရာ ကျွန်ုပ်ကမူ ကျောင်းသားအချင်းချင်း အခိုင်းအစေခံ၍ ကြေးတမ်းစား အလုပ်လုပ်ခြင်းသည် ဂုဏ်ငယ်သည်ဆိုကာ ကိုမြတ်ဖြူအပေါ်တွင် အထင်အမြင် သေးခဲ့ကြလေသည်။

ကိုမြတ်ဖြူသည် ကျွန်ုပ်တို့လူစုက အထင်အမြင်သေးခြင်း အကြောင်းကို ရိပ်မိ၍၊ ကိုသာဒွန်းဖြူ အကြောင်းကို မေးလိုက်လျှင်ပင် မျက်နှာပျက်သွားတော့သည်။ သူ၏ မျက်စိမျက်နှာပျက်ခြင်းတွင် အခြားအကြောင်းအရာလည်း

mgyoe.com

m.gyoe.com

ရှိချင်ရှိပေမည်။ သို့သော် ကျွန်ုပ်မှာ ကိုမြတ်ဖြူကို အထင်သေးခဲ့ရာ၌ ယခုမှသာ မဟုတ်၊ ကျောင်းနေစဉ်ကတည်းက အထင်သေးခဲ့ခြင်း ဖြစ်ခဲ့သည်ကို ဖော်ပြခဲ့ပြီး ဖြစ်လေရာ၊ မည်သို့မျှ ဒွိဟမတွေးမိဘဲ ကျွန်ုပ်၏ အထင်သေးမှုကို ရိပ်မိခြင်းကြောင့် မျက်နှာပျက်ခြင်း ဖြစ်သည်ဟူသော တစ်ထစ်ချ ယုံကြည်ခဲ့မိပေသည်။

ကျွန်ုပ် ယုံကြည်မိသည်မှာလည်း မထူးဆန်းလှပေ။ အကြောင်းမူကား ကိုမြတ်ဖြူသည် ကျွန်ုပ်၏ မေးခွန်းကို ရုတ်တရက် အဖြေမပေးသေးဘဲ ကျွန်ုပ်အား စိုက်ကြည့်နေခဲ့သည်။ သူ၏ အမူအရာမှာ အကြောင်းတစ်စုံတစ်ရာကို ရုတ်တရက် မဆုံးဖြတ်နိုင်သကဲ့သို့ ရှိနေပေသည်။ ကျွန်ုပ်မေးသည့် မေးခွန်းကို ဖြေရကောင်းနိုး၊ မဖြေရကောင်းနိုး အမူအရာမျိုးမှာ ပေါ်လွင်၍ နေပေရာ၊ ကျွန်ုပ်အဖို့ အထင်သေးမည် ဆိုလျှင်လည်း အထင်သေးမိစရာ ဖြစ်နေလေသည်။ အနည်းငယ်ကြာမှ ဖြေပါတော့မည်ဟူသော အမူအရာ ပေါ်လာတော့သည်။

ကျွန်ုပ်၏ မေးခွန်းကို နှုတ်ဖြင့် အဖြေမပေးဘဲ အင်္ကျီအိတ်ထဲသို့ နှိုက်၍ ဒိုင်ယာရီ စာအုပ်ငယ်ကို ထုတ်ပြီးလျှင်၊ စာအုပ်အတွင်း၌ ညှပ်ထားသော သတင်းစာ ဖြတ်ပိုင်းတစ်ခုကို ကျွန်ုပ်အား ပြရာ အောက်ပါအတိုင်း ဖတ်ရှုရလေသည်။

**အဖိုးတန် အမျိုးသားတစ်ယောက် ဆုံးရှုံးရပြီ**

*"ဓာတုဗေဒပညာ၌ ပါရဂူတမျှ လေ့လာခဲ့သော ဦးသာဒွန်းဖြူ အမ်အက်စ်စီတစ်ယောက် ရေနစ် သေဆုံးရခြင်းအတွက်၊ မြန်မာအမျိုးသားများအနက် ထွန်းထွန်းပေါက်ပေါက် တတ်မြောက်သူ တစ်ဦးတစ်ယောက် ကွယ်ပျောက်သည့်အနေဖြင့် နှမြောဝမ်းနည်းဖွယ် ကောင်းလှကြောင်း၊ ဦးသာဒွန်းဖြူမှာ ကျောင်းမှ ထွက်ခဲ့ပြီးနောက်၊ ခန့်ညားစွာ ခိုင်လုံသော အဆက်အနွယ်ဖြစ်သည့်အလျောက် ဝမ်းစာအတွက် အလုပ်လုပ်ရန် မလိုဘဲ၊ ပင်လယ်ကမ်းနှင့် နှစ်မိုင်ခန့်ကွာသော ကျွန်းကလေးတစ်ကျွန်းပေါ်တွင် လက်ထောက်ပညာသည်တစ်ယောက်နှင့် အတူနေထိုင်လျက်၊ လောကဓာတ်ပညာဘက်ဆိုင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ လေ့လာ စုံစမ်းခြင်းအားဖြင့် နှစ်ပေါင်းများစွာ ကုန်လွန်စေခဲ့ကြောင်း၊ လွန်ခဲ့သော အင်္ဂါနေ့၌ ဦးသာဒွန်းဖြူသည် ကိုယ်ပိုင်မော်တော်ဘုတ်တွင် လက်ထောက်ပညာသည် တစ်ဦးနှင့်အတူ ခရီးထွက်ကြရာ၊ ထိုနေ့ညနေက ရခိုင်ကမ်းခြေတစ်လျှောက် တိုက်ခတ်သော လေမုန်တိုင်းကြောင့် မော်တော်ဘုတ်မှောက်၍ နှစ်ယောက်စလုံး ပျောက်ဆုံးရကြောင်း၊ ဦးသာဒွန်းဖြူနှင့်အတူ အဖိုးတန် စာချုပ်စက္ကူများလည်း ပါသွားသည်ဟု ဆွေမျိုးများက ပြောသဖြင့် သိရ*

m.gyoe.com

mgyoe.com

ကြောင်း"

ကျွန်ုပ်သည် သတင်းစာဖြတ်ပိုင်းကို ဖတ်ပြီးနောက် ကိုမြတ်ဖြူလက်သို့ ပြန်အပ်ရင်း. . .

နိုပ်။ ။"လက်ထောက်ပညာသည်ဆိုတာက ဘယ်သူလဲဗျ"

ဖြူ။ ။"ကျုပ်. . .ကျုပ်. . .ကျုပ်ပေါ့ဗျာ"

ကျွန်ုပ်သည် ကိုမြတ်ဖြူက ထစ်ငေါ့ခြင်းအတွက်ကြောင့် မျက်နှာကို လှမ်းကြည့်မိရာ၊ အနည်းငယ် အခြေပျက်သည်ဟု ထင်လိုက်မိတော့သည်။

နိုပ်။ ။"ဒါဖြင့် မော်တော်ဘုတ် မှောက်တယ်ဆိုတာ မဟုတ်ဘူး ပေါ့။ ကိုသာဒွန်းဖြူကော ဘယ်ရောက်သွားသလဲဗျာ၊ ခင်ဗျား နာမည်လည်း ဖော်ရေးမထားပါကလား"

ဤတွင် ကိုမြတ်ဖြူသည် သူတို့၏ အဖြစ်အပျက်များကို ပြောပြလေရာ၊ ကျွန်ုပ်မှာ ယုံသည် မယုံသည် မဖြေလိုဘဲ သူ ပြောပြသည့်အတိုင်း မှတ်မိသလောက် ဖော်ပြရပေတော့သည်။ လောက၌ ဆန်းကြယ်သော အရာများကလည်း များပါဘိသနှင့်၊ ကျွန်ုပ်ကိုယ်တိုင်မှာ ယုံသည် မယုံသည် မပြောနိုင်အောင် ရှိနေပေတော့သည်။

*

'အကြောင်းအရာက တော်တော်ဆန်းတယ်ဗျ. . .ခင်ဗျားတော့ ယုံချင်မှ ယုံမယ်။ သို့သော် နားထောင်ကြည့်ဦးလေ။ ဖြစ်ပျက်ပုံက ဒီလိုဗျ။

'ကျောင်းက ထွက်ပြီးတဲ့နောက်၊ ကျွန်တော်လည်း ဟိုအလုပ် ဒီအလုပ် လုပ်ရာမှာ ကွက်စပ်မတည့်တာနဲ့ ကိုသာဒွန်းဖြူရှိတဲ့ ရမ်းဗြဲမြို့ကို သွားလည်တော့ သူနဲ့ အလုပ်လုပ်ဖို့ ပြောတယ်။ အနေအထိုင် အစားအသောက်အတွက် အားလုံး တာဝန်ယူတဲ့အပြင် တစ်လ ၁၅၀ ကျပ်ပေးတယ်။ ကျုပ်မှာလည်း အိမ်ထောင်မရှိတော့ နေရာကျတာပေါ့လေ။ သူ့အလုပ်က ခင်ဗျား သိတဲ့အတိုင်း လောကဓာတ်ပညာနဲ့ ပတ်သက်လို့ အထူးအဆန်းတွေ စုံစမ်းပြီး၊ အသစ်အဆန်း ရှာချင်တဲ့လူဆိုတော့ ထင်ရာတွေ လျှောက်စမ်းရတဲ့ အလုပ်ပါပဲ။ သူနဲ့ အတူနေလို့ ခြောက်လလောက်ရှိတော့ လူသူ မသိသေးတဲ့ တိတ်တဆိတ် စုံစမ်းတဲ့ ဌာနတစ်ခုကို ကျုပ် ခေါ်သွားတယ်။ ဒီလို ဌာနတစ်ခု စီစဉ်ထားတယ်လို့ ကျုပ်က ရိပ်တော့ ရိပ်မိပါရဲ့။ သို့သော် တစ်ခါမှ ခေါ်မသွားဖူးလို့ အတွေးလောက်သာ ရှိတယ်၊ တကယ် ခေါ်သွားတော့မှ အတပ်သိရတော့တာပဲ။

'သူ့မှာ မော်တော်ဘုတ်ကလေးတစ်စင်း ရှိတယ်။ ခါတိုင်းတော့ ဒါကလေးနဲ့ သူတစ်ယောက်တည်း တစ်ရက်ခြားလောက် သွားလေ့ရှိတယ်။ အဲ ဟိုနေ့ကတော့ ကျုပ်ကိုပါခေါ်ပြီး ရိက္ခာအပြည့်အစုံနဲ့ ထွက်ခဲ့ကြတယ်။ ဒီလူက

mgyoe.com

mgyoe.com

ဘာမဆို ကိုယ်တိုင်လုပ်ချင်တဲ့ လူထူး၊ ဒရိုင်ဘာတွေ ဘာတွေ မထားဘူး။ သူပဲ ဒရိုင်ဘာ၊ သူပဲ စက်ဆရာ။ သူ့အင်ဂျင်စက်ကို ဘယ်သူမှ ကိုင်တာ ကြိုက်တဲ့လူ မဟုတ်ဘူး။ ဒါနဲ့ အဲဒီနေ့မနက်က သူက ပဲ့ကိုင်၊ ကျုပ်က ရှေ့မှာထိုင်ပြီး တဖုတ်ဖုတ်နဲ့ ထွက်လာခဲ့ကြတော့ ကျွန်းကလေးကြို ကျွန်းကလေးကြားက ဖြတ်ပြီး ပင်လယ်ကမ်းခြေတစ်လျှောက် ခုတ်မောင်းလာကြတယ်။

'အဲဒီအပိုင်းမှာ ပင်လယ်ကမ်းရိုး တစ်လျှောက်လုံး ကျောက်ဆောင်ကြီးပဲဗျ၊ မြေပြင်လို့ မရှိဘူး။ ကျောင်ဓဆောင်တွေကလည်း ဆန်းပါဘိသနဲ့၊ ကွေ့ကွေ့ကောက်ကောက်၊ တချို့နေရာမှာလည်း တောင်ပတ်လည် ဝိုင်းရံနေတဲ့ အင်းကြီးလိုလို၊ အိုင်ကြီးလိုလို ဖြစ်နေတော့တယ်။ ဒီအပေါက်က ဝင်သွားရင် တခြားအပေါက်က ထွက်စရာ မရှိဘူး။ ဒီအပေါက်က ပြန်ထွက်မှပဲ ဖြစ်တော့တယ်။ ဒါနဲ့ ကျောက်ဆောင်တွေ တန်းနေတဲ့ ကမ်းရိုးတစ်လျှောက် တဖုတ်ဖုတ်နဲ့ ခုတ်မောင်းသွားကြတော့ တစ်နေရာမှာ ကျောက်စွန်းကြီးက ရေပေါ်မှာ ထိုးထွက်နေလို့ ဉမင်လိုဏ်ခေါင်းကြီးလို ဖြစ်နေတယ်။ ကိုသာဒွန်းဖြူက မော်တော်ဘုတ်ကို ကျောက်စွန်းအောက်တည့်တည့် ပဲ့ပေးပြီး ခုတ်သွားလိုက်တော့ အောက်က ရေပြင်၊ အထက်မှာ ကျောက်ဆောင်၊ ပတ်ပတ်လည်မှာ ဘာမှ မမြင်ရဘဲ မှောင်နေတဲ့ လိုဏ်ဂူကြီးလိုဟာထဲ ရောက်သွားကြရော ကိုးဗျ။ ဒီအထဲ ရောက်ရောက်ချင်း ကိုသာဒွန်းဖြူက ဦးမှာ တပ်ထားတဲ့ မီးကုံဖွင့်လိုက်လို့ ဆတ်ချ်လိုက်လို အလင်းရောင် တန်းတန်းကြီး ထွက်လာတယ်။

'စက်ရှိန်လျှော့ပြီး ခပ်ဖြည်းဖြည်း ခုတ်သွားရာမှ ပင်လယ်လှိုင်းက တစ်လုံးချင်း လိမ့်ဝင်လာပြီး မော်တော်ဘုတ်ကို နိမ့်ချည်မြင့်ချည် လုပ်ပေးတော့ တော်တော်ကြောက်စရာ ကောင်းတယ်ဗျ။ အထက်မှာ ဘာမှ မမြင်ရဘူး။ မြင့်တက်သွားတဲ့အခါမှာ မော်တော်ဘုတ်အမိုးဟာ ကျောက်ဆောင်နဲ့ သွားရိုက် လေမလားလည်း မပြောနိုင်ဘူး။ သူကတော့ ရောက်ဖူးလို့ သိမှာပေါ့ဗျာ။ ကျုပ်မှာတော့ဖြင့် တက်သွားတိုင်း အသည်းအေးအေးသွားတော့တာပေါ့။ အပေါ်က ဝင်လာတဲ့ လှိုင်းလုံးက မော်တော်ဘုတ်ကိုကျော်ပြီး ဟိုအတွင်းက ကျောက်ကမ်းပါးနဲ့ ရိုက်ခတ်လို့ ဗြုန်းခနဲ ဗြုန်းခနဲမြည်တဲ့ အသံမျိုးလည်း သဲ့သဲ့ကြားရတယ်။ အမှန်ပြောရရင် ကျုပ်တော့ ကြောက်လာပြီဗျို့၊ အပြင်တုန်းကသိရင် လိုက်တောင်မှ လိုက်မယ် မဟုတ်ဘူး။ ခုမှတော့ သူ့လက်ထဲ အသက်ပုံပြီး မျက်စိမှိတ်လိုက်ရတာပဗျာ။

'တော်တော်ကြာ ခုတ်မိတော့ ကျောက်ကမ်းပါးကြီး မြှောင်နေတာ တွေ့လို့၊ ကိုသာဒွန်းဖြူက မော်တော်ဘုတ်ကို မြှောင်ပြီးဆိုက်၊ ပြွန်တံတို့၊ ဖန်ချောင်းတို့၊ ဓာတ်ခွက်တို့ပါတဲ့ လောကဓာတ် ကိရိယာတန်ဆာ သေတ္တာ

mgyoe.com

mgyoe.com
ငါးလုံးကို တစ်ယောက်တစ်လုံးစီ ထမ်းပြီး ဂူအတွင်းဘက်ကို သူက ရှေ့က၊ ကျုပ်က နောက်က လျှောက်သွားကြပြန်ရောကိုးဗျ။ ဓာတ်မီးကို ငြိမ်းပြီး ခဏစောင့်ကြည့်လိုက်တော့ ဂူကြီးပေါ်က လုံးလုံးမှောင်တာ မဟုတ်ဘူးဗျ။ အဝင်ဝမှာ လိုင်းတစ်လုံးဝင်ခါစတော့ မှောင်သွားပြီး လိုင်းတဖြည်းဖြည်း လိုမ့်လာရာမှာ တိုးတိုးပြီး လင်းလာတယ်။ ကျုပ်တို့ လျှောက်လာကြတဲ့ နေရာဟာ ရေခပ်စိုစိုရှိသေးလေတော့ ဒီရေအမြင့်ဆုံး တက်တဲ့အချိန်မှာ ဒီနေရာတွေကို ရေလွှမ်းတယ်လို့ သိနိုင်တယ်။ တော်တော် အသည်းထိတ်စရာကောင်းတဲ့ နေရာပဲဗျို့၊ ကျုပ်တော့ ရင်တုန်နေတာပဲ။ ပင်လယ်ကဏန်းတစ်ကောင် တက်နင်းမိလို့ ခြေချော်သွားတာတောင် သေရောဟဲ့လို့ အောက်မေ့လိုက်မိတယ်။ စိတ်ထဲက လန့်နေပြီဆိုရင် ဘာမဆို သေစရာချည်း မှတ်တော့တာကိုးဗျ။ ဒီတော့မှ ကိုသာဒွန်းဖြူက သူ့အိတ်ထဲက လက်နှိပ်ဓာတ်မီးကလေး ထုတ်ပြီး ထိုးပြတယ်။ သူ့အဖို့တော့ သွားနေကျမို့ လမ်းကျေနေပြီကောဗျ။ ကျုပ်မှာသာ ဟိုဟာတိုက်၊ ဒီဟာတိုက်နဲ့ ဒုက္ခဖြစ်နေတာကိုး။ တော်တော်သွားမိတော့ အထက် ထောင်တက်သွားတဲ့ ပြွန်ခေါင်းကြီးလို နေရာမျိုး ရောက်လာကြရောဗျ။ တက်စရာ ကတော့ ကြိုးလှေကား အသင့်ဆင်ထားတယ်၊ ပစ္စည်းရော လူပါ ကြိုးလှေကား မှ ခဲခဲယဉ်းယဉ်း တက်သွားကြပြီးတဲ့နောက် အခန်းကြီးလို ဖြစ်နေတဲ့ ကျောက် ဂူကြီးတစ်ခုကို ရောက်လာကြတယ်။ ဂူကြီးမှာ ဟိုဘက်ဒီဘက် ထွက်စရာ အပေါက်တွေက မြှောလို့ပဲ။ အဲဒီ အပေါက်တစ်ခုထဲဝင်ပြီး ဥမင်လိုဏ်ခေါင်းကို တည့်တည့်ဝင်လိုက်သွားတော့ နောက်ဆုံးမှာ ကင့်ပကော့တွေ၊ မီးအိမ်တွေ၊ စားအိုးသောက်ခွက်တွေနဲ့တကွ လူနေစရာ ပြင်ထားတဲ့ အခန်းလို ဂူကြီးတစ်လုံးထဲ ရောက်လာကြတယ်ဗျ။

'ဒီအထဲရောက်ကြတော့ ကျုပ်က သေတ္တာနှစ်လုံးကိုဖွင့်ပြီး၊ ကိရိယာ တန်ဆာပလာတွေကို နေရာတကျ စီစဉ်ရတယ်။ သူကတော့ ဂူပေါက်တစ်ခုက ထွက်သွားပြီး ဘီစကွတ်တို့၊ ငါးသေတ္တာတို့၊ ချိစ်ဘူး၊ ထောပတ်ဘူး၊ ဆိုဒါ ပုလင်း အစရှိတဲ့ စားစရာတွေ ယူလာခဲ့တယ်။ ဒီအထဲမှာ ရိက္ခာထားတဲ့ ဂိုဒေါင်တွေ ဘာတွေ ရှိဟန်တူတယ်။ 'ခုအချိန်မှာ ဒီရေတက်နေပြီဖြစ်လို့ ပြန်ထွက်ချင်တောင် မဖြစ်နိုင်ဘူး၊ ဒီရေကျသည့်အထိ စောင့်ရလိမ့်မယ်'တဲ့။ စားသောက်ပြီးတော့ ကိုသာဒွန်းဖြူက ထွက်သွားပြန်ပြီး တော်တော်ကလေး ကြာတော့ စက်တစ်ခုခု နှိုးလိုက်လို့ တဝီဝီလည်နေတဲ့ အသံမျိုး ကြားရတယ်။ အသံကို ထောက်ခြင်းအားဖြင့် စက်ကြီးတော့ မဟုတ်ဘူး၊ မော်တော်ကား အင်ဂျင်စက်လောက်ရှိမယ် ထင်ရတယ်။ အသံကတော့ ဒိုင်နမိုလည်တဲ့ အသံ မျိုးပဲ။ ဂူကြီးထဲဆိုတော့ ဒီအသံက တော်တော် ကြောက်စရာကောင်းတယ်ဗျ။ ဘယ်တော့ဆီက ဆင်ထားတဲ့စက်လဲ မသိနိုင်ဘူး၊ ကျုပ်က မေးလည်း မမေး
mgyoe.com

mgyoe.com

ဝံ့ဘူး။ သူ့အကဲလောက်သာ ကြည့်နေရတော့တယ်။ ဒီလိုနဲ့ သူက ထွက်ချည် ဝင်ချည် လုပ်နေတုန်း ကျုပ်မှာတော့ တန်ဆာပလာတွေကို ကြွက်လှော်က်ကလေး တစ်ခုပေါ်မှာ နေရာတကျ စီစဉ်နေရတယ်ဗျ။ ညနေစောင်းပြီဆိုတော့မှ ကိုသာဒွန်းဖြူက ဒီကနေ့အဖို့ တော်လောက်ပြီ၊ ဒီရေလည်း ကျသွားလို့ ဂူပေါက်က ထွက်လို့ရပြီဆိုပြီး ကျုပ်တို့ ဆင်းလာခဲ့ကြတယ်။ နောက်ဆုံးမှာ မော်တော်ဘုတ်ပေါ် တက်ပြီး အိမ်ပြန်ခဲ့ကြတယ် ဆိုပါတော့။

'ဒီနည်းအတိုင်း ခုနစ်ရက်တစ်ပတ်လောက် နေ့စဉ်သွားပြီး နေ့စဉ် နေ့စဉ် ပြန်လာကြတယ်။ အချိန်ကတော့ ဒီရေအတိုင်း လိုက်ပြီး တစ်နေ့မှာ မိနစ် ၅၀ လောက် နောက်ကျပြီး ရွှေ့ရွှေ့လာရတယ်။ ဂူထဲမှာရှိစဉ် သူ အလိုရှိတဲ့ ပြဒါးချိန် အတိုင်းအထွာကိုယူပြီး ကျုပ်က စာတစ်အုပ်မှာ မှတ်သားရတယ်ဗျ။ ကျုပ်ကလည်း မော်တော်ဘုတ်ကလေးနဲ့ ခရီးထွက်ရတဲ့ အလုပ်ကို ကြိုက်တိုက်တိုက်ဖြစ်ပြီး ပျော်သလိုလိုတောင် ဖြစ်လာတော့တယ်။

'တစ်ညနေမှာတော့ အိမ်မှာ ညစာစားပြီးလို့ စကားမြည် ပြောကြတုန်းမှာ ကိုသာဒွန်းဖြူက ခါတိုင်းနဲ့ မတူဘဲ တော်တော်ကလေး အာရှင်နေတာကို တွေ့ရတယ်။ မိုးကလေးက တဖြောက်ဖြောက်၊ ဝီစကီကလေး တစ်ခွက်စီနဲ့ စီးကရက် တဖွားဖွားသောက်ရင်း ကိုသာဒွန်းဖြူက တော်တော် စကားပြောတယ်။ မပြောစဖူး စကားပြောခြင်း ဖြစ်လေတော့ ကျုပ်က ဘာများပါလိမ့်လို့ တော်တော် လန့်သွားသေးတယ်။ ကျုပ်တို့လူက ခင်ဗျား သိတဲ့အတိုင်း လူတော် တစ်ယောက်ဗျ။ လောကဓာတ်ပညာဘက်မှာတော့ ကမ္ဘာ့ထိပ်တန်းထဲက ဦးနှောက်တစ်လုံးပဲ။ သူ စကားပြောပုံက ကျုပ်ကို ပြောတဲ့အနေမျိုး မဟုတ်ဘဲ သူ့ဟာသူ အသံထွက်ပြီး စိတ်ကူးတဲ့ အပြောမျိုး ဖြစ်လေတော့ ကျုပ်က ဘာမှ အဖြေပေးဖို့ မလိုဘူး၊ နားထောင်ရုံ ထောင်နေရတာပဲ။ သူက ဘာပြောသလဲဆိုတော့ 'ကိုမြတ်ဖြူ'တဲ့၊ 'ကျုပ် လုပ်တာတွေကြည့်ပြီး ခင်ဗျားက ဘယ်လိုများတွေးမယ် မဆိုနိုင်ဘူး'တဲ့၊ 'ကျုပ် လုပ်လာခဲ့တာ ၁၅ နှစ်လောက် ရှိပြီ'တဲ့၊ 'အစတုန်းကတည်းက ခင်ဗျား မြင်ရရင်တော့ ဆက်စပ်ပြီး တွေးယူနိုင်မှာပဲ'တဲ့၊ 'ပြီးဆုံးလုတော့မှ ရောက်လာတာ ဖြစ်လေတော့ ခင်ဗျားလည်း မှန်အောင် တွေးနိုင်လိမ့်မယ် မထင်ဘူး'တဲ့၊ အခုတော့ဖြင့် ၁၅ နှစ်လုံးလုံး ကြိုးစားခဲ့တဲ့ လုပ်ငန်းကြီးဟာ ဆုံးခန်းတိုင်ရောက်ဖို့ လမ်းစမြင်ရပြီ'တဲ့၊ 'ဟုတ်တယ်ဗျ၊ ဆုံးလည်း ဆုံးလုပြီ၊ သူကသာ မသိရှာလို့'တဲ့။ ဒီနောက် သူက ဆက်လက်ပြီး 'ကျုပ်အလုပ် ဆုံးခန်းမတိုင်မီ ပြောပြနိုင်တဲ့ ဝါသနာ မရှိလို့မို့ ဘာမှမပြောဘဲ မြုံပြီး ကြိတ်လုပ်လာခဲ့တယ်'တဲ့၊ 'ကြိုတင်ပြီး ခင်ဗျားကို ပြောပြရင်လည်း ခင်ဗျားက တောက်တီးတောက်တဲ့ အလုပ်ပဲလို့ ထင်မှာပဲ' တဲ့၊ 'ကျုပ်ကြံစည်နေတာ ဘာခြားမဟုတ်ဘူး၊ လူက မြင်သလို မြင်တတ်တဲ့

mgyoe.com

mgyoe.com
စက္ကူဝိညာဉ်စက်မျိုး တစ်ခုလုပ်ဖို့ ကြိုးစားလာခဲ့တယ်ဗျ'တဲ့။

*

ထိုအခါ ကျွန်ုပ်က 'အနောက်နိုင်ငံက လောကဓာတ်ဆရာတွေ ကြိုးစားကြတဲ့ ဖရန်ကင်စတိန်ဆိုတဲ့ ဘိုင်စကုပ်ထဲက စက်ရုပ်မျိုးပေါ့'ဟု ပြောရာ၊ ကိုမြတ်ဖြူက 'သူ့အကြံက ဒါလောက်မကဘူး၊ ဟိုဟာက လူခိုင်းတာ လုပ်တဲ့ စက်ရုပ်တဲ့ဗျ၊ သူ့ဟာက လူမြင်သလို မြင်ပြီး မြင်တဲ့အတိုင်း လုပ်တတ်တဲ့ စက်ကိရိယာတဲ့ဗျ'

နှိပ်။ ။"ဆိုပါဦးလေ"

ဖြူ။ ။"သူ့အဆိုက သာမန်စက်ကိရိယာတစ်ခုဟာ လူက ခလုတ်တစ်ခုကို နှိပ်လိုက်မှ လှုပ်ရှားနိုင်တယ်။ သူ့စက်ကတော့ ခွေးများ၊ ကြောင်များ သူတို့ဆီ ကျရောက်မည့် ဘေးအန္တရာယ်ကို ခုခံတတ်တဲ့နည်းတူ ခုခံတတ်ရမယ်တဲ့ဗျ"

နှိပ်။ ။"တောက်တီးတောက်တဲ့ဗျာ၊ မဖြစ်နိုင်တာပကပဲ"

ဖြူ။ ။"နားထောင်ပါဦးလေ၊ ကိုသာဒွန်းဖြူက ဘာပြောသလဲဆိုတော့ 'ဒီစက်မျိုးတစ်ခု သူ လုပ်လာခဲ့တာ ၁၅ နှစ်လောက်ရှိပြီ'တဲ့၊ 'အခုတော့ ပြီးပြီ'တဲ့၊ 'သို့သော် သူ မျှော်လင့်သလို ဖြစ်မဖြစ် စမ်းကြည့်ရုံပဲလိုတော့တယ်'တဲ့၊ 'ဒီအကြောင်းကို ဘယ်သူမှ သူ မပြောဘူး၊ ကျုပ်ကို ပထမအကြိမ် ပြောပြခြင်းပဲ'တဲ့၊ ဒီလောက်အထိ ပြောပြီးတော့ ကိုသာဒွန်းဖြူက ဆက်မပြောတော့ဘဲ အိပ်ရာဝင်ကြရောဗျ။

'နောက်တစ်နေ့ကျတော့ လေကလေး ခပ်ထန်ထန်၊ လှိုင်းက တလှုပ်လှုပ်နဲ့ ကျုပ်တို့နှစ်ယောက် မော်တော်ဘုတ်နဲ့ ထုံးစံအတိုင်း ထွက်လာ၊ ကျောက်ဆောင်ကြီးအောက်က ဝင်၊ ဂူထဲ ရောက်၊ မော်တော်ဘုတ် ဆိုက်၊ လှေကားမှ တက်ပြီး ခါတိုင်း အလုပ်လုပ်တဲ့နေရာ ရောက်ကြရော ဆိုပါတော့။ ကိုသာဒွန်းဖြူက မနေ့တုန်းက ပြောခဲ့တဲ့ အကြောင်းအရာကို လုံးဝ ထပ်မပြောတော့ဘူးဗျ၊ သူ့မျက်နှာ ကြည့်ရပုံတော့ မနေ့က ပြောမိတာတောင် လွန်သွားလို့ ပြန်နုတ်ချင်ပုံ ရတယ်။ ကျုပ်ကလည်း ဘာမှဆက်ပြီး မမေးဘူး၊ နှုတ်ဆိတ်ဆိတ်နေခဲ့တယ်။

'ရောက်နေကျ ဂူကြီးထဲ ရောက်ကြတော့ ကိုသာဒွန်းဖြူက ပြောမိတဲ့လက်စနဲ့ ကျုပ်ကို သူ့စက်ကိရိယာ ပြပါတော့မယ်လို့ ဆုံးဖြတ်တဲ့ လက္ခဏာနဲ့ ခေါ်သွားလို့ ကျုပ်က သူ့နောက်ကို လိုက်သွားတယ်။ လိုဏ်ခေါင်းကြီးနှစ်ခု သုံးခု ဖြတ်ပြီး ခေါ်သွားတော့ အတော်ကျယ်ဝန်းတဲ့ ဂူခန်းကြီးတစ်ခုထဲ ရောက်လာကြတယ်။ ဘယ်လောက် အံ့ဩစရာကောင်းသလဲ၊ ဓာတ်မီးတွေ ဘာတွေနဲ့ဗျ၊ 'ဒီရေအတက်အကျမှ ပါဝါရအောင် စက်ဆင်ပြီး ဓာတ်မီးထွန်း
mgyoe.com

mgyoe.com

တယ်'လို့ သူက ပြောတာပဲ။ ဂူကြီးကတော့ ပေ ၅၀ ပတ်လည်လောက် ကျယ်ဝန်းလိမ့်မယ်၊ ကြမ်းပြင်ကတော့ ရေစားထားတဲ့အတွက် ခပ်ချော့ချော ဖြစ်နေတယ်ဗျ။ ဂူကြီးအလယ်မှာ စက်ကြီးတစ်လုံး ရှိတယ်၊ မော်တော်ကား လောက် မကတတ်ဘူး၊ တော်တော် ကြီးတယ်၊ ပုံသဏ္ဌာန်ကတော့ ဖားကောင် ကြီးနဲ့ ခပ်ဆင်ဆင်ဗျ။

'ဒါဟာ စက်ကြီးမှန်းတော့ ကျုပ် သိသားပဲ၊ နို့ပေမယ့် ဒါကြီး မြင်မြင်ချင်း ကျုပ်စိတ်ထဲမှာ ကြောက်သလိုလို၊ လန့်သလိုလို တော်တော် တုန်လှုပ်သွားတယ်။ ကိုသာဒွန်းဖြူက ပြောထားတဲ့ စကားကြောင့်လည်း တစ်ကြောင်း ဖြစ်မှာပေါ့ဗျ။ ရှေ့ပိုင်းမှာ ဓာတ်ပုံရိုက်တဲ့ ကင်မရာအပေါက်လို အပေါက်ကြီးနှစ်ခုက မျက်လုံးကြီးနှစ်လုံးလိုပဲဗျ၊ ဓာတ်ကြိုးတွေကလည်း တစ် ခုလုံး ပွေလို့ရှုပ်လို့၊ ဟိုနဲ့ ဒီနဲ့ ဆက်သွယ်ထားလိုက်တာ မွနေတာပဲ၊ မျက်လုံး ကြီးနှစ်လုံးအောက်မှာလည်း ပါးစပ်ကြီးလိုလို အပေါက်ကြီးတစ်ပေါက် ရှိတယ်။ ခြေလက်ရယ်လို့တော့ မထင်ရှားဘူး၊ ဒါပေမယ့် ခပ်ခုံးခုံးကြီးနေပုံက ဖားပြုပ် ကြီး ကုန်းနေတာနဲ့ သိပ်တူတာပဲ။'

'ကျုပ်က စက်ကြီးကို ငေးကြည့်နေတုန်း ကိုသာဒွန်းဖြူက သူ့စက်ကို ကြည့်တော့ မကြိုက်တဲ့ လက္ခဏာနဲ့ လက်တို့ပြီး ဘယ့်နှယ်ပြောသလဲဆိုတော့ 'ခင်ဗျား နားလည်အောင် နည်းနည်းပါးပါးတော့ ရှင်းပြရမှာပဲ'တဲ့။ 'ပင်လယ် ရေတက်ရေကျကို စက်ကိရိယာနဲ့ ဆက်သွယ်ပြီး ဟောဒီ ဒိုင်နမိုကို လည်စေ တယ်'တဲ့၊ 'ဒါကြောင့် ကျုပ် စက်ကိရိယာမှာ ဓာတ်ဆီတွေ ရေနွေးငွေ့တွေ မလိုဘူး'တဲ့၊ 'ဟော့ဟို ကင်မရာနှစ်ခုက မျက်လုံးအဖြစ်နဲ့ အသုံးဝင်တယ်'တဲ့၊ 'ကြမ်းပြင်နဲ့ နံရံကို အသွေးအရောင်တစ်မျိုးတည်း ဖြစ်နေအောင် ကျုပ်က ခြယ်ထားတယ်'တဲ့၊ 'စက်ရှေ့မှာ အရာဝတ္ထု တစ်ခုခု ရောက်လာတယ်ဆိုရင် ကင်မရာမှာ အရိပ်ထင်တယ်'တဲ့၊ 'အရိပ်က ထင်ရင် စက်နှိုးသလိုဖြစ်ပြီး လိုသလို လှုပ်ရှားစေဖို့ ဝိုင်ယာကြိုးတွေ ဆက်သွယ်ထားတယ်'တဲ့၊ 'ဘယ်ပုံ လှုပ်ရှားတယ် ဆိုတာတော့ တော်တော်ကြာတော့ ခင်ဗျား မြင်ရပါလိမ့်မယ်' တဲ့။ ဒီလိုပြောပြီး ကိုသာဒွန်းဖြူက ဂူပြင်ထွက်သွားလို့ ကျုပ်တစ်ယောက်တည်း စက်ကြီးကို ကြည့်နေရစ်ရာမှာ ကြည့်ရင်း ကြည့်ရင်း ကြက်သီးတွေ ထလာ လို့ မကြည့်ဝံ့တော့ဘဲ နောက်ဆုတ်နေလိုက်မိသေးတယ်ဗျ။ နဂိုက လန့်ရတဲ့ အထဲ သူပြောပြတော့ သာလန့်တာပေါ့ဗျာ။ သူမရှိတုန်း ကျုပ်က ဖမ်းစားလေ မလားလို့တောင် တွေးမိသေးတယ်။

'ခဏလောက်ကြာတော့ ကိုသာဒွန်းဖြူ ပြန်ဝင်လာပြီး မျောက်ကလေး တစ်ကောင် ပါလာတယ်။ ဘယ်တုန်းက ယူထားတဲ့ မျောက်ကလေးလဲတော့ မပြောတတ်ဘူး၊ ကိုသာဒွန်းဖြူက မျောက်ကလေးကို ကြမ်းပေါ်ပစ်ချလိုက်ပြီး

mgyoe.com

mgyoe.com

ဘာပြောသလဲဆိုတော့ 'မျောက်ဆိုတဲ့ သတ္တဝါဟာ တော်တော် ဖျတ်လတ်လျင်မြန်တယ် ဟုတ်လား'တဲ့၊ 'မျောက်နဲ့ စမ်းကြည့်လို့ နေရာကျတယ်ဆိုရင် ကျုပ်စက်ဟာ အောင်မြင်တယ်လို့ ဆိုနိုင်ပြီ'တဲ့၊ 'လာ. . .ကျုပ်တို့က ဒီချောင်ထဲကနေပြီး ကြည့်ရအောင်'တဲ့၊ 'ဘရိဘ်ဟာလည်း ဒီရှေ့နားတွင် ရှိတာပဲ' တဲ့။ ပြောပြောဆိုဆိုနဲ့ ကျုပ်ကို သူနဲ့အတူ ချောင်ကလေးထဲ ဆွဲသွင်းပြီး ဘရိတ်ကို လွှတ်ပေးလိုက်တယ်။ သူ့စက်သဘောက တစ်မျိုးပဲဗျ။ အမြဲ ဘရိတ်အုပ်ထားရတယ်၊ ဘရိတ်လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် အလုပ်လုပ်တော့တာကိုးဗျ။

'ကိုသာဒွန်းဖြူက ဘရိတ်လွှတ်လိုက်လို့ ချောက်ခနဲ မြည်သွားတာနဲ့ တစ်ပြိုက်နက် ဂူကြီးအလယ်မှာရှိတဲ့ စက်ကြီးမှာ အသက်ဝင်လာသလို ဖြစ်လာတယ်ဗျ။ နန်းကြိုးတွေက တလှုပ်လှုပ် တရွရွဖြစ်လာပြီး မျက်လုံးကြီး နှစ်လုံးလို ကင်မရာကြီး နှစ်ခုက ဟိုဟိုဒီဒီ လှည့်ပြီး ကြည့်သလို ဟိုချိန်ဒီချိန် လုပ်နေတော့ဗျာ၊ ကျုပ်ဖြင့် ကြက်သီးတွေ တဖြန်းဖြန်းထပြီး ချောင်ထဲမှာ ကုပ်နေမိတော့တာပဲဗျို့။

'ဒီအတောအတွင်း ကိုသာဒွန်းဖြူ လွှတ်လိုက်တဲ့ မျောက်ကလေးဟာလည်း ကျုပ်တို့ရှိတဲ့ နေရာနဲ့ စက်ကြီးအကြားမှ ဟိုဟိုဒီဒီ တောင်သွားမြောက်သွား လုပ်နေရာက စက်ကြီးက နန်းကြိုးတွေ လှုပ်လှုပ်ရွရွ ဖြစ်လာတာနဲ့ တစ်ပြိုင်နက် ကျုပ်တို့ဘက် မျက်နှာလှည့်နေရာက စက်ကြီးဆီကို ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်။ တစ်ခဏလောက်တော့ မျောက်နဲ့ စက်ကြီးဟာ မလှုပ်မရှားဘဲ မျက်နှာချင်းဆိုင်လျက် ကြည့်နေသလို ငြိမ်နေကြတယ်။ နောက်တစ်ခဏမှာ ကင်မရာအထက်မှာရှိတဲ့ နန်းကြိုးကြီးနှစ်ချောင်းဟာ အပေါ်တက်လာပြီး တစ်ချောင်းစီ တစ်ဖက်တစ်ချက် တွဲလဲလျှော့ဆင်းသွားလို့မို့ ပင့်ကူကြီးရှေ့လက်နှစ်ချောင်း ယမ်းသလို ဟိုယမ်းဒီယမ်း လုပ်ချေတော့ဗျာ။ မျောက်ကလေး မဆိုထားနှင့်၊ ကျုပ်တောင် ကျောထဲက စိမ့်ပြီး ကြောက်လာတယ်။ မျောက်ကလေး ခမျာမှာတော့ နန်းကြိုးကြီးတွေ တရွရွ လှုပ်တာ မြင်မြင်ချင်း ခုန်ပေါက် ပြေးရှာတာပေါ့။ နို့ပေမယ့် နှစ်ခုန်ထက် ပိုပြီး မခုန်လိုက်နိုင်ရှာပါဘူး။ နန်းကြိုးတစ်ချောင်းက ဖျတ်ဆို ရှေ့က ထွက်လာပြီး မျောက်ကလေးကိုယ်ကို ရစ်တည့်ပြီး ပတ်လိုက်တာ ကွိခနဲ တစ်ချက်တည်းမြည်ပြီး သေရှာပါလေရောဗျား။ မျောက်ကလေးလည်းသေရော နန်းကြိုးကြီးဟာလည်း သူ့ဟာသူ ပြန်ရုန်းသွားပြီး စက်ကြီးထဲ ဝင်သွားပါလေရောဗျား။

'ကိုသာဒွန်းဖြူကတော့ သူ့ဟာသူ သဘောကျလွန်းလို့ပေါ့ဗျာ။ ကျုပ်မှာဖြင့် ကြောက်လိုက်တာ သေလုလို့ ချောင်ထဲ ကုပ်နေရတော့တယ်၊ မျောက်ကလေးက သေတော့ ကိုသာဒွန်းဖြူက 'ပထမတစ်ကြိမ် စမ်းခြင်းကတော့

mgyoe.com

mgyoe.com

အောင်မြင်ပြီ။ ဘရိတ်ပြန်အုပ်ပြီး နောက်တစ်ခါမှ ပြောပြောဆိုဆိုနဲ့ ဘရိတ်ခလုတ်ကြီးရှိရာကို လက်လှမ်းတာနဲ့ တစ်ပြိုင်နက် စက်ကြီးဆီမှ ဂျောင်းခနဲ အသံကြားလိုက်ရပြီး နန်းကြိုးကြီးတစ်ချောင်းထွက်ကာ ကိုသာဒွန်းဖြူရဲ့ လက်ကို ဖျတ်ခနဲ ရစ်ပတ်ဖမ်းထည့်ပြီး တစ်ကိုယ်လုံး ချောင်ထဲမှ ဆွဲထုတ်သွားပါလေရောဗျား။ ကိုသာဒွန်းဖြူက ကျုပ်လက်ကို လှမ်းဆွဲလိုက်လို့ ကျုပ်မှာတောင် မနည်းရုန်းဖယ်လိုက်ရတယ်။ တစ်ခါတုန်းက ချေကလေးကို စပါးကြီးမြွေက မျိုတာ ကျုပ် မြင်ရဖူးတယ်၊ ကိုယ်လုံးနဲ့ ညှစ်လိုက်တာ မျက်လုံးတွေ ဘာတွေ ပြူးထွက်သွားတာပဲ။ ခုလည်း ဒီအတိုင်းပါပဲဗျို့၊ ကျုပ်က ကြောက်အားလန့်အားနဲ့ အော်လိုက်မယ် မကြံရသေးဘူး၊ ကိုသာဒွန်းဖြူမှာ ပျော့ခွေပြီး အသေကောင် ဖြစ်သွားရောကိုးဗျ။ မြန်ပါပေ့ဗျာ၊ လူတစ်ယောက် ဒီလောက် အသက်မြန်မြန်ထွက်တာ ကျုပ်ဖြင့် တစ်ခါမှ မမြင်ဖူးဘူး။

'ဘယ့်နှယ်ရှိရှိ ကျုပ်က ဘရိတ်ခလုတ်ကြီးကိုဆွဲပြီး ချိုးဖို့ စိတ်ကူးမိပါသေးတယ်။ သူ့ခလုတ်ကြီးဟာက မီးရထားဘူတာရုံများမှာ အလံချိုးတဲ့ ဟာကြီးမျိုးလိုပဲဗျ၊ ကျုပ်က စိတ်ကူးလိုက်ကာရှိသေး၊ နန်းကြိုးကြီးတစ်ချောင်း ထွက်လာပြန်ပြီး ဘရိတ်ကြီးကို ဆွဲဖျက်ပစ်လိုက်တာ တစ်ခါတည်း ပျက်သွားပါရောဗျာ။ ဒီကရှေ့တော့ စက်ပြင်တဲ့လူလည်း မရှိဘူး၊ ဘရိတ်လည်း မရှိတော့ဘူး။ သူ့စက်ကြီးဟာ ရေတက်ရေကျ အဟုန်နဲ့ ရာသက်ပန် အလုပ်လုပ်နေဖို့ပဲ ရှိတော့တယ်လို့ ကျုပ် သတိရမိသေးတယ်။

'ဒါက ကိစ္စမရှိဘူး၊ ကျုပ်အတွက် ဘယ့်နှယ်လုပ်ပါ့မယ်။ လှုပ်ခနဲဆို နန်းကြိုးကြီးတွေ ထွက်လာပြီး ဘာကောင်မဆို ညှစ်သတ်နိုင်တဲ့ ကိရိယာနဲ့ ကျုပ်နဲ့ ကျန်ရစ်ခဲ့လို့ ဘယ်လိုလုပ်ပြီး ဒီလိုဏ်ခေါင်းကြီးထဲက ကျုပ် ထွက်ရပါ့မယ်။ ဘာမှ မပြောနှင့်တော့၊ လူ့ကို အားငယ်သွားလိုက်တဲ့ဖြစ်ခြင်း။ ပျော့ခွေပြီး သေပြီးသား၊ အသက်ထွက်ပြီးသား ဖြစ်နိုင်တာလောက် ရှိတော့တာပဲဗျို့။ တော်တော်ကလေးကြာတော့မှ စိတ်ကူးနိုင်တဲ့အခြေ ရောက်လာလို့ ချောင်ထဲမှာထိုင်ပြီး အကြံထုတ်ရတာကိုးဗျ။ ချောင်ထဲမှာ ကုပ်နေသမျှ ကာလပတ်လုံးတော့ စက်ကြီးက ကျုပ်ရှိနေတဲ့ အကြောင်းကို လုံးဝ မသိဘူးထားပါတော့။ သို့သော် သူ့အစွမ်းက ဘယ်လောက်ရှိတယ်ဆိုတာ ကျုပ် မသိရတာက ခက်တာကိုးဗျ၊ သူ့နန်းကြိုးကြီးတွေဟာက ဘယ်လောက် ရှည်သလဲ၊ ကျုပ်ရှိနေတဲ့ ချောင်ကလေးထဲကို မီအောင် ကွေ့ကွေ့ကောက်ကောက် လှမ်းနိုင်၊ မလှမ်းနိုင် ကျုပ် မသိရဘူးဗျ။

'ဒီအတောအတွင်းမှာ ကျုပ် စဉ်းစားမိတာ တစ်ချက်ရှိတယ်။ ဒီစက်ကြီးဟာ မျက်လုံးလိုတပ်ထားတဲ့ ကင်မရာကြီးနှစ်လုံး အားကိုးနဲ့ အလုပ်လုပ်ခြင်း ဖြစ်လိမ့်မယ်။ သူ့ လှုပ်ရှားမှု ဟူသမျှဟာ ကင်မရာကြီးတွေပေါ်မှာ

mgyoe.com

mgyoe.com
အရိပ်ထင်ခြင်းကို အခြေပြုပြီး ဖြစ်နိုင်ဟန် တူတယ်လို့ စဉ်းစားမိတယ်။ ကင်မရာကြီးတွေပေါ်မှာ အရိပ်တစ်ခုခု ထင်လာသည်နှင့် တစ်ပြိုင်နက် အတွင်းမှာရှိတဲ့ စက်ကိရိယာတွေကို နှိုးပေးလိုက်သလိုဖြစ်ပြီး ထိုမှဤမှ လှုပ်ရှားလာခြင်း ဖြစ်လိမ့်မယ်လို့ စဉ်းစားမိတယ်။ ဒီတော့ကာ ဘယ့်နှယ်လုပ်မလဲ၊ အသက်ရှိတဲ့ တိရစ္ဆာန်တစ်ကောင်ကို မျက်လုံးဖောက်သတ်သကဲ့သို့ ဒီစက်ကြီးကိုလည်း ကင်မရာကို ခွဲလိုက်ရင် သူ ဘာမှ တတ်နိုင်တော့မှာ မဟုတ်ဘူးလို့ အကြံရတယ်။ အကြံရတာကတော့ ဟုတ်ပါပြီ၊ ကင်မရာကြီးတွေကို ဖောက်ခွဲဖို့ဟာက မလွယ်သေးဘူးဗျ။

ဒီလိုစဉ်းစားနေတုန်း ဖြုန်းဆို အကြံတစ်ခု ရလာတယ်။ ကင်မရာကို ခွဲဖို့မလိုဘူး၊ လိုဏ်ဂူထဲမှာ ထွန်းထားတဲ့ ဓာတ်မီးနှစ်ပွင့်ကို ခွဲပစ်နိုင်ရင်လည်း အတူတူ ဖြစ်မှာပဲ။ မီးလုံးတွေ ကွဲသွားလို့ ဂူကြီးမှောင်သွားရင် ကင်မရာတွေမှာ အရိပ်မထင်နိုင်တော့ဘူး၊ အရိပ်မထင်ရင် စက်ကိရိယာတွေဟာလည်း လှုပ်ရှားနိုင်တော့မှာ မဟုတ်ဘူး၊ ဒါကို စဉ်းစားမိတာကိုးဗျ။ သို့သော် ဓာတ်မီးလုံးကို ပစ်ခွဲဖို့ ချောင်ထဲက လက်တစ်ဖက် ထုတ်လိုက်ရင် ကိုသာဒွန်းဖြူကို ဖမ်းသလို နန်းကြိုးကြီး ထွက်လာပြီး ဖမ်းသွားမှာကိုလည်း ကြောက်ရသေးတယ်။ မီးလုံးနှစ်ပွင့်အနက် တစ်ပွင့်က ကျုပ်နေရာနဲ့ ခပ်နီးနီး၊ ဒုတိယမီးပွင့်ကတော့ စက်ကြီးရဲ့ အပေါ်မှာဗျ၊ တော်တော်ကလေးလှမ်းတယ်။ ကောင်းပြီ၊ မီးလုံးတွေကို ဘာနဲ့ ပစ်ခွဲရမလဲလို့ ကျုပ် အင်္ကျီအိတ်တွေထဲမှာ နှိုက်ကြည့်တော့ ငွေဒင်္ဂါး ခြောက်ပြား၊ ငါးမူးစေ့ သုံးစေ့၊ ဒန်မတ်စေ့ နှစ်စေ့၊ မူးစေ့ ငါးစေ့၊ ဓာတ်မီး ခြစ်တစ်လုံး၊ ဆေးတံတစ်ချောင်း၊ သော့တွဲတစ်တွဲ. . .ဒါပဲ ရှိတယ်ဗျ။ ဒီပစ္စည်းတွေနဲ့ ဓာတ်မီးနှစ်ပွင့်ကို မှန်အောင် ပေါက်ခွဲနိုင်ရင်ခွဲ၊ မခွဲနိုင်ရင်တော့ ဒုက္ခပဲဗျ။

'ရှေးဦးစွာ လက်ကျင့်သား ရစေတော့ဆိုပြီး နီးတဲ့မီးပွင့်ကို အရင် ပေါက်ခွဲကြည့်တယ်ဗျ။ ကျုပ်က ကျောင်းသားတုန်းက ဂေါ်လီပစ် ကောင်းတယ်ဗျ၊ အိမ်က မုန့်ဖိုး မတောင်းရဘူး၊ ဂေါ်လီပစ်တာနဲ့ သုံးလောက်တဲ့ ကောင်ဗျ၊ ဒါနဲ့ ရှေးဦးစွာ ဒန်မူးစေ့နဲ့ ပေါက်စမ်းကြည့်တယ်။ နို့ပေမယ့် ကံဆိုးချင်တော့ မီးလုံးတွေက မာလိုက်တာဗျာ၊ ချင်ခနဲ ချင်ခနဲ မှန်တာတောင် မကွဲတော်မူရာဘူးဗျ။ မူးစေ့တွေကုန် မတ်စေ့တွေနဲ့ပေါက်၊ ကုန်တော့ ငါးမူးစေ့နဲ့ပေါက်၊ သူတို့ကုန်တော့ ဒင်္ဂါးနဲ့ပေါက်၊ ဒင်္ဂါးလေးပြားကုန်ပြီး ပဉ္စမဒင်္ဂါးနဲ့ ပေါက်တော့မှ ချွင်ခနဲ ကွဲပေတော့သဗျာ။ ဒီတော့ ဘာကျန်တော့သလဲ၊ ဒင်္ဂါးတစ်ပြား၊ ဓာတ်မီးခြစ်တစ်လုံး၊ ဆေးတံတစ်ချောင်း၊ သော့တွဲတစ်တွဲ၊ ဒါပဲ ကျန်တော့တယ်ဗျ။ ဒုတိယမီးလုံးက တော်တော်လှမ်းတယ်ဗျ၊ စက်ကြီးပေါ်မှာ တည့်တည့်ကြီးဗျ။
mgyoe.com

mgyoe.com

'ပထမ မီးလုံးတစ်လုံး ကွဲကွဲချင်း ကျုပ်ရှိတဲ့ ချောင်ကလေးဆီမှာ ခပ်မှောင်မှောင် ဖြစ်သွားလေတော့ စက်ကြီးက လှုပ်လှုပ်ရှရှ ဖြစ်သွားသေးဗျ၊ လူများ တိရစ္ဆာန်များဟာ အလင်းရောင် နည်းပါးသွားလို့ မနေတတ် မထိုင်တတ်ဖြစ်တာမျိုးလို စက်ကြီးကလည်း နန်းကြိုးတွေ ဟိုဘက် ပစ်ထုတ်လိုက်၊ ဒီဘက် ပစ်ထုတ်လိုက်နဲ့ လုပ်ချေတော့ဗျ။ သူ့ကြည့်ရတာ တစ်ခုခုကို မသင်္ကာလို့ စုံစမ်းနေတဲ့ အတိုင်းပဲ။ တော်တော်ကြာတော့ မြေကြီးပေါ်မှာ သေနေတဲ့ ကိုသာဒွန်းဖြူ အလောင်းနဲ့ မျောက်သေကောင်ကို နန်းကြိုးနဲ့ပတ်ပြီး သူ့အနားဆွဲယူသွားသေးဗျ။ အနားရောက်တော့ အလောင်းတစ်ခုစီ နန်းကြိုးနဲ့ ပွေ့သလို ရစ်ပတ်တည့်ပြီး ညှစ်လိုက်တာ အရိုးတွေ ဖျစ်ဖျစ်မြည်ပြီး ကျိုးကုန်တော့တာကိုးဗျ။ ကျုပ်မှာ ကြောက်လိုက်တာဆိုတာ ဘာပြောကောင်းမလဲ၊ ကြောက်တာက တခြားကြောင့် မဟုတ်ဘူး၊ ကျုပ် ကိုယ်တိုင် လုပ်ပုံမတော်ရင် ဒီလိုပဲ ဖျစ်ညှစ်ခံရလိမ့်မယ်ဆိုတာ တွေးမိလို့ကိုးဗျ။ ဒီတော့မှ ချောင်ထဲမှ အသာကုပ်ပြီး လက်တွေ ဘာတွေ တုန်နေတာ ငြိမ်အောင်စောင့်ပြီးမှ ဒုတိယ မီးလုံးကို ပေါက်ခွဲဖို့ ကြိုးစားရတာကိုး။ ရှေးဦးစွာ ဒင်္ဂါးတစ်ပြား ကျန်တာနဲ့ ပေါက်တာ ပွတ်သွားတယ် မမှန်ဘူး၊ ဓာတ်မီးခြစ်နဲ့ ပေါက်တယ် လွဲပြန်တယ်၊ ဆေးတံနဲ့ ပေါက်တယ် အရိုးအဖျားကလေးနဲ့ ခြစ်ရုံ ခြစ်မိသွားလို့ မကွဲဘူးဗျ။ နောက်ဆုံးတော့ သော့တွဲ ကျန်တော့တယ်၊ သော့တွေက ကိုသာဒွန်းဖြူရဲ့ ကိရိယာ တန်ဆာပလာတွေ ထည့်တဲ့သေတ္တာ ခတ်ရတာ ဖြစ်လေတော့ တော်တော်များလို့ လက်ဆကောင်းတယ်ဗျ၊ ဒါပေမဲ့ လက်က ကောင်းကောင်း မငြိမ်လို့ ထင်ပါရဲ့။ သော့တွဲနဲ့ ပေါက်လိုက်တာ ချော်ပြန်တာပဲဗျာ၊ မကွဲဘူးဗျို့။ သောက်ကျိုးနည်းတာပဲ။

'ဒီတော့မှ ချောင်ကလေးထဲမှာ အသာထိုင်ပြီး ဘယ်လိုလုပ်ရပါမလဲလို့ စိတ်ကူးထုတ်နေတုန်း ဖြုန်းဆို လက်ပတ်နာရီကို သတိရတယ်။ တော်သေးရဲ့ဟ၊ ဒီတစ်ခု ကျန်သေးတယ်ဆိုပြီး လက်ပတ်နာရီကိုချွတ်၊ လက်ထဲမှာ ဆကြည့်။ သို့သော် ဒီတစ်ခါချော်ရင်တော့ မဖြစ်ဘူးဆိုပြီး အပေါ်အင်္ကျီကြောင့် လက်တင်ပြီး အချိန်ရခက်မှာစိုးလို့ အင်္ကျီကိုချွတ်၊ လက်ဝဲဘက် ချိုင်းမှာညှပ်၊ နီးနီးကပ် ပေါက်မယ်ဆိုပြီး ချောင်ကလေးထဲမှ အပြင်ဘက် ထွက်လိုက်တာကိုးဗျ။ ဒီအချိန်မှာ စက်ကြီးနဲ့ ကျုပ်နဲ့ မျက်နှာချင်းဆိုင်ဖြစ်လေတော့ ဂျောက်ခနဲမြည်အောင် ဂုဏ်မရာက ကျုပ်ကို ချိန်လိုက်ပါရောဗျ၊ ကျုပ်ကလည်း လက်ထဲမှာ လက်ပတ်နာရီဆုပ်လျက် မီးလုံးကို စေ့စေ့ပါအောင်ကြည့်ပြီး ပေါက်တော့မယ် လုပ်တုန်းမှာ နန်းကြိုးတစ်ချောင်းက ရှိခနဲ ထွက်လာပြီး ကျုပ်ပခုံးပေါ် ကျော်သွားလိုက်တာ ပါးကို အေးခနဲ နေသွားတာပဲဗျ။ နောက်တစ်ခဏမှာ လက်မြှောက်တဲ့ပြီး မီးလုံးကို ပေါက်လိုက်တာ ဒီတစ်ခါတော့ မလွဲ

mgyoe.com

mgyoe.com
ဘူးဗျို့၊ ခွပ်ခနဲ ကွဲတော့တာပဲ။ ကျုပ်ကတော့ အမှန်ပြောရရင် ကွဲတာကိုတောင် မမြင်ရပါဘူး။ အသံကိုသာ ကြားလိုက်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖေါက်ဖေါက်ပြီးချင်း လှည့်ပြေးတော့တာကိုးဗျ၊ ပြေးလည်း ပြေးလို့ပဲဗျို့၊ နန်းကြီး တစ်ချောင်း ထွက်လာပြီး ကျုပ်ကို ဖမ်းလိုက်တာ. . .လူကိုမမိ၊ အင်္ကျီကို မိသွားလို့ ချိုင်းထဲက အင်္ကျီကို လွှတ်ချပစ်ခဲ့ရတယ်။ ကျုပ်ကတော့ ဟုတ်တယ် မရှိပါဘူး၊ ခြေဦးလှည့်ရာ ပြေးလာလိုက်တာ ကံအားလျော်စွာ လမ်းမှန်အတိုင်း လိုက်မိပေလို့ စက်ဂူကြီးရဲ့ အပြင်ဘက် ရောက်လာပြီး ချမ်းသာရာ ရပေတော့ တာကိုး။ ဒါတောင် ဘယ်လိုဖြစ်သေးတယ် ထင်သလဲ။ စက်ကြီးဟာက မီး ငြိမ်းပြီး မှောင်သွားလို့ စိတ်ဆိုးသလိုပါပဲဗျာ၊ နန်းကြီးတွေ တဝုန်းဝုန်း တဖုန်း ဖုန်း တဂျုံးဂျုံး မြေကြီးကိုရိုက်၊ နံရံကိုနှက်၊ သူ့ကိုယ်သူ ပုတ်လိုက်ခတ်လိုက် နဲ့ တစ်ဂူလုံး ဆူညံသွားတော့တာကိုးဗျ။

'ကျုပ်ကတော့ စက်ဂူအပြင်ဘက် ရောက်လို့တောင် မရပ်သေးဘူး၊ ဥမင်လိုဏ်ခေါင်းတွေထဲ ဟိုရောက်ဒီရောက် ရောက်ချင်ရာရောက် ခြေဦးလှည့်ရာ လျှောက်သွားတော့တာကိုး။ နောက်ဆုံးမှာမှ စိတ်မောကိုယ်မော အားလုံး ဖတ်ဖတ်မောပြီး မိန်းမောသွားတော့တာကိုး။

'ဘယ်လောက်ကြာတယ် မသိပါဘူး၊ သံတိရလာတော့ ကြည့်လိုက် တော့ မှောင်နေတာ တွေ့ရတာပဲ။ အစကလည်း မှောင်တာပါပဲ၊ နာရီမရှိလို့ အချိန်လည်း မသိရ၊ မီးခြစ် မရှိတော့လို့ ဘာမှလည်း မကြည့်နိုင်၊ ဆေးတံ ကလေးမှ သောက်စရာ မကျန်တော့ဘဲဟာကိုးဗျ။ စိတ်ပျက်လိုက်ပုံဆိုတာတော့ မပြောပါနဲ့တော့၊ နံရံမှီပြီး အတန်ကြာကြီး ထိုင်လိုက်သေးတယ်။ နောက်ဆုံးမှ ကိုယ့်ကိုယ်ကိုယ် အားပေးပြီး ထိုင်ရာမှ ထ၊ လေးဖက်ထောက်ပြီး စမ်းလျှောက်၊ ဟိုကွေ့ ဒီကောက်၊ ဟိုဟာနဲ့တိုက် ဒီဟာနဲ့ခိုက်၊ အတော်ကြီး ကြာတော့မှ မော်တော်ဘုတ်ဆိုက်ထားတဲ့ နေရာရောက်တော့တာကိုးဗျ။ ဒီတော့လည်း ရေတက်နဲ့ ကြုံနေလို့ မထွက်နိုင်သေးဘူး၊ စောင့်နေရသေးတယ်၊ ရေကျပြီ ဆိုတော့ စက်နှိုးပြီး ခုတ်လာခဲ့တာကို။ မော်တော်ဘုတ်ပေါ် ရောက်တာတောင် စက်ကြီးက လိုက်လာလေမလားလို့ ကြောက်ကြောက်သွားသေးတယ်ဗျ၊ ခုနေ တော့ ရယ်စရာပေါ့လေ၊ ဟိုတန်းကတော့ သွေးလန့်ပြီး မဟုတ်တရုတ်တွေ တွေးလန့်ချင် လန့်တော့တာကိုးဗျ။

'ကျောက်ဆောင်ကြီးအောက်က ထွက်လာပြီး ပင်လယ်ရောက်တော့ ညအချိန်ကြီးဗျ။ မှောင်လိုက်တာ မည်းလို့၊ လေကလည်း အတော်ပြင်းတယ်၊ ကျုပ်ကတော့ ဘာပြောပြော ဂူထဲက လွတ်လာတာကို သိပ်ဝမ်းသာနေတော့ တာပဲ။ အပြင်ရောက်တော့မှ သေချင်သေ၊ ဂူထဲမှာ စက်ကြီးညှစ်သတ်လို့ မသေရရင် ပြီးတာပဲလို့ အောက်မေ့တော့တာပဲ။ မှန်တိုင်းကျလို့ လှိုင်းကြီး
mgyoe.com

mgyoe.com
တာလည်း ဂရုမစိုက်ဘူး၊ အရမ်းခုတ်တော့တာပဲ။ တစ်ခါတစ်ခါ ကျောက်ဆောင်နဲ့ တိုက်တော့မလို့ သီသီကလေး လွတ်လွတ်သွားတယ်၊ ဒါနဲ့ ဦးလှည့်ရာ ခုတ်လာလို့ အရှေ့ကောင်းကင်မှာ နီလာပြီး အရဏ်လည်း တက်ကရော မုန်တိုင်းလည်း ပြင်းလာပြီး မော်တော်ဘုတ်ကို လှိုင်းပုတ်လို့ နစ်သွားပါလေရောဗျား။ သို့သော် ဘောကွင်းပါလို့ တော်ပါသေးရဲ့၊ ဘောကွင်းတွယ်ပြီး ကမ်းခြေဆီကို ကူးရတော့တာပေါ့ဗျား။

'ကမ်းပေါ်ရောက်တော့ တံငါသည်တွေနဲ့တွေ့လို့ ကျုပ်ကို ပွေ့ပြီး သူတို့ တဲကလေးထဲခေါ်၊ ကျုပ်လည်း အဖျားကြီးဖျား၊ ဘယ်နှရက်ကြာတယ်တောင် မပြောတတ်ပါဘူး၊ မသေချင်လို့ ပျောက်လာရတော့တာကိုး။ ဆေးကောင်းဝါးကောင်း ဘယ်မှာ တွေ့ရလိမ့်မှာလဲ။

'အဖျားပျောက်တော့လည်း သူတို့ကို ကျုပ် အဖြစ်အပျက် ပြောမပြဝံ့ဘူးဗျ။ ဖျားတုန်းက ကတောက်ကတက်တွေ ပြောလေတော့ အခုလည်း ဦးနှောက်ပျက်ပြီး ရူးနေတယ် ထင်ကြမှာကိုးဗျ။ ဒါကြောင့် ဒီအကြောင်းတွေကို ဘယ်သူ့မှ ကျုပ် ပြောမပြခဲ့ဘူး၊ အခု ခင်ဗျားကို ပြောခြင်းဟာ ပထမအကြိမ် ပြောခြင်းပဲ'

*

ထိုအချိန်တွင် မီးရထားသည် သာစည်ဘူတာသို့ ရောက်ခဲ့လေပြီ။ ကိုမြတ်ဖြူ၏ စကားအဆုံး၌ ကျွန်ုပ်သည် သတင်းစာဖြတ်ပိုင်းတွင် ပါရှိသည့် အခြင်းအရာ တစ်ခုကို သတိရသည်နှင့် . . .

နုပ်။ ။"ဟိုအထဲမှာ ဆိုထားတဲ့ အဖိုးတန် စာချုပ်စက္ကူတွေ ဆိုတာကကောဗျာ"

ဖြူ။ ။"အို . . .ဒါတွေကတော့ ကိုသာဒွန်းဖြူက ကျုပ်ကို ပေးပြီးသားပဲဗျ"

ထိုအချိန်တွင် ဘူတာရုံထဲသို့ မီးရထားခရီးသည်များ ဝင်၍ ကော်ဖီ၊ လင်မနစ် စသည်များ သောက်စားလျက်ရှိသည်ကို မြင်ရသည်နှင့်၊ ကျွန်ုပ်က ကိုမြတ်ဖြူအား ကော်ဖီသောက်ရန် ဖိတ်ခေါ်သော်လည်း မလိုက်လိုဟု ငြင်းဆန်သဖြင့် ကျွန်ုပ်တစ်ယောက်တည်း ဆင်းလာခဲ့လေသည်။

ကျွန်ုပ်သည် ကော်ဖီသောက်ရင်း ကိုမြတ်ဖြူ၏ စကားများကို စဉ်းစားမိရာ၊ လူအများ၏ ထင်မြင်ချက်မှာ ကိုမြတ်ဖြူသည် ကိုသာဒွန်းဖြူ၏ ကုမ္ပဏီ အစုရှယ်ယာများကို ယူလိုသည်နှင့် ကိုသာဒွန်းဖြူကို သတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။ ထိုသူ ပြောပြသော အဖြစ်အပျက်များမှာလည်း သူ၏ စိတ်ကူးဖြင့် ထွင်၍ ပြောခြင်းဖြစ်သည်ဟု ဆိုပေလိမ့်မည်။ သို့ရာတွင် ကိုသာဒွန်းဖြူ၏ လောကဓာတ်ပညာ ဝါသနာပါခြင်းနှင့် အသစ်အဆန်း စုံစမ်းလိုသော
mgyoe.com

mgyoe.com

အထုံကို ကျွန်ုပ် သိပြီးဖြစ်သည့်ပြင်၊ ဤလက်ထက်၌ လောကဓာတ်ပညာကြောင့် ဖြစ်ပေါ်လျက်ရှိသော စက်ကိရိယာအဆန်းများ အကြောင်းကိုလည်းကြားရဖူးသောကြောင့် မဖြစ်နိုင်သော အလုပ်ဟူ၍ ကျွန်ုပ်ကိုယ်တိုင် တပ်အပ်မဆိုဝံ့ပေ။

အရပ်သား အတွေးအရဆိုသော်၊ ကိုမြတ်ဖြူသည် လူသတ်သမားတစ်ယောက်ဖြစ်၍ ကျွန်ုပ်မှာ ပုလိပ်အား တိုင်ချက်ပေးရန် တာဝန်ရှိနေ၏။ သို့ရာတွင် အထက်ပါ သံသယကြောင့် တစ်ကြောင်း၊ ကျောင်းနေဖက် တစ်ယောက်ဖြစ်၍ ဟုတ်သော်ရှိ မဟုတ်သော်ရှိဆိုကာ စဉ်းစားမိသဖြင့် ညာတာသည်တစ်ကြောင်းကြောင့် သူ့ထိုက်နှင့်သူ့ကံ ရှိပါစေ၊ ကျွန်ုပ်၏ ပယောဂမပါစေနှင့်ဆို၍ တိုင်ချက်မပေးရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

မီးရထားပေါ်သို့ ကျွန်ုပ် ပြန်တက်လာသောအခါ ကိုမြတ်ဖြူ မရှိတော့ချေ။ သူ၏နေရာတွင် စက္ကူရွက်ကလေးတစ်ခု တွေ့ရသည်နှင့် ကောက်ကြည့်ရာတွင် စာတစ်စောင် ဖြစ်နေ၏။ ထိုအခါတွင် အရေးကြီးသော ကိစ္စတစ်ခု ချက်ချင်း ပေါ်ပေါက်လာသောကြောင့် မိတ္ထီလာဘက်သို့ မီးရထားပြောင်း၍ စီးလိုက်သွားရကြောင်း ရေးသားပါရှိလေသည်။

ကိုမြတ်ဖြူသည် ကျွန်ုပ်အား ပြောမိသော စကားများကြောင့် သူ့ဟာသူ လန့်၍ ကျွန်ုပ်ကို ရှောင်ထွက်သွားခြင်းလည်း ဖြစ်နိုင်၏။ ထိုကဲ့သို့မဟုတ်ဘဲ အမှန်အတိုင်းပြောခြင်း ဖြစ်ပါမူ၊ ကိုသာဒွန်းဖြူ ဆင်ထားခဲ့သော စက်ကြီးသည် ရခိုင်ပြည်နယ်ကမ်းခြေရှိ ကျောက်ဂူထဲတွင် ယခုတိုင်ရှိနေ၍ ရေတက်ရေကျမှရသော ပါဝါအားဖြင့် အလုပ်လုပ်လျက်ပင် ရှိပေလိမ့်သတည်း။

၀

*(သွေးသောက်မဂ္ဂဇင်း၊ ၁၉၅၂ ခု၊ အောက်တိုဘာလ)*

mgyoe.com

mgyoe.com

# စိတ်ပြောင်းကိုယ်ခွာ

လောက၌ အတတ်ပညာများသည် အလွန်တရာ ထူးဆန်း၏။ သို့သော် အချို့သောလူများသည် အသက် ၅၀ ကျော်၊ ၆၀ တိုင်အောင် နေကြရသော်လည်း၊ ပြောပလောက်အောင် ထူးဆန်းသော အခြင်းအရာဆို၍ မကြုံရ မတွေ့ရဘဲ၊ နေထွက်မှ နေဝင်တိုင်အောင် ဝမ်းစာအတွက် အလုပ်လုပ်ရခြင်းဖြင့်သာ အချိန်ကုန်ကြရ၏။ မောင်သံတုံးမူကား အသက် ၂၀ ကျော်ရုံမျှသာ ရှိသေးသော်လည်း၊ လူ ၁၀၀ လျှင် ၉၉ ယောက်တို့က မယုံနိုင်လောက်အောင် ဆန်းကြယ်သည့် အခြင်းအရာနှင့် ကိုယ်ထိလက်ရောက် ကြုံတွေ့ရသောကြောင့်၊ လူထူးလူဆန်းတစ်ယောက်ဟု ခေါ်သင့်ပါ၏။ သို့ရာတွင် လောက၌ အထူးအဆန်း ကြုံတွေ့ရတိုင်း ကောင်းချင်မှ ကောင်းတတ်သည်ကို ထိုသူငယ်၏ အောက်ပါ အဖြစ်အပျက်များဖြင့် အကဲဖြတ်နိုင်ကြပေမည်။

ကျွန်ုပ်ကား ဝတ္ထုသမားများအနက်တွင် အထူးအဆန်း ရေးတတ်သူ တစ်ယောက်ဟူ၍ နာမည်ရသည့် လက္ခဏာဖြင့်၊ အချို့သော လူများသည် သူတို့၏ ဆန်းကြယ်သော ကိုယ်တွေ့ အဖြစ်အပျက်များကို ကျွန်ုပ်ထံသို့ ပေးပို့လေ့ရှိ၏။ တစ်နေ့သ၌ ကျွန်ုပ်သည် စာတိုက်မှ ပါဆယ်ထုပ်တစ်ထုပ် ရောက်လာ၍ ဖွင့်ကြည့်ရာတွင်၊ အောက်ပါစာတစ်စောင်နှင့် ဖူးစကက်စာရွက်များကို တွေ့ရှိရသည်။ စာတွင် ပါရှိသည်ကား. . .

mgyoe.com

mgyoe.com

ရန်ကုန်မြို့၊ မေလ ၂၅ ရက်။
မိတ်ဆွေကြီး ရွှေဥဒေါင်း

*ကျောင်းမှ အင်းထရင်းစာမေးပွဲ အောင်ပြီးကြကတည်းက သူငယ်ချင်းချင်း မတွေ့ရဘဲ နှစ်ပေါင်းများစွာ ကွဲကွာနေကြသော်လည်း စာရေးဆရာအဖြစ်နှင့် နာမည်တစ်လုံး ရနေသည်ဟု သိရ၍ ဝမ်းမြောက်ပါသည်။ မိတ်ဆွေ ရေးခဲ့ဖူးသော ဝတ္ထုတိုများအနက်၊ ပီကင်းမြို့ ကြူရီယိုဆိုင် ဝတ္ထုသည် (သွေးသောက်၊ အမှတ် ၉၅) အထူးတလည် ဆန်းကြယ်သည်ဟု ကျွန်တော် ဆုံးဖြတ်ထားရာ၊ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ရသော အဖြစ်အပျက်တစ်ခုမှာ ထိုဝတ္ထု စံချိန်ကို ချိုးသည်ဟု ယူဆသည်အလျောက်၊ ကာယကံရှင် မောင်သံတုံး၏ လက်ရေးနှင့်တကွ မိတ်ဆွေထံသို့ တင်ပို့လိုက်ပါသည်။ ကျွန်တော်နှင့် အယူအဆတူပါလျှင် ထိုက်သင့်သလို ပြင်ဆင်၍ မဂ္ဂဇင်းတွင် ထည့်သွင်းအသုံးပြုရန် တောင်းပန်ပါကြောင်း။*

(ပုံ) ဒေါက်တာချင်းစိန်

*

ကျွန်တော်၏နာမည်မှာ မောင်သံတုံးဖြစ်၍ ငါးနှစ်သားမတိုင်မီ မိဘနှစ်ပါး ကွယ်လွန်သည်နှင့် ဖခင်၏နှမ ဒေါ်သန်းရင်၏ ပြုစုစောင့်ရှောက်ခြင်းဖြင့် ကြီးပြင်းလာခဲ့ရသည် ဖြစ်ပါသည်။ ဒေါ်သန်းရင်မှာ အပျိုကြီးဖြစ်၍ ပုဇွန်တောင် ဈေးထဲတွင် ကုန်စုံကလေး တည်ခင်းခြင်းဖြင့် စီးပွားရှာသော်လည်း ခေတ်မီသော မိန်းမကြီးဖြစ်သည်နှင့် ကျွန်တော့်အား သူ၏ဈေးဆိုင်ဟွင် တောက်တိုမည်ရ စေခိုင်းမည့်အစား၊ အင်္ဂလိပ်ကျောင်း၌ ပညာသင်ပေးပါပေသည်။ သို့ရာတွင် ကျွန်တော်၏ ကံဆိုးမှုကြောင့် အင်္ဂလိပ်ကျောင်းမှ ၇ တန်းအောင်သည်နှင့် တစ်ပြိုင်နက် ဒေါ်သန်းရင် ကွယ်လွန်ရှာပါသည်။

ထိုအချိန်တိုင် အသက် ၁၆ နှစ်သာရှိ၍ အိမ်ကလေးတစ်လုံးနှင့် ကုန်စုံဆိုင်တစ်ဆိုင် အမွေရခဲ့ရာ၊ ကျွန်တော့်မှာ ဈေးသည်အလုပ်ကို ဝါသနာ မပါသောကြောင့် ဆိုင်ကို ရောင်းချ၍ ပညာဆက်လက် သင်ကြားပါသည်။ ဒေါ်သန်းရင် ကွယ်လွန်သည့်နောက် သူနှင့်ညီမ နှစ်ဝမ်းကွဲ တော်စပ်သည့် မုဆိုးမ ဒေါ်လှမြင့်သည် ကျွန်တော်နှင့်အတူ ပြောင်းရွှေ့နေထိုင်သည်။ ဒေါ်လှမြင့်က ချက်ပြုတ်ကျွေးမွေး၍ အင်္ဂလိပ်ကျောင်း၌ ပညာသင်ကြားသဖြင့် မက်ထရစ်စာမေးပွဲ အောင်ပြီးသည်တွင်၊ ဆက်တိုက် ကံဆိုးသူတစ်ယောက် ဖြစ်သည့်အတိုင်း ဒေါ်လှမြင့် အနိစ္စ ရောက်ရပြန်ပါသည်။ ဤတွင် အလုပ် တစ်ခုခု လျှောက်ထားမည်ဟု ကြံစည်ဆဲ၌ပင် သူငယ်ချင်းတစ်ယောက်နှင့်

mgyoe.com

mgyoe.com

အစုစပ်ထိုးထားသော ထီလက်မှတ်မှာ တစ်သောင်းဆုပေါက်သည်နှင့် ငါးထောင်စီ ခွဲယူပြီး၊ အလုပ်မရှာတော့ဘဲ ကောလိပ်တွင် ပညာဆက်လက် သင်ကြားပါသည်။ သို့သော် ကျောင်းစာထက် ဝတ္ထုဖတ်ခြင်းကို ဝါသနာထုံမိသောကြောင့် သုံးနှစ်တိုင် ကျောင်းတက်သော်လည်း အိုင်အေ မအောင်နိုင်သည်နှင့် စိတ်ပျက်ပြီး ကျောင်းထွက်လိုက်ပါတော့သည်။

ထိုအချိန်၌ ကျွန်တော်၏ လက်ထဲ၌ (အမွေလက်ကျန်ရော ထီငွေပါ) စုစုပေါင်း သုံးထောင်ခန့် ကျန်သေး၍၊ ဘဏ်တွင် အပ်နှံပြီး တဝဲလည်လည်နှင့် အလုပ်အမျိုးမျိုး လစ်လပ်တိုင်း လျှောက်ထားမိပါသည်။ 'ကိုယ့်ဝမ်းနာ ကိုယ်သာသိ'ဟူသော စကားအရ၊ ကျွန်တော်မှာ အခြားသော လူငယ်များကဲ့သို့ ငွေကိုင်ရတိုင်း မသုံးဖြုန်းမူ၍ ချွေတာစွာသုံးပြီး တစ်နှစ်ကျော် အလုပ်ရှာခဲ့ရာ၊ ငွေ ၁,၀၀၀ ကျပ် ကျော်မျှသာ ကျန်သေးသော်လည်း အလုပ်မရသေးချေ။ ကျွန်တော်မှာ ပညာပါရမီ ရင့်သန်သူတစ်ယောက် မဟုတ်သော်လည်း၊ ကာယဗလအရာတွင် အတော်အတန် ထူးချွန်ပါ၏။ အရပ် ၅ ပေ ၉ လက်မရှိ၍ မြန်မာလူမျိုးများ အနက်တွင် ထောင်ထောင်မောင်းမောင်းဟု ခေါ်လောက်သည် အတိုင်း အလေးမခြင်း၊ ဘောလုံးကန်ခြင်း၊ တင်းနစ် ကစားခြင်းတည်းဟူသော အလေ့အကျင့်များကြောင့် ကျွန်တော်၏ ရုပ်လက္ခဏာမှာ မြန်မာလူမျိုး တစ်ရာအနက်တွင် တစ်ယောက် ရှိချင်မှရှိသည့် တောင့်တင်းသန်မာသော ကိုယ်ခန္ဓာရှိပါသည်။ သူငယ်ချင်း ဌာနအုပ်တစ်ယောက်က ကျွန်တော်၏ ဘောလုံးအစွမ်းကြောင့် ပုလိပ်လုပ်လိုလျှင် ချက်ချင်း အိတ်(ချ)စီဖြစ်အောင် ပုလိပ်မင်းကြီးအား ပြောပေးနိုင်သည် ဆိုသော်လည်း၊ ကျွန်တော်ကား စာရေးစာချီ အလုပ်မျိုးမှ တစ်ပါး ဝါသနာ မပါသောကြောင့် ငြင်းပယ်လိုက်ဖူးပါသည်။

တစ်ညနေ၌ ကျွန်တော်သည် အဝတ်ဟောင်းကလေးများကို လက်ကိုင်ပဝါနှင့်ထုပ်၍ ဒိုဘီဆိုင်သို့အပ်ရန် အိမ်မှထွက်မည်ဟု အိမ်တံခါးပိတ်လျက် ရှိစဉ်၊ ကုလားအဘိုးကြီး တစ်ယောက်သည် အိမ်နံပါတ်များကို အစဉ်အလိုက် ကြည့်ရင်း လျှောက်လာရာမှ ကျွန်တော်၏ အိမ်ရှေ့တွင် ရပ်ပါသည်။ ထိုသူသည် ဝိတ်စကုတ်၊ နက္ကတိုင်မှစ၍ စတိုင်ကျကျ ဝတ်ထားသည်ပြင် သူ၏ ဘောင်းဘီ၊ အင်္ကျီတို့မှာလည်း အမျိုးကောင်း သက္ကလတ်ဖြင့် ချုပ်လုပ်ထားသည်ဟု ကျွန်တော် သတိပြုမိပါသည်။ ဖိနပ်မှာလည်း အမျိုးကောင်းဖြစ်၍ ပြောင်လက်အောင် ပွတ်တိုက်ထား၏။ အမြင်အားဖြင့် အသက် ၆၀ ခန့်ထင်ရ၍ ပထမတန်းစား ဥရောပတိုက်သားတစ်ယောက်ပမာ သပ်ရပ်သိုက်မြိုက်စွာ ဝတ်ဆင်တတ်သူတစ်ယောက် ဖြစ်လေသည်။ သူ၏ သွားများမှကား၊ အကျိုးအပဲ့ အစွန်းအထင်း မရှိသောကြောင့် စိုက်ထားသော ကျောက်သွားများ

mgyoe.com

mgype.com

ဖြစ်မည်ဟု ကျွန်တော် အကဲခတ်မိသည်။ ကုလားအဘိုးကြီးသည် ကျွန်တော်ကို မြင်သည်နှင့် တစ်ပြုံးနက်၊ အင်္ဂလိပ်ဘာသာဖြင့် 'သဲ့စ်ရိုက်' ဟုတ်ပြီ၊ လူရော အိမ်ပါ တွေ့ပါကောလား၊ နေရာကျလိုက်လေ၊ ကျွန်းမာရဲ့နဲ့နော် မောင်သံတုံး၊ မေးဖို့ မလိုပါဘူးလေ၊ ကျွန်းမာတယ်ဆိုတာ တစ်မိုင်လောက်က မြင်နိုင်တဲ့ လူကလေး တစ်ယောက်ပေပဲ"

ကျွန်တော်၏ နာမည်များကို သိရုံသာမက ပြောပုံဆိုပုံများလည်း အရောတဝင် ရှိလှ၍၊ ကျွန်တော် အံ့ဩလျက် ငေးကြည့်နေမိသည်။

ဘိုး။ ။"မောင် မသိပေမယ့် ကျုပ်က သိပါတယ်၊ မြင်လည်း မြင်ဖူးပါတယ်၊ မြန်မာထဲမှာ မောင်လိုလူ ရှားမှရှားကိုး"

ကျွန်။ ။"ခင်ဗျားက ကျွန်တော့်ကို ဘယ်တုန်းက မြင်ဖူးတာလဲ၊ ကျွန်တော့် အိမ်နံပါတ်ကို ဘယ့်နှယ်သိသလဲ"

ဘိုး။ ။"ဟာ ဟာ ဟာ ဟာ၊ ဒေးဗစ်တီဇရာလမနစ် ကုမ္ပဏီမှာ စာရေးအလုပ် လျှောက်ဖူးတယ် ဟုတ်လား၊ မန်နေဂျာက မောင့်ကို ခေါ်ပြီး အင်တာဗျူး မေးသေးတယ်လေ"

ဟုတ်ပေသည်၊ ကျွန်တော် သတိရပြီ။ လမနစ်ကုမ္ပဏီတွင် အလုပ် လစ်လပ်သည်ဆိုသော ကြော်ငြာရ၍ ကျွန်တော် လျှောက်လွှာတင်သွင်းရာ မန်နေဂျာက လူသုံးယောက်ကို အင်တာဗျူး မေးသည့်အထဲတွင် ကျွန်တော် တစ်ယောက် ပါပေသည်။ သို့သော် ကျွန်တော်ကား အလုပ်မရ၊ အခြား နှစ်ယောက်အနက် မည်သူရမည် ဟူ၍လည်း ကျွန်တော် မသိရချေ။

ကျွန်။ ။"အဲဒီတုန်းက ခင်ဗျားကို ကျွန်တော် မမြင်ပါဘဲလား"

ဘိုး။ ။"ကျုပ်က အတွင်းခန်းကလေးထဲက ချောင်းကြည့်နေတယ်"

ကျွန်။ ။"ကျွန်တော့်လိပ်စာကိုလည်း ကုမ္ပဏီမှ တောင်းခဲ့မှာပေါ့"

ဘိုး။ ။"ဟုတ်တာပေါ့၊ ကိုင်း ကိုင်း မောင်နဲ့ စကား နည်းနည်း ပါးပါး ပြောချင်တယ်။ ဘယ်နေရာ ကောင်းသလဲ"

ကျွန်တော်၏ အိမ်တွင်း၌ ရှုပ်ပွလျက်ရှိသောကြောင့် မျက်နှာစိမ်း ဧည့်သည်တစ်ယောက်ကို ခေါ်သွင်းရန် အလိုမရှိသည်နှင့် ခပ်ဆိုင်းဆိုင်း လုပ်နေ ရာတွင်. . .

ဘိုး။ ။"ကိုင်း ဒီလို လုပ်ကြစို့၊ မောင် ထမင်း မစားရသေးဘူး ဟုတ်လား"

ကျွန်။ ။"ရှိပါစေ ခင်ဗျာ"

ဘိုး။ ။"ဘယ်ကလာ ရှိပါစေလဲ၊ ကိုင်း လာ. . .ဘုံဘေစားပွဲရုံ သွားကြမယ်"

mgype.com

mgyoe.com

ယခုမှ ဘွားခနဲတွေ့သော ကုလားအဘိုးကြီးတစ်ယောက်က အစားအသောက် ကျွေးခြင်းကို မစားလို၍ ငြင်းမည်ပြုသော်လည်း၊ အဘိုးကြီးက အတင်းတိုက်တွန်းသည်နှင့် ကျွန်တော်သည် လက်၌ ပိုက်ထားသော အဝတ်ဟောင်း ထုပ်ကလေးကို၊ အိမ်ထဲသို့ ပစ်သွင်း၍ တံခါးပိတ်ပြီး လိုက်သွားပါတော့သည်။

ဘုံဘေစားပွဲရုံသို့ ရောက်သောအခါ အဘိုးကြီးသည် အခန်းတစ်ခန်းတောင်း၍ စားစရာများ မှာယူလေရာ၊ အဖိုးတန်သော ဘို စားစရာတွေချည်းဖြစ်၍ ကျွန်တော် အံ့အားသင့်ပြီး ငေးကြည့်နေမိပါသည်။

ဘိုး။ ။"နည်းနည်းပါးပါး သောက်လေ"

ကျွန်။ ။"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် မသောက်တတ်ပါဘူး"

အမှန်မှာ ကျွန်တော်သည် သူငယ်ချင်းများနှင့်အတူ ဘီယာကလေး သုံးလေးကြိမ်မှတစ်ပါး ဟုတ်တိပတ်တိ သောက်ဖူးသူတစ်ယောက် မဟုတ်ချေ။

"ဘို သောက် မတတ်လျှင် အရက်ချိုကလေး နည်းနည်းပါးပါး လောက် သောက်တာပေါ့"

အဘိုးကြီးသည် စားစရာများနှင့်အတူ ပို့တ်ဝိုင်တစ်ပုလင်း မှာယူ၍ စားစားသောက်သောက် ကြိတ်လိုက်ကြရာ ဝိုင်တစ်ပုလင်း ကုန်သောအခါ၌၊ ကျွန်တော့်မှာ အရှိုင်းဆိုရမတတ်ရှိသောကြောင့် အသောက်သမားများ သုံးနှုန်းကြသည့် 'ဆက်ရက်မင်း စည်းစိမ်မျိုး' ခံစားလျက် အာသွက်လျှာသွက် ရှိနေလေပြီ။ ထိုအချိန်တွင် အဘိုးကြီး၏ စကားတစ်ခွန်းကို ကျွန်တော် နှစ်ခွန်းသုံးခွန်းပြောလျက် ရှိလေတော့သည်။ ဤအတောအတွင်း ကျွန်တော်သည် အဘိုးကြီးကို လူကဲခတ်လျက်ရှိရာ၊ အဘိုးကြီးကလည်း ကျွန်တော့် အလားတူ လူကဲခတ်ဟန် တူ၏။ ကျွန်တော် မှတ်မိသလောက်မှာ အဘိုးကြီးသည် အိန္ဒိယတိုင်းသား တစ်ယောက်ဖြစ်သော်လည်း အလွန် ဘိုရေလည်၍ အင်္ဂလိပ်စကားကို ကပြားတစ်ယောက်သဖွယ် သွက်လက်စွာ ပြောနိုင်ရုံသာမက၊ စားပုံသောက်ပုံများမှာလည်း အလွန်ကျင်လည်သည်ကို တွေ့ရသည်။ သို့ပါသော်လည်း ကျွန်တော်၏ စိတ်ထဲတွင် တစ်ချက်တစ်ချက် ဖကီ (ကုလားဘုန်းကြီး) ဆန်သည်ဟု ထင်မိ၏။ ကျွန်တော် မူးယစ်သောကြောင့် ပေလော မပြောတတ်။ ဖကီဆန်ခြင်းနှင့် ဘိုဆန်ခြင်းသည် မည်သည့်နှုန်းဖြင့် စပ်ဟပ်တွဲဖက်၍ရသည်ဟု နားမလည်နိုင်အောင် ရှိပါတော့သည်။ စားစားသောက်သောက်နှင့် ထွေရာလေးပါး စကားများ ပြောပြီးကြသည့် နောက်ဆုံး၌. . .

ဘိုး။ ။"ကိုင်း ကျုပ် ပြောစရာရှိတဲ့ စကားကလေး ပြောကြဦးစို့"

mgyoe.com

mgyoe.com

ကျွန်။ ။"ပြောပါခင်ဗျာ၊ ကျွန်တော် နားစိုက်ပါတယ်"

ဘိုး။ "ကျုပ် အသက် ဘယ်လောက်ရှိပါသလဲ"

ကျွန်။ ။"၅၀ ကျော်လောက်ပေါ့ ခင်ဗျာ"

ဘိုး။ ။"ရှေ့လမှာ ၈၀ ပြည့်တော့မယ်"

ကျွန်။ ။"ဟိုက် ဒီလိုဆို ကျွန်တော် အထင်မှားပြီ"

ဘိုး။ ။"ကျုပ်ကို လူတိုင်း အထင်မှားတာချည်းပဲ၊ ကိုင်း ကျုပ်ပြောချင်တဲ့စကားက ဒီလိုလေ။ ကျုပ်မှာ အသက်လည်းကြီးပြီ၊ ပစ္စည်းတွေလည်း အများကြီးရှိတယ်၊ အမွေခံ အမွေစား သားသမီးဆိုလို့ တစ်ယောက်မှ မရှိဘူး"

ဤကဲ့သို့ စကားချီလိုက်ရာတွင် ကျွန်တော်မှာ အတော်အတန် မူးယစ်လျက်ရှိသော်လည်း ဘဏ်တိုက်၌ အပ်ထားသည့် လက်ကျန်ငွေကလေး ၁,၀၀၀ ကျပ်ခန့်ကို ချေးမည့် လူကြီးပေလောဟု ဖျတ်ခနဲ သတိရမိပါသည်။ အဘိုးကြီးသည် ကျွန်တော်၏ စိတ်အကြံကို ရိပ်မိသည့် လက္ခဏာဖြင့် မပြုံးတပြုံးရှိသော မျက်နှာထား ဖြစ်ပေါ်လာသောကြောင့် ကျွန်တော် ရှက်မိပါသေးသည်။

ဘိုး။ ။"မောင့်မှာ ငွေတိုးဖို့ ဇာတာပါတယ်၊ ယုတ်လျော့ဖို့ အကြောင်းမရှိပါဘူး စိတ်ချပါ"

ကျွန်။ ။(ရှက်ရှက်နှင့်) "ကိစ္စမရှိပါဘူး အဘိုးရယ်၊ ကျွန်တော့်ငွေ မဖြစ်လောက်ပါဘူး"

ထို့နောက် အဘိုးကြီးသည် မိမိ၏ငွေကို ဆေးရုံအတွက်၊ စာသင်ကျောင်း စာကြည့်ပိဋကတ်တိုက်တို့အတွက်၊ မိဘမဲ့ကလေးများအတွက် စသည်ဖြင့် အနည်းနည်း အဖုံဖုံ အသုံးချဖို့ စိတ်ကူးဖူးသော်လည်း၊ မည်သည့်စိတ်ကူးကိုမျှ မိမိ သဘောမကျနိုင်ကြောင်းဖြင့် ပလ္လင်ခံပြန်ရော၊ ကျွန်တော်က နားထောင်လျက်သာ နေပါတော့သည်။

ဘိုး။ ။"ဒီနည်းမျိုးတွေနဲ့ဆိုရင် ကျုပ်ကို ဘယ်သူက ကျေးဇူးတင်မှာလဲ၊ ကျုပ်ငွေကို အကြောင်းပြုပြီး လူ ၁၀၀၊ ၂၀၀ အကျိုးခံစားရသော်လည်း ကျုပ်ကို အဟုတ်တကယ် ကျေးဇူးတင်တဲ့ လူတစ်ယောက် ထွက်လာမလား၊ ထွက်မလာပါဘူး။ ကျုပ်ကို တစ်သက်လုံး မမေ့နိုင်အောင်၊ သားစဉ်မြေးဆက် မမေ့နိုင်အောင် ကျေးဇူးတင် ကျန်ရစ်တဲ့ လူတစ်ယောက်တလေ ရချင်တယ်။ တိုင်းပြည်မှာ နာမည်ကြီးပြီး ကျုပ် အရိုးအိုးမှာ ကျီးနဲ့ဘုတ် ဖြစ်ကျန်ရစ်တဲ့ အလှူမျိုးကို ကျုပ် အလိုမရှိဘူး"

ကျွန်။ ။"ကောင်းလှပါတယ် ခင်ဗျာ"

ဘိုး။ ။"လူလည်း လူတိုင်း မဟုတ်သေးဘူး၊ ထွားထွား

mgyoe.com

mgyoe.com

ကျိုင်းကျိုင်း သန်သန်စွမ်းစွမ်း စိတ်ရောကိုယ်ပါ ထက်သန်တဲ့ အရွယ်ကောင်း ယောကျ်ားကလေးမျိုးမှ ကျုပ်က သဘောကျတယ်"

ကျွန်။ ။"ဟုတ်ကဲ့. . .ခင်ဗျာ"

ဘိုး။ ။"ကျုပ် အမွေကို ဆက်ခံရမည့်လူဟာ အလုပ်လုပ်စားဖို့ မလိုဘူး၊ ငွေလုံလောက်အောင် ရှိစေ့မယ်။ သို့သော် လောကမှာ နာမည်ကြီး အောင် လုပ်ဖို့ တာဝန်ရှိစေ့မယ်။ တစ်ဖက်ဖက်က ချွန်ရစ်ရမယ်"

ဤတွင် ကျွန်တော့်မှာ ပြောပလောက်အောင် ချွန်သောအချက် မရှိ သောကြောင့် အားလျော့သွား၏။

ဘိုး။ ။"ချွန်ဆိုတာ ဒီလိုပါပဲလေ၊ နိုင်ငံရေးဘက်တို့ ပညာရေး ဘက်တို့ချည်း မဆိုလိုပါဘူး၊ ကာယဗလတို့ အားကစားတို့ ဆိုတာမျိုးတွေ လည်း အတူတူပါပဲ။ မောင်က ဘာများ ချွန်နိုင်သလဲ"

ကျွန်။ ။"ချွန်လှတယ်လို့တော့ မဟုတ်ပါဘူး ခင်ဗျာ၊ ကောလိပ် ဘောအသင်းထဲမှာ ကျွန်တော့်နာမည် ပါဖူးတာပါပဲ။ ဘီအေအေ ကွင်းထဲ မှာတောင် မကစားရပါဘူး"

ဘိုး။ ။"ဒါဖြင့် ရီဇတ်ထဲကပေါ့"

ကျွန်။ ။"မှန်ပါတယ်"

ဘိုး။ ။"အစအန ရှိတာပေါ့၊ တက်လမ်း ရှိပါတယ်၊ ကြိုးစားရင် ဖြစ်မှာပေါ့။ သို့သော် ဒီဟာတွေက ကိစ္စမရှိဘူး၊ ကျုပ် အမွေကို ဆက်ခံလို့ ရှိရင် ထမ်းရွက်စရာ တာဝန်တွေက ရှိနေတယ်"

ကျွန်။ ။"နေပါဦး၊ အဘိုးက ကျွန်တော့်ကို ရည်ရွယ်လို့လား"

ဘိုး။ ။"ဟာ. . .ဒါကြောင့် တမင် ရှာခေါ်လာတာပေါ့ မောင် ရဲ့"

ကျွန်။ ။"လူမျိုးလည်း မတူပါကလား အဘိုးရယ်"

ဘိုး။ ။"ကျုပ်မှာ လူမျိုးမရှိဘူး၊ ကျုပ်က အင်တာနေရှင်နယ် စိတ်ဓာတ်ရှိတယ်"

ကျွန်။ ။"ဒီလိုဆို ကောင်းပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို တမင် လိုက်ရှာရအောင်ဟာ ဘယ်လို ဆက်မိလို့ပါလဲ ခင်ဗျာ"

ဘိုး။ ။"ကျုပ်က ဟိမဝန္တာမှာ အကြာကြီး နေဖူးတယ်။ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီ အားလုံး ရောက်ဖူးတယ်။ ကျုပ်တို့ 'ရှရီ'လို အခေါ်တော့ မောင့်မှာ လိပ်ပြာလှတယ်လို့ ခေါ်တယ်။ ဒါကြောင့် ကျုပ်က သဘောတူတယ်"

ကျွန်။ ။"တာဝန်ဆိုတာကို ပြောပြပါဦး ခင်ဗျာ"

mgyoe.com